# နေနော်

ရင်ဘတ်ထဲကလိပ်ပြာ



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။






စာမူခွင့်ပြုချက်အမှတ် ၃၈၁/၂၀၀၄(၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၈၃/၂၀၀၄(၅)

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အမှတ်(၇)၊ သီတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

ဒုတိယအကြိမ်–၂၀၀၄ ခုနှစ်၊
(ဇွန်လ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်




# နိဒါန်း

လောက၌ လူတိုင်း၏ ရင်ထဲတွင် လိပ်ပြာတစ်ကောင်စီ ကြ၏။ တချို့လိပ်ပြာတို့က အရုပ်ဆိုး၍ တချို့က ကြည့်ကောင်း ှသာ ဖြစ်ပြီး တချို့သော လိပ်ပြာတို့ကတော့ လှပကြပါသည်။

ထိုအထဲမှ ကျွန်တော် တွေ့ခဲ့ဖူးသော လိပ်ပြာလေး စ်ကောင်အကြောင်းကို ပြောပြချင်သည်။ တစ်နည်းအားဖြင့် ိုလိပ်ပြာလေး၏ပိုင်ရှင်နှင့် ဆုံဆည်းဖြစ်ခဲ့သည့် ဇာတ်လမ်းဖြစ် ည်။ အနည်းငယ် ကြေကွဲဖွယ်ကောင်းသော ထိုဇာတ်လမ်း၏ စမှာ. . . ။

# အပိုင်းတစ်

Where there is hatred, Let me sow love.

မုန်းတီးခြင်းမှ ချစ်ခင်မြတ်နိုးခြင်းသို့ ပျိုးထောင်နိုင်ရပါလို၏။

(စိန့်ဖရန်စစ်)

(၁)

စာရေးဆရာတစ်ယောက်အတွက် စိတ်ပင်ပန်းဆင်းရဲမှု
င့် စိတ်ဓါတ်ကျဆင်းမှု အများဆုံးကာလမှာ စာရေးချင်စိတ်
လျက်နှင့် စာရေး၍မရသော ကာလများပဲ ဖြစ်ပါလိမ့်မည်။

ထိုနှစ်မိုးတွင်းတစ်လျှောက်လုံး သူကံမကောင်းခဲ့ပါ။ မိုး
ကုန်၍ ဆောင်းဦးကာလ အစပျိုးချိန်အထိ သူ စာတစ်လုံးတစ်
လမှ မရေးနိုင်ခဲ့။ ခေါင်းထဲ၌ ဇာတ်လမ်းပေါင်းများစွာ ရှိသော်
သည်း ထိုစိတ်ကူးယဉ် ဇာတ်လမ်းများအား စာမျက်နှာပေါ် ချရေး
လိုက်ရုံနှင့် ရသမြောက်သော ဝတ္ထုတစ်ပုဒ် ဖြစ်လာလိမ့်မည်ဟု
ယုံကြည်သော သူ့အတွက် အလွန်စိတ်ပင်ပန်းရပါသည်။

တကယ်တော့လည်း စာရေးခြင်းဟူသည် အတတ်ပညာ
ရှိရုံနှင့် ဖန်တီးထုတ်လုပ်၍ ရနိုင်သောကိစ္စ မဟုတ်ပါ။

"ရေးလို့မရတာကို ဖျစ်ညှစ်စဉ်းစားပြီး စိတ်ဆင်းရဲခံ မနေ
အာကာ၊ မင်းစိတ်ကို လွှတ်ပေးလိုက်၊ ဖောက်ခွဲပစ်လိုက်၊ အချိ
တန်ရင် ရေးစရာတစ်ခုခု သူ့ဘာသာ ရလာလိမ့်မယ်"

သူ့အပေါ် အလွန်နားလည်သော သူငယ်ချင်းဖြစ်
အောင်နိုင်ဝင်းက ပြော၏။ သို့သော် စာရေးဆရာဘဝကို ရရှိ
ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရသော သူ့အတွက် စိတ်လေလွ
ပစ်လိုက်ဖို့က အတော်ခက်ခဲပါလိမ့်မည်။

"ခု မင်း အောင်မြင်နေပြီပဲ၊ တိုင်းသိပြည်သိ စာ
ဆရာတစ်ယောက် ဖြစ်နေပြီ၊ စာရေးတဲ့ကိစ္စကို ခဏလော
ရပ်ထားလိုက်စမ်းပါ"

"စာရေးတဲ့အလုပ်က ငါ့ရဲ့သွေးထဲသားထဲမှာ ဗိုင်းရပ်
ပိုးတစ်ကောင်လို ကိန်းအောင်းနေတာ အောင်နိုင်ဝင်း၊ ရပ်ပစ်
ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"မကြောင်စမ်းပါနဲ့ကွာ၊ ငါက ခဏတဖြုတ်လောက် ရ
ထားဖို့ပြောတာ၊ ခုလောလောဆယ် မင်း စာရေးဖို့ အာရုံဝင်စ
လို့မှ မရတာဘဲ၊ အဲဒီတော့ မင်းရဲ့ တင်းကြပ်နေတဲ့စိတ်က
ဖောက်ခွဲပစ်ဖို့ ငါနဲ့ ခဏလိုက်ခဲ့"

ထိုသို့ အောင်နိုင်ဝင်း၏ အကြံပေးလမ်းညွှန်မှုဖြင့် သူ
စိတ်ကို လေလွင့်ဖောက်ခွဲတတ်လာခဲ့သည်။

ဖောက်ခွဲနည်းကတော့ စနက်ဘားများ၌ သွားထိုင်ခြ
မျိုး၊ ဒစ္စကို ကလပ်တစ်ခုခု၌ ချွေးထွက်မောပန်းသွားသည်အထ
ကခုန်ပစ်လိုက်တာမျိုး၊ ကာရာအိုကေ ခန်းမများ၌ သီချင်းအော်





ပစ်လိုက်ခြင်းမျိုး၊ တစ်ခါတစ်လေ ရည်ရွယ်ချက်မဲ့စွာ မြို့ပြင်
က်သို့ ညဉ့်နက်သန်းခေါင် ကားလျှောက်မောင်းသည့် နည်းမျိုး
ည်း ပါဝင်တတ်ပါသေးသည်။

ဤနေရာ၌ သူနှင့်အောင်နိုင်ဝင်း၏ ကွာခြားချက်မှာ
အာင်နိုင်ဝင်းက ကလပ်များကို သဘောကျပြီး သူကတော့
ာရာအိုကေခန်းမများ၌ သီချင်းအော်ဆို ပေါက်ကွဲရခြင်းကို
၍သာယာခြင်းပဲ ဖြစ်သည်။

ထို့ကြောင့် အောင်နိုင်ဝင်းနှင့်သူ အချိန်အချက် လွဲသွား
သာအခါမျိုး၌ ကာရာအိုကေခန်းမများသို့ သူတစ်ယောက် တည်း
ာက်ရှိသွားတတ်၏။

ယင်းသည်ပင်လျှင် အရာအားလုံး၏အစ ဖြစ်ခဲ့လေ
ည်။

... ...

(၂)

ယခုတစ်ကြိမ်နှင့်ပါဆိုလျှင် ထိုအမျိုးသမီး သူ့အား စိုက်ကြည့်နေခဲ့သည်မှာ သုံးကြိမ်ထက်မနည်း ရှိနေခဲ့ပြီဖြစ်၏။

သူ အလွန်စိတ်ညစ်နေပါသည်။

ပထမ စိတ်ညစ်မှုမှာ သူ့ထက် ငါးနှစ်ခြောက်နှစ်ခန့် အသက်ကြီးပုံရသော ထိုအမျိုးသမီး၏ အကြည့်စူးစူးကြောင့် ဖြစ်ပြီး ဒုတိယ စိတ်ညစ်မှုကတော့ သူသီဆိုရန် တောင်းဆိုထားသည့် သူ့အလှည့်သို့ တော်တော်နှင့် ရောက်ရှိမလာသေးခြင်းကြောင့်ဖြစ်သည်။

သီဆိုသူ နှစ်ဝိုင်းသုံးဝိုင်းမျှသာရှိသော အလွန်ရှင်းသည့် (KTV) ခန်းမတစ်ခုအတွင်းသို့ သူရောက်ရှိနေခြင်းဖြစ်၏။ ထုံးစံအတိုင်း အောင်နိုင်ဝင်းနှင့်သူ အချိန်းအချက်လွဲကာ သူတစ်

ယောက်တည်း ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

လိုအပ်သည်ထက် ပိုမိုရိဝေနေပုံရသော တဖက်ဝိုင်း၏ (နှင်းနို့ သီချင်းအား အော်ဟစ်သီဆိုနေမှုကို) သူ အတော် သည်းခံနားထောင်နေရသည့်ကြားထဲ ဘယ်အချိန်ကတည်းက ရောက်ရှိလာမှန်း မသိသော သူစိမ်းအမျိုးသမီး၏ အကြည့်စူးစူး တို့ကြောင့် သူ စိတ်ကျဉ်းကျပ်နေရ၏။

(အမျိုးသမီးများ၏ အကြည့်နှင့်ပတ်သက်၍ ဘယ်တုန်းကမှ) စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဖူးသော်လည်း သူမ၏ အကြည့်များကတော့ သူ့အား အတော်ကို စိတ်ကသိကအောက်ဖြစ်စေပါသည်။

တကယ်တော့ အမျိုးသမီးသည် ခပ်တုံးတုံး ပုံဆိုးဆိုးထဲက မဟုတ်ပါ။ ပြောမည်ဆိုလျှင် အတော့်ကို ကြည့်ကောင်းသည့် ရုပ်ရည်ကို ပိုင်ဆိုင်ထားသည့်အပြင် သူမ၏ ဝတ်စားဆင်ယင်မှု အရ အထက်တန်းလွှာ အသိုင်းအဝိုင်းကမှန်း အလွန်သိသာ လွယ်ပါသည်။

မလွယ်တဲ ခက်နေသည်က သူမ၏အကြည့်များပဲ ဖြစ်၏။

သူမ အကြည့်တို့က ရင်းဝယ်ယူမည့် ကားတစ်စီး(သို့) တိုက်တစ်လုံး(သို့)မြေကွက်တစ်ကွက်ကို ကြည့်သလိုမျိုး စျေးဖြတ်အကဲခတ်သည့် အကြည့်မျိုးဖြစ်ပြီး သူ သဘောမတွေ့တာကလည်း ထိုအကြည့်ကိုပဲ ဖြစ်သည်။

ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံး သူထပြန်ရန် ပြင်လိုက်စဉ်မှာပင် တစ်ဖက်ဝိုင်း၏သီဆိုမှု ပြီးဆုံးသွားပြီး စားပွဲထိုး





ကလေးက မိုက်ကရိုဖုန်း ကိုင်လျက် သူ့ရှေ့သို့ အပြေးအလွှားရောက်ရှိလာသည်။

"ဆရာ့အလှည့် ရောက်ပြီ ဆရာ"

သူ ပြန်ရန်စိတ်ကူးကို ရုပ်သိမ်းလိုက်ပြီး စားပွဲထိုး ကမ်းပေးလိုက်သော မိုက်ကို လှမ်းယူလိုက်၏။

တစ်ဖက်ဝိုင်းကတော့ ထပြန်ရန် ဆူဆူညံညံနှင့် ပြင်ဆင်နေကြပြီ ဖြစ်သည်။ သို့သော်လည်း အကြောင်းမဟုတ်တော့။ မိုက် လက်ထဲရောက်လျှင် အရာရာကို မေ့လျော့သွား တတ်သည့် ည်းတူ ဆူညံစွာ ထထပြန်သွားကြသူများကိုရော အကြည့်စူးစူး တစ်စုံကိုပါ မေ့လျော့ပစ်လိုက်ပြီး သူ သီချင်းစဆို လိုက်သည်။

သီချင်းစာသားများအား အလွတ်ရနေသည့်အပြင် သီချင်းဆိုလျှင် မျက်လုံးမှိတ်၍ ဆိုတတ်သော သူ့အကျင့်အတိုင်း သီချင်းသုံးပုဒ်တိတိကို မျက်စိစုံမှိတ်၍ စိတ်ဝင်တစား ဆိုပစ်လိုက်ပါသည်။

နောက်ဆုံးသီချင်းကို ဆိုပြီးချိန်မှာတော့ သူ့ရှေ့တည့်တည့် ဆက်တီဆီမှ လက်ခုပ်တီးသံ တိုးတိုးလေး ထွက်ပေါ်လာသည်။ (သူသိသလောက် သူ့ရှေ့ ဆက်တီဆီမှာရော သူ့ရှေ့ တည့်တည့် ဝိုင်းမှာပါ မည်သူမျှ ရှိမနေကြပါ။)

သူ တအံ့တဩ မျက်လုံးဖွင့်ကြည့်လိုက်တော့ ...

သူ့ရှေ့တည့်တည့် ဆက်တီ၌ အကျအနထိုင်ပြီး သူ့အား လက်ခုပ်တီး အားပေးနေသူမှာ စောစောက အခန်းထောင့်ဝိုင်း၌ ထိုင်လျက် သူ့အားမျက်လုံးနှင့် ဒုက္ခပေးခဲ့သော အမျိုးသမီး ဖြစ်နေလေသည်။

ကြည့်စမ်း ဘယ်လောက်များ အတင့်ရဲပြီး ပိုင်စိုးပိုင်နင်း
နိုင်လှတဲ့ အမျိုးသမီးလဲ။

သူ့အား တစ်စုံတစ်ရာ ခွင့်မတောင်းဘဲ (သူကိုယ်တိုင်ပ
မသိလိုက်ဘဲ) သူ့ဝိုင်း၌ ခပ်တည်တည် ဝင်ထိုင်တတ်သူမျိုး
သူ သဘောမကျပါ။

"ခင်ဗျား ဝိုင်းမှားနေပြီနဲ့ တူတယ်"

"ဟင့်အင်း မမှားပါဘူး၊ တို့က မင်း သီချင်းဆိုတဲ့အသံ
သဘောကျလို့ မင်းကို ဂုဏ်ပြုချင်တာနဲ့ တမင်လာထိုင်တာပါ"

သူမက သူ့ကို ဂုဏ်ပြုချင်သတဲ့လား။

သူ အေးဆေးစွာ ပြန်ပြောလိုက်ပါသည်။

"အဲဒါဖြင့်လည်း လွယ်ပါတယ်၊ ပန်းကုံးတစ်ကုံးလော
ဝယ်လိုက်ပေါ့"

ကိုယ်တိုင်သီဆိုရသည့် ကာရာအိုကေ ခန်းမမျိုး၌ ပ
ကုံးစွပ်သည့် အလေ့အထမျိုး မရှိသလို ပန်းကုံးလည်း မရော
ပါ။ သူ၏အရွဲ့တိုက်စကားအား သူမက အက်ရှရှအသံနှင့် ရယ
မောလိုက်လေသည်။

"မင်းက နောက်တတ်သားပဲ၊ တို့က မင်းကို ပန်းကုံးစွ
တာမျိုးထက် ပိုပြီးဂုဏ်ပြုချင်တာ၊ ဒီဝိုင်းကို တို့ရှင်းပါရစေ၊ မင်း
ဂုဏ်ပြုတဲ့ အထိမ်းအမှတ်ပေါ့၊ နောက်ပြီး တို့ သီချင်းသုံးပု
ထပ်တောင်းထားသေးတယ်၊ တို့အတွက် ဆိုပြပေးပါလား"

သူမအတွက် သီချင်းဆိုပြပေးရမတဲ့။

ဒါတော့ တဆိတ်လွန်လွန်းပြီ ထင်ပါရဲ့။





ထိုအချိန်မှာပင် ဆောင်းဘောက်ထဲမှ (Lionel Richie)
(Hello) သီချင်း အတောတီးလုံးသံက ထွက်ပေါ်လာ၏။
ဘယ်လို မင်းရှာနေတာ ကိုယ်ပဲ မဟုတ်လား) ဟူသော စာသား
သည့် သီချင်းအား မျက်နှာချင်းဆိုင် လာပြီးဆိုခိုင်းရဲသော
မ၏ရဲတင်းမှုအား သူ တအံ့တဩနှင့် ဇဝေဇဝါ ဖြစ်သွားရ
သော်လည်း သူမ၏ ကမ်းလှမ်းမှုကို ဘယ်လိုတုန့်ပြန်ရမလဲ ဟူသည့်
စ္စအတွက်တော့ သူ နည်းနည်းလေးမှ ဇဝေဇဝါ မဖြစ်ခဲ့ပါ။

"ဆောရီးပဲဗျာ၊ ကျွန်တော် ကြေးစားအဆိုတော် မဟုတ်
ဘူး၊ စိတ်မရှိပါနဲ့၊ ပြီးတော့ သူများကျွေးတာ စားပြီး သူများ
ားထောင်ဖို့ ကျွန်တော် သီချင်းလာဆိုတာ မဟုတ်ပါဘူး"

မိုက်ခရိုဖုန်းအား စားပွဲပေါ်သို့ လှမ်းတင်၍ သူ အေး
က်စွာ ပြန်ပြောလိုက်ပြီး ပိုက်ဆံရှင်းရန် ကောင်တာဆီသို့ ထ
ွက်လာခဲ့သည်။

သူ ပိုက်ဆံရှင်းနေစဉ်မှာပင် သူထားခဲ့သော မိုက်အား
ကောက်ယူပြီး သီဆိုလိုက်သော သူမ၏သီချင်းသံက တိုးတိုးလေး
ွက်ပေါ်၍လာသည်။

(တို့စိတ်ထဲမှာတော့ မင်းနဲ့တို့ အတူတူ ရှိနေခဲ့တာ
ကြာကြီးပါပဲ) ... တဲ့ ... ။

သူမ၏အသံက သူကြိုက်သည့် (Jennifer Rush) လို
သံမျိုး ဖြစ်နေခြင်းကား အံ့ဩဖွယ် ထူးဆန်းမှုတစ်ခု ဖြစ်သလို
ူမသည်လည်း ထူးဆန်းသည့် အမျိုးသမီးတစ်ယောက် ဖြစ်
ကြောင်းကိုတော့ သူဝန်ခံရပါလိမ့်မည်။

ထို့ထက်ပို၍ ဝန်ခံရပါမူ သူမသည် သူ့အား မနှစ်မြို့
နှင့် စိတ်ဝင်စားမှုတို့ကို တပြိုင်နက်ထဲ ခံစားရစေသည့် အမျိုးသမီ
တစ်ဦးလည်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ထိုထူးဆန်းသော အမျိုးသမီးအာ
ကျောခိုင်းကာ ကာရာအိုကေခန်းမထဲမှ သူထွက်လာခဲ့၏။

"ဘယ်လိုကွ၊ သဘောမကျဘူး။ ဒါပေမယ့် စိတ်ဝင်စာ
တယ် ဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်တော့ အောင်နိုင်ဝင်းက ရင်း
ဆံပင်ရှည်ရှည်တို့ကို တဖျင်းဖျင်း မြည်အောင် ကုတ်လိုက်သည်

"တော်တော် ကြောင်တာပဲ၊ ငါတော့ မင်းစကားကို လိုက်
မမှီတော့ဘူး အာကာ"

"သူ ငါ့ရှေ့ လာထိုင်တော့ သူ့အကြည့်စူးစူးကိုရော သူ့
အထက်စီးဆန်ပုံကိုရော ငါ လုံးဝသဘောမကျဘူး၊ ဒါပေမ
တစ်ချိန်ထဲမှာပဲ ငါ သူ့ကို စိတ်ဝင်စားနေမိတယ်"

"ဒါဖြင့်လည်း အလိုတ်အထိုက် ဆက်ရောနေလိုက်ပါလာ
မင်းအတွက် ကုန်ကြမ်းတစ်ပုဒ်လောက် ရနိုင်တာပေါ့"





သူ ခေါင်းခါရမ်းလိုက်၏။

"အဲဒီလို မရောချင်လို့ ဘုဂလန့်ပြောပြီး ထထွက်လာ
တာပေါ့၊ ဒါပေမယ့် ခုချိန်ကျတော့ သူ့ကို ငါ တွေ့ချင်နေပြန်ရော"

"ငါတော့ တော်တော် ခေါင်းစားသွားပြီ"

"ငါ ဆက်ပြောလိုက်ရင် မင်း ပိုပြီး ခေါင်းစားသွားလိမ့်ဦး
မယ်"

"ဘာလဲ"

"ခု ငါ သူ့ကို တွေ့ချင်နေပေမယ့် တကယ်တွေ့ရမယ်
ဆိုတာ သေချာရင် တွေ့ချင်တော့မှာ မဟုတ်ဘူး အောင်နိုင်ဝင်း"

"သေချာတယ်၊ မင်း မမူးရင်တော့ ငါမူးနေတာ ဖြစ်
လိမ့်မယ်"

ပြောရင်း အောင်နိုင်ဝင်းက ဘီယာဗူးကို ဟန်ပါပါ မော့
လိုက်၏။ တကယ်တော့ သူရော အောင်နိုင်ဝင်းပါ ဘီယာ တစ်
ယောက်တစ်ဗူးပင် မကုန်ကြသေးပါ။ သူ ဆိုင်အပြင်ဘက်သို့
သုမ်းငေးနေစဉ်မှာပင် အောင်နိုင်ဝင်းက မေးလိုက်သည်။

"အဲဒီအမျိုးသမီးက တော်တော်လှသလား အာကာ"

"ဒါနဲ့ပါဆိုရင် မင်းမေးတာ အကြိမ်နှစ်ဆယ်လောက်
ရှိတော့မယ်"

"ငါမေးတာသာ ဖြေစမ်းပါ၊ ငါ မင်းအတွက် အဖြေ တစ်ခုခု
ထုတ်ပေးမယ်"

သူကိုယ်တိုင်ပင် အဖြေ ရှာမတွေ့သေးသော ပုစ္ဆာအတွက်
အောင်နိုင်ဝင်းက ရဲရဲကြီး အာမခံနေ၏။ သူ အမျိုးသမီး၏

မျက်နှာကို အတွေးနှင့် ပြန်လည်မြင်ယောင်လိုက်ရင်း ပြေ
လိုက်သည်။

"လှတော့မလှဘူး၊ ဒါပေမယ့် တော်တော်ကြည့်ကောင်
တယ်၊ ဝတ်တာစားတာ စတိုင်ကျတယ်၊ မျက်လုံးကောင်းပြီး မျ
လုံးတွေက စူးတယ်၊ သူ့ပုံက သူလိုချင်တာရှိရင် မရရအော
ယူမယ့်ပုံမျိုး၊ ကြည့်ရတာ ခပ်ထက်ထက် မိန်းမမျိုးပဲ"

အောင်နိုင်ဝင်းက ခေါင်းတညိတ်ညိတ် လုပ်နေရင်း
"မင်း သူ့ကို လန့်နေတယ်မဟုတ်လား" ဟု ရုတ်တရက် ကောက်
ဝင်ခါ မေးလေသည်။ သူ့ကို လန့်နေသလား ... တဲ့။

"ဘာအတွက် လန့်ရမှာလဲ"

"ကြွေသွားမှာကိုလေ၊ မင်း သူ့ကို ထပ်တွေ့ရင် သူ့
ပေါ် ကြွေသွားမှာကို မင်းစိုးရိမ်နေတယ်"

သူ စီးကရက် မီးခိုးများအား အောင်နိုင်ဝင်း မျက်နှာ
သို့ မှုတ်ထုတ်လိုက်ပြီး ခပ်အေးအေး ပြောလိုက်သည်။

"မင်းမျက်လုံးက မရယ်ရဘူး အောင်နိုင်ဝင်း၊ ငါစိတ်ဝ
စားတာ သူ့ရဲ့ ထူးခြားတဲ့စရိုက်ကို စိတ်ဝင်စားတာ၊ အာကာစိုး
ဆိုတဲ့ကောင်ဟာ မိန်းမတစ်ယောက်ကို ဝတ္ထုထဲ ထည့်ရေးဖို့ထ
ပိုပြီး ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ မကြွေခဲ့ဘူး"

"ဒါဖြင့် ဆရာဝန်ကတော် ဖြစ်သွားတဲ့ နှင်းဆီငုံကို မ
ကြွေခဲ့ဖူးတာကရော"

အောင်နိုင်ဝင်းက အနိုင်ရသွားသလိုမျိုး မချိုမချဉ် ပြုံး
မေးလေသည်။ နှင်းဆီငုံတဲ့၊ သူ အေးဆေးစွာ ပြုံးလိုက်၏။





"အဲဒါ နုစဉ်အခါကပါ၊ ခုချိန်မှာ ငါ့ရင်ထဲမှာ သူ မရှိ
ဘူး၊ အနုပညာပဲ ရှိတော့တယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ကို အောင်
တဲ့ စာရေးဆရာတစ်ယောက် ဖြစ်အောင် လုပ်ပေးခဲ့တဲ့ သူ့
ရော ငါ့အမေရဲ့အစ်မ ကြီးဒေါ်ကိုရော ခုချိန်ထိ ကျေးဇူးတင်
တုန်းပဲ"

စီးကရက်တိုကို ဆေးလိပ်ခွက်ထဲသို့ ထိုးခြေပစ်လိုက်ရင်း
တွေးတို့က (ဗွီဒီယိုတစ်ခွေအား နောက်ပြန်ရစ်လိုက်သလို) သူ့
၏ အစောပိုင်း ကာလများဆီသို့ ပြန်လည် ရောက်ရှိသွား
လေသည်။

(၃)

အဖေဆုံးပြီး သိပ်မကြာခင်မှာပင် ထူခွဲရောင်းချစရာများ
ကုန်ခန်းသွားသော သူတို့သားအမိနှစ်ယောက်၏ ကွန်းခိုရာမှာ
အမေ့အစ်မ၏ ခြံကျယ်ကျယ်ကြီး ဖြစ်ခဲ့ပါသည်။

ပိုက်ဆံချမ်းသာသော်လည်း နှမြောတွန့်တိုတတ်ပြီး ပစိ
စပ်များလှသော ကြီးဒေါ်ကြီး၏အိမ်၌ မှီခိုတွယ်ကပ်နေရသော
ကာလများသည် သူ့အတွက် ငရဲကျသော ကာလများပဲ ဖြစ်သည်။

ကြီးတော်နှင့် ၎င်း၏သားသမီးနှစ်ယောက်၊ သူနှင့် သူ့
အမေ၊ အိမ်ဖော်အနည်းငယ်နှင့် ခွေးတစ်ကောင်သာ ရှိသော ခြံ
ကျယ်ကြီးထဲ၌ ညှို့သည်လာတိုင်း မကြာခဏ ကြားရလေ့ရှိသည့်
ကြီးဒေါ်ကြီး၏စကားမှာ ...

"ကျွန်မက မုဆိုးမတန်မဲ့နဲ့ လူတွေအများကြီးကို အိမ်
ပေါ်မှာ တင်ကျွေးထားရတာ"

ဟူ၍ဖြစ်သည်။

ထိုစကားသံ ကြားရတိုင်း သူ စိတ်မလုံမလဲ ခံစားခဲ့ မြဲဖြစ်၏။ အမေကတော့ ၎င်း၏မျက်နှာပေါ်၌ ခံစားမှု တစ် တစ်ရာ မပြခဲ့သော်လည်း ကြီးဒေါ်၏ ညီမအရင်းဟူသော သူမ ဘဝအား အိမ်ဖော်ဘဝသို့ ပြောင်းလဲပစ်ခဲ့သည်။ အိမ်ဖော်မျာ လျှော်ရမည့် အဝတ်ကို အမေကိုယ်တိုင် ဝင်လျှော်နေတာတွေ့တိုင် သူ ဝမ်းနည်းရလေသည်။

ထို့ကြောင့် တက္ကသိုလ်ကျောင်းသားပေါက်စ ဖြစ်နေ ဖြစ်သော သူသည် ဘဝထွက်ပေါက်နှင့် စိတ်ထွက်ပေါက်နှစ်ခု အပြင်းအထန် ကြိုးစားရှာဖွေခဲ့ခြင်း ဖြစ်သည်။

သူ ပထမဦးဆုံး ရှာဖွေတွေ့ရှိခဲ့သော ဘဝထွက်ပေါက်မှ စာရေးခြင်းဖြစ်ပြီး ဒုတိယ တွေ့ရှိခဲ့သည့် စိတ်ထွက်ပေါက်ကတော့ သူတို့မေဂျာမှ အလှဘုရင်မ နှင်းဆီငုံ ဖြစ်လေသည်။

ငယ်စဉ်ကတည်းက အနုပညာနှင့် ပတ်သက်လျှင် ဝါသနာ ကြီးလှသော သူသည် စာရေးခြင်းအလုပ်ကို နှလုံးသားနှင့် ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်၏။ ထို့အပြင် ရိုးသားစွာ ဝန်ခံရလျှင် စာရေး ခြင်းမှာ ကံကောင်းပါက ငွေရနိုင်သည့်အလုပ်ပါ ဖြစ်နေသဖြင့် ထိုအလုပ်ကို သူ ရွေးချယ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

သူ သံယောဇဉ်ကြီးစွာ အမြတ်တနိုး ရွေးချယ်ခဲ့သော စာရေးခြင်းအပေါ် သူ၏နှင်းဆီငုံကတော့ သိပ်သဘောတွေ့ပုံ မရပါ။

◈ ◈ ◈





"ခုတလော သူ့မျက်နှာတွေ အရမ်းချောင်ကျနေတာပဲ၊ တော့ သူ့ကြည့်လိုက်ရင် အမြဲတန်း အိပ်ရေးမဝသလိုပဲ၊ ဘာ ဖြစ်နေတာလဲ"

"ကိုယ် ညဘက်တွေ စာရေးနေလို့ပါ"

"ဘုရားသခင်၊ ရှင်က စာရေးတယ် ဟုတ်လား၊ ဘာလဲ စာရေးဆရာ လုပ်မလို့လား"

"ဆိုပါတော့"

သူမ အံ့ဩသလို အကြာကြီး နှုတ်ဆိတ်ငြိမ်သွားသည်။

"တို့က ယူ့ကို စာရေးတာထက် ပိုပြီးဝင်ငွေကောင်းတဲ့ အလုပ်မျိုး လုပ်စေချင်တာ"

"ဒါပေမယ့် အဲဒါတွေက ငွေအရင်းအနှီးနဲ့ အချိန်ကာလ တွေ လိုသေးတယ်လေ၊ စာရေးတာက ဘာငွေအရင်းအနှီးမှ မလိုဘူး၊ တော့ ကိုယ့်ကြီးဒေါ် အိမ်မှာ ကပ်နေရတဲ့ဘဝက လွတ်မြောက်ချင် ၊ ဒါကြောင့် စာရေးတဲ့အလုပ်ကို ကြိုးစားပန်းစား လုပ်နေတာ"

"စာရေးရုံနဲ့ အဲဒီအိမ်က လွတ်မြောက်ရောလား"

"စာရေးနေတဲ့အချိန်မှာတော့ စိတ်ဓါတ်ရေးရာအရ လွတ်မြောက်နေတာပေါ့၊ နောက်ပိုင်း အဲဒီအလုပ်က အောင်မြင် ပြီး ငွေရလာတဲ့အခါ ကိုယ်တို့သားအမိရဲ့ဘဝပါ လွတ်မြောက် သွားမှာပေါ့"

သူမ ငြင်သာစွာ ဖွဖွပြုံးလိုက်ပါသည်။

"ယူ စာရေးဆရာ ဖြစ်မှာပါ"

သူမ စကားကြောင့် သူပျော်သွားသော်လည်း ခဏလေး

သာ ဖြစ်၏။ ဆက်ပြောလာသော သူမ၏စကားက သူ့အပေ
ကို လွင့်စင်သွားစေပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ ယူက သိပ်ပြီး စိတ်ကူးယဉ်
နေလို့ပဲ"

သူ အောင့်သက်သက် ဖြစ်သွားရသော်လည်း သူမ
တစ်စုံတစ်ရာ တုံ့ပြန်မပြောခဲ့ပါ။

ထိုသို့ စာရေးခြင်းအလုပ်အပေါ် သူမ သဘောမ
သော်လည်း သူကတော့ ထိုအလုပ်အား သဘောကျနှစ်ခြိုက်
ဖြင့် ဘယ်အချိန်၌ ပုံနှိပ်စာလုံးအဖြစ် ရောက်ရှိမည် မသိ
စာတို့ကို အဆက်မပြတ် ရေးသားနေခဲ့သည်။

ခြံကျယ်ကျယ်ကြီးထဲသို့ ကားအကောင်းစားများ
ညည့်သည်တွေ ရောက်လာတတ်သည့်အခါနှင့် ကြီးဖေါ်၏
ဘဝ သနားစရာကောင်းပုံအား ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ ငြီးငြူနေသံ ကြ
သည့်အခါတိုင်း အောင်မြင်သော စာရေးဆရာ ဖြစ်လိုစိတ်
ပိုမိုပြင်းထန် ရှန်းကြွလာလေ့ ရှိသည်။

ထိုစိတ်ဆန္ဒတို့ အပြင်းထန်ဆုံး ပေါက်ကွဲသွားသော
ကတော့ နှင်းဆီငုံ သူ့အား စွန့်ခွာသွားသောနေ့ပင် ဖြစ်သည်

"တို့အိမ်က တို့ကို ဆရာဝန်တစ်ယောက်နဲ့ စေ့စပ်
စီစဉ်နေကြတယ်"

"နှင်းဆီငုံ ငြင်းလိုက်တယ်ပေါ့"

"ဟင့်အင်း၊ လက်ခံလိုက်တယ်"

"ဘာ"





သူ့အသံက အက်ကွဲကျယ်လောင်စွာ တုန်ခါသွားသော်
ည်း သူမကတော့ အေးဆေးတည်ငြိမ်လွန်းလှပါသည်။

"ယူက စာရေးဆရာ ဖြစ်ချင်ပေမယ့် တို့ကတော့ ဝင်ငွေ
ကာင်းသူတစ်ယောက်ရဲ့ ဇနီးမယားပဲ ဖြစ်ချင်တယ်၊ အဲဒါ
ကြောင့်ပါ"

ရုပ်ဝါဒီ ဆန်လှသော စကားအဆုံး တိတ်ဆိတ်သော်
ည်း ပြင်းထန်သော ပေါက်ကွဲမှုနှင့်အတူ သူမအားမှ သူ ချာက
လှည့်ထွက်လာခဲ့သည်။

တစ်နေ့ကျရင် စာရေးဆရာတစ်ယောက်ရဲ့ ဇနီးမယား
ဖြစ်ခဲ့ရတဲ့အတွက် မင်း နောင်တရစေရမယ် နှင်းဆီငုံ။

ငါ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်အောင်
ကြိုးစားပြမယ်။

ထို့နောက်ပိုင်းမှာတော့ သူ စာတွေကို အပြင်းအထန်
ကြိုးစားရေးလေတော့သည်။ ဗလာစာမျက်နှာသုံးရာခန့် လုံးချင်း
ထ္ထုတစ်ပုဒ် ဖြစ်စေရန် စာမျက်နှာပေါင်း တစ်ထောင်ကျော်ကို
ု အသုံးပြုရပါသည်။ အကြောင်းကတော့...

စာတစ်မျက်နှာ ရေးသားပြီးတိုင်း (ထိုတစ်မျက်နှာကို
ပြန်ဖတ်လေ့ရှိကာ) ထိုထဲမှ စာတစ်ကြောင်းနှစ်ကြောင်း တစ်ခါ
တစ်ရံ သုံးလေးကြောင်းခန့်အထိ စိတ်တိုင်းမကျ ဖြစ်လေ့ရှိပြီး
ထိုသို့ဖြစ်တိုင်း ထိုစာမျက်နှာကို ဆွဲဆုတ်၍ အစအဆုံး အသစ်
ပြန်လည်ရေးသားတတ်ခြင်းကြောင့် ဖြစ်သည်။

(ထို့ကြောင့် နောင် သူ စာရေးဆရာ ဖြစ်လာသောအခါ

သူ၏ လုံးချင်းဝတ္ထုတစ်ပုဒ် ရေးသားချိန်သည် သူများတွေအ
လုံးချင်းသုံးလေးအုပ်ခန့် ရေးသားရန် လုံလောက်သော အ
ကာလ ဖြစ်နေတတ်ပါသည်။)

မည်သို့ပင်ဖြစ်စေ သူကတော့ စိတ်တိုင်းမကျသော စ
လုံးတစ်လုံး သို့မဟုတ် စာကြောင်းတစ်ကြောင်းကို အလွယ်တ
လွှတ်ပေးလေ့မရှိဘဲ စိတ်တိုင်းမကျမချင်း ပြန်လည် ရေးသားခဲ့

ထိုသို့ သူ၏ ခံပြင်းကြိုးစားမှုနှင့် ကံတရား၏
ကယ်တင်ခဲ့မှုကြောင့် သူ နောက်ဆုံးနှစ်၌ သူ၏လုံးချင်းတစ်
အား ဖတ်ရှုဖူးသော အောင်နိုင်ဝင်းက ထုတ်ဝေသူတစ်ယော
နှင့် ဆက်သွယ်ပေးခဲ့ခြင်းဖြင့် သူလိုချင်သော စာရေးဆရာဘ
ရောက်ရှိခဲ့လေသည်။

ထိုအတောအတွင်း မည်သည့်မိန်းမ၏ နှောင့်ယှက်မှ
မှ သူ မခံခဲ့။ သူ အလွန်ပြင်းထန်တောင့်တသော အောင်မြင်မှ
မိန်းမတစ်ယောက်ကြောင့်တော့ဖြင့် သူ လက်လွှတ်မခံနိုင်ပါ။

သူ၏ဝင်ငွေ အတော်အသင့် ကောင်းမွန်လာသော
ချိန်၌ အတော်အသင့် ကျဉ်းမြောင်းသော်လည်း သားအမိ
ယောက် ကောင်းစွာနေထိုင်နိုင်သည့် တိုက်ခန်းတစ်ခန်းကို ဝယ်
ကာ ကြီးဒေါ်၏ ခြကျယ်ကျယ်ကြီးထဲမှ အပြီးတိုင် ထွက်
လာခဲ့တော့သည်။

ယခုတော့ သူအလွန်လိုချင်ခဲ့သော အောင်မြင်မှုသ
သူ၏လက်ထဲသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ထိုအချိန်မှာပင် အလွန်ထူးဆန်းသော အမျိုးသမီး





ဆုံဆည်းခဲ့ရခြင်းလည်း ဖြစ်သည်။

သူ၏အတွေးတို့က ထူးဆန်းသော အမျိုးသမီးဆီသို့ ပြောင်းရွှေ့ရောက်ရှိသွားကြသည်။ တွေးသာတွေးနေမိသော်လည်း ထိုအမျိုးသမီးအကြောင်း သူ ဘာမှမသိပါ။ သူမ ဘယ်မှာနေမှန်း သူ မသိ။ သူမ၏ အလုပ်အကိုင်နှင့် အဆင့်အတန်းကို သူ မသိ။

ယုတ်စွအဆုံး သူမ၏နာမည်ကိုပင် သူ မသိပါ။

◈ ◈ ◈

"ကြာညိုခင်ပါ"

သူမ၏အမည်ကို ပြောလိုက်သည်နှင့် တစ်ဖက်မှ ဖုန်းကိုင်ထားသူ အိမ်ဖော်အမျိုးသမီး၏ လေသံက ချက်ချင်းပင် ပြောင်းလဲသွားပါသည်။

"အို မမကြာညိုခင်လား၊ စိတ်မရှိနဲ့နော် မမ၊ မမအသံကို ကျွန်မ ရုတ်တရက်ဆိုတော့ မမှတ်မိလို့ပါ၊ မပုလဲကို ကျွန်မ ခုပဲ သွားနှိုးလိုက်ပါ့မယ်"

ဒီလိုပဲ ဖြစ်ရမှာပေါ့။

ကြာညိုခင်ဟူသည့်အမည်ကို ကြားသည်နှင့် လူတိုင်း အနည်းအကျဉ်းတော့ ပြောင်းလဲသွားတတ်ကြတာ ထုံးစံပါပဲ။

သူမ ပုလဲ ဖုန်းလာကိုင်မည့်အချိန်ကို စောင့်ရင်း နာရီက
တစ်ချက်လှမ်းကြည့်လိုက်တော့ ညဆယ်နှစ်နာရီခွဲပြီး ဆယ်မိနစ်
ဤအချိန်သည် လူတစ်ယောက် အိပ်ရာဝင်ရန် စော်လွန်းသည်
အချိန်ဟု ပြော၍မရသော်လည်း (ပုလဲလို) စောစောအိပ်ရာဝ
တတ်သူတစ်ယောက်ထံ ဖုန်းဆက်ရန်တော့ အတော်နောက်က
နေပြီဖြစ်သည်။

သို့သော် ကိစ္စမရှိပါ။

ကြာညိုခင်ဟူသော အမည်က ပုလဲကို အိပ်ရာထဲ
ကောင်းစွာ ဆွဲထုတ်လာပါလိမ့်မည်။ သူမ မျှော်လင့်ထားသလိုပ
တအောင့်အကြာ၌ အိပ်ချင်မပျယ်သော လေသံဖြင့် ပုလဲ ဖုန်းလာ
ကိုင်ပါသည်။

"ကြာညိုလား၊ ပြော"

"ငါရှာနေတာ တွေ့ပြီဆိုတဲ့အကြောင်း နင့်ကို ပြောချင်လို

"အောင်မယ်လေး ဒါများဟာ ငါက ဘာများလဲလို့၊ အေ
လေ တွေ့ပြီဆိုတော့လည်း ငါတာဝန် ပေါ့သွားတာပေါ့၊ နို့မို
မနက်ဖြန်လောက်တောင် နင့်ဆီလာပြီး ပစ္စည်းအသစ်တစ်
ပြဦးမလို့၊ နှစ်ရတီကိုက် အပါးဝိုင်း အနာလည်းလွတ်တယ်
ခေါ်စျေးက ..."

"ပုလဲ နင် ဘာတွေ လျှောက်ပြောနေတာလဲ"

"နင်ရှာခိုင်းထားတဲ့ စိန်နားကပ်အကြောင်း ပြောနေတာ
လေ၊ ခု နင့်ဘာသာ တွေ့သွားပြီဆိုတော့လည်း ပြီးရောပေါ့"

"အရူးမ သေလိုက်ပါတော့ဟာ၊ ငါက နင့်ကို စိန်နာ





ကပ်အကြောင်းပြောဖို့ အိပ်ရာ လှမ်းနှိုးတာလို့ ထင်နေလား၊
ငါပြောနေတာ စိန်နားကပ်အကြောင်း မဟုတ်ဘူးဟ"

ပြောရင်း သူမ သဘောကျရွှင်မြူးစွာ ရယ်မောလိုက်သည်။

"စိန်နားကပ်အကြောင်း မဟုတ်ရင် ဘာလဲ၊ နင်က ဘာ
ကို ရှာတွေ့တာလဲ"

ပုလဲ၏မေးခွန်းကို မဖြေနိုင်သေးဘဲ သူမ တသိမ့်သိမ့်
ရယ်မောနေမိဆဲ ဖြစ်၏။ ပုလဲက စိတ်မရှည်သံဖြင့် မေးလာသည်။

"မိန်းမ ရှင် ဘာတွေ အူမြူးနေတာလဲ၊ ပြောစမ်း ဘာကို
ရှာတွေ့တာလဲ"

"အချစ်"

"ဘာ အချစ် ဟုတ်လား ဘုရားရေ"

ပုလဲ၏စကားကို နားမထောင်တော့ဘဲ သူမ ဖုန်းချပြီး
အိပ်ရာပေါ် ပစ်လှဲချလိုက်၏။ သို့သော် ချက်ချင်းပင် ဖုန်းခေါ်သံ
မြည်လာသဖြင့် သူမ တောက်ကိုင်လိုက်ရသည်။

"ဒေါ်ကြာညိုခင် ရှင် ကျွန်မကို ဒီည အိပ်မပျော်အောင်
သုပ်ချင်လို့ တမင်နှောက်နေတာလား"

အိပ်ချင်စိတ် ပျယ်လွင့်သွားပြီဖြစ်သော ပုလဲ၏အသံက
ဖုန်းခွက်ထဲမှ ထွက်ပေါ်၍လာသဖြင့် သူမ ပြုံးလိုက်မိသည်။

"ဒါ နှောက်စရာကိစ္စလား မိန်းမရဲ့၊ ရှင့်ကို ဖုန်းဆက်ပြီး
ဘကူးတကာ လှမ်းပြောပါ့မလား"

"ဒါဖြင့်လည်း ငါ့ကို ရှင်းရှင်းလင်းလင်းပြောစမ်းပါ ကြာညို
ရယ်၊ အဲဒီ နင်ပြောတဲ့အချစ်ကို ဘယ်တုန်းက တွေ့တာလဲ"

"ဒီနေ့ပဲ"

"ဟုတ်ပါပြီ ဘယ်မှာ တွေ့တာလဲ၊ ဘယ်သူလဲ၊ သေ
ပြောစမ်းပါ"

အလွန်သိချင်နေပုံရသော ပုလဲက အလောသုံးဆ
မေးလေသည်။ မိန်းမများ ဒါမျိုးဆိုလျှင် သိပ်စပ်စုချင်ကြ
အကယ်၍ သူမသာ ဘာမှမပြောဘဲ ဖုန်းချပစ်လိုက်မည်ဆိုလျှ
ပုလဲ ကားကို ကိုယ်တိုင်မောင်း၍ ညတွင်းချင်း သူမရှေ့သို့ ရော
ရှိလာပါလိမ့်မည်။

ထိုမျှအထိတော့ ပုလဲအား သူမ ဒုက္ခမပေးချင်ပါ။

"ငါအသစ်ဖွင့်ထားတဲ့ ကာရာအိုကေဆိုင် နင်သိတ
မဟုတ်လား"

"ကာရာအိုကေ၊ ဟဲ့ ငါက ဘယ်လိုလုပ် သိမှာလဲ၊ န
လုပ်ငန်းတွေက အများကြီးဥစ္စာ"

"ထားပါတော့ဟာ၊ ညနေက လမ်းကြုံတာနဲ့ အဲဒီဆို
အခြေအနေ သိရအောင် ငါလှည့်ဝင်လိုက်တယ်၊ မန်နေဂျာက လွှ
စားပွဲထိုးလေးတွေက ငါ့ကို ဆိုင်ရှင်မှန်း မသိကြဘူးလေ၊ ငါတလည
စားပွဲထိုးတွေရဲ့ ဆက်ဆံရေးကို သိချင်လို့ လာစားတဲ့ လူလို
ဘာလိုလို ဝင်သွားတာ အဲဒီမှာသူ့ကို တွေ့တာပဲ၊ တွေ့တွေ့ချင်း
နှစ်ပေါင်းများစွာ ငါရှာဖွေနေတဲ့ချစ်သူဟာ သူပဲဆိုတာ ချက်ချ
သိလိုက်တယ်"

"နင့်စိတ်ကူးထဲကလို မျက်ခုံးထူထူ အရပ်မြင့်မြင့်နဲ့ ဟု
ရဲ့လား"





"သိပ်ဟုတ်တာပေါ့၊ ပြီးတော့ သူ သီချင်းဆိုတော့ သူ့
သံက ငါသိပ်ကြိုက်တဲ့အသံမျိုး ဖြစ်နေတယ်"

"နင် ရင်ခုန်သွားရော ဆိုပါတော့"

"ဟင့်အင်း"

သူမ ငြင်းလိုက်တော့ "ဗုဒ္ဓေါရေ" ဟု တအံ့တဩ ရေရွတ်
သည်။

"နင် ရင်လုံးဝမခုန်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ရင်မခုန်တဲ့အပြင် ရင်ခုန်ရပ်သွားသလား
တောင် ထင်ရတယ်၊ သီချင်းဆိုနေတဲ့ သူ့ကို ကြည့်ရတာ
ရင်ထဲမှာ သိပ်ကို ငြိမ်းချမ်းသွားတာပဲ"

"နင် အလုပ်တွေ သိပ်လုပ်ပြီး ကြောင်သွားတာတော့
ဟုတ်ပါဘူးနော်"

"ခွေးမစုတ်"

သူမ ခပ်တိုးတိုး ဆဲလိုက်တော့ ပုလဲကရယ်ရင်း သူ့နာမည်
ယ်သူလဲဟု မေးလေသည်။ သူမ ရိုးသားစွာပင် ငါမသိဘူးဟု
ပြောလိုက်သည်။

"နာမည်တင် မဟုတ်ဘူး၊ သူ ဘယ်မှာနေမှန်းလည်း ငါ
သိဘူး၊ သူ ဘာကားနဲ့ လာသလဲဆိုတာလည်း ငါမသိဘူး"

"သေချာတယ် ကြာညို၊ ရှင် ကြောင်သွားပြီ"

"ဟုတ်တယ် ငါကြောင်သွားပြီ၊ အကြောင်ဆုံးကတော့
က်စိတွေပဲ၊ ဒီညအဖို့ ငါ ဘယ်လိုမှ အိပ်လို့ပျော်မှာ မဟုတ်ဘူး၊
ာက်ပြီး သူနဲ့ ထပ်တွေ့ဖို့ ဘယ်လိုလုပ်ရမှန်းလဲ ငါမသိဘူး၊

ဒါပဲဟာ"

"နေဦးလေ၊ နင် အိပ်လို့ပျော်မှာ မဟုတ်ဘူးဆို၊ ငါတို့ စကားဆက်ပြောကြတာပေါ့"

"တော်ပြီ၊ ငါ သူ့အကြောင်း တွေးလိုက်ဦးမယ်"

ဖုန်းခွက်ကို သူမ လှမ်းတင်လိုက်ပြီး မျက်စိမှိတ်ကာ သူမထက် ငယ်ပုံရသော ဂျစ်တစ်တစ် အမျိုးသားလေး၏မျက်နှာကို အတွေးနှင့် မြင်ယောင်ကြည့်လိုက်ပါသည်။ အတွေးထဲ၌ပင် ထိုအမျိုးသားလေး၏ မျက်နှာက အပြုံးအရယ်မဲ့စွာ ဂျစ်ကန်ကန်တင်းမာနေဆဲ ဖြစ်၏။

... ဖော်ပြပါ ...





(၄)

စီးပွားရေးလုပ်ငန်းများစွာကို ဦးဆောင်နေသော အသက် ...းဆယ့်ခုနစ်နှစ်အရွယ် အမျိုးသမီးတစ်ယောက်အတွက် အိမ် ...ထောင်ဖက်တစ်ယောက် မလွှဲမသွေ လိုအပ်တာကတော့ အမှန်ပင် ...သည်။

မြောက်မြားလှစွာသော လုပ်ငန်းများအား ဦးဆောင် ...ပ်ချုပ်စေဖို့ (သို့မဟုတ်) ခွဲဝေအုပ်ချုပ်ဖို့အတွက် လိုအပ်၏။

အကယ်၍ ၎င်းက အုပ်ချုပ်မှု ညံ့ဖျင်းသူ သို့တည်းမဟုတ် ...ပ်ချုပ်ရန် စိတ်မပါသူ ဖြစ်အုံးတော့ ၎င်းထံမှ အကြံဉာဏ်များ ...ယူနိုင်သလို နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဖွင့် ...င်ပင်နိုင်ပါသေးသည်။

ယုတ်စွအဆုံး ထိုကိစ္စများအတွက် အသုံးမဝင်တောင်မှ

ညည့်ခံပွဲများ မိတ်ဆုံစားပွဲများ၌ "ဒါ ကျွန်မ အမျိုးသားပေါ့" ဟု
မိတ်ဆက်ပေးခြင်းဖြင့် ရိုသဲ့သဲ့လုပ်သူများ၊ သိုက်တူးရန် ကြံစည်
နေသူများအား တားဆီးမောင်းထုတ်ရန် အတွက်တော့ ကောင်း
ကောင်း အသုံးဝင်နိုင်ပါသည်။

သို့သော် ထိုအကြောင်းအရာများအား တစ်စုံတစ်
ယောက်က ကြာညိုခင်ကို လာပြောမည်ဆိုလျှင်တော့ ကြာညိုခင်
က ဟက်ဟက်ပက်ပက် ရယ်မောတုန့်ပြန်ပါလိမ့်မည်။

သူမက အိမ်ထောင်ရေးကို အယုံအကြည်ကင်းမဲ့သ
မဟုတ်သော်လည်း မိန်းမတစ်ယောက်၏ဘေး၌ ယောကျ်ားတစ်
ယောက် ရှိနေမှ ဖြစ်မည်ဟူသော အယူအဆကိုတော့ လုံး
လက်မခံသူ ဖြစ်၏။ ကြာညိုခင် ကျောင်းပြီးကာစ ... ။

... ❦ ...





(၅)

ကြာညိုခင် ကျောင်းပြီးကာစ ...

သူမ၏ဖခင်ဆုံးစဉ် သူမဘေး၌ မာမီနှင့် မာမို့ညီမ ဒေါ်
းငယ်မှလွဲ၍ (ဒယ်ဒီ ချန်ထားရစ်ခဲ့သည့် လုပ်ငန်းများအား
ီးရန်) မည်သည့်ယောကျ်ားသား တစ်ယောက်တစ်လေမှ ရှိမ
ခဲ့ပါ။

ထိုအချိန်၌ သူမ၏တစ်ဦးတည်းသော အစ်ကိုဖြစ်သူမှာ
စတေးလျှ၌ ငါးနှစ်စာချုပ်နှင့် အလုပ်လုပ်ကိုင်နေချိန်ဖြစ်၍
းအား လှမ်းခေါ်ရန်မှာလည်း အတော်ခက်ခဲပါလိမ့်မည်။ အ
ယ်၍ မိုက်မိုက်မဲမဲ လှမ်းခေါ်မည်ဆိုဦးတော့ စာချုပ်ပါ စည်း
မ်းအရ အတော်များပြားသော လျော်ကြေးတို့ကို ပေးရမည်
ဖြစ်၏။

"မာမီတော့ လုပ်ငန်းတွေကို ဦးစီးဖို့ သားကြီးကို လှမ်း

ခေါ်ချင်တယ် ကြာညို”

“လှမ်းခေါ်ရင် ပေးရမယ့် လျော်ကြေးက နည်းနည်
နောနေ့ာမှ မဟုတ်ဘဲ မာမီရဲ့ ရှိတာတွေ ရောင်းချပြီး လျော်မယ်
ဆိုရင်လည်း အဲဒီရောင်းချရမယ့် ပစ္စည်းတွေထဲမှာ ဖေ့ဖေ့ကုမ္ပဏီ
တွေရော လုပ်ငန်းတွေရော အကုန်ပါသွားလိမ့်မယ်၊ အဲဒီတော့
ဘာထူးမှာလဲ”

“ဒါပေမယ့် ဦးစီးမယ့်သူ မရှိလို့ ကုမ္ပဏီမှာ ဆူဆူပူပူ
ဖြစ်နေကြပြီ၊ အဲဒါကို ဘယ်လိုလုပ်မလဲ”

အခြေအနေက အမှန်တကယ်ပင် ဘေးကြပ်နံကြပ် အ
နေအထား ဖြစ်၏။ ဒယ်ဒီနှင့် လုပ်ငန်းလုပ်ကိုင်ရန် စာချုပ်ချုပ်ဆို
ထားသူများ၊ ဒယ်ဒီ့ထံမှ ငွေရစရာရှိသူများနှင့် ငွေပေးရန်ရှိသူများ
ဒယ်ဒီ့ထံ ရှယ်ယာထည့်ဝင်ထားသူများအားလုံး ကမောက်ကမ
ဖြစ်ကာ ရှေ့ရေးအတွက် ဆူဆူညံညံ ဖြစ်လာကြ၏။

အဆိုးဆုံးကတော့ ရှယ်ယာ ထည့်ဝင်ထားကြသူများ
ဖြစ်သည်။ မပြောပလောက်သည့် ကိန်းဂဏန်းလောက် ငွေကြေး
ကလေး ထည့်ဝင်ထားကြသူများက ဒယ်ဒီ့နေရာကို ဝင်လုရန်
ကြိုးစားလာကြပါသည်။

“ကျွန်တော်တို့ မနက်ဖြန် ကုမ္ပဏီဥက္ကဋ္ဌရာထူးအတွက်
အစည်းအဝေးခေါ်ပြီး မဲခွဲဆုံးဖြတ်ဖို့ စီစဉ်ထားတယ်”

“နေပါဦး၊ ဘယ်သူတွေက အရွေးခံပြီး ဘယ်သူတွေက
မဲပေးကြမှာလဲ”

“ကျွန်တော်တို့ ရှယ်ယာဝင်ထားကြသူတွေထဲကပဲ အ





းခံပြီး ရှယ်ယာဝင်တွေကပဲ မဲခွဲဆုံးဖြတ်ကြမှာပါ”

အတော့်ကို ရယ်စရာကောင်းတဲ့ ပျက်လုံးပါပဲ။

ဒယ်ဒီ အနှစ်နှစ်အလလက ကြိုးစားလုပ်ကိုင်လာတဲ့
ပ်ငန်းကို ဒီလို ခပ်လွယ်လွယ် အဆုံးသတ်လို့ ရမတဲ့လား။ သူမ
ယ်လို့မှ ခွင့်မပြုနိုင်ပါ။

နောက်တစ်နေ့မှာတော့ အလှဆုံးဝတ်စုံကို ဝတ်ဆင်ပြီး
န်ရဲခါ မုန့်ဖိုးတောင်းရန်မှအပ ရောက်လေ့ရောက်ထ မရှိသော
မ္ပဏီကို သူမ သွားရောက်ခဲ့သည်။ သူမကိုတွေ့တော့ မဲခွဲမည်
သောလူများ တအံ့တသြ ဝိုင်းကြည့်ကြ၏။

သူမ ဒယ်ဒီ၏ခုံမှာ ခပ်တည်တည် ဝင်ထိုင်လိုက်တော့
တို့ ပို၍ အံ့သြသွားကြပါသည်။ ၎င်းတို့အား ဒီထက်ပို၍ အံ့သြ
အောင်လုပ်ရန် သူမ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

“ဒယ်ဒီ့နာရေးကိစ္စနဲ့ အလုပ်ရှုပ်နေလို့ လုပ်ငန်းတွေကို
း‌ဖို့ ကျွန်မ ခုမှ ရုံးစတက်နိုင်တာကို ခွင့်လွှတ်ကြဖို့ တောင်းပန်
ရစေ”

သူမ စကားဆုံးသည်နှင့် အားလုံး တိတ်ဆိတ်သွားကြ
သသည်။ ပြီးမှ အသက်ကြီးကြီး ဦးအုန်းမြင့်ဆိုသူက အလော
ကြီး ထမေးသည်။

“နေပါဦး၊ မင်းအဖေ မင်းကို ကုမ္ပဏီဥက္ကဋ္ဌရာထူး လွှဲပေးခဲ့
လား”

“ရာထူးလွှဲပေးခဲ့တာ မဟုတ်ပါဘူးရှင်၊ သူ့ရဲ့လုပ်ငန်း
းလုံးကို လွှဲပေးခဲ့တာပါ”

အကယ်၍ စာချုပ်စာတမ်းပြပါဟု ဆိုလျှင်လည်း သိပ်
မခက်ပါ။ နောက်နေ့ ယူလာခဲ့ပါမယ်ဟု ပြောလိုက်ရုံပဲ ဖြစ်၏၊
သူမ ဒယ်ဒီလက်မှတ်ကို တုထိုးနိုင်ရန် တစ်ပတ်တိတိ အချိန်ယူ
လေ့ကျင့်ထားခဲ့ပြီး ဖြစ်သည်။

"ရှယ်ယာထည့်ဝင်ထားကြသူတွေကို ကျွန်မ ပြောချင်
တာက ဒီကုမ္ပဏီဟာ အများပိုင်ကုမ္ပဏီ မဟုတ်ဘဲ ဒယ်ဒီတစ်ဦး
ဟည်း ပိုင်တဲ့ကုမ္ပဏီပါ၊ နောက်ပြီး ရှယ်ယာထည့်ဝင်သူတွေကလည်း
ကုမ္ပဏီတစ်ခုထဲမှာ ထည့်ဝင်တာ မဟုတ်ဘဲ သီးခြားလုပ်ငန်းတွေ
မှာ ထည့်ဝင်ထားကြတာပါ၊ ဥပမာ တစ်ယောက်က ဆောက်လုပ်
ရေးလုပ်ငန်းခွဲမှာ ထည့်ဝင်ပြီး တစ်ယောက်က သစ်ကွက်
ကန်ထရိုက်မှာ ထည့်ဝင်တာမျိုးပါ၊ ဒါကြောင့် ရှယ်ယာရှင် တွေဟာ
ကိုယ်ထည့်ဝင်ထားတဲ့ လုပ်ငန်းနဲ့ပဲ သက်ဆိုင်ပါတယ်၊ အားလုံးကို
ကျေးဇူးတင်ပါတယ်"

"နေပါဦး၊ မင်းပြောပုံက တို့က မင်းနဲ့လက်တွဲပြီး အလုပ်
ဆက်လုပ်ရမယ်ပေါ့"

"ဟုတ်ပါတယ်၊ ကျွန်မနဲ့ တစ်လလောက် လက်တွဲပြီး
ဆက်လုပ်ကြည့်ပါ၊ အကျိုးအမြတ် မရှိဘူးထင်ရင် ထည့်ဝင်ထား
တဲ့ ရှယ်ယာကို ချက်ချင်း ပြန်အမ်းပေးပါ့မယ်"

ခပ်တည်တည်နှင့် ပြောလိုက်သော်လည်း ရှယ်ယာ ပြန်
အမ်းစရာ ငွေတစ်ပြားမှ သူမမှာ မရှိ။ သို့သော် အိမ်နှင့်ခြံဂရံကို
ဘဏ်တစ်ခုခု၌ ပေါင်နှံခြင်းဖြင့် ထိုအခက်အခဲကို ဖြေရှင်းနိုင်ပါ
လိမ့်မည်။



ဤသို့ဖြင့် ဒယ်ဒီ၏လုပ်ငန်းများ တစ်စစီ ပြိုကွဲမသွား
အောင် သူမ လုပ်နိုင်ခဲ့၏။ လုပ်ငန်းလည်ပတ်ဖို့ကိစ္စကတော့
ဟန်ဆောင်ကောင်းသော သူမအတွက် သိပ်မခက်လှပါ။ ဥပမာ
ဆောက်လက်စ တိုက်တစ်လုံးနှင့် ပတ်သက်၍ ထိုလုပ်ငန်း၌
တာဝန်ရှိသူက တင်ပြလာလျှင် ...

"ကျွန်မ ဒီနေ့ မအားလို့ ရှင်ပဲ သွားဦးစီးလိုက်ပါ" ဟု
ဆိုကာ ထိုလူပင် ပြန်လွှတ်လိုက်ပြီး နောက်မှ လမ်းကြုံလှည့်ဝင်
လာသည့်ပုံစံမျိုးဖြင့် ထိုတိုက်ဆီသို့ ရောက်သွားကာ စောစောက
လူ၏ လုပ်နည်းလုပ်ဟန်များကို ကြည့်ပြီး မသိမသာ ပညာယူပါ
သည်။

ဤသို့ဖြင့် သူမ အုပ်ချုပ်ရမည့်လူများထံ၌ ၎င်းတို့မသိ
အောင် တပည့်ခံရင်း ၎င်းတို့ကို ပြန်လည်အုပ်ချုပ်နေခြင်းဖြင့်
ချောမောစွာ လုပ်ငန်းများ လည်ပတ်နိုင်ခဲ့၏။

သူမ၏အစ်ကို ခွင့်နှင့်ပြန်လာစဉ် ထိုအကြောင်းများ
ပြန်လည်ပြောပြတော့ အစ်ကိုဖြစ်သူက တဟားဟား ရယ်ရင်း
မှတ်ချက်ချပါသည်။

"ကြာညို နင်သာ ဆန္ဒရှိရင် ကမ္ဘာကြီးကိုတောင် သိမ်းလို့
ရနိုင်မယ် ထင်တယ်"

"မပူပါနဲ့၊ အချိန်မကျသေးလို့ ခဏစောင့်နေတာ"

သူမ ခပ်ကြွားကြွား ပြန်ပြောပစ်လိုက်သည်။

ထိုနောက်ပိုင်းတော့ သူမအား အိမ်ထောင်ပြုရန် ဩ
တေးလျမှ စာနှင့်တစ်မျိုး၊ ဖုန်းနှင့်တသွယ် နားချစည်းရုံးခဲ့သေ
အစ်ကိုသည် ထိုနိုင်ငံမှာပင် ဩစတေးလျသူနှင့် အိမ်ထောင်
သွားခဲ့ပြီး ...

မာမီကတော့ ဒယ်ဒီဆုံးပြီး နောက်သုံးနှစ်အကြာမှာ
တိမ်းပါးသွားခဲ့သည်။ သူမ၏လုပ်ငန်းများ ဒယ်ဒီရှိစဉ်ကထ
နှစ်ဆမျှ အောင်မြင်တိုးတက်ခဲ့သည်ကိုပင် မာမီ မြင်မသွားရှာ

မာမီ မရှိတော့သည့်နောက်ပိုင်း ဒေါ်လေးယယ်ကို
ဖော်ပြု၍ သူမ၏ဘဝကို ရှေ့ဆက်ခဲ့၏။ ထိုအတောအတွ
သူမအား လက်ထပ်ပါရစေဟု ခွင့်တောင်းသည့် ယောက်
တော်တော်များများကို သူမ တွေ့ခဲ့ရသော်လည်း မည်သူ့ကိုမှ သူ
ရင်မခုန်ခဲ့။

သူတို့ လက်ထပ်ချင်တာ သူမကို မဟုတ်ဘဲ သူမ
စည်းစိမ်ဥစ္စာများကို ဖြစ်ကြောင်း မသိနိုင်အောင် သူမ မထုံထို





သေးပါ။

သို့သော် ယောကျ်ားနှစ်ယောက်လောက်ကိုတော့ သူမ ရင်ခုန်သယောင် ရှိခဲ့ဖူး၏။ ဒါပေမယ့် ရင်ခုန်တိုင်း အချစ်မဟုတ်နိုင်ကြောင်း ရင်းတို့ကြောင့်ပင် သူမ သိရှိခဲ့ပါသည်။

ယခုတော့ သူမ လုံးဝရင်မခုန်သော သီချင်းဆိုလျှင် အသံကောင်းသလောက် စကားပြောလျှင် မာကြောကြောနိုင်လှသည့် အမျိုးသားလေးတစ်ယောက်ကို သူမ တစ်ကြိမ်တွေ့ရုံနှင့် ချစ်မိသွားခဲ့သည်။ အမှန်မှာ အချစ်ထက် များစွာပိုသော မေတ္တာတရားမျိုးဖြင့် စွဲလန်းသွားခဲ့ခြင်း ဖြစ်သည်။

ခက်သည်က ထိုအမျိုးသားလေး ဘယ်မှာနေမှန်း သူမ မသိခြင်းပဲ ဖြစ်သည်။

(၆)

အာကာစိုးမိုးနှင့် အောင်နိုင်ဝင်း ရောက်ရှိသွားချိန်၌ ည့်ခံပွဲက စတင်နေပြီဖြစ်သလို လူလည်း အတော်စည်ကားနေပြီ ဖြစ်၏။ လူရှုပ်သောနေရာမျိုးကို အာကာ သဘောမကျသော်လည်း အောင်နိုင်ဝင်း၏ အတင်းအကြပ် ခေါ်ဆောင်မှုကြောင့် သူ လိုက်ပါလာရခြင်း ဖြစ်သည်။

“ကိုဝင်းအောင်ရဲ့ အမျိုးသမီးက မင်းပရိသတ်ကွ၊ မင်းကို တွေ့ဖူးချင်နေတာ၊ နောက်ပြီး မင်္ဂလာညည့်ခံပွဲ ဆိုပေမယ့် ဩဘာစာ ဖတ်ပြီး တိုက်ပုံတွေ ဝတ်ရတဲ့ပွဲမျိုး မဟုတ်ဘူး၊ ရင်းနှီးတဲ့လူ အနည်းအကျဉ်းလောက် ဖိတ်ပြီး နေ့လည်စာကျွေးတဲ့ပွဲမျိုး”

ထိုသို့သော စကားမျိုးဖြင့် အောင်နိုင်ဝင်း ဆွဲဆောင်ခဲ့ခြင်း ဖြစ်၏။ ယခုတော့ လူအနည်းအကျဉ်းမှ်သာ တော်တော့သည်။

လူများများစားစားသာဆိုလျှင် အမျိုးသားကဇာတ်ရှိ ငှားပြီး ...
ရမလား မပြောတတ်။

အပေါက်ဝနှင့် နီးသော လူအနည်းငယ်ရှင်းသည့် ဝိ...
သူတို့နှစ်ယောက် နေရာယူပြီးချိန်၌ အောင်နိုင်ဝင်းက ပြောသ...

"မင်း ကိုအောင်တို့ လင်မယားကို သွားနှုတ်ဆက်လိုက်...

"မင်းကရော"

"ငါ နောက်မှပဲ နှုတ်ဆက်တော့မယ်၊ ဗိုက်တအား...
နေလို့ အရင်ကျိတ်လိုက်ဦးမယ်"

"အပင်းဆို့ သေနေဦးမယ်၊ ဖြည်းဖြည်းလည်း စားဦး..."

ဝိုင်းတစ်ဝိုင်း၌ ဧည့်သည်များနှင့် စကားလက်ဆုံ ကျ...
သော ကိုဝင်းအောင်တို့ စုံတွဲရှိရာသို့ သူထွက်လာခဲ့သည်။ ဘီ...
ဗိုက်နှင့် ဝဖီးနေသော ကိုဝင်းအောင်၏ အမျိုးသမီးက ကို...
အောင်လိုပင် ထောင်ထောင်မောင်းမောင်း ဖြစ်၏။

သူ့ကို တွေ့သည်နှင့် ကိုဝင်းအောင်က သူ့လက်...
ဝမ်းသာအားရ လှမ်းဆွဲသည်။

"ပွဲစကတည်းက မျှော်နေတာ၊ မင်းက ခုမှ ပေါ်လာ...
ကိုး၊ ယမင်း ဒါ မင်းသိပ်တွေ့ချင်နေတဲ့ နိုင်ငံကျော်စာရေးဆ...
အာကာစိုးမိုးတဲ့၊ အာကာ ဒါ ငါ့အမျိုးသမီး ယမင်း" (

ထုံးစံအတိုင်း တွေ့ရတာ ဝမ်းသာပါတယ် ဟူသ...
သမာရိုးကျစကား ပြောပြီး သူလှည့်ထွက်ရန် ပြင်စဉ်မှာပင် ...
ဝင်းအောင်က လှမ်းတားလိုက်သည်။

"နေပါဦး၊ ယမင်း မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရဦးမ...





ယမင်း သူငယ်ချင်း ရတနာကုန်သည် ဒေါ်ပုလဲ၊ ဒါကတော့
...ကြာညိုခင်"

ဒေါ်ပုလဲဟူသော အမျိုးသမီးအား အရင်ပြုံးပြလိုက်၏။
...နောက် ၎င်း၏ဘေးမှ ကြာညိုခင်ဟူသော အမျိုးသမီးဆီသို့
...ကြည့်ရွှေ့လိုက်တော့ သူ့နှုတ်ခမ်းမှ အပြုံးတို့က တစ်ဝက်တစ်
...က် ရပ်တန့် အံ့ဩသွားကြ၏။

ဟို ... အမျိုးသမီးပါပဲလား။

သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေသော်လည်း အမျိုးသမီး
...တော့ ယခုလို အခြေအနေမျိုး၌ ဘာလုပ်သင့်သလဲ သိပုံရပါ
...ည်၊ သူမ၏လက်ဖဝါးကို သူ့ထံသို့ ကမ်းပေးလျက် ...

"ခုလို ထပ်ပြီးတွေ့ရတာ ဝမ်းသာပါတယ်"

သူ တုန့်ဆိုင်းနေပြီးမှ နွေးထွေးနူးညံ့သော သူမ၏ လက်
...ဖဝါးကို အသာအယာ ဆွဲယူနှုတ်ဆက်လိုက်ရလေသည်။

"လက်စသတ်တော့ သိပေါင်းကျွမ်းပေါင်းတွ ဖြစ်နေ
...ကြတာကိုး၊ အိုကေ ဒါဖြင့် စကားပြောကြဦး၊ ကိုယ်တို့ ဟိုဘက်ဝိုင်း
...သွားဧည့်ခံလိုက်ဦးမယ်"

ကိုဝင်းအောင်တို့စုံတွဲ ထွက်ခွာသွားပြီးနောက် သူမက
...တိုးတိုးညင်သာ လှမ်းပြောလေသည်။

"ထိုင်ပါဦးလား"

သူမ၏အသံ၌ သံလိုက်ဓါတ်လို ဆွဲဆောင်နိုင်သော
...င်အားတစ်မျိုး ပါနေကြောင်း သူ သတိပြုလိုက်မိ၏။

လွတ်နေသော ကုလားထိုင်၌ အာကာ ဝင်ထိုင်လိုက်တော့

ကြာညိုခင် လှစ်ကနဲ ကျေနပ်ဝမ်းသာသွားပါသည်။

"မင်း နောက်ရက်တွေ ကာရာအိုကေဆိုင်ကို မ
ဖြစ်ဘူးနဲ့ တူတယ်"

"ခင်ဗျာ... အဲ... ဒေါ်ကြာညိုခင် ဘယ်လိုလုပ် သိ

ကြာညိုခင် လှပစွာ ပြုံးလိုက်သည်။

"အဲဒီဆိုင်က တို့ပိုင်တဲ့ဆိုင်လေ၊ ပြီးတော့ တစ်ဆက်
ကြွားလိုက်ဦးမယ်၊ ဒီစားသောက်ဆိုင်ကလည်း တို့ပိုင်တာပဲ
လုပ်ငန်းတော်တော်များများ လုပ်တယ်"

သူမ၏ပိုင်ဆိုင်မှုတို့ကို တမင်ပြောလိုက်ပြီး အာက
မျက်နှာပေါ်မှ အပြောင်းအလဲတို့ကို ကြာညိုခင် အကဲခ
လိုက်သည်။ ယောက်ျားတော်တော်များများ ကြာညိုခင်၏
သာကြွယ်ဝမှုကို သိလိုက်ရသည်နှင့် မျက်နှာအမူအရာရေ
သံပါ ချက်ချင်း ပြောင်းလဲသွားတတ်ကြသော်လည်း အာက
တော့ တစ်စုံတစ်ရာ ပြောင်းလဲမှုမရှိ၊ ခပ်တည်တည်ပင် ဖြစ် သ

"ဒါ တို့ လိပ်စာကတ်ပြား၊ မင်းရဲ့ကတ်ရော တို့ ရ
လား"

"ဆောရီးဗျာ၊ ကျွန်တော်က နေရာအတည်တကျ
သေးလို့ ကတ်ပြား မရိုက်နိုင်သေးဘူး၊ ဒါနဲ့ စကားမစပ် ကျွန်
သူဌေးချင်းဝိုင်းကို ပြောင်းထိုင်မယ်ဆိုရင် ဒေါ်ကြာည
တို့အတွက် အနှောင့်အယှက် မဖြစ်ပါဘူးနော်"

ကြာညိုခင် ကြောင်သွား၏။ ပြီးမှ ခေါင်းကို ခပ်
သွက် ညိတ်၍ ...



"အို ပြဿနာ မရှိပါဘူး၊ သွားထိုင်ပါ"

"ကျေးဇူးပဲဗျာ၊ ကျွန်တော်က သူများဝိုင်းမှာ ဝင်ထိုင်တဲ့
ါရော၊ ထထွက်တဲ့အခါပါ ခွင့်တောင်းတတ်တာ အကျင့်ပါ
လို့ပါ၊ သွားလိုက်ပါဦးမယ်"

သူ့ဝိုင်း၌ ခွင့်မတောင်းဘဲ ဝင်ထိုင်ခဲ့ဖူးသော ကြာညိုခင်
း တမင် ယဉ်ကျေးစွာ ခွင့်တောင်းပြီး ထထွက်လာခြင်းဖြင့်
ကာ လက်စားချေလိုက်၏။

ကြာညိုခင်ကလည်း အာကာ၏ လက်စားချေမှုအား
ဘာပေါက်လိုက်သဖြင့် နှုတ်ခမ်းတွန့်ကာ ပြုံးလိုက်မိသည်။ သူ
ဘယ့်ကို ကလေးလေးအတိုင်းပါပဲလား။ တစ်ချိန်လုံး ငြိမ်
သော ပုလဲက လှမ်းမေးလိုက်သည်။

"ကြာညို ရှင်ပြောတာ အဲဒီတစ်ယောက်လား"

"အစစ်ပေါ့၊ ဘယ်လို သဘောရသလဲ"

"မဆိုးပါဘူး၊ ဒါပေမယ့် ဝိုင်းပြောင်းထိုင်တာ ခွင့်တောင်း
လိုလို့လား"

"အဲဒါ သူ့ ကျုပ်ကို ရိသွားတာလေ"

"ရှင် စိတ်မဆိုးဘူးပေါ့"

"ဟင့်အင်း"

ပုလဲ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေချိန်၌ ကြာညို
ကတော့ ကျေနပ်စွာ ပြုံးနေဆဲ ဖြစ်သည်။

◈ ◈ ◈

"အဆင်ကတော့ တော်တော်လှတဲ့ အဆင်ပဲ၊ သူ
စပိတ်တစ် မင်းက ဟတ်တစ်၊ မင်းတို့နှစ်ယောက်သာ ပေါ်
လိုက်လို့ကတော့ တစ်ပူးနဲ့ တစ်ဝိုင်းလုံး စားရုံပဲ"

"ဖဲသမားပီပီ အရည်မရ အဖတ်မရ ကွမ်းစကားေ
ပြောမနေစမ်းပါနဲ့ကွာ၊ မင်း သူ့ကို ဘယ်လိုသဘောရသလဲ"

"ငါ့သဘောကတော့ မင်းနဲ့ငါ နေရာချင်း ချိန်းလိုက်ချ
တာပဲ"

သူ ဘာမှ ထပ်မမေးတော့ဘဲ ကားကိုသာ အာရုံစို
မောင်းနေမိ၏။ အတော်ကြီးကြာမှ သူ အောင်နိုင်ဝင်းကို ပြေ
လိုက်သည်။

"ငါ မင်းစကားကို ဝန်ခံရတော့မယ်နဲ့ တူတယ်"

"ဘာကိုလဲ"

"ငါ သူ့ကို လန့်နေတယ်ဆိုတာလေ၊ အဲဒါ အမှန်ပဲ"



(၇)

ကြာညိုခင်မေးခွန်းကြောင့် အတွင်းရေးမှူးမလေး တအံ့
ဩ စိတ်လှုပ်ရှားသွားပုံမှာ ရယ်စရာပင် ကောင်းလှပါသည်၊
သော် သူမ မရယ်ဘဲ အတွင်းရေးမှူးမလေး၏ အဖြေကိုသာ
ရှုည်လက်ရှည် စောင့်ဆိုင်းနေလိုက်သည်။

"မမ ပြောတာ စာရေးဆရာ အာကာစိုးမိုးနော်"

"ဟုတ်ပါတယ်"

"အို အဲဒါ ကျွန်မ သိပ်ကြိုက်တဲ့ စာရေးဆရာပေါ့၊ မမ
သိလို့လားဟင်"

ချာတိတ်မ၏ နောက်ဆုံးစကားကြောင့် သူမ အကြီးအ
ယ် စိတ်ပျက်သွားရပါသည်။

"တို့က မင်းဆီကနေ သူ့အကြောင်းပဲ သိချင်နေတာ"

"ကျွန်မက သူ့ဝတ္ထုတွေ ဖတ်ဖူးရုံလောက်ပဲရှိတာ မ
သိပ်မသိဘူး"

"ရပါတယ် ကိစ္စမရှိပါဘူး၊ ကဲ သွားနိုင်ပြီ"

ချာတိတ်မလေး ထွက်သွားချိန်၌ ပင့်သက်တစ်ချက်
ရှိုက်သွင်းလိုက်သည်။ သူမ သိပ်ချစ်တဲ့ သူ့အကြောင်းကို ဘယ
သူမှ ပြောမပြနိုင်ကြတော့ဘူးတဲ့လား။

ထိုအချိန်မှာပင် အင်တာကွန်းထဲမှ စောစောက
တွင်းရေးမှူးမလေး၏အသံ ထွက်ပေါ်လာသည်။

"ကျွန်မ သိပြီ မမ"

"ဘာကိုလဲ"

"ဒေလီယာလေ ဒေလီယာ၊ အာကာစိုးမိုး စပယ်ရှယ
လစ်ပဲ၊ သူ့ဝတ္ထုတွေကော အင်တာဗျူးတွေကော အကုန်ဖတ်
တယ်၊ တချို့ဝတ္ထုတွေဆို အလွတ်တောင် ရွတ်ပြနိုင်တယ်"

သူမ လှစ်ကနဲ ဝမ်းသာသွားလေသည်။

"ဘာလဲ၊ ဒေလီယာဆိုတာ ဆိုက်ကိုနဲ့ ကျောင်းပြီး
ကွန်ပျူတာ လာရိုက်နေတဲ့ ဟိုကောင်မလေးကို ပြောတာလား"

"ဟုတ်တယ် မမ"

"ကောင်းပြီ ခုချက်ချင်း သူ့ကို လွှတ်လိုက်ပါ၊ သူ မအ
ရင် သူ့နေရာမှာ တခြားတစ်ယောက်ကို လူစားထိုးပစ်ခဲ့"

ထို့နောက် သူမ စားပွဲကို ဘောပင်နှင့် တဒေါက်ဒေါ
ခေါက်ရင်း ဒေလီယာကို စောင့်ဆိုင်းနေလိုက်သည်။ တအော
ကြာတော့ အခန်းထဲသို့ ဒေလီယာ ဝင်ရောက်လာ၏။ အသ





ယ့်လေးနှစ်ရှိပြီ ဖြစ်သော်လည်း နှစ်ဆယ်ပြည့်ပြီးပြီလားဟု
ယဖြစ်ရလောက်အောင် နုနယ်လွန်းသော မျက်နှာလေးနှင့်
လေးမကို အလုပ်စဝင်ကတည်းက စိတ်ထဲမှ သူမ ခင်မင်
သည်။

"မမ ခေါ်တယ်ဆိုလို့"

"ဟုတ်တယ် ထိုင် ဒေလီယာ"

ဒေလီယာ ကုလားထိုင်၌ ဝင်ထိုင်ပြီးသည်နှင့် သူမ
းစလိုက်သည်။

"မင်း အာကာစိုးမိုးအကြောင်း ဘယ်လောက် သိလဲ
ီယာ"

"ရှင်"

မထင်မှတ်သော မေးခွန်းကြောင့် ဒေလီယာ ကြောင်
၏။ ပြီးမှ တုန့်ဆိုင်းစွာ အဖြေပေးသည်။

"လူချင်းတော့ မသိပါဘူး၊ ဒါပေမယ့် သူ့စာအုပ်တွေ
ကြောင်း၊ အင်တာဗျူးထဲက သူ့ကိုယ်ရေးကိုယ်တာအကြောင်း
လောက်တော့ ဒေလီယာ သိပါတယ်၊ နောက်ပြီး သူ့အိမ်
ာနဲ့ ဖုန်းနံပါတ်လည်း သူငယ်ချင်းတစ်ယောက်ဆီက ဒေလီ
ရထားတယ်"

ဘယ်လောက်များ အဆင်ပြေလိုက်ပါသလဲ။

ဒေလီယာ စကားကြောင့် သူမ ပျော်သွားပါသည်။

"တို့ သူ့အကြောင်းတွေ သိချင်တယ် ဒေလီယာ"

"မမ ဘာကို သိချင်တာလဲ"

"အကုန်ပဲ၊ သူရေးပြီးသမျှ စာအုပ်တွေအကြောင်း၊ အတွေးအခေါ် အယူအဆတွေအကြောင်း၊ နောက်ပြီး စော
က မင်းပြောတဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကိုရောပေါ့"

သူမ၏ စကားအဆုံး ဒေလီယာ ခပ်ဆိုင်းဆိုင်း ေ
သည်။

"တော်တော်တော့ အချိန်ယူရလိမ့်မယ် မမ"

"ကိစ္စမရှိပါဘူး၊ မင်း ညဘက်တွေ ဘယ်အချိန်
နောက်ကျပြီး အိမ်ပြန်လို့ရသလဲ"

"ညရှစ်နာရီလောက်ထိတော့ ရပါတယ်"

"ကောင်းပြီ၊ ဒါဖြင့် ဒီနေ့ကစပြီး တစ်ပတ်တိတိ ရုံးဆ
တာနဲ့ တို့အိမ် လိုက်ပြီး သူ့အကြောင်းတွေ ပြောပြ၊ အချိ
အလုပ်ဆင်းတဲ့သဘောပေါ့၊ အဲဒီအတွက် အချိန်ပိုကြေး သပ်သ
ပေးမယ်၊ အပြန် ကားနဲ့ လိုက်ပို့ပေးမယ်၊ ဟုတ်ပြီလား"

ဒေလီယာ ကယောင်ကတမ်း ခေါင်းညိတ်လိုက်သေ
လည်း ၎င်း၏ပုံက ဘာကိုမှ နားလည်ပုံမရပါ။ သို့သော် ကိစ္စမ
ဒေလီယာ နားမလည်သော်လည်း ကြာညိုခင်ကတော့ သ
အလုပ်ကို သူမ ကောင်းစွာ နားလည်ပါသည်။

◈ ◈ ◈





ဤသို့ဖြင့် တစ်ခါမှ မစီးဖူးသော မာစီဒီးကားကြီးကို
စ်ပတ်တိတိ ဒေလီယာ စီးဖူးသွားသလို အချိန်ပိုကြေးကလည်း
မ၏ တစ်လစာနီးပါး ရရှိလိုက်သည်။

တခြားမိန်းကလေးတစ်ယောက်သာ ဆိုပါက ထို့အတွက်
က်ရွှင်နေလိမ့်မည် ဖြစ်သော်လည်း ဒေလီယာကတော့ မကျေနပ်
ဘဲ လိပ်ခဲတည်းလည်း ဖြစ်နေလေသည်။

ကြာညိုခင် သိလိုသမျှ သူမက ပြောပြခဲ့သော်လည်း
ကာစိုးမိုးအကြောင်း ကြာညိုခင် ဘာကြောင့် ဒီလောက် စိတ်ဝင်
းနေရတာလဲဟူသည့် သူမ အလွန်သိချင်နေသော ကိစ္စကိုတော့
ာညိုခင်က တစ်စုံတစ်ရာ ရှင်းမပြခြင်းကြောင့် ဖြစ်သည်။

ထို့ပြင် သူမ ဉာဏ်မမီသော မေးခွန်းများကိုလည်း မေး
တ်ပါသေးသည်။

"သူ စာရေးရင် ဘယ်လိုရေးသလဲ"

"ရှင်"

"လက်နဲ့ရေးသလား၊ လက်နှိပ်စက်နဲ့ ရေးသလားလို့
းတာ"

ဒါဟာ လိုအပ်တဲ့ မေးခွန်းတစ်ခုဆိုလျှင်တောင် ဘာ
ကြောင့် လိုအပ်မှန်း သူမ နားမလည်နိုင်ပါ။

"သူ့ဝတ္ထုထဲက ဇာတ်ကောင် စာရေးဆရာတွေကတော့
က်နဲ့ပဲ ရေးတယ်၊ အနုပညာပစ္စည်းတစ်ခုကို စက်ကိရိယာ
ကူအညီနဲ့ ဖန်တီးရတာကို မုန်းတယ်တဲ့၊ ဒီတော့ သူ လက်နဲ့ပဲ
ေးလိမ့်မယ်"

"ဟုတ်ပြီ၊ အဲဒီလို ရေးတဲ့အခါ အိမ်မှာပဲ ရေးသလား

"ဟင့်အင်း၊ နယ်ထွက်ပြီး ရေးတတ်တယ်"

ထိုသို့သော မေးခွန်းများအပြင် အာကာစိုးမိုး အကြို

ဆုံး နိုင်ငံခြား စာရေးဆရာများအကြောင်း၊ အာကာစိုးမိုး၏ စာ

အယူအဆ၊ ပို့စ်မော်ဒန်အပေါ် အာကာစိုးမိုး၏အမြင်၊ မြောက်မြ

လှစွာသော မေးခွန်းတို့ကို သူမ ရှင်းပြဖြေဆိုခဲ့ရပါသည်။

ကြာညိုခင် မမေးသော်လည်း ကျောင်းတုန်းက ရည်စ

တစ်ယောက် ရှိခဲ့ဖူးကြောင်း သူမ ပြောပြလိုက်တော့ ကြာညို

အလွန်အံ့ဩသွားခဲ့သည်။

"ဒေလီယာ ဘယ်လိုလုပ် သိသလဲ"

"ကျောင်းတုန်းက သူနဲ့ အတန်းအတူတူ တက်ခဲ့

အစ်မကြီးတစ်ယောက် ပြောပြဖူးလို့ သိနေတာပါ"

"သူတို့ ကွဲသွားခဲ့ကြသလား"

"ဟုတ်ကဲ့"

ကြာညိုခင် ငြိမ်သက်သွား၏။ ၎င်း၏ပုံက မသိလျှ

အာကာစိုးမိုးအကြောင်း ဝတ္ထုတစ်ပုဒ် ရေးမလို့လားဟုပင် ထင်

လောက်ပါသည်။

တစ်ပတ်တိတိပြည့်၍ တာဝန်ကြီး ပြီးဆုံးသွားသော

အခါမှပင် ဒေလီယာ စိတ်လက်ပေါ့ပါးသွားတော့သည်။

... ❀❀❀ ...





(၈)

လုံးချင်းမရေးမီ သွေးပူလေ့ကျင့်ခန်းအနေနှင့် ဝတ္ထုတို

တစ်ပုဒ်ကို အာကာ ကြိုးစားပန်းစား ရေးနေချိန်၌ တယ်လီဖုန်း

ခေါင်းလောင်းသံ မြည်လာလေသည်။ သူ စာရေးနေသဖြင့်

အမေက အလိုက်တသိနှင့် ဖုန်းသွားကိုင်၏။

တအောင့်ကြာတော့ အမေ သူ့နားသို့ ပြန်ရောက်သည်။

"အာကာ မင်း ဖုန်း"

"ဘယ်သူတဲ့လဲ အမေ"

"နာမည်က ခပ်ဆန်းဆန်းပဲ၊ ကြာညိုခင်တဲ့"

"ဗျာ"

သူ တအံ့တဩ ရေရွတ်လိုက်ပြီးမှ အမေ မရိပ်မိအောင်

ဟန်လျှင်အမြန် အိန္ဒြေဆည်လိုက်ရ၏။

"အပြင်သွားတယ်လို့ ပြောလိုက်ပါ အမေ"

အမေ ပြန်လှည့်ထွက်သွားသည်။

ဒီမိန်းမ ဘယ်လိုလုပ်ပြီး သူ့ဖုန်းနံပါတ်ကို သိနေရတ ပါလိမ့်။

သူ မကျေမနပ် တွေးလိုက်ရင်း ချက်ချင်းပင် ထိုင်ရာ ထရပ်ကာ ဧည့်ခန်းဆီသို့ ရောက်လုနီးပါး အမေ့ကို သူ လှမ်းခေ လိုက်သည်။

"မထူးပါဘူး အမေ၊ တော်ကြာ ထပ်ဆက်နေရင် စာ ပျက်နေဦးမယ်၊ နယ်မှာ စာသွားရေးနေတယ်လို့သာ ပြောလိုက်

အမေ သူ့ကို တအံ့တဩ ကြည့်ပြီး တယ်လီဖုန်းဆီ ဆက်လျှောက်သွားပါသည်။ သူ စာရေးစားပွဲ၌ ပြန်ထိုင်လို သော်လည်း စာဆက်ရေး၍ မရတော့။ ကြာညိုခင် ဟူသ ထူးဆန်းသော မိန်းမတစ်ယောက်အကြောင်းကိုသာ မတေ နပ်နှင့် စိတ်ဝင်တစား တွေးနေမိသည်။

"အာကာ မင်း တစ်ခုခု ဖြစ်နေသလား"

ဘယ်အချိန်က အမေ သူ့ဘေးနားသို့ ပြန်ရောက်လာမှ သူ မသိလိုက်။

"ဘာမှ မဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ အမေ"

"အဲဒီ ကြာညိုခင် ဆိုတာ ဘယ်သူလဲ"

"ဒီလိုပဲ မိတ်ဆက်ချင်တဲ့ မိန်းမတစ်ယောက် ဖြစ်မှာ အမေရာ"

မျက်နှာကို တစ်ဖက်သို့ လွှဲထားရင်း သူ အမေ့ကို





က်ပြီး နံရံ၌ ချိတ်ထားသော အကျီကို ကောက်စွပ်လိုက်သည်။ မေ၏ ချောင်ပိတ် အမိဖမ်းတတ်သော မေးခွန်းများ ထွက်ပေါ် လာခင် သူ ခပ်မြန်မြန် လစ်မှ ဖြစ်ပါလိမ့်မည်။

"ကျွန်တော် လက်ဖက်ရည် သွားသောက်လိုက်ဦးမယ် မေ"

သူ့မျက်နှာပေါ်မှ တစ်စုံတစ်ရာကို ရှာဖွေနေသော အမေ့ မှ အမြန်ထွက်လာခဲ့ပြီး အခန်းတံခါးဖွင့်ကာ တိုက်အောက်သို့ င်းလာခဲ့၏။ လှေခါးအထစ်ပေါင်း နှစ်ဆယ်ကျော်ကို ဆင်းလာ ပြီး တိုက်အောက် ရောက်ချိန်မှာတော့ အသက်ရှူ ရပ်ဆိုင်းသွား ဘာ လူတစ်ယောက်ပမာ သူ ကြက်သေသေသွား လေတော့သည်။

အကြောင်းကတော့ ဆယ်လူလာဖုန်းကိုကိုင်လျက် နီ ရောင် မာစီဒီးကားကို မှီနဲ့ရပ်နေသော ကြာညိုခင်ကို တွေ့ က်ရခြင်းကြောင့်ပဲ ဖြစ်သည်။ သူမ ခပ်ယဲ့ယဲ့ပြုံးလျက် သူ့အား အေးဆေးစွာ လှမ်းပြောလေသည်။

"လူကြီးကို မုသာဝါဒကံ ထိုက်အောင် ဘာဖြစ်လို့ လိမ် ရတာလဲ စာရေးဆရာကြီးရဲ့"

"ခင်ဗျားကကော အကြောင်းမရှိဘဲ ဘာဖြစ်လို့ ဖုန်းဆက် တာလဲ"

"အကြောင်းရှိလို့ပေါ့၊ တို့ မင်းနဲ့ ဆွေးနွေးစရာရှိလို့"

"ဒါပေမယ့် ကျွန်တော့်မှာတော့ ဘာဆွေးနွေးစရာမှ ရှိတာ ဝမ်းနည်းစရာပဲ"

သူ ခပ်ပြတ်ပြတ် ပြောလိုက်သော်လည်း သူမက ဂရု

မစိုက်ဘဲ အေးဆေးစွာ ပြန်ပြောပါသည်။

"နှင်းဆီပွင့်ရဲ့ ရင်ခုန်သံမှာ ဘာဖြစ်လို့ (Tempo) ကမောက်ကမ ဖြစ်သွားရတာလဲ"

"ဗျာ ဘယ်လို"

"နှင်းဆီပွင့်ရဲ့ ရင်ခုန်သံလေ၊ မင်း နောက်ဆုံးထွက် ဝတ္ထုကို ပြောတာ"

သူမ၏စကားများက သူ့အား တစ်စုံတစ်ရာ တု မပြောနိုင်လောက်အောင်ပင် တအံ့တဩ ဖြစ်သွားစေခဲ့သည်၊ လို မိန်းမတစ်ယောက်က သူ့ဝတ္ထုတွေ ဖတ်တယ်ဆိုခြင်းကို မ လောက်အောင် ဖြစ်နေမိ၏။ ဒါတင်မက သူ့ဝတ္ထုကိုပင် ေ လိုက်ပါသေးသည်။

"ခင်ဗျား ကျွန်တော့်ဝတ္ထုတွေ ဖတ်ဖူးတယ်ပေါ့"

"အကုန်လုံးလိုလိုပဲ ဆိုပါတော့၊ ဒါပေမယ့် နှင်းဆီပွ ရင်ခုန်သံကိုတော့ သိပ်မကြိုက်ဘူး၊ စောစောက ပြော့သ ဇာတ်ရှိန်တွေ ကမောက်ကမ ဖြစ်ပြီး မင်းပေးချင်တဲ့ ဦးတည် ကလည်း ဝေ့လည်လည် ဖြစ်နေတယ်၊ ဇာတ်သိမ်းကလည်း သိမ်းနေကျ စတိုင်မျိုး မဟုတ်ဘူး"

ပထမဆုံးအကြိမ်အဖြစ် သူမအား သူ လေးစားသွ သည်။

"တို့ အဲလို ဝေဖန်လို့ မင်းစိတ်ဆိုးသလား"

"ဟင့်အင်း မဆိုးပါဘူး၊ ကျေးဇူးတောင် တင်ပါသေးတ

သူ အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်၏။ အိမ်၌ အ





က ဝတ္ထုဖတ်သူမဟုတ်။ အောင်နိုင်ဝင်းက သူ့ဝတ္ထုများကို ဖတ် သော်လည်း ကြိုက်တယ် မကြိုက်ဘူးဟူသော မှတ်ချက်မျိုးမှ လွဲ၍ သူမကဲ့သို့ ဝေဖန်ပြတတ်သူ မဟုတ်ပါ။

"ဒါဖြင့် မင်းက ဝေဖန်ရေးကို ကြိုဆိုတာပေါ့ ဟုတ်လား"

"ဆိုပါတော့"

"တို့ မင်းဝတ္ထုတွေထဲက ထူးထူးခြားခြား ကောင်းတဲ့ နှစ်အုပ်နဲ့ ဆိုးဆိုးဝါးဝါး ညံ့တဲ့တစ်အုပ်ကို ဝေဖန်ချင်တယ်၊ ပြီး တော့ (Plot) ဇာတ်ကွက်လေးတွေလည်း ပေးချင်တယ်၊ မင်း နာရီဝက်လောက် အချိန်ပေးနိုင်မလား"

သူ အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေခဲ့၏။ နောက် ဆုံးမှ ခေါင်းညိတ်ပြလိုက်ပြီး သဘောတူလိုက်သည်။

"နာရီဝက်လောက်ဆိုရင်တော့ ဖြစ်ပါတယ်"

"အိုကေ ဒါဆို တို့ မင်းအိမ်ပေါ် လိုက်ရမလား၊ မင်း တို့ ကားပေါ် တက်မလား"

စောစောလေးကပင် အငှေ့ကို လိမ်ညာလာမိသည့် အတွက် ကားပေါ်သို့ တက်ရန်ပင် သူဆုံးဖြတ်လိုက်ပါသည်။

နာရီဝက်ဟု ဆိုသော်လည်း သူနှင့်သူမ တစ်နာရီမက ကြာမြင့်စွာ အအေးဆိုင်တစ်ဆိုင်၌ စကားထိုင်ပြောဖြစ်ခဲ့ကြသည်။ ထူးဆန်းသော အမျိုးသမီး၏ အံ့ဩစရာကောင်းပုံမှာ သူ့ဝတ္ထု အားလုံးလိုလို သိရှိနေသည့်အပြင် ...

အားနည်းချက်နှင့် အားသာချက်များအား မှန်တန်စွာ ထောက်ပြနိုင်ခြင်း ဖြစ်သည်။ ထို့ပြင် သူ၏ ရေးဟန်စတိုင်နှင့်

ပတ်သက်၍လည်း တိကျစွာ ဝေဖန်ပြနိုင်ခဲ့၏။ သူမအား အထင်ကြီး လေးစားသွားခဲ့ပြီး တစ်ချိန်က သဘောမကျ ဖြစ်ခဲ့ သည်ကိုပင် မေ့လျော့သွားခဲ့လေသည်။

ထိုနေ့က အချိန်ကြာမြင့်စွာ စကားပြောဖြစ်ခဲ့ပြီး အိမ်ပြ ရောက်ချိန်မှာတော့ အချိန်တိုတောင်းစွာနှင့်ပင် သူ့စိတ်ကို ပြ လည် သုံးသပ်နိုင်သည်။

သူ ကြာညိုခင်အား အသေအချာ စိတ်ဝင်စားနေမိ ဖြစ်၏။





(၉)

နောက်တစ်နေ့ အောင်နိုင်ဝင်းနှင့် တစ်နေ့လုံး လျှောက် ွားနေခဲ့ပြီး ညနေပိုင်း အိမ်ပြန်ရောက်ချိန်မှာတော့ ထူးဆန်းသော မျိုးသမီး၏ အံ့ဩဖွယ် လုပ်ဆောင်ချက်တစ်ခုကို သူ ထပ်မံ တွေ့လိုက်ရပြန်သည်။

"အာကာ မင်းက အမေ့ကို အသိမပေးဘဲ တမင်ဖုံးထား ာပေါ့လေ ဟုတ်လား"

အိမ်ထဲရောက်ရောက်ချင်း ဆီးပြောသော အမေ့စကား ကြောင့် သူ ဇဝေဇဝါ ဖြစ်သွားရသည်။ အမေ ဘာကို ဆိုလိုတာ ါလိမ့်။ အမေ့လေသံက အပြစ်တင်သည့် လေသံမျိုး မဟုတ်ဘဲ နည်းငယ် ထူးဆန်းသည့် ခန့်မှန်းရခက်သော လေသံမျိုးဖြစ် ည်။

"အမေ ဘာကို ဆိုလိုတာလဲ"

"မင်းမှာ မိန်းကလေး မိတ်ဆွေတွေ ဘာတွေ ရှိနေ
ကိစ္စကိုပေါ့၊ ကြာညိုခင်လေ"

"ကြာညိုခင်"

သူ သံယောင်လိုက် ရေရွတ်လိုက်တော့ အမေက တ
စိတ်ဆိုးချင်ယောင် ဟန်လုပ်ထားသော မျက်စောင်းအတု တစ်ချ
လှမ်းထိုးလေသည်။

"ဟုတ်ပါ့တော်၊ နေ့လည်က လာသွားလေရဲ့၊ မင်း ပြ
လာနီး ထိုင်စောင့်ရင်း အမေနဲ့တောင် စကားလက်ဆုံ ကျလို
သေးတယ်၊ မိန်းကလေးက ယဉ်ယဉ်ကျေးကျေးလေးပါ၊ ပိုက်
ချမ်းသာပေမယ့် ရိုးရှာပါတယ်"

ဘယ်လောက်များ လျှင်လိုက်တဲ့ ကြာညိုခင်လဲ။

တစ်ကြိမ်တည်းနှင့် သူ့ကို ကျလောက်အောင် ဖမ်း
သွားနိုင်သလို ယခုလည်း တစ်ကြိမ်တည်းနှင့် အမေ့ကို ဆွဲဆော
စည်းရုံးသွားပြန်ပါပြီ။ သူမ ဘာတွေများ ပြောသွားပါလိမ့်။

သေချာတာကတော့ သူမ၏ ချမ်းသာကြွယ်ဝမှုကို မ
မသာ လှစ်ဟပြသွားပြီး တစ်ပြိုင်တည်းမှာပင် ရိုးအေးယဉ်ကျေ
သူလေးအဖြစ် သရုပ်ဆောင်သွားပါလိမ့်မည်။

"မင်းထက်တော့ အသက်ကြီးတယ်နော်"

ဘယ်လိုအဓိပ္ပါယ်မျိုးနှင့် အမေပြောမှန်း မသိသော်လည
ငါးနှစ်ခြောက်နှစ်ခန့် ကြီးမည်ဖြစ်ကြောင်း သူဝန်ခံလိုက်သည်။

"ဘာရယ် ငါးနှစ်ခြောက်နှစ် ဟုတ်လား၊ အာကာရ



လောက် ရင်းနှီးနေပြီး သူ့အသက်အမှန်တောင် မင်း မသိဘူး
း"

အမေ၏ ဒီလောက်ရင်းနှီးနေပြီးဟူသော စကားအရ
မသည် သူနှင့် အလွန်ရင်းနှီးနေပုံမျိုးလည်း သရုပ်ဆောင်သွား
လိမ့်မည်။ ချီးကျူးလောက်ပါပေရဲ့ ကြာညိုခင်။

"သူ မင်းထက် ကိုးနှစ်ကြီးတယ် သိလား"

"မဖြစ်နိုင်တာ၊ သူ့အသက် ရှိလှ သုံးဆယ့်သုံး သုံးဆယ့်
း‌ပေါ့"

"သုံးဆယ့်ခုနစ်နှစ် ရှိပြီတဲ့၊ အမေလည်း အဲလောက်ရှိမှန်း
င်ခဲ့ပါဘူး၊ သူပြောပြလို့သာ သိရတာ၊ သူကလည်း မင်းကို
ဆယ်လောက် ထင်နေတာ၊ နှစ်ဆယ့်ရှစ်နှစ်ထဲ ရှိသေးတယ်လို့
ပြလိုက်တယ်၊ ခက်ပါတယ်၊ မင်းတို့လူငယ်တွေများ ရင်းနှီး
င်နေကြပြီး တစ်ယောက်အသက်တောင် တစ်ယောက် မမေး
ဘူး"

အမေ ညီးညီးညူညူ ရေရွတ်ပြီးနောက်မှ သတိတရနှင့်
း‌ပြောသည်။

"ညြော် လာမယ့် တနင်္ဂနွေနေ့ကျရင် သူ ဒီမှာ ထမင်း
စားလိမ့်မယ်"

သူ တအံ့တသြနှင့် အမေ ဖိတ်လိုက်တာလားဟု မေးတော့
မေ ခေါင်းညိတ်၏။

"ဒီနေ့ အိမ်မှာ ငါးခူစွင်းကောနဲ့ ကုလားပဲဟင်း ချက်တာ
သိသွားတယ်လေ၊ အမေ့လက်ရာကို တစ်နေ့လောက် လာစား

ချင်လိုက်တာလို့ ပြောတာနဲ့ အမေလည်း တနင်္ဂနွေနေ့ လာစား
လားလို့ ဖိတ်လိုက်တာ"

ဒီလိုပဲ ဖြစ်ရပါလိမ့်မည်။

တစ်စုံတစ်ယောက်ထံသို့ ချဉ်းကပ်ရာ၌ ကျွမ်းကျင်လိ
လှသော သူမ၏ပါးနပ်မှုကို သူ့စိတ်ထဲမှ ချီးကျူးလိုက်မိသည်။

(နောက်နှစ်ပတ်ခန့် ကြာတော့ အမေ့ကိုတင် မက
အောင်နိုင်ဝင်းကိုပါ ချဉ်းကပ် စည်းရုံးသွားနိုင်ခဲ့ပါသည်။)





(၁၀)

ဤသို့ဖြင့် သူ့အိမ်သို့ ကြာညိုခင် မကြာခဏ ရောက်ရှိ
တတ်ပြီး သူနှင့် စာပေအကြောင်းများ ဆွေးနွေးဖြစ်ခဲ့သည်။
သားစွာ ဝန်ခံရလျှင် သူ့၌ စာအကြောင်း၊ ပေအကြောင်း
ားပြောဖော် အလွန်ရှားပါးသဖြင့် ကြာညိုခင်က ထိုအကြောင်း
ားစတိုင်း သူ မငြင်းဆန်ဘဲ ပြန်လည်လက်ခံ ဆွေးနွေးဖြစ်
ြင်း ဖြစ်သည်။

စာသမားဆိုသည်မှာ စာပေအကြောင်း ပြောနေရလျှင်
မင်းမေ့ ဟင်းမေ့ပင် ဖြစ်နေတတ်သဖြင့် တစ်ချိန်က သူမအား
စာမကြေ ဖြစ်ခဲ့ဖူးကြောင်းကို အလွယ်တကူ မေ့လျော့သွားခဲ့
င်းမှာ သိပ်တော့ မဆန်းပါ။

ထိုသို့ မေ့လျော့ရုံမျှမက သူမကိုပင် ခင်မင်နေမိပြီ ဖြစ်

၏။ သူမကလည်း သူ့ထံမှ ခင်မင်မှုကို လိမ္မာပါးနပ်စွာ ဆွဲဆော
ရယူနိုင်ခဲ့ပါသည်။ အစပိုင်း၌ သူနှင့်သူမ၏ စကားလက်ဆုံကျရ
နေရာမှာ သူ့အိမ်၌ပင် ဖြစ်ခဲ့သော်လည်း နောက်ပိုင်း၌ အအေ
ဆိုင်၊ စားသောက်ဆိုင်များ၌ ပိုမိုပြောဖြစ်ခဲ့ကြသည်။

တစ်ခါတစ်ရံ သူမက သူ့အား ဖုန်းဆက်၍ ချိန်းဆိုတ
သည်။

"တို့ ဒီညနေ မင်းကို လာခေါ်မယ်၊ ထမင်းစားမထားနဲ့

"ဘာအတွက်လဲ"

"ဆိုင်တစ်ဆိုင်မှာ ညနေစာစားရင်း စကားပြောဖို့ပေါ့"

"စကားပြောတာ အိမ်မှာပြောလဲ ရတာပဲ၊ အလကာ
ပိုက်ဆံ အကုန်မခံစမ်းပါနဲ့"

ထိုအခါ သူမက ရယ်မော၍ ...

"အဲဒီအတွက်တော့ ဘာမှမပူပါနဲ့၊ တို့က ပိုက်ဆံမပေး
တဲ့ ဆိုင်မှာ သွားစားမှာ"

"ဘယ်ဆိုင်လဲ"

"တို့ပိုင်တဲ့ ဆိုင်တစ်ဆိုင်ပေါ့"

"ခင်ဗျားတော့ တော်တော် အကုန်အကျများတော့မှာပဲ

"အို များစမ်းပါစေ၊ တစ်ခါတစ်လေပဲဥစ္စာ"

ထိုသို့ တစ်ခါတစ်လေပေါင်း များလာတော့ သူနှင့်သူ
၏ ရင်းနှီးမှုက အတော် တိုးတက်လာခဲ့၏။ တစ်ခါတစ်ရံ သူမ
သူ့အတွက် စာအုပ်များ ဝယ်လာတတ်သည်။ အံ့ဩစရာကော
သည်မှာ ထိုသို့ သူမ ဝယ်ယူလက်ဆောင်ပေးသော စာအုပ်တို





သူကြိုက်သော စာရေးဆရာများ၏ စာအုပ်များ ဖြစ်နေခြင်းပင်။

"ကျွန်တော် ဂျွန်စတိန်းဘက်တို့ ဂျက်လန်ဒန်တို့ ကြိုက်
ဘယ်လိုလုပ် သိသလဲ"

ထိုသို့ မေးလျှင်တော့ သူမက အလွန်လှို့ဝှက်နက်နဲသော
းမျိုးကို ပြုး၍ . . .

"သိပ်မခက်ပါဘူး၊ တို့က အကြားအမြင် ရထားတာပဲ၊
အကြိုက်ကို သိတာပေါ့" ဟု ပြန်ပြောတတ်ပါသည်။

"လကုန်လောက်ကျရင် ကျွန်တော် နယ်မှာ စာသွားရေး

"စာရေးမယ် ဟုတ်လား၊ ဘယ်မှာ သွားရေးမှာလဲ"

သူမ သိလိုစိတ် ပြင်းပြဟန်ဖြင့် မေးတော့ ...

"ဆောရီးပဲ၊ ကျွန်တော် စာရေးမယ့်နေရာကို ဘယ်သူ့
ပြောပြလေ့ မရှိဘူး ဒေါ်ကြာညိုခင်"

အမှန်တော့ တမင်ပိုပြောလိုက်ခြင်း ဖြစ်သည်။ တခြား
းအား မပြောသည့်တိုင်အောင် အမေ့ကိုတော့ အသိပေး
ပြခဲ့မြဲ ဖြစ်၏။

"တဆိတ် ဦးအာကာစိုးမိုးရှင့်၊ ကျွန်မကို ခေါ်မတပ်ဘဲ
လို့မရဘူးလား"

"မရဘူး၊ အမေက ကိုယ့်ထက် အသက်ကြီးတဲ့လူကို
ယဉ်ကျေးကျေး ဆက်ဆံရမယ်တဲ့၊ ဒါကြောင့် ခင်ဗျားကို
တပ်ခေါ်တာ"

သူမ ခပ်ဟဟ ရယ်မောလိုက်ပြီး ...

"ရှင်ဟာလေ၊ ယဉ်ကျေးမယ်လည်း ပြောသေးရဲ့၊ ပြီ
ခင်ဗျားတဲ့"

"ဆောရီးဗျာ၊ အမျိုးသမီးတွေနဲ့ စကားပြောလေ့
မရှိတော့ ယောကျ်ားလေးချင်း ပြောသလိုမျိုး အကျင့်ပါသွား
ဒါပေမယ့် ကျွန်တော်က ယဉ်ကျေးပါတယ်၊ သူများစားပွဲ
ဝင်ထိုင်ရင် အမြဲခွင့်တောင်းပြီးမှ ထိုင်တယ်၊ ဘယ်တော့မှ
ပိုင်နင်း ဝင်မထိုင်ဘူး"

သူ့စကားအဆုံးမှာတော့ သူမ ဟက်ဟက်ပက်
ရယ်မောလိုက်ပါသည်။

"အဲဒီတုန်းက ခွင့်တောင်းမလို့ပါပဲ ချာတိတ်ရယ်၊
မယ့် မင်းက မျက်စိမှိတ်ပြီး ဆိုနေတာဆိုတော့ မင်း သီချ
ပျက်သွားမှာစိုးလို့ တိတ်တိတ်ကလေး ဝင်ထိုင်လိုက်တာ၊ အ
တွက် ခုချိန်ထိ မကျေနပ်သေးဘူးဆိုရင် တို့ ဘယ်လိုတော
ရမလဲ ပြော"

"လောလောဆယ်တော့ စဉ်းစားလို့ မရသေးဘူး။
စားလို့ ရတဲ့အခါ ဘယ်လို တောင်းပန်သင့်သလဲ ပြောပါမယ

"ဒါဖြင့်လည်း စဉ်းစားထားလိုက်လေ၊ လောလော
တော့ တို့ကို ဒေါ်မတပ်ဘဲ ကြာညိုခင်လို့ ခေါ်ပါ"

"အမေဆူရင် ဘယ်လိုလုပ်မလဲ"

"အမေဆူရင် တို့ဆီ ပြေးခဲ့ပေါ့"

ထိုသို့ ရင်ခုန်ဖွယ်ကောင်းသော စကားမျိုးကိုလည်း
ခလုတ် ထိခလုတ် သူမ ပြောတတ်ပါသေးသည်။





သူနှင့်သူမ၏ ဆက်ဆံရေးက အချိန်ကာလ တိုတောင်း
သော်လည်း အလွန်လျင်မြန်စွာ တိုးတက်ပြောင်းလဲခဲ့သည်။
နဂ်နွေနေ့တိုင်း ထမင်းစား ကြွရောက်လာတတ်သော နို့နှစ်
ှုင် မာစီဒီးကားကြီးနှင့် သူမအား သူနေထိုင်ရာ ကန်ထရိုက်
က်မှ လူအားလုံးက သတိပြုမိနေကြပြီ ဖြစ်သလို အမေနှင့်
ာင်နိုင်ဝင်းကလည်း ဘေးမှနေ၍ အခမဲ့ မြှောက်ထိုးပင့်ကော်
ပ်ပေးကြလေသည်။

"အမေ စိတ်ဖြောင့်ဖြောင့်နဲ့ ယောဂီဝတ်ချင်ပြီ အာကာ၊
ဒီတော့ အမေ ဘယ်တော့ ယောဂီဝတ်ရမလဲ၊ မင်း မြန်မြန်
က်ချိန်း ပေးပေတော့"

ထိုသို့သော စကားမျိုးကို သူမရှေ့မှာပင် အမေ ခပ်
ည်တည်နှင့် ပြောတတ်ပြီး သူမကိုလည်း သမီးဟု တဖွဖွ ခေါ်
တ်နေပြီ ဖြစ်သည်။ အောင်နိုင်ဝင်းကတော့ ထုံးစံအတိုင်း . , .

"တစ်ပူးနဲ့ ဝိုင်းသိမ်းဖို့ အချိန်တန်ပြီ အာကာ"

ဟု တိုက်တွန်းတတ်ပါသည်။

ကြာညိုခင်၏သူငယ်ချင်း မပုလဲကတော့ အဆိုးဆုံး၏
ဝ်၏။

"ဟဲ ဘယ်တော့ စားရမှာလဲ၊ ခုပ်မြန်မြန် စီစဉ်ကြတော့
ဲ"

ထိုကဲ့သို့ နောက်ပြောင်သလို တိုက်တွန်းမှုများနှင့် ပတ်
က်၍ သူမ မည်သို့မျှ ခံစားရပုံ မပေါ်သော်လည်း သူကတော့
ောက်ျားလေးတန်မဲ့ ရှက်အန်း ထူပူသွားတတ်လေသည်။

အခြေအနေကော အချိန်အခါကပင် အများ၏ ...
အတိုင်း အကောင်အထည် ဖော်ရန် တွန်းအားပေးနေသော်လ...
ခက်သည်က သူ၏ မပြတ်သားမှုပင် ဖြစ်သည်။

သူ ကြာညိုခင်ကို တကယ်ရင်ခုန်ရဲ့လား။

တကယ်ကော ချစ်ရဲ့လား။

စိတ်ဝင်စားမှု တစ်ခုတည်းနဲ့ အိမ်ထောင်တစ်ခုကို ဖန်...
လို့ ဖြစ်နိုင်ပါ့မလား။

သူ့ကိုယ်သူ မသေချာဘဲ ဖြစ်နေခဲ့သည်။

သို့သော် ကြာညိုခင်ကတော့ သူမကိုယ်သူမ အ...
သေချာနေပုံ ရသည်။ တစ်ခါတလေ သူမ သူ့အား ကြည့်သ...
အကြည့်က မိမိ သေချာပေါက် ဝယ်ယူရန် စရန်ရိုက်ထား...
ဖြစ်သည့် အရာဝတ္ထုတစ်ခုအား ကြည့်သလိုအကြည့်မျိုး ဖြစ်...

သူမ ထိုသို့ကြည့်တိုင်း သူ၏စိတ်တို့ မွန်းကြပ်လေ...
သွားတတ်မြဲ ဖြစ်သလို သူ့ရင်ထဲမှ မသေမချာ ဖြစ်နေမှုကို...
ပြန်လည် သံသယ ဝင်မိတတ်ပါသည်။ အားလုံးက သေချာပေါ...
ယူဆထားတဲ့ ကိစ္စတစ်ခုကို သူတစ်ယောက်တည်း မသေမ...
ဖြစ်နေမိတာဟာ တကယ့်အမှန်တရားမှ ဟုတ်ရဲ့လား။

သူ့ရဲ့မသိစိတ်ကနေ သူမကို တိတ်တိတ်ကလေး ...
နေမိတာရော မဖြစ်နိုင်ဘူးလား။ သူ၏ ဝိရောဓိ ဖြစ်နေမှုအ...
အောင်နိုင်ဝင်း၏ မှတ်ချက်ကတော့ အလွန်ပြတ်သားလှပါသ...

"ဘာမှ တွေဝေမနေနဲ့ အခုကာ၊ မင်း တစ်ချိန်မဟု...
တစ်ချိန် မိန်းမတစ်ယောက်ကို လက်ထပ်မှာပဲ၊ အဲဒီတော့ မ...





...်ထပ်ရမယ့် မိန်းမဟာ ဘယ်လိုမိန်းမမျိုး ဖြစ်သင့်သလဲ ဆိုတာ
...တည်းက စဉ်းစားထား၊ မင်း စဉ်းစားလို့မရရင် ငါ ပြောမယ်၊
...လက်ထပ်သင့်တာ ကြာညိုခင်လို မိန်းမမျိုးပဲ၊ ဘာမှ စိတ်ကူး
...မနေနဲ့"

အောင်နိုင်ဝင်း သူ့အား ထိုသို့ပြောပြီး သိပ်မကြာခင်
...ရက်မှာပင် ကြာညိုခင်က သူ့ကို မေးခွန်းတစ်ခု တိုက်ဆိုင်စွာ
...မြန်းလာခဲ့သည်။

"ချာတိတ် မင်း ဘယ်တော့လောက် အိမ်ထောင်ပြုမယ်
...စိတ်ကူးထားသလဲ"

ချာတိတ်ဟူသော အခေါ်အဝေါ်နှင့် တဲ့တိုးဆန်လှသော
...၏မေးခွန်းကြောင့် သူ စိတ်စနိုးစနောင့် ဖြစ်သွားရသော်လည်း
...ကတော့ ပကတိ အေးဆေးတည်ငြိမ်စွာ ရှိနေခဲ့၏။ သူမအား
ပြန်လည်မေးလိုက်သည်။

"ဘာဖြစ်လို့ အဲလို မေးရတာလဲ ကြာညိုခင်"

"သိချင်လို့ပေါ့"

"ဘာအတွက်လဲ"

"ဩော် မင်းအိမ်ထောင်ပြုမယ့်အချိန်ကို ကြိုသိထားရင်
...က်ဖွဲ့တွေ ဘာတွေ ကြိုပြီး ပြင်ဆင်ထားလို့ရတာပေါ့"

သူမ၏အမူအရာက အမှန်တကယ် ထိုအတိုင်း ရည်ရွယ်
...းသည့်ပမာ အေးအေးဆေးဆေး ရှိလှပါသည်။

"ကျေးဇူးတင်ပါတယ် ဒေါ်ကြာညိုခင်၊ ဒါပေမယ့် ယော
...ာဆယ် ကျွန်တော် အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူး၊ အမေ့

ကို လုပ်ကျွေးချင်သေးတယ်”

“အလဲ့ သားလိမ္မာလေး ဆိုပါတော့၊ အင်း တို့လည်း အဲ သားလေးတစ်ယောက်လောက် လိုချင်စမ်းပါဘိ”

“လွယ်ပါတယ်၊ ကျွန်တော့်ကို သားအဖြစ် မွေးစားလို ပေါ့”

သူ့စကားကြောင့် သူမ ခပ်ဖွဖွ ရယ်မောလိုက်သည်။

“မင်းက တို့သားအရွယ်မှ မဟုတ်ဘဲ ချာတိတ်ရဲ့၊ ဒ နေစမ်းပါဦး၊ စောစောက မင်းပြောလိုက်ပုံက အမေ့ကို လုပ်ကျေ ချင်သေးတယ်ဆိုတော့ မိန်းမယူပြီးရင် အမေ့ကို လုပ်ကျွေး မရတော့ဘူးလား”

“ဒါပေါ့၊ မိန်းမယူလိုက်ရင် မိန်းမကို ရှာကျွေးရမ အဲဒီတော့ အမေ့ကို လုပ်ကျွေးချင်ရင်တောင် အပြည့်အဝ ဘ လုပ်ကျွေးနိုင်တော့မလဲ”

ဒီတစ်ခါ ရယ်လိုက်သော သူမ၏ ရယ်သံ၌ လှောင်ပြေ သံတို့ အနည်းငယ် စွက်ဖက်နေသည်ဟု သူထင်လိုက်မိသည်။

“လောကမှာ ယောကျ်ားက ရှာဖွေကျွေးဖို့ မလိုတဲ့မိန် တွေ တစ်ပုံကြီးပါ ချာတိတ်ရယ်၊ အဲလိုမိန်းမမျိုး တစ်ယော လောက် ကိုယ်တိုင် ရှာပေးမယ်လေ၊ ဘယ့်နှယ့်လဲ၊ မင်း စိတ် စားလား”

ဒါကတော့ သူ့အား ပွင့်လင်းစွာ စိန်ခေါ် လိုက်ခြင် ဖြစ်သည်။

“ဆိုစမ်းပါဦး၊ ဘယ်သူများပါလိမ့်”





“ဥပမာ- ပုလဲ ဆိုပါတော့၊ သူ့အလုပ်အကိုင် သူ့ဝင်ငွေ ရှိပြီးသား၊ ဘယ်လိုလဲ သဘောမကျဘူးလား”

“ဆောရီးပဲ၊ အိပ်မက်ထဲမှာတောင် စိတ်မဝင်စားဘူး”

“ဗုဒ္ဓေါ ပုလဲလို မိန်းမမျိုးကိုတောင် စိတ်မဝင်စားဘူး လား၊ ဒီလိုဆို မင်း စိတ်ဝင်စားတာ ဘယ်လို မိန်းမမျိုးလဲ”

ဘယ်လောက်များ ရဲတင်းလိုက်တဲ့ အမျိုးသမီးပါလဲ။

သူမအား သူ ဖြတ်ကနဲ မော့ကြည့်လိုက်တော့ သူမက း သူ၏မျက်လုံးတို့ကို တည့်တည့် ပြန်လည်စိုက်ကြည့်ပါ သည်။ အတန်ကြာ မျက်တောင်မခတ်ဘဲ တစ်ယောက်ကိုတစ်ယောက် က်ကြည့်နေခဲ့ကြပြီးမှ သူက စတင်အကြည့်လွှဲလိုက်ပြီး တစ်လုံး အဖြေပေးလိုက်သည်။

“လောလောဆယ် ကျွန်တော် စဉ်းစားလို့ မရသေးဘူး”

သူ့စကား အဆုံးမှာတော့ သူမက ကစားပွဲတစ်ခု၌ င်ရရှိသွားသူတစ်ယောက်ပမာ ကျေနပ်စွာ ရယ်မောလိုက်ရင်း ား စရာပဲ” ဟု ခပ်တိုးတိုး ရေရွတ်လေသည်။

သူမ၏ ရေရွတ်စကားကြောင့် သူ အနည်းငယ် ခံပြင်း ခဲ့သော်လည်း တစ်စုံတစ်ရာ မတုန့်ပြန်ခဲ့ပါ။

ထိုသို့ ကြာညိုခြင်၏ မသိမသာ စိန်ခေါ် ဆွဲဆောင်မှုတို့ သူ့အပေါ် လွှမ်းမိုးနိုင်ခဲ့သလား မသေချာသော်လည်း အမေ၏ တ်တွန်းဖိအားပေးမှုတို့က သူ့အား လွှမ်းမိုးနိုင်ခဲ့တာကတော့ သအချာပဲ ဖြစ်သည်။

အမေက သူ့အား ကြာညိုခြင်နှင့် သဘောတူကြောင်း

ပွင့်လင်းစွာပြောလျက် အမြန်ဆုံး နေရာချထားပေးချင်ကြော အတိအလင်း ကြေညာလေသည်။ ထိုအချိန်အထိ တွေ ဇဝေဇဝါ ဖြစ်နေခဲ့သော်လည်း နောက်ဆုံးတော့ ယောဂီဝတ် တကဲကဲ လုပ်နေသော အမေ့ကို သူအလျှော့ပေးကာ အ အယူတစ်ခု ရယူလိုက်ပါသည်။

သူ၏အပေးအယူကတော့ လက်ခုပ်ကုန်းမှာ စာ ရေးရင်း ကြာညိုခြင်နှင့် လက်ထပ်ရန်ကိစ္စအား စဉ်းစားမ ပြန်လာလျှင် အမေ့အား အဖြေပေးမည်ဟူ၍ ဖြစ်သည်။

“အမေ စိတ်ချမ်းသာမယ့်အဖြေမျိုး ဖြစ်ပါစေ အာ

“ကျွန်တော် ကြိုးစားပါ့မယ်”





(၁၁)

သူ လက်ခုပ်ကုန်း ရောက်တော့ နေညိုချိန် ဖြစ်နေလေ ပြီ။ တစ်လမ်းလုံး ပေကျံလာသော ဖုန်များအား ရေချိုးသန့်စင်၍ အဝတ်အစား လဲပြီးချိန်မှာတော့ မှောင်ရီပျိုးစ ဖြစ်နေပြီ ဖြစ်သဖြင့် တစ်ယောက်တည်း မီးပုံပွဲ ကျင်းပရန် စီစဉ်လိုက်သည်။

လိုအပ်သော အုန်းလက်ခြောက်များကို ရှာဖွေပြီးနောက် ဟိုတယ်မှ ဂစ်တာတစ်လက် ငှားလိုက်သည်။ ထို့ပြင် ယခုလို အချိန်မျိုး၌ မရှိမဖြစ် လိုအပ်သည့် ဘီယာနှင့် အမြည်းတစ်ပွဲ မှာလိုက်သည်။ အမြည်းကတော့ ဘယ်ဆိုင်မှာမှ မကြားဖူးသော ကြက်အိမ်တွင်းပုန်းဟူသည့် နာမည်ဆန်းဆန်းနှင့် အမြည်း ဖြစ်သည်။

အားလုံး ပြည့်စုံ၍ အုန်းလက်ခြောက်များ ကောင်းစွာ

မီးစွဲသွားသောအချိန်၌ မျက်လုံးမှေးစင်းကာ ဂစ်တာတီးပြီး သီချ
စဆိုလိုက်သည်။ သူဆိုသော သီချင်းက တိုက်ဆိုင်စွာပင် ကြာည
ခင်နှင့် စတင်ဆုံဆည်းစဉ်က ဆိုဖြစ်ခဲ့သည့် ခိုင်ထူး၏ မင်းလောက
ကိုယ့်အပေါ် ဘယ်သူမှ မကောင်းဘူး ဟူသော သီချင်းဖြစ်နေသည်

တိုက်ဆိုင်လက်စနှင့် ထိုစဉ်က ဆိုဖြစ်ခဲ့သည့် ကျန်သီချ
များအပြင် (ဟယ်လို) ကိုပါ စိတ်ဝင်တစား ဆိုပစ်လိုက်သည်
သီချင်းဆုံးသွားတော့ မီးစွဲလောင်နေသည့် တဖျစ်ဖျစ် မြည်နေသေ
အုန်းလက်ခြောက်တို့၏ အသံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး ငြိ
သက်နေလေ၏။

ထိုအချိန်မှာပင် လက်ခုပ်တီးသံ တိုးတိုးလေး ထွက်ပေါ
လာသည်။ သူ ဖြတ်ကနဲ မျက်လုံးဖွင့်ကြည့်လိုက်တော့ မီးပုံ၏
အခြားတစ်ဖက်၌ ထိုင်လျက် သူ့အား ပြုံးလဲ့စွာ ငေးကြည့်နေသော
ကြာညိုခင်ကို တအံ့တဩ တွေ့လိုက်ရလေသည်။

ဘီယာသုံးဗူးက သူ့အမြင်အာရုံကိုများ လှည့်စားလိုက်
လေသလား။ သို့သော် သူထင်သလို မဟုတ်ပါ။ သူ့ရှေ့၌ ကြာညိုခင်
အမှန်တကယ် ရောက်ရှိနေခြင်း ဖြစ်သည်။

"ခင်ဗျား ဝိုင်းမှာနေပြီလို့ မပြောတော့ဘူးလား ချာတိတ်"

"ခင်ဗျား ကျွန်တော့်ရှေ့ ဘယ်လို ရောက်လာသလဲ ဆိုတာ
ကိုရော မရှင်းပြတော့ဘူးလား"

"ရိုးရိုးလေးပါ၊ မင်း ဒီကိုလာမယ်မှန်းသိလို့ တို့ ကြိုရောက်
နေတာပေါ့"

"ဘာအတွက်လဲ"





"ဘာအတွက်လို့ မင်းထင်သလဲ"

သူ ထပ်မမေးတော့ပါ။ သူမကလည်း ဆက်မပြောတော့
နှစ်ယောက်စလုံး ငြိမ်သက်နေကြသည်။ သူ ဂစ်တာကို ဘေး
လိုက်ပြီး စတုတ္ထမြောက် ဘီယာဗူးကို ဖောက်ကာ တိတ်တိတ်
တ်ဆိတ် သောက်နေလိုက်၏။

ငြင်သာသော ရေလှိုင်းသံသဲ့သဲ့၊ မှိန်ဖျော့သောလရောင်
ပင်လယ်လေညှင်း၊ ထို့နောက် ရှတသော ဘီယာ။

အခြေအနေနှင့် အချိန်အခါသည် လူတစ်ယောက်၏
က်ကို ကြမ်းတမ်းခက်ထန်စေနိုင်သလို နူးညံ့ပျော့ပျောင်းစေနိုင်
သည်။ လောလောဆယ်မှာတော့ သူ၏စိတ်တို့ နူးညံ့၍နေကြ
ည်၊ လေးဗူးမြောက် ဘီယာကုန်တော့ သူပြောလိုက်သည်။

"ကြာညို၊ ကျွန်တော့်ကို တောင်းပန်ဖို့ အကြွေးရှိသေး
ယ်နော်"

"တို့ မမေ့ပါဘူး၊ ကဲ ဘယ်လို တောင်းပန်စေချင်သလဲ"

"ကျွန်တော်ကတော့ နဖူးလေးကို နမ်းပြီး တောင်းပန်စေ
င်တာပဲ"

သူမ ခေတ္တငြိမ်သက်သွား၏။ ပြီးမှ ဖြေးညင်းစွာ ထရပ်၍
နားသို့ လျှောက်လာပြီး သူ့နဖူးကို နမ်းလေသည်။ ပတ်ဝန်းကျင်
စေ့ဆော်မှုကြောင့်လား၊ ဘီယာ၏ ရီဝေမှုကြောင့်ပဲလား မသိ၊
မအား သူ တိုးတိုးလေး ပြောလိုက်သည်။

"မနက်ကျရင် ကျွန်တော်တို့ လက်ထပ်ကြရအောင်
ညို"

"ဒီမှာ တရားရုံးမှ မရှိဘဲ ကလေးရဲ့"
"ရပ်ကွက်လူကြီးတွေတော့ ရှိကြမှာပေါ့"
"ရှင့်သဘောပဲလေ"
ထို့နောက် သူမ သူ့ပခုံးထက်သို့ ခေါင်းမှီလိုက်လေသ





*

## အပိုင်းနှစ်

Where there is doubt, Let me sow Faith.

ယုံမှားခြင်းမှ ယုံကြည်ခြင်းသို့ မျိုးထောင်နိုင်ရပါလို၏။
(စိန့်ဖရန်စစ်)

☺ အောင်မြင်စာပေ ☺

(၁)

ကြာညိုခွင်အား တွေ့သည်နှင့် တစ်ရုံးလုံး အုတ်အော်
သောင်းနင်းဖြစ်စွာ ဆူညံသွားပါတော့သည်။ ထိုထဲ၌ အဆုံးဆုံး
ကတော့ သူမ၏ အတွင်းရေးမှူး ဖြစ်နေပြီဖြစ်သော ဒေလီယာပင်
ဖြစ်သည်။

"နှစ်ပတ်လုံးလုံး ဘာအဆက်အသွယ်မှ မရဘဲ မမ
ပျောက်နေလို့ ဒေလီယာတို့ တစ်ရုံးလုံး စိတ်ပူနေကြတာ၊ မမ ဘယ်မှာ
ကိုယ်ရောင် သွားဖျောက်နေတာလဲဟင်"

"ပျင်းလို့ လက်ခုပ်ကုန်းမှာ သွားအနားယူနေတာလေ"

သူမ ခပ်မြူးမြူးလေး ပြန်ပြောလိုက်ပါသည်။

"မမအိမ်က ဒေါ်လေးငယ်ရော၊ မမသူငယ်ချင်း မပုလဲ
ရော နေ့တိုင်းလိုလို ဖုန်းဆက်ပြီး မေးကြတယ်၊ မမ ထွက်သွားတာ

မမအိမ်ကတောင် မသိဘူးပေါ့နော်"

"ဆိုပါတော့၊ ကဲ ကိုယ်တို့ လုပ်ငန်းအကြောင်း စလိုက် ရအောင်၊ ကိုယ် မရှိတုန်း ဘာတွေ ထူးသေးလဲ ဒေလီယာ၊ တော့ ဘာအခက်အခဲတွေ ရှိလဲ"

သူမ မေးလိုက်တော့ ဒေလီယာက မရယ်ချင်ရယ် ဟန်လုပ်ရယ်ရင်း အဖြေပေးပါသည်။

"ထူးတာကတော့ ဒေလီယာ လူစင်စစ်က စက်ရုပ်လုံး ဖြစ်သွားတာပေါ့ မမရယ်၊ မမ မရှိတော့ ဒေလီယာ တစ်ယော တည်း ဂျင်ခြေလည်သွားတာပေါ့၊ ဒါပေမယ့် အခက်အခဲတ ဘာမျှ ကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ မမရှိတုန်းက အတို ချောချောမွေ့မွေ့ပါပဲ၊ ဆောက်လုပ်ရေးပိုင်းက ကိုခင်မောင်မြ ကတော့ အကြောင်းမကြားဘာမကြားဘဲ မမ ပျောက်နေ သိပ်မကြည်ဘူးပေါ့၊ ဒါပေမယ့် နောက်တော့ မမနဲ့ ဒေလီယ ဖုန်းအဆက်အသွယ်ရပုံမျိုးနဲ့ဖမ်းပြီး ဆောက်လက်စ လုပ်ငန်း သတ်မှတ်ရက်အတိုင်း ပြီးအောင်ဆောင်ရွက်ဖို့ မမက ညွှန်ကြ သလိုမျိုး ခပ်တည်တည် လိမ်ပြီး ဆက်ခိုင်းရတာပေါ့"

ဒေလီယာ၏ လုပ်ရည်ကိုင်ရည်နှင့် ဖြတ်ထိုးဉာဏ် ကောင်းမှုအတွက် သူမ ချီးကျူးလိုက်မိပါသည်။

"မင်း သိပ်တော်တာပဲ ဒေလီယာ၊ အဲဒီအတွက် မင်းက ကောင်းကောင်း ဆုချမယ်၊ နောက်ပြီး မင်းကျေးဇူးကြောင့် လိုချင်တာတစ်ခု ရလိုက်တဲ့အတွက်လည်း မင်းကို ကောင်းကော ဂုဏ်ပြုရဦးမယ်"





"ဘာလဲဟင် မမ"

ဒေလီယာ နားမလည်စွာ မေးတော့ သူမ ပြုံးလိုက်ပြီး းဆေးစွာ ပြန်ပြောလိုက်သည်။

"နောက်တော့ သိရမှာပေါ့ ဒေလီယာရယ်၊ ဖြည်းဖြည်း ကဲ လောလောဆယ် ဒေလီယာ သွားအနားယူလိုက်ဦး"

ဒေလီယာ ထွက်သွားပြီး တံအောင့်အကြာမှာတော့ ယ်လီဖုန်းတစ်လုံးနှင့် သူမတစ်ယောက်တည်း အလုပ်ရှုပ်သွား တော့သည်။ သူမ အများဆုံး ဆက်သောနေရာများကတော့ လာအိပ်ရာခမ်းနား ရောင်းသည့်ဆိုင်များပဲ ဖြစ်သည်။

ထို့နောက် ဒေါ်လေးငယ်ထံသို့ သူမ ပြန်ရောက်နေပြီ ကြောင်း လှမ်းဆက်လိုက်ပြီး နှစ်ပတ်လောက် ဘယ်ပျောက် တာလဲဟူသော မေးခွန်းမျိုး ထွက်ပေါ်မလာခင် အမြန်ဖုန်းချ က်ပါသည်။ နောက်ဆုံးမှ ပုလဲထံသို့ သူမ ဖုန်းလှမ်းဆက်လိုက်၏။

"ပုလဲလား၊ ငါပါ ကြာညိုခင်"

"ဘုရား ဘုရား၊ ရှင် တော်တော် လျှို့ဝှက်သည်းဖို့ လုပ် မိန်းမပါလား ဒေါ်ကြာညိုခင်၊ ရှင်ပျောက်နေလို့ ရှင့်ဒေါ်လေး အားစိတ်ပူနေတယ်၊ ခု ရှင် ပြန်ရောက်နေပြီပေါ့"

"အေး ကုမ္ပဏီက လှမ်းဆက်နေတာ၊ အိမ်တော့ မရောက် းဘူး"

"ပြောပါဦး၊ နှစ်ပတ်လောက် ဘယ်တွေသွားပြီး ဘာတွေ ျာက်လုပ်နေတာလဲ"

"အဲဒီကိစ္စကို သိချင်ရင် ညနေကျရင် အိမ်မှာ ညစာ

လာစား၊ အလှဆုံးနဲ့ မင်္ဂလာအရှိဆုံး အဝတ်အစားမျိုး ဝတ်

ထို့နောက် သူမ ဖုန်းချလိုက်ပြီး သီချင်းတစ်ပုဒ်ကို တိုးတိုး ညည်းနေလိုက်သည်။ သူမ ညည်းသော သီချင်းက အာ ဆိုနေကျသီချင်း ဖြစ်လေသည်။

... ❦ ...





(၂)

သူ၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဝမ်းအသာဆုံးလူမှာ မဖြစ်ပြီး ဒုတိယကတော့ အောင်နိုင်ဝင်း ဖြစ်လေသည်။

"မင်း ကြာညိုခင်ကို တစ်ချိန်မဟုတ်တစ်ချိန် လက်ထပ် မ့်မယ်ဆိုတာ ငါသိနေတယ် အာကာ၊ ဒါပေမယ့် ဒီလောက် မြန်ဆန်ဆန်ကြီး လက်ထပ်ဖို့ ဆုံးဖြတ်လိမ့်မယ်လို့တော့ ငါ ထင်ခဲ့ဘူး"

"ငါဆုံးဖြတ်ခဲ့တာ မဟုတ်ဘူး အောင်နိုင်ဝင်း၊ ပတ်ဝန်း င်ရဲ့ အခြေအနေနဲ့ အချိန်အခါက ဝင်ပြီးဆုံးဖြတ်ပေးခဲ့တာပါ"

"မင်း ဆိုလိုတာက ..."

အောင်နိုင်ဝင်းမေးခွန်းက တစ်ပိုင်းတစ်စ ရပ်ဆိုင်းသွား ည်။ လရောင်၊ လေညှင်းနှင့် ဘီယာနံ့ သင်းသော လက်ခုပ် န်း၏ ညတစ်ညအကြောင်းကို သူပြန်ပြောလိုက်တော့ အောင်

နိုင်ဝင်းက ခေါင်းတညိတ်ညိတ် လုပ်ရင်း ငြိမ်သက်သွားလေသ
တအောင့်ကြာမှ အောင်နိုင်ဝင်းက မှတ်ချက်ချ၏။

"ကမ္ဘာ့ရဲ့ စည်းအပြင်ကလူ ဝတ္ထုထဲက မားဆိုးဟာ
ဒဏ်ရဲ့ လှုံ့ဆော်မှုကြောင့် လူတစ်ယောက်ကို အကြောင်းမဲ့
နတ်နဲ့ ပစ်သတ်ခဲ့တယ်၊ မင်းကတော့ လရောင်နဲ့ ဆားနံ့သင်း
လေညှင်းရဲ့ ဆွဲဆောင်မှုကြောင့် မိန်းမတစ်ယောက်ကို လ
ထပ်ခဲ့တယ်၊ အေးလေ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဒါပေမယ့် ငါမသိ
မေးပါရစေဦး၊ မင်း ကြာညိုခင်ကို တကယ်ချစ်သွားပြီလား"

အောင်နိုင်ဝင်း၏မေးခွန်းက သူ့အား အိပ်ပျော်နေရ
လန့်နိုးလိုက်သလိုမျိုး ဖြစ်သွားစေသည်။ သူ သက်ပြင်းဖွဖွ ရှို
သွင်းရင်း အောင်နိုင်ဝင်း၏ မေးခွန်းကို ပြန်လည်အဖြေပေးလို
သည်။

"ငါလည်း အဲဒါကိုပဲ သိပ်သိချင်နေတာ အောင်နိုင်ဝ
ဘာပဲဖြစ်ဖြစ် သူ ငါ့အပေါ်မှာတော့ သိပ်နားလည်တယ်"

"နားလည်ရုံတင် မဟုတ်ဘူး အာကာ၊ သူ မင်းကို နှစ်
ကာကာ ချစ်နေတာ၊ ပြောရရင် ချစ်တာထက်တောင် အများ
ပိုတယ်၊ သူ မင်းကို လင်ယောကျ်ားလို အားကိုးချစ်နဲ့ ချစ်သ
မောင်လေးတစ်ယောက်လိုလည်း အနွံအတာခံပြီး မေတ္တာထ
တယ်"

"ငါတောင် ငါယူလိုက်တဲ့ မိန်းမအကြောင်း မင်းလော
မသိပါလား အောင်နိုင်ဝင်း"

သူ ရယ်မောရင်း နောက်ပြောင်သလို ပြောလိုက်တော





င်နိုင်ဝင်းက ခပ်တည်တည် တုန့်ပြန်ပါသည်။

"ကိုယ်တိုင် ကျားထိုးနေတဲ့လူထက်စာရင် ဘေးက ရပ်
ည့်တဲ့လူက ပိုပြီးအကွက်မြင်တယ်လေ အာကာ၊ ရှေ့နှစ်ကွက်
ကွက်လောက် ရွှေ့ပြီး ဘာဖြစ်လာမလဲဆိုတာတောင် ငါကြို
လို့ ရတယ်"

"ဘာဖြစ်မလဲ"

"မင်း သူ့ကို ချစ်သွားမှာပေါ့"

သူ ရှိခနဲ လေတစ်ချက် ချွန်လိုက်ရင်း အောင်နိုင်ဝင်း
း ပြောလိုက်သည်။

"အဲဒီစကားအတွက် ငါ မင်းကို ဘီယာလိုက်တိုက်ပါ့မယ်"

"ဒီလောက်နဲ့ ဘယ်ရမလဲ၊ အနည်းဆုံး ရှန်ပိန်လောက်
ကော့ ဖြစ်သင့်တာပေါ့၊ နောက်ပြီး မင်းတို့ လက်ထပ်ပြီး နှစ်ပတ်
ကျော် ခုချိန်ထိ ဧည့်ခံပွဲ မလုပ်သေးဘူး၊ မြန်မြန် လုပ်သင့်ပြီ အာကာ၊
တွေကလည်း မေးလှပြီ"

"အဲဒီလူတွေကို ပြန်ပြောလိုက်၊ အာကာစိုးမိုးနဲ့ ကြာညို
ရဲ့ မင်္ဂလာဧည့်ခံပွဲကို မျှော်လင့်မနေကြနဲ့လို့"

အောင်နိုင်ဝင်း သူ့အား တအံ့တသြကြည့်သည်။

"ဘာလဲ မင်း မလုပ်ဘူးပေါ့"

သူ ခေါင်းညိတ်ပြလိုက်တော့ ကြာညိုခင်က ကျေနပ်ပါ့
ားဟု မေး၏။ သူ ဘာမှမပြောဘဲ ပခုံးတွန့်ရုံသာ တွန့်ပြလိုက်
ည်။

◈ ◈ ◈

အမှန်တော့ ညှော်ခံပွဲ မလုပ်ခြင်းနှင့် ပတ်သက်၍ ကြ
ခင် မကျေမနပ်ဖြစ်ခဲ့ပါသည်။

"မောင်က သာမန်လူ မဟုတ်ဘူးလေ မောင်၊ နာမည်
စာရေးဆရာ၊ ပြီးတော့ ကြာညိုခင် ဆိုတာကလည်း သာမန် မိ
တစ်ယောက် မဟုတ်ဘူး မောင်ရဲ့၊ စာပေနဲ့ ပတ်သက်တဲ့ မိတ်
အသိုင်းအဝိုင်းတွေ ရှိသလို ကြာညိုမှာလည်း စီးပွားရေး လော
ထဲက မိတ်ဆွေတွေ အများကြီးပဲ၊ ညှော်ခံပွဲ မလုပ်လို့ ဘယ်ဖြစ်ပါမ

"ဒါပေမယ့် ကျွန်တော်မှ အဲဒီညှော်ခံပွဲတို့ မင်္ဂလာဆေ
တို့ ဆိုတာတွေကို အယုံအကြည်မှ မရှိဘဲ ကြာညိုရဲ့၊ လက်
တယ်ဆိုတာ ယောကျ်ားနဲ့မိန်းမ နှစ်ယောက်ထဲနဲ့ ဆိုင်တဲ့ကိ
လူအများကြီးလာပြီး ကြွရောက်ချီးမြှင့်မှ အသိအမှတ်ပြုမှ လ
ထပ်လို့ ရမယ်ဆိုရင်တော့ တစ်မျိုးပေါ့၊ ကြာညိုနဲ့ကျွန်တေ
လက်ထပ်ပြီးတာပဲ တစ်လလောက် ရှိနေပြီပဲ၊ နောက်ပြီး ကြာ
ပြောတဲ့ ညှော်ခံပွဲကို လာကြမယ့်လူတွေက ကြာညိုနဲ့ ကျွန်တော်
ရဲ့ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးအောင် တည်တန့်ရှည်
အောင် ဘာတွေများ လုပ်ပေးနိုင်မှာမို့လို့လဲ၊ ဝတ်ကောင်းစား
တွေ ဝတ်ပြီး ကျွေးသမျှ လာစားသွားကြမှာပဲ မဟုတ်လား"

ကြာညိုခင် စိတ်ညစ်ညူးစွာ ခေါင်းကို ခါရမ်းလိုက်ပါသ

"မောင့်အယူအဆတွေကို ကြာညို ဘယ်လို နားလည
မှန်း မသိတော့ဘူး၊ ကုမ္ပဏီဝန်ထမ်းတွေကော စီးပွားရေး ေ
ကက လူတွေကရော (ရီဆက်ပ်ရှင်း) လုပ်ဖို့ တောင်းဆိုနေကြ

စိတ်ပျက်သံဖြင့် ကြာညိုခင် ရေရွတ်၏။





သူမ၏ စိတ်ပျက်မှုကို အာကာ နားလည်သော်လည်း သူ
ယုံအကြည် မရှိသော အယူအဆတစ်ခုကို လွယ်လင့်တကူ
င်းညိတ် သဘောတူလိုက်ဖို့ထိတော့ အာကာ မလိုက်လျော
ပါ။

"ကြာညို သိပ်ပြီး ဆန္ဒပြင်းပြနေရင်လည်း ဒီလိုလုပ်လေ၊
ဒီ ကြာညိုပြောတဲ့လူတွေကို (ဒင်နာ) ဖိတ်ကျွေးလိုက်ပေါ့၊
န်တော်ကတော့ အဲဒီအချိန် နယ်မှာ စာသွားရေးနေလိုက်မယ်၊
ဗိုး ကြာညို အနေနဲ့ အမျိုးသားက နယ်မှာ စာသွားရေးတာ
မှာမို့လို့ ခုလိုစီစဉ်လိုက်ရတာပါဆိုပြီး အကြောင်းပြလို့ရတာ
၊ ဘာပဲဖြစ်ဖြစ် သူတို့လည်း အနည်းအကျဉ်းတော့ စိတ်ကျေနပ်
းကြမှာပါ"

ကြာညိုခင် အကြာကြီး နှုတ်ဆိတ်ငြိမ်သက်သွားပြီးမှ
ာက်ဆုံး သက်ပြင်းချရင် ပြန်ပြောပါသည်။

"အင်းလေ၊ နောက်ဆုံးတော့လည်း အဲဒီလိုပဲ လုပ်ရ
ာ့မှာပေါ့"

ဤသို့ဖြင့် အခါကာစိုးမိုး မပါသော ညှော်ခံပွဲကို ကြာညို
၏ ခြံကျယ်ကြီးထဲ၌ သူမတစ်ယောက်တည်း ကျင်းပညှော်ခံခဲ့ရ
သည်။

အာကာ့အမေကတော့ သူ့ကို ကောင်းစွာ အပြစ်တင်ပါ
ည်။

"မင်္ဂလာညှော်ခံပွဲဆိုတာ လင်စုံမယားဘက် ညှော်ခံရတာ
ာကာရဲ့၊ ခုတော့ မင်းတို့လုပ်ပုံတွေက မဟုတ်သေးပါဘူး၊

ကြာညိုခင်ကလည်း မင်းကို ဆုံးမနိုင်မလား အောက်မေ့ပါ
ခုတော့ သူကပါ မင်းပြောသမျှ အလိုတူ အလိုပါ၊ အင်း မ
လူငယ်တွေနဲ့တော့ မဖြစ်ပါဘူး"

ထိုသို့ လူငယ်တွေနဲ့ မဖြစ်ပါဘူးဟု မကြာခဏ ညည်
လေ့ ရှိသော အမေသည် သိပ်မကြာခင်မှာပင် သူမ အလွန် ဝါ
ထုံလှသော တရားအားထုတ်ခြင်းအလုပ်ကို ဇောက်ချ လုပ်နိုင်
အတွက် ယောဂီ ဝတ်ဆင်သွားခဲ့ပါသည်။ ခြောက်လ တစ်
လောက် အိမ်ဦးခန်းမှာ ထား၍ ပြုစုပါရစေဦးဟု သူနှင့် ကြာညို
တောင်းပန်သည်ကိုပင် အမေ လက်မခံခဲ့ပါ။

"အမေက အသက်ကြီးပြီလေ၊ ဒီတော့ ဘဝကူးကော
ဖို့ လုပ်ရဦးမယ်၊ မင်းတို့သာ သင့်သင့်မြတ်မြတ်နဲ့ အမေ စိ
ဖြောင့်အောင် နေကြ၊ အမေ့ကို တွေ့ချင်တဲ့အခါ စစ်ကိုင်းချေ
ကို လာခဲ့ကြပေါ့ကွယ်"

ဤသို့ဖြင့် သူ့ဘဝအား ကြာညိုခင်၏ လက်ထဲသို့ (
ကြာညိုခင်အား သူ၏ဘဝထဲသို့ အပ်နှံထားခဲ့ပြီး အမေ ယေ
ဝတ်သွားခဲ့ပါသည်။

အမေ မရှိသောအခါ သူ့ဘဝ၌ အနုပညာနှင့် ကြာ
ခင်သာ ကျန်ရစ်ခဲ့ပါတော့သည်။

... ပြီးပါပြီ ...





(၃)

"မမကတော့ တစ်နေ့တစ်ခြား လှပြီးရင်း လှနေတော့
တပဲ၊ စိတ်ချမ်းသာလို့နဲ့ တူတယ်"

ကုမ္ပဏီရုံးခန်းတွင်းသို့ ဝင်လာသော ကြာညိုခင်အား
ဒေလီယာက နူးညံ့သော အပြုံးလေးနှင့်အတူ ဆီးကြိုနှုတ်ဆက်
လသည်။

"ကိုယ်ချစ်တဲ့သူနဲ့ အတူနေရတာ စိတ်မချမ်းသာဘဲ ရှိပါ့
လား ဒေလီယာရယ်"

ဂုဏ်ယူဝင့်ကြွားမှု အနည်းငယ် စွက်သော လေသံလေး
င့် သူမ ပြောလိုက်ပါသည်။

"မမကတော့ ဘဝမှာ လိုချင်တာတွေချည်းပဲရလို့ ကျေ
ပ်နေမှာပဲနော်၊ ဒါပေမယ့် အောက်ထပ်က စာရေးမလေးတွေ

,ကတော့ မကျေမနပ် ဖြစ်နေကြတယ်"

"ဘာကိုလဲ"

ဒေလီယာ ညှင်းသဲ့သဲ့ ရယ်ရင်း အဖြေပေး၏။

"မမ အမျိုးသားကို မဂ္ဂဇင်းတွေထဲမှာပဲ မြင်ဖူးပြီး
အပြင်မှာ မမြင်ဖူးကြလို့တဲ့လေ၊ လက်ထပ်ပြီးတာပဲ သုံးလလော
ရှိပြီ၊ ကုမ္ပဏီကို တစ်ခေါက်မှ ခေါ်မလာလို့တဲ့လေ၊ မကျေမ
ဖြစ်နေကြလေရဲ့"

"သူတို့ဆန္ဒပြည့်ဝဖို့တော့ တော်တော် ခက်လိမ့်မယ်
လီယာရေ ကိုယ်နဲ့ကိုယ့်အမျိုးသားနဲ့က လက်ထပ်ပြီးကတည်း
သဘောတူညီမှုတစ်ခုကို ယူထားကြတာ၊ သူက စာရေးတဲ့ အလု
ငွေရှာပြီး ကိုယ်ကတော့ ကုမ္ပဏီလုပ်ငန်းနဲ့ ငွေရှာရမယ်၊ ကို
အလုပ် ကိုယ်လုပ်ကြေးဆိုတဲ့ သဘောပေါ့၊ သူက စီးပွား
လုပ်ငန်းတွေ စိတ်မဝင်စားဘူးလေ၊ ဒီတော့ ကုမ္ပဏီကို
မျက်စိလည် လမ်းမှားပြီး ရောက်လာမှပဲ ချာတိတ်မလေးတွေ ရဲ့
ပြည့်ဝလိမ့်မယ်နဲ့ တူပါတယ်"

ဒေလီယာ အတန်ကြာ ငြိမ်သက်သွားပြီးမှ မှတ်ချက်
သည်။

"မမ အမျိုးသားရဲ့ အယူအဆ မှန်ပါတယ်၊ သူ စီးပွ
ရေးလုပ်ငန်းတွေ စိတ်ဝင်စားနေရင် စာရေးတဲ့ဘက်မှာ အ
လျော့သွားမှာပေါ့"

ဒေလီယာ၏ မှတ်ချက်အား တစ်စုံတစ်ရာ မတုန့်ပြန်
သော်လည်း သူမ ဖြစ်ချင်သည့် ဆန္ဒအမှန်ကတော့ ထိုသို့မဟု





သူမ၏ စီးပွားရေးလုပ်ငန်းများအား အာကာစိုးမိုးကို အနည်း
ကျဉ်း ဖြစ်ဖြစ်တော့ စိတ်ဝင်စားစေချင်ပါသည်။

သူမ၏ လုပ်ငန်းများအား ဝိုင်းကူလုပ်ဖို့အထိတော့ သူမ
မျှော်လင့်ပါ။ စာမရေးသည့်အခါများ၌ သူမ၏ကုမ္ပဏီသို့ သူမ
အတူ အလည်လိုက်လာစေချင်သလို သူမ၏ အဓိကလုပ်ငန်း
သော ဆောက်လုပ်ရေးလုပ်ငန်းများအား လိုက်လံလေ့လာ
ချင်သည်။

သို့သော် သူမ၏ ဂျစ်ကန်ကန် အမျိုးသားလေးကတော့
ကိစ္စ၌ အလွန်ပြတ်သားပါသည်။

"ကျွန်တော် စာရေးဖို့ကလွဲပြီး တခြားအလုပ်တွေကို
တ်မဝင်စားဘူး ကြာညို၊ ဒါပေမယ့် ကုမ္ပဏီအကြောင်း၊ ကန်ထ
က်အကြောင်း ဝတ္ထုရေးဖြစ်ခဲ့ရင်တော့ ကြာညို့လုပ်ငန်းတွေကို
က်ပြီးလေ့လာပါ့မယ်"

"ဒါဖြင့်လည်း အဲဒီအကြောင်းမျိုး မြန်မြန်ရေးစမ်းပါရှင်၊
န်ကြမ်းတွေ တပွေ့တပိုက်ကြီး ရဖို့ ကျွန်မ တာဝန်ယူပါရစေ"

"ကျွန်တော် ကြိုးစားပါ့မယ်"

ထိုစကားမျှလောက်နှင့် သူမ ကျေနပ်ခဲ့ရပါသည်။ သို့သော်
နေ့တိုင်အောင် ကုမ္ပဏီလုပ်ငန်းအကြောင်း သူ မရေးသည်
တော့ သူမအတွက် စိတ်ကသိကအောက် ဖြစ်ရပါသည်။ ထိုထက်
စိတ်ကသိကအောက် ဖြစ်ဖွယ်ကောင်းသည်က လက်ထပ်ပြီး
လအတွင်း သူ ခရီးလေးကြိမ်တိတိ ထွက်ခဲ့ခြင်း ဖြစ်သည်။

"မောင် ခရီးတွေထွက်ပြီး ဘာသွားလုပ်တာလဲမောင်၊ စာ

သွားရေးတာလား"

"ဟင့်အင်း၊ ကုန်ကြမ်း သွားရှာနေတာ"

"ဘုရားသခင်၊ ဝတ္ထုတစ်ပုဒ် ရေးဖို့အတွက် ခရီးလေ
ထွက်ပြီး ကုန်ကြမ်းရှာရတယ်"

"ဟုတ်တယ်၊ လိုအပ်ရင် နောက်တစ်ခေါက်နှစ်ခေါ
လောက် ထပ်ထွက်ရလိမ့်ဦးမယ်"

"ဗုဒ္ဓေါရေ၊ အဲလောက်တောင်ပဲ လိုသတဲ့လား"

သူမ စကားအဆုံး သူ မျက်မှောင်ကျုံ့လျက် သူမအ
ကြည့်ပါသည်။

"ကျွန်တော်က ဝတ္ထုတစ်ပုဒ်ကို စာကြည့်စားပွဲမှာထ
ထိုင်ပြီး ဖန်တီးတတ်တဲ့လူ မဟုတ်ဘူးဆိုတာ ကြာညို မေ့နေ
လား၊ ဝတ္ထုတစ်ပုဒ်ရဖို့ လူတွေထဲ ဝင်ရတယ် ကြာညို၊ အချက်
လက် ရဖို့ ခရီးထွက်သင့်ရင် ထွက်ရတယ်၊ ခုဝတ္ထုက ကျွန်တေ
မကျွမ်းကျင်တဲ့ မြို့တစ်မြို့ကို အခြေတည်ပြီး ဇာတ်အိမ်ဖွဲ့ထားတ
အဲဒီအတွက် အချက်အလက်တွေ တော်တော်များများ ကျွန်တေ
လိုနေတယ်၊ ဒါကြောင့် ခုလောက် ခရီးထွက်နေရတာ"

သူ၏လေသံ အနည်းအငယ် မာသွားသဖြင့် သူမ အလ
အမြန် အလျှော့ပေးလိုက်ရပါသည်။

"ဆောရီးကွာ၊ တို့ နည်းနည်း လောကြီးသွားတယ်၊ ကြ
ညိုက မောင်တစ်ယောက်တည်း ကားမောင်းပြီး သွားနေရလို့ မော
ပင်ပန်းမှာကို စိုးရိမ်လို့ ပြောမိတာပါ၊ နောက်တစ်ခါ သွားရင် ဦး
ထင်ကို ခေါ်သွားပါလားဟင်၊ သူမောင်းတော့ မောင် သက်သာတ





ပြီးတော့ ဘေးမှာထိုင်ရင်း ဇာတ်ကြောင်း စိတ်ကူးလို့ ရတာပေါ့၊
ဟုတ်ဘူးလား"

သူက စိတ်ဆိုးမှု မပြေသေးသော လေသံဖြင့် သူမအား
ပါသည်။

"ဦးဖိုးထင်ကို ခေါ်သွားရင် ကြာညို ကုမ္ပဏီသွားတဲ့အခါ
ဘယ်သူမောင်းမလဲ"

"အို ကြာညို့ဘာသာ မောင်းမှာပေါ့"

ဤသို့ဖြင့် စာရေးခြင်းကိစ္စနှင့် ပတ်သက်လျှင် ဆတ်
တ်ထိ မခံတတ်သော သူ၏စိတ်ကို သူမ နားလည်ခဲ့ရသလို
၏ဒေါသများ မပေါက်ကွဲအောင်လည်း အလျှော့ပေး ဖန်တီး
ခဲ့ပါသည်။

◈ ◈ ◈

"ဒေါ်ကြာညိုခင်"

ရုတ်တရက် ထွက်ပေါ်လာသောအသံက အတွေး၌ စီး
နေသော သူမအား ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာစေသည်။
ခေါင်းမော့ကြည့်လိုက်တော့ (တစ်ချိန်က သူမဒယ်ဒီ၏

ဥက္ကဋ္ဌနေရာကို လုယူရန် ထိပ်ဆုံးမှ ကြိုးစားခဲ့သူ ဦးအုန်းမြ
သား) ခင်မောင်မြင့်ကို တွေ့လိုက်ရ၏။

ခင်မောင်မြင့်မှာ ၎င်းအဖေ၏ အရှိန်အဝါနှင့် ငွေ
ထည့်ဝင်ထားမှုကြောင့် ကန်ထရိုက်လုပ်ငန်း၌ အတော်အ
အရေးပါသည့်နေရာကို ရရှိထားသူ ဖြစ်သလို သူမအား ရိ
လုပ်ခဲ့သူများ စာရင်း၌ ထိပ်ဆုံးက ပါဝင်ခဲ့ဖူးသူလည်း ဖြစ်သ

"ဩော် ထိုင်လေ ကိုခင်မောင်မြင့်ရဲ့"

"ကျွန်တော်တို့ နောက်ဆုံးဆောက်နေတဲ့ ကွန်ဒိုမီဒီ
ရှေ့အပတ်ကျရင် ပြီးမယ် ဒေါ်ကြာညိုခင်၊ ကွန်ဒိုပြီးတဲ့ အ
အမှတ် ပွဲလုပ်ဦးမလား၊ လာမေးတာ"

"အို လုပ်မှာပေါ့"

"ထုံးစံအတိုင်း ဆောက်လုပ်ရေးပိုင်းက လူတစ်ချို့
ဖေဖေရယ်၊ နောက် ကျွန်တော်နဲ့ ဒေါ်ကြာညိုခင်ပဲပေါ့၊ ဒါပေ
တစ်ခါမှ မပါဖူးတဲ့ လူတစ်ယောက်ကိုပါ ဖိတ်ချင်လို့"

"ကိုခင်မောင်မြင့် သဘောပဲလေ၊ လူတစ်ယောက်
လေပိုတာ ဘာမှ ပြဿနာ မရှိပါဘူး၊ ဖိတ်ပါ"

"ကျွန်တော် ဖိတ်လို့မရဘူး၊ ဒေါ်ကြာညိုခင် ဖိတ်မှရ

"ရှင် ဘယ်သူ့မို့လို့လဲ"

ထုံးစံအတိုင်း အလွန်နားထောင်ရဆိုးသော ရယ်သ
ဖြင့် ခင်မောင်မြင့် ရယ်လိုက်ပြီးမှ ...

"တခြားလူ မဟုတ်ပါဘူး၊ ခင်ဗျားအမျိုးသား ကိုအာ
စိုးမိုးကိုပါ"





အာကာကိုတဲ့လား။ သူတို့က ဘာလို့များ ဖိတ်ချင်ရတာ
ိမ့်။ သူမ၏အတွေးကို ခင်မောင်မြင့် ရိပ်မိသွားသလား
ပြာတတ်။ ၎င်းက ဆက်ပြော၏။

"ကွန်စထရပ်ရှင်းက လူတော်တော်များများက သူ့ပရိ
တ်တွေလေ၊ အထူးသဖြင့် ဒရောရင်းဆွဲတဲ့ အမျိုးသမီးလေး
ပေါ့၊ ပြီးတော့ ကျွန်တော်တို့နဲ့လည်း မိတ်ဆွေ ဖြစ်သင့်ပြီ ထင်လို့"

"ဟုတ်ကဲ့ ကျွန်မ ပြောပြလိုက်ပါ့မယ်"

ကတိပေးလိုက်ရသော်လည်း အာကာစိုးမိုး ညှိခံပွဲသို့
က်မလိုက် သူမ မသေချာပါ။

◈ ◈ ◈

အိမ်ရောက်၍တော့ ကြာညိုခင် ကြိုတင်စိုးရိမ်နေသည့်
တိုင်း အာကာ ညှိခံပွဲတက်ရန် ငြင်းဆန်ပါသည်။

"မလိုက်လို့မဖြစ်ဘူး ဦးအာကာရဲ့၊ ကြာညိုခင့်ယောကျ်ား
စ်ယောက်အနေနဲ့ နည်းနည်းတော့ လူလုံးထွက်ပြဦးမှပေါ့"

"ကျွန်တော်က လူရှုပ်ရှုပ်နေရာတွေကို သဘောမကျဘူး
ညိုရဲ့"

"ဒါပေမယ့် မောင်ပဲ ပြောခဲ့တယ်လေ၊ ဝတ္ထုတစ်ပုဒ်ရဖို့

လူတွေထဲ ဝင်သင့် ဝင်ရမယ်ဆို၊ ခုပွဲက ဝတ္ထုမရရင်တောင် ပရိသ
တွေ ရမှာအမှန်ပဲ၊ တော်တော်များများက ရှင့်ကို သိပ်တွေ့ချင်နေ
တဲ့ ရှင့်ပရိသတ်တွေလေ”

ထိုစကားကတော့ သူ့အား အတော်အသင့် ဆွဲဆေ
နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် လူနှစ်ဆယ်ကျော် အစိတ်ခန့်ရှိသေ
ဧည့်ခံပွဲသို့ သူ တက်ရောက်ဖြစ်ခဲ့ပြီး သုံးပုံနှစ်ပုံလောက်မှာ ကြ
ညိုခင် ပြောသလိုပင် အမှန်တကယ်ကို သူ၏ပရိသတ်များ ဖြ
နေခဲ့ကြသည်။

ထိုထဲမှ အင်ဂျင်နီယာမလေး အတော်များများက
အား ...

“ဆရာ ဘာစာအုပ်တွေ ရေးနေသလဲ”

ဟူသော မေးခွန်းမျိုးဖြင့် အစချီလျက် အော်တိုများ ဝိုင်း
ထိုးခိုင်းကြပါတော့သည် ။ (အမှန်တော့ ကိန်းဂဏန်းများလော
သာသိသော စီးပွားရေးသမားများနှင့် တွေ့ဆုံရလိမ့်မည်ဟု
မျှော်လင့်ထားခဲ့ပါသည်။) သို့သော် သူထင်သလို မဟုတ်ဘဲ အ
တကယ် သူ့ပရိသတ်များ ရှိနေကြခြင်းနှင့် သူ့ အား ကြာညိုခင်
ယောက်ျားတစ်ယောက်အဖြစ်ထက် စာရေးဆရာ အာကာစို
အဖြစ် ဆက်ဆံကြခြင်းက သူ့စိတ်ကို အတော် နေသာထိုင်
ရှိစေပါသည်။

ကြာညိုခင်ကတော့ အနည်းငယ် မနာလိုသောအကြ
နှင့် ခပ်လှမ်းလှမ်းမှ ငေးကြည့်နေပြီး လူရှင်းသွားချိန်ကျမှ
သူ့နား ရောက်လာကာ သွားကြားထဲမှ ထိုးထွက်လာသည့်





ဖြင့် ပြောလေသည်။

“ဟောဒီနေရာက လစ်သင့်ပြီလို့ ရှင် မထင်သေးဘူးလား
ာကာစိုးမိုး”

မိန်းမ ပီသလှသော သူမ၏ သဝန်တိုမှုအား ဖာလျော့
ခေါင်းညိတ်ရပါသည်။

... [illegible] ...

(၄)

"ရှင် အဲဒီလိုပဲ သွားလေရာနေရာမှာ မိန်းကလေးတိုင်းကို
ာ်တို ထိုးပေးနေရတာပဲလား"

ညှော့ခံပွဲမှုအပြန် မအောင့်နိုင်သော လေသံဖြင့် ကြာညိုခင်
လသည်။

တကယ်တော့ စာရေးဆရာ ဆိုသည်မှာ ရုပ်ရှင်သရုပ်
င်များ မဟုတ်သဖြင့် လူတိုင်းသိနေနိုင်သည့်လူမျိုး မဟုတ်
ို သွားလေရာ နေရာတိုင်း၌ အော်တို ထိုးခိုင်းသူများနှင့်
ိုင်းလည်နေတတ်သည့် လူမျိုးလည်း မဟုတ်ပါ။

ကိုယ့်အား စာရေးဆရာမှန်းသိပြီး ကိုယ့်ဝတ္ထုများကို
ာက်သော ပရိသတ်နှင့် ကြုံကြိုက်ရသည့် ရံဖန်ရံခါမျိုး၌သာ
ာ်တို ထိုးပေးရတတ်ပါသည်။

သို့သော် သူ၏ဝတ္ထုများအား အကုန်လိုလို ဖတ်ဖူ
သူ၏အောင်မြင်မှုကိုလည်း အထိုက်အလျောက် သိနေ
ကြာညိုခင်ထံမှ အထက်ပါ မေးခွန်းမျိုး ကြားလိုက်ရသဖြင့်
အနည်းငယ် အံ့သြသွားရပါသည်။

"ဖြေဦးလေ မောင်ရဲ့၊ အဲလိုပဲ အမြဲတန်း အော်တို
ပေးနေရသလားလို့"

"တစ်ခါတစ်လေမှပါ၊ စာရေးဆရာဆိုတာ ရုပ်ရှင်
သားမှ မဟုတ်အဲ၊ နေပါဦး၊ ကြာညိုလည်း ကျွန်တော့်ဝတ္ထု
အကုန်ဖတ်ဖူးသားပဲ မဟုတ်လား၊ စာရေးဆရာတစ်ယော
ဘဝကို ဒီလောက်တောင် နားမလည်ဘူးလား"

"ကြာညိုက မနာလိုလို့ တမင်မေးတာ၊ သူ့ဘေးနာ
ကောင်မလေးတွေချည်းပဲ ဝိုင်းအုံနေလို့"

"ဒါကတော့ မိန်းကလေးတွေက စာပိုဖတ်ကြတာ
အဲဒီတော့ မိန်းကလေးပရိသတ်က ပိုများတာပေါ့"

"ဒါဆို အဲဒီလို အော်တိုရေးခိုင်းပြီး လာမိတ်ဆက်
မိန်းကလေးတွေထဲက တစ်ယောက်တစ်လေနဲ့ မောင် ဇာတ်လ
ဖြစ်ဖူးမှာပေါ့"

သူ သဘောကျစွာ ရယ်မောလိုက်သည်။

"အင်း တစ်ယောက်နဲ့တော့ ဖြစ်ခဲ့ဖူးတယ်"

"ဘာပြောတယ်"

သူမ ခပ်စူးစူး ရေရွတ်လိုက်တော့ သူပိုရယ်ချင်သွာ
သည်။





"ဘယ်သူလဲ ပြောစမ်း၊ ဘယ်က ကောင်မလေးလဲ"

"ကောင်မလေး မဟုတ်ဘူး၊ ကျွန်တော့်ထက် အသက်
များကြီး ကြီးတယ်"

"ဒါဆို အဖွားကြီးပေါ့"

"ဟုတ်တယ်၊ သူ့ကို ဒေါ်တပ်ခေါ်ရတယ်"

"နာမည်က ဘယ်သူတဲ့လဲ"

"ကြာညိုခင်တဲ့"

"သွား ဒီက တကယ်အောက်မေ့လို့"

သူမ ပေါ့ပါးစွာ ရယ်လိုက်ပြီး သူ့လက်မောင်းကို ခပ်ဖွဖွ
မ်းရိုက်ပါသည်။

"တကယ်ပဲလေ၊ ကြာညိုပဲ ကျွန်တော့်ဝတ္ထုတွေ အကြောင်း
ဆွေးနွေးရင်း ဇာတ်လမ်းစခဲ့တာပဲ မဟုတ်လား"

သူမ အနည်းငယ် နှုတ်ဆိတ်ငြိမ်သက်သွားပြီးမှ ...

"အင်းလေ ကြာညိုခင်ကိုတော့ ချွင်းချက်ထားလိုက်ပါ
တ့၊ နောက်တစ်ယောက်သာ အဲဒီလိုမျိုး ထပ်ပေါ်မလာပ့ါစေ
အထူးသဖြင့် ဒီကုမ္ပဏီက ကောင်မလေးတွေကို နှစ်သစ်ဆုး
ကြိုပွဲ လုပ်ပေးတဲ့အခါမှာပေါ့၊ ကောင်မလေးတွေက မောင့်
ိသတ်တွေချည်းပဲ၊ မောင့်ကို မြင်ချင် မိတ်ဆက်ချင်နေကြတာ"

"ကြာညို ဆိုလိုတာက အဲဒီပွဲကို ကျွန်တော် တက်ရဦး
ယ်ပေါ့"

"ဒါပေါ့၊ ကုမ္ပဏီ ဝန်ထမ်းတွေအတွက် တစ်နှစ်တစ်ခါ
ပ်ပေးနေကျပွဲပဲ၊ မောင် မဖြစ်မနေ တက်ရမှာပေါ့"

"ဆောရီးပဲ၊ အဲဒီအချိန် ကျွန်တော် ဒီမှာရှိမှာ မ
ဘူး၊ နယ်ထွက်ပြီး စာသွားရေးမလို့"

"အို ဘယ်ဖြစ်မလဲ၊ တစ်နှစ်မှတစ်ခါ ကြုံရတဲ့ပွဲပဲ၊
တက်မှ ဖြစ်မှာပေါ့"

"စာရေးတယ်ဆိုတာလည်း ဈာန်ဝင်တဲ့အချိန်နဲ့
ရေးလို့ရတာ ကြာညို၊ စိတ်မရှိပါနဲ့၊ အဲဒီပွဲကို ကျွန်တော် မ
နိုင်ဘူး"

သူ ခပ်တည်တည် ငြင်းဆန်လိုက်တော့ သူမ
ဆက်မပြောတော့ဘဲ နှုတ်ဆိတ်သွားပါသည်။ အတော်ကြီး
သူမ မေးသည်။

"မောင် အဲဒီလိုပဲ စာရေးဖို့ ခဏခဏ ခရီးထွက်
လားဟင်"

"ကျွန်တော်က အမြဲတမ်း စာရေးချင်နေတဲ့လူဆို
ခဏခဏ ထွက်ဖြစ်မှာပဲ၊ ပြီးတော့ နယ်ထွက်ရေးတာ အ
နေပြီ၊ ဘယ်လိုမှ ဖျောက်လို့မရတော့ဘူး"

သူမ သက်ပြင်းတစ်ချက်ကို ဖွဖွရှိုက်လိုက်၏။

"အဲဒါဆိုရင်တော့ ကြာညို ခဏခဏ လွမ်းနေ
မှာပဲ၊ တစ်ခါတစ်လေ တွေးကြည့်တယ်၊ မောင်သာ အ
တစ်ခုခုကြောင့် စာဆက်မရေးဖြစ်တော့ရင် ဒါမှမဟုတ်
တဲ့ အလုပ်ကို ရပ်လိုက်ရင် သိပ်ကောင်းမှာပဲလို့၊ အဲဒါမှ
ကြာညို့ဘေးနားမှာ အမြဲရှိနေမှာ"

သူမ သူ့အား မကြည့်ဘဲ အဝေးကို မျှော်ငေးရ





ိုး ရေရွတ်သလို ပြောနေခြင်းဖြစ်၏။ အကယ်၍ သူ့ဘက်ကို
ာ လှည့်ကြည့်လိုက်မည်ဆိုပါက အံ့သြတုန်လှုပ်မှုနှင့် ဒေါသတို့
ရာပြွန်းလျက် နီမြန်းနေသော သူ၏မျက်နှာကို တွေ့ရပါလိမ့်မည်။

အကြောင်းတစ်ခုခုကြောင့် သူစာမရေးဖြစ်တော့ရင်တဲ့။
စာပေဟာ သူ့ရဲ့ ဒုတိယမြောက် အသက်ဆိုတာ သူမ
သိတော့ဘူးတဲ့လား။ သူ့အား စာဆက်မရေးစေချင်လျှင် သူ၏
သက်ကို ဖြတ်ပစ်လိုက်မှသာ ဖြစ်ပါလိမ့်မည်။ တလိပ်လိပ် တက်
ာသော ဒေါသတို့ ပွင့်အန်ပေါက်ကွဲမသွားစေရန် သူ အတော်
ကြိုးစားထိန်းချုပ်လိုက်ရပါသည်။ တအောင့်ကြာမှ အနည်းငယ်
တင်းမာနေသေးသောလေသံဖြင့် သူပြောလိုက်၏။

"စာပေဟာ ကျွန်တော့်ဘဝလေ ကြာညို၊ သွေးထဲသားထဲ
ာကို ကိန်းအောင်းနေတဲ့အရာ"

"ကြာညို နားလည်ပါတယ်၊ ကြာညိုက ဖြစ်ချင်တာကို
တ်ကူးယဉ်ကြည့်တာပေါ့၊ ညဘက်တွေ အိပ်နေရင်း ဘေးနား ကို
မ်းကြည့်လို့ မောင်မရှိရင် ကြာညို ချက်ချင်းလန့်နိုးပြီး တော်တော်
ပြန်အိပ်မပျော်တော့ဘူး၊ အဲဒါ သွေးသားဆန်တာနဲ့ မဆိုင်ဘူး
မောင်၊ မောင်နဲ့ လင်မယားလို မနေရလို့လည်း ကြာညို ဘာမှမဖြစ်
ဘူး၊ ကြာညို့နဘေးမှာ မောင့်ကို ရှိနေစေချင်တာ တစ်ခုပဲ၊ ကြာညို့
အချစ်မှာ ရမ္မက်မပါဘူး၊ မောင့်ကို မြတ်နိုးတဲ့ မေတ္တာသက်သက်ပဲ၊
အဲဒါကို ရှုးတယ်လို့ ပြောရင်လည်း ကြာညို ခံဖို့အသင့်ပဲ"

သူမ၏စကားအဆုံး သူ၏ဒေါသတို့ ပြယ်လွင့်သွားကြ
လေသည်။ သို့သော် သူမ ဖြစ်စေချင်သလို ၎င်း၏ဘေး၌ အမြဲ

နေပေးဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ သူက စာတွေက
မနားမနေ ရေးနေချင်သူ ဖြစ်၏။

ဒီကြားထဲ သူက ရေးပြီးသမျှ စာအုပ်တိုင်းကို ထု
သူမဟုတ်။ စိတ်တိုင်းမကျသော စာမူများကို ချောင်ထိုး
လိုက်ပြီး နောက်အသစ်တစ်အုပ်ရေးရန် ကုန်ကြမ်းရှာခြ
(စာအုပ်အထွက်ကျဲသည့်တိုင်) သူကတော့ စာအုပ်တွေ မနာ
ရေးနေခဲ့သည်။

ထို့ကြောင့် စာအုပ်တစ်အုပ် ရေးပြီးသွား၍ န
အသစ်တစ်အုပ် မစမီ ကြားကာလများ၌သာ သူမဘေးနား
ရပ်တည်ပေးနိုင်ခဲ့၏။ ထို့အတွက် သူမကို အားနာရသော်
သူ မည်သို့မျှ မတတ်နိုင်ခဲ့ပါ။

... ✿✿✿ ...





(၅)

"ခရီးမထွက်ဘဲ အိမ်မှာပဲ ရေးနိုင်အောင် ကြိုးစားကြည့်
ါလား"

သူ၏အခက်အခဲအတွက် အောင်နိုင်ဝင်းက ထိုသို့ အ
ကြံပေးသော်လည်း ၎င်းအကြံပေးမှုအတိုင်း လိုက်နာရန် ဘယ်လိုမှ
ဖြစ်နိုင်ပါ။

"စာရေးဆရာတွေမှာ အကျင့်တစ်ခုစီ ရှိတယ် အောင်
င်ဝင်း၊ ဖောင်တိန်နဲ့ ရေးနေကျလူက ဘောပင်နဲ့ မရေးတတ်သ
လို ကက်ဆက်ဖွင့်ပြီး ရေးနေကျလူက တိတ်တိတ်ဆိတ်ဆိတ်
ဖြစ်နေရင် စာရေးလို့မရဘူး၊ ငါက ခရီးထွက်ရေးတာ အကျင့်ပါ
နေပြီ"

"ဒါဆို တစ်လလုံးမှာမှ တစ်ပတ်လောက်ပဲ သူ့အနားမှာ

နေနိုင်တဲ့သဘောပေါ့"

"လောလောဆယ် အခြေအနေကတော့ အဲဒီအတို
အောင်နိုင်ဝင်း"

"ဘာပဲဖြစ်ဖြစ် ကြာညိုခင်ဘက်မှ နားလည်မှု ရှိ
တော်သေးတာပေါ့" ဟု အောင်နိုင်ဝင်း မှတ်ချက်ချ၏။

အောင်နိုင်ဝင်း၏ မှတ်ချက်အား မှန်သည်ဟု ဆိုနိုင်
လို မှားသည်ဟုလည်း ပြောနိုင်ပါသည်။ အကြောင်းက
တစ်ခါတစ်ရံ ကြာညိုခင်က နားလည်မှုတို့ နည်းပါးနေခြင်း
ဖြစ်သည်။

ဥပမာ- သူ့ထံလာသည့် မိတ်ဆက်စာများ၊ အ
ဝေဖန်စာများအား သူ့အရင် ဖောက်ဖတ်ထားခြင်းတို့ ဖြစ်
ထိုစဉ်က သူ အနည်းငယ် စိတ်ဆိုးစွာဖြင့် ခပ်ထန်ထန် ပြော
သည်။

"ကျွန်တော့် ကလောင်နာမည်နဲ့ လာတဲ့စာတွေကို
တော် အရင်ဖတ်ချင်တယ် ကြာညို၊ နောက်ကို ကျွန်တော့်အ
ဖောက်မဖတ်ပါနဲ့"

"မိတ်ဆက်စာဆိုတော့ ဘယ်လိုဟာမျိုးမှန်း သိချ
ဖောက်ဖတ်ကြည့်တာပါ မောင်ရဲ့၊ မောင်ကလည်း လင်မ
ချင်းပဲဥစ္စာ"

"လင်မယားချင်း ဖြစ်ပေမယ့် ကြာညို ကျွန်တော့်
ပိုင်တယ်၊ အာကာစိုးမိုးကို မပိုင်ဘူး"

"ဘယ်လို မောင် ... မောင်ပြောတာက"





"ရှင်းရှင်းလေးပါ၊ စာရေးဆရာတစ်ယောက်ရဲ့ဘဝကို
အဲဒီစာရေးဆရာပဲ ပိုင်တယ်၊ စာရေးဆရာနဲ့ ပတ်သက်သမျှ
တွေလည်း အဲဒီစာရေးဆရာနဲ့ပဲ သက်ဆိုင်တယ်၊ ဘယ်သူမှ
မပိုင်ဘူး"

"ဒါဖြင့် မောင့်စာတွေကို မဖတ်ရဘူးပေါ့"

"နာမည်ရင်းနဲ့ လာတဲ့စာတွေကို ကြိုက်သလို ဖတ်နိုင်
တယ်၊ ဒါပေမယ့် ကလောင်နာမည်နဲ့ လာရင်တော့ ကျွန်တော်ပဲ
အရင်ဖတ်မယ်"

သူ၏စကားကို သူမ နားလည်ပုံ မရပါ။

"နေပါဦး၊ အာကာစိုးမိုးနဲ့ မောင်နဲ့က တစ်ယောက်တည်းပဲ
မဟုတ်ဘူးလား"

"ရုပ်ပိုင်းဆိုင်ရာအားဖြင့်တော့ တစ်ယောက်ထဲပေါ့၊ ဒါ
ပေမယ့် စိတ်ပိုင်းဆိုင်ရာအားဖြင့်တော့ သပ်သပ်စီပဲ ကြာညို၊
စာရေးဆရာတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုဟာ
သာမန်လူတစ်ယောက်နဲ့ နှိုင်းယှဉ်မရလောက်အောင် အပြည့်အဝ
လွတ်လပ်နေတယ်၊ ဘယ်သူမှ အမိန့်ပေး ခိုင်းစေလို့ မရနိုင်သလို
တားမြစ်ချုပ်ချယ်လို့လဲ မရဘူး၊ ဒါကြောင့် ကြာညို ကျွန်တော့်
ခန္ဓာကိုယ်နဲ့ သာမန်စိတ်ဓါတ်ကိုပဲ ပိုင်တယ်၊ စာရေးဆရာ
စိတ်ဓါတ်ကိုတော့ ကြာညို ဘယ်လိုမှ မပိုင်နိုင်ဘူး"

သူ ရှည်လျားစွာ ရှင်းပြသော်လည်း ကြာညိုခင်ကတော့
ခေါင်းတရမ်းရမ်းသာ ဖြစ်နေတော့သည်။ သို့သော် နောက်ပိုင်း
မှာတော့ သူ၏မိတ်ဆက်စာများကို ကြိုတင်ဖောက်ရှုခြင်း မပြုတော့

ပါ။

ထိုမှုသာမက တစ်ခါတစ်ရံ (ဘယ်ကဘယ်လို ဖုန်းနံပ
ရသွားမှန်း မသိသော မိန်းကလေးတစ်ချို့၏) တယ်လီဖုန်း
မိတ်ဆက်လာမှုကိုပင် ...

"မောင်ရယ် မောင့်ကို မိတ်ဆက်ချင်လို့တဲ့၊ ဖုန်းလာ
တယ်"

ဟု ကြည်ဖြူစွာ ခေါ်ပေးတတ်ပြန်ပါသည်။ ကြာညို
သည် ထိုသို့ပင် နားလည်ရ ခက်ခဲသော မိန်းမတစ်ယော
ဖြစ်လေသည်။ သို့သော် သူမနှင့် လက်ထပ်ဖြစ်ခဲ့ခြင်းအတွက်
သူ တစ်စုံတစ်ရာ နောင်တမရခဲ့ပါ။

◈ ◈ ◈

"မောင် ဘာတွေ မကျေမနပ် ဖြစ်နေတာလဲဟင်"

စားပွဲခုံကို လက်သီးနှင့် ထုလိုက်သော သူ့နားသို့
ညိုခင် လာမေးသည်။ ရေးပြီးသွားသော စာမူတစ်ပုဒ်အား
ဖတ်ကြည့်ပြီး စိတ်တိုင်းမကျသဖြင့် တစ်ယောက်တည်း ဒေါ
ဖြစ်နေခြင်းဖြစ်သည်။





"ဒီဝတ္ထုရဲ့ ဇာတ်သိမ်းမှာ တစ်ခုခု ဟာနေတယ် ကြာညို
ဟာနေမှန်း စဉ်းစားလို့ မရဘူး"

"ဒါဆို အဲဒီစာမူ ကြာညို့ကို ပေး"

"ဘာလုပ်မလို့လဲ"

"သိမ်းထားမလို့လေ"

သူ ကြာညိုခင်အား တအံ့တသြ ကြည့်လိုက်တော့ သူမက
ပြောပါသည်။

"ခု ပြန်ဖတ်လည်း မောင့်စိတ်က ထူပူနေတော့ ဘာလို
မှန်း အပြစ်ရှာတွေ့မှာ မဟုတ်ဘူး၊ အဲဒီတော့ ကြာညို သိမ်း
းပေးမယ်၊ ဒီစာမူကို ခေါင်းထဲက ထုတ်ထားလိုက်၊ မေ့လောက်
တော့မှ ကြာညို ပြန်ပေးမယ်၊ အဲဒီအချိန်ကျမှ ပြန်ဖတ်ရင်
လိုသလဲဆိုတာ မောင် အပြစ်ရှာတွေ့လိမ့်မယ်"

သူမ စကားက ယုတ္တိတန်နေသဖြင့် စာမူအား သူမကို
်းပေးလိုက်၏။

"စာမူပေးရုံနဲ့ မပြီးသေးဘူး၊ မောင် ခေါင်းဆေးရမယ်၊
င်းလျှော်ရမယ်"

"ကျွန်တော် မနက်က လျှော်ပြီးပြီလေ"

သူမ ခပ်ဖွဖွ ရယ်ရင်း အဲလို လျှော်တာကို ပြောတာ
ုတ်ဘူးဟု ဆိုသည်။

"ဘယ်လို လျှော်တာကို ပြောတာလဲ"

"ခဏလေးစောင့်၊ ကြာညို အခုပြန်လာခဲ့မယ်"

တအောင့်ကြာတော့ သူမ ပြန်ရောက်လာပြီး သူ့အား

လက်ဆွဲလျက် အိမ်ခန်းထဲသို့ ခေါ်လာပါသည်။ အိမ်ခန်းစား
ပေါ်မှာတော့ ရေခဲစိမ် ဘီယာနှစ်ဗူးနှင့် အမြည်းတို့ကို သူ
ပြင်ဆင်ထား၏။

"ကဲ ခေါင်းရှင်းသွားအောင် ဘီယာသောက်လိုက်"

သူ တအံ့တသြဖြင့် ဒီဘီယာတွေက ဘယ်က ရောက်
လာတာလဲဟု မေးလိုက်တော့ သူမက ပြုံး၍ အဖြေပေးသည်။

"ဘယ်က ရောက်လာရမှာလဲ၊ ဝယ်ထားတာပေါ့ မော
ရဲ့၊ မောင် ဘီယာသောက်တတ်မှန်းသိလို့ ဖာလိုက် ဝယ်ပြီး ရေ
သေတ္တာထဲ ထည့်ထားတာ"

"အဲလောက်ကြီး မလိုပါဘူး ကြာညိုရဲ့၊ ကျွန်တော်က
တစ်ခါတစ်လေမှ သောက်တာပါ"

"အဲဒီတစ်ခါတစ်လေက ဘီယာ ထွက်ဝယ်လို့မရတဲ့
ညဥ့်နက်သန်းခေါင် အချိန်မျိုး ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

သူအနည်းငယ် စဉ်းစားပြီးနောက် သူမအား ဝန်ခံလိုက်
ပါသည်။

"ဟုတ်တယ်၊ ကြာညို သိပ်တော်တယ်"

"ဒီထက်တော်တာ ရှိသေးတယ်၊ မောင့်စိတ် ထွေနေရ
ခေါင်းရှင်းဖို့ စီဒီကာရာအိုကေတစ်လုံး ဝယ်ထားသေးတယ်၊ ဟ
မှာလေ၊ မောင် ဘီယာသောက်ရင်း သီချင်းဆိုဖို့၊ ကဲ ပြော
ဘာသီချင်း ဆိုချင်လဲ"

သူမ တီဗွီနှင့် ဆက်သွယ်ထားသော ကာရာအိုကေစက်
ဆီသို့ သွားကာ ပါဝါခလုတ်များကို ဖွင့်လိုက်ပြီး ရီမုဒ်ခလုတ်နှ





ခရိုဖုန်းကို ယူကာ သူ့နားသို့ ပြန်ရောက်လာ၏။ ကာရာအို
စီဒီချပ်၌ သီချင်းအပုဒ်ပေါင်း ရှစ်ရာကျော် တစ်ထောင်နီးပါး
ကိုယ်ဆိုလိုသော သီချင်း၏ ကုဒ်နံပါတ်ကို ထည့်သွင်းနိုင်မှ
သီချင်းသံက ထွက်ပေါ်လာမည် ဖြစ်သည်။ သူ သီချင်းနံပါတ်
ပါသည့်စာအုပ်ကို တောင်းတော့ သူမက ...

"စာအုပ်မလိုပါဘူး မောင်ရယ်၊ မောင်ဆိုနေကျ သီချင်း
တ်တွေကို အလွတ်ရပါတယ်၊ ခိုင်ထူးရဲ့ ဘယ်သူမှ မကောင်း
ဆိုမလား၊ သူ့နံပါတ်က ၆၂၉၃"

ရီမုဒ်ဖြင့် ထိုနံပါတ်ကို ထည့်လိုက်တော့ အမှန်တကယ်
ဘယ်သူမှ မကောင်းဘူး ဟူသောသီချင်း ဖြစ်နေ၏။ အင်္ဂလိပ်
င်းထဲမှ သူဆိုချင်သည့် သီချင်းနှစ်ပုဒ်လောက်ကို ပြောပြ
လည်း သူမ ထည့်သောနံပါတ်က မှန်ကန်နေသဖြင့် သူမ၏
ဉာဏ်ကောင်းမှုကို တအံ့တသြ ချီးမွမ်းလိုက်တော့ သူမ
ရမ်းသည်။

"ကြာညိုခင်က မှတ်ဉာဏ်မကောင်းပါဘူး။ မောင်နဲ့ ပတ်
တဲ့ ကိစ္စတွေလောက်သာ အလွတ်ရနေအောင် မှတ်ထားတာ
ပမာ- ပြီးခဲ့တဲ့ နှစ်ပတ်လောက်တုန်းက မောင့်ထုတ်ဝေသူနဲ့
ဖုန်းပြောတော့ နောက်တစ်အုပ်ကို ကလောမှာ သွားရေးမယ်
မောင် ပြောခဲ့တယ်၊ သွားရေးမယ့်ရက်ကိုလည်း မောင်ပြောခဲ့
၊ လဆန်း(၂)ရက်နေ့ ဟုတ်တယ် မဟုတ်လား"

"ကျွန်တော် အဲဒီလို နယ်တွေ ခဏခဏသွားပြီး စာရေး
တွက် ကြာညိုခင် စိတ်ညစ်မှာပဲနော်"

သူမ သက်ပြင်းတစ်ချက်ကို ဖွဖွရှိုက်သွင်းရင်း ပြန်ပြော

"စိတ်ညစ်တယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမ ကိုယ့်လင်သားနဲ့တော့ အချိန်ပြည့် အတူတူနေချင်တာပေါ့ မော ရယ်၊ ညီခံပွဲတွေ အတူတူသွားချင်တယ်၊ အတူတူ ဈေးဝ ထွက်ချင်တယ်၊ သာရေးနာရေးကိစ္စတွေဆိုလည်း မောင့်လက် တွဲပြီးသွားချင်တယ်၊ အဲလိုဆန္ဒမျိုးတော့ ရှိတာပေါ့"

"ကျွန်တော် ကိုယ်ချင်းစာပါတယ် ကြာညို၊ ဒါပေမ ခက်တာက စာရေးတဲ့အလုပ်ကို ကျွန်တော်က ဘီန်းစွဲသလို စွဲ တာဆိုတော့"

"ကြာညို သဘောပေါက်ပါတယ်၊ ကဲပါ အဲဒီအကြော တွေ ခဏလောက် မေ့ထားပြီး ကြာညို့ကို သီချင်းတစ်ပုဒ်လော ဆိုပြစမ်းပါ"

သူမ နံပါတ်တစ်ခုကို ထည့်သွင်းလိုက်သည်။ သူမ ထ သွင်းလိုက်သည့်သီချင်းက လောကကြီး ဘယ်လောက်ပဲလှလှ အ မှာ ချစ်သူမရှိလျှင် မပြည့်စုံနိုင်ဟု အဓိပ္ပါယ်ရသော "လော ဟင်းလင်းပြင်" သီချင်း ဖြစ်လေသည်။





(၆)

"ငါ နင့်ကို ကြိုပြီး သတိပေးဖူးသားပဲ၊ အနုပညာသမား ဆိုတာ သာမန်လူတွေလို မဟုတ်ဘူး၊ သူတို့ကို နားလည်ဖို့ဆိုတာ ်တော် မလွယ်တဲ့အလုပ်ပဲ"

ပုလဲက ကိုကာကိုလာကို တစ်ငုံချင်း သောက်ရင်း ပြော ်။ ကြာညိုခင် ရုံးခန်းပြတင်းပေါက်မှတဆင့် အပြင်ဘက် းများကို ငေးကြည့်နေရင်း ပုလဲအား အေးဆေးစွာ ပြန်ပြော ်ပါသည်။

"ငါ သူ့ကို နားမလည်တာ မဟုတ်ဘူး ပုလဲ၊ တစ်ခါတစ် ားလည်မှု လွဲသွားတာမျိုးပါ၊ ဘာပဲဖြစ်ဖြစ် တတ်နိုင်သမျှ လည်အောင် ကြိုးစားသွားမယ်၊ ဘယ်လောက်ပဲ ခက်ခဲပါစေ ြိုးစားမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ သူ့ကို သိပ်ချစ်လို့ပဲ"

ပုလဲကတော့ လေးအေးစက်တပ် ရုံးခန်းအတွင်း
အိုက်နေပုံမျိုးဖြင့် ငြိမ်သက်နေပြီးမှ ...

"အေးလေ၊ တစ်ခါတစ်လေတော့လည်း အချစ်ဆို
အပြစ်တွေကို ဖုံးလွှမ်းသွားတတ်တာမျိုးပဲ၊ နင် အာကာဲကို ဘ
လောက် ချစ်သလဲဆိုတာ ငါလည်း သိနေတာပဲ၊ အဆင်ပြေ
မှာပါ"

"နင့်စကားကြီးကလည်းဟာ၊ ခု ငါတို့နှစ်ယောက်
ဆင်မပြေ ဖြစ်နေကြတဲ့အတိုင်းပဲ"

"မဟုတ်ပါဘူး၊ ငါက အာကာ အိမ်မကပ်ဘဲ ခရီးကြ
ထွက်နေလို့ နင် စိတ်ညစ်နေတယ်ဆိုတဲ့အကြောင်း ဒေါ်လေး
ပြောတာ ကြားမိလို့ပါ"

သူမ ခြောက်ကပ်စွာ ရယ်မောရင်း ပုလဲအား ပြန်
လိုက်ပါသည်။

"အဲဒီဒေါ်လေးကလည်းဟာ၊ အလကား ပုံကြီးချဲ့
လျှောက်ပြောနေတာ၊ အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး"

"ဒါဖြင့် အာကာ ခရီးထွက်ထွက်ပြီး စာရေးတဲ့အတွ
နင် လုံးလုံး စိတ်မညစ်ဘူးပေါ့"

ထိုစကားကတော့ သူမ လွယ်လင့်တကူ ခေါင်းညိတ်
ရန် အနည်းငယ် ခက်ခဲပါသည်။

"အနည်းအကျဉ်း စိတ်ကသိကအောက် ဖြစ်ရုံလောက်
ငါ အိမ်မှာ သူစာရေးဖို့ သီးသန့်အခန်းတစ်ခန်း လုပ်ပေးထားတ
ဒါပေမယ့် သူ ရေးလို့မရဘူး၊ သူ ခရီးထွက်နေရမှ စာရေးဖို့ 





း ရတာလေ၊ အဲဒီတော့ ငါ လိုက်လျော အလျှော့ပေးရတာပေါ့၊
အတွက် စိတ်ကသိကအောက် ဖြစ်ရပေမယ့် သူ ပြန်ရောက်လာ
တော့ ငါ အဲဒါတွေအားလုံး မေ့ပြီး ပျော်သွားတာပဲ"

"နင့်ကို ငါ အံ့ဩတယ် ကြာညို"

"ဒါကတော့ဟာ"

"ဘာလဲ၊ သူ့ကို သိပ်ချစ်လွန်းလို့လို့ ပြောမလို့ မဟုတ်လား"

သူမ ရှင်မြူးစွာ ရယ်မောလိုက်ရင်း နင် တိုးတက်လာပြီ
ဲဟု ပြန်ပြောလိုက်သည်။

ထိုအချိန်မှာပင် အင်တာကွန်းမှ ဒေလီယာ၏ အသံ
လွင်လေး ထွက်ပေါ်လာလေသည်။

"ကျွန်မ အထဲကို ခဏဝင်ခဲ့လို့ရမလား မမ"

ပုလဲလို ရင်းနှီးသော မိတ်ဆွေမျိုး ရောက်နေချိန်များ၌
ယ်လောက် အရေးကြီးသော တိုင်ပင်စရာ ရှိပါစေ ဒေလီယာ
သို့ ဝင်ခွင့်တောင်းလေ့ မရှိခဲ့။ အလွန်အရေးကြီးသော သမား
ျ မဟုတ်သည့်ကိစ္စတစ်ခုကြောင့် ဒေလီယာ ယခုလို ဝင်ခွင့်
ာင်းခြင်း ဖြစ်ပါလိမ့်မည်။

"ဝင်ခဲ့လေ ဒေလီယာ"

သူမ ခွင့်ပြုလိုက်ပြီး စက္ကန့်အနည်းငယ်အတွင်းမှာပင်
လီယာ ရုံးခန်းတွင်းသို့ ရောက်ရှိလာပါသည်။

"ပြော ဒေလီယာ၊ ကြာညိုခင် ကုမ္ပဏီကြီး မီးလောင်
ာ့မယ်တဲ့လား"

"ဟင့်အင်း အဲလောက် အခြေအနေ မဆိုးပါဘူး"

"ဒါဖြင့် ဘယ်လောက် ဆိုးသလဲ"

ဒေလီယာ ပုလဲ၏ ဘေးခုံ၌ ဝင်ထိုင်ပြီးမှ သူမအ
ပြောသည်။

"မမ လက်ခုပ်ကုန်း သွားနေတုန်း ဆောက်လုပ်
အတွက် လိုအပ်တဲ့ သိန်းနှစ်ရာကို ကိုခင်မောင်မြင့်တို့ သားအ
က ဒေလီယာတို့ဆီ လာမတောင်းဘဲ သူတို့ဘာသာ စိုက်ထ
လိုက်တဲ့အကြောင်း မမကို ပြောပြပြီးပြီနော်"

"တို့ သိထားပြီးပါပြီ၊ ဆက်ပြောပါဦး"

"အဲဒီတော့ အခုဆောက်နေတဲ့ ကွန်ဒိုပရောဂျက်
သူတို့သားအဖက ရှယ်ယာ (၄၅)ရာခိုင်နှုန်း ဖြစ်သွားပြီး ဒေ
ယာတို့ဘက်က (၄၀)ရာခိုင်နှုန်းပဲ ဖြစ်သွားတယ်၊ ဆယ့်ငါးရာ
နှုန်းက ဦးထွန်းငွေဆီမှာ"

"ဟုတ်ပြီ အဲဒီတော့ ဘာဖြစ်သလဲ"

"သူတို့သားအဖက မမထက် ရှယ်ယာ ပိုများနေ
ဆောက်လုပ်ရေးလုပ်ငန်းကိစ္စ မှန်သမျှကို သူတို့ပဲ ဦးဆောင်မ
တဲ့၊ ဦးဆောင်မယ့်သူက ဦးအုန်းမြင့် မဟုတ်ဘူး၊ သူ့သား
မောင်မြင့်၊ အဖိုးကြီးက တမင် နေရာဖယ်ပေးလိုက်တဲ့သဘော
ဒေလီယာတို့ ဦးထွန်းငွေဆီက ဆယ့်ငါးရာခိုင်နှုန်းကို ငွေအမ်း
ပြန်ယူနိုင်ရင်တော့ သူတို့ထက် ရှယ်ယာပိုများသွားမယ်၊ အဲဒါ
သူတို့ဘက်က ဘာမှ လုပ်လို့မရတော့ဘူး"

"မှန်တာပေါ့"

သူမ အေးဆေးစွာ ခေါင်းညိတ်ပြလိုက်သော်လည်း





ယာကတော့ မအေးဆေးနိုင်ဘဲ ပူပင်စွာ ခေါင်းခါရမ်းလိုက်ပါ
ည်။

"ဒါပေမယ့် ဒေလီယာတို့ဘက်က သိပ်နောက်ကျသွားပြီ
အပြင်မှာ အဲဒီကိစ္စ ဆွေးနွေးဖို့ ကိုခင်မောင်မြင့်ရော သူ့အဖေ
န်းမြင့်ပါ ရောက်နေကြပြီ"

"ဒါဖြင့်လည်း အထဲကို လွှတ်လိုက်လေ"

"ရှင်"

ဒေလီယာ တအံ့တသြ ရေရွတ်လိုက်ပါသည်။

"မမ သူတို့ကို ဆောက်လုပ်ရေး လုပ်ငန်းကြီးတစ်ခုလုံး
ပေးလိုက်တော့မလို့လား"

ဒေလီယာအား သူမ ပြုံးလျက် ပြောလိုက်သည်။

"သူတို့လောက်မှ မလျှင်ရင် ကြာညိုခင် ဝိုင်းအပြင်ရောက်
တာ ကြာပြီပေါ့ ဒေလီယာရယ်၊ ရော့ အဲဒီဖိုင် ယူသွားပြီး သူတို့
းအဖကို အပြင်ဧည့်ခန်းထဲမှာ အရင်ဖတ်ခိုင်းထားလိုက်၊ ပြီးမှ
ထဲကို ခေါ်လာခဲ့"

အံဆွဲထဲမှ ဖိုင်တစ်ခုကို ထုတ်ယူကာ ဒေလီယာအား
းပေးလိုက်တော့ ဒေလီယာက နားမလည်သော မျက်နှာဖြင့်
မေးလေသည်။

"ဒါ ဘာဖိုင်လဲ မမ"

"သူတို့သားအဖ သိန်းနှစ်ရာကို တို့မရှိတုန်း ရှယ်ယာ
ည့်လိုက်တဲ့အကြောင်း ဒေလီယာ ပြောပြပြီး နောက်နေ့ပဲ
ွန်းငွေဆီက တို့ပြန်ဝယ်ထားတဲ့ (၁၅)ရာခိုင်နှုန်း ရှယ်ယာ

အရှောင်းအဝယ်စာချုပ်တွေလေ”

ဒေလီယာ တအံ့တသြ ဖြစ်သွားပြီးမှ တဖြည်းဖြ
ပြုံးလာပါသည်။

“ဒါတွေ ဖတ်ပြီးသွားရင် သူတို့ မမကို ဝင်တောင် တွေ
မလား မသိဘူး”

“ရောက်တုန်းရောက်ခိုက်တော့ တွေ့သွားပါဦးလို့
လီယာ တိုက်တွန်းလိုက်လေ၊ သူတို့ခမျာ ဆိုက်ထဲက တကူးတ
လာရတာ အအေးလေးဘာလေးနဲ့တော့ ဧည့်ခံလိုက်ဦးမှ ကောင်
ပေါ့”

သူမ ခပ်ပြုံးပြုံးလေး ပြောလိုက်တော့ ဒေလီယာ သ
လက် ပေါ့ပါးစွာဖြင့် ရုံးခန်းထဲမှ ပြန်လည်ထွက်ခွာသွားပါသ

တစ်ချိန်လုံး သူမနှင့် ဒေလီယာ၏ စကားများ
တအံ့တသြ နားထောင်နေခဲ့သော ပုလဲက ကြာညိုခင်အား မေး
သည်။

“နင် လူတိုင်းအပေါ်မှာ အမြဲတန်း ခုလိုမျိုး ကွက်ကျေ
မြင်နေတာပဲလား ကြာညို”

“တစ်ယောက်က လွဲရင်ပေါ့”

“ဘယ်သူလဲ”

“အာကာလေ”

သူမ သက်ပြင်းဖွဖွ ရှိုက်ရင်း ပြောလိုက်ပါသည်။

“အာကာ့စိတ်ကိုတော့ ငါ ဘယ်တော့မှ ကွက်ကျော်
နိုင်မယ် မထင်ဘူး ပုလဲ၊ အဲဒါ သေချာတယ်”





နောက်ငါးမိနစ်ခန့် အကြာမှာတော့ ဦးအုန်းမြင့်တို့ သား
မျက်နှာ မသာမယာနှင့် ရုံးခန်းထဲသို့ ဝင်ရောက်လာပါသည်။

“ဪ အန်ကယ် ဦးအုန်းမြင့်တို့ပါလား၊ လာထိုင်ကြပါ

“မထိုင်တော့ဘူး ကြာညိုခင်၊ လမ်းကြုံလို့ လှည့်ဝင်လာ
ပါ၊ ဆိုက်ထဲကို ပြန်ပြေးရဦးမယ်”

နောက်ဆုံးတော့ ဒီလိုပဲ ဖြစ်ရမှာပေါ့။ သူမ စိတ်ထဲမှ
ျနပ်စွာ ပြုံးလိုက်မိ၏။ ၎င်းတို့နောက်မှ ဒေလီယာကတော့
ပ်ချင်သောမျက်နှာနှင့် မချိုမချဉ် ဖြစ်နေသည်။

“အဝေးကြီးက လာရတာ မောနေကြမှာပေါ့၊ အအေး
ဖြစ် သောက်သွားကြပါဦး”

“ကျေးဇူးပဲ မသောက်တော့ပါဘူး၊ မနက်ဖြန် ဖောင်ဒေး
ချတော့မယ့်အကြောင်း လာပြောတာပါ”

“အို ဒုက္ခရှာလို့ အန်ကယ်ရယ်၊ ဖုန်းဆက်ပြောလည်း
သားနဲ့”

“ကဲ သွားလိုက်ဦးမယ်”

ဦးအုန်းမြင့်က လူကြီးပီသစွာ ဟန်ဆောင်ကောင်းလှသော်
ည်း ခင်မောင်မြင့်ကတော့ ဟန်မဆောင်နိုင်လောက်အောင်
်သိုးသိုးမျက်နှာဖြင့် အတော်မကျေမနပ် ဖြစ်နေပုံရသည်။

ရုံးခန်းထဲမှ ပြန်ထွက်သွားကြတော့ တံခါးဝရောက်မှ
အောင့်နိုင်သောလေသံဖြင့် ခင်မောင်မြင့် သူမအား လှည့်ပြော
ည်။

“ဒေါ်ကြာညိုခင်က တော်တော် ပါးရည်နပ်ရည် ရှိတာ

“ရှင် ဘာကို ဆိုလိုတာပါလိမ့်”

“ဩော် ဘာမှ မဟုတ်ပါဘူး”

တံခါးကို အသံမြည်အောင် တမင်ပိတ်သွားပြီး ခင်မေ မြင့် ထွက်သွားတော့ သူမ သဘောကျစွာ ရယ်မောနေလိုက် သည်။

... ...





(၇)

စီးပွားရေးလောကမှ ခြုံခို တိုက်ခိုက်လာသူများအား းအေးတည်ငြိမ်စွာ တုန့်ပြန်နိုင်ခဲ့သော ကြာညိုခင်သည် တယ် ုန်းခွက်ကို ပိုက်ရင်း တစ်ဖက်မှ ထွက်ပေါ်လာမည့် စကားသံ ခုအား အလွန်စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမိလေသည်။

“ကျွန်တော် စာရေးတဲ့အချိန်မှာ တယ်လီဖုန်း(သို့)ဧည့် ယ်တို့လာရင် အရမ်းစိတ်ဆိုးတာပဲ၊ ကျွန်တော် ဘယ်မှာပဲ စာသွား ရေး ကျွန်တော် ရေးမယ့်နေရာနဲ့ ဖုန်းနံပါတ် ကြာညိုကို ခဲ့မယ်၊ ဒါပေမယ့် အကြောင်းထူး မရှိဘဲနဲ့တော့ ဖုန်းခဏခဏ က်ပါနဲ့”

အာကာစိုးမိုး၏ စကားကို ပြန်လည်ကြားယောင်ရင်း သူမ များမှားသွားပြီလားဟု တွေးလိုက်မိသည်။ သို့သော် မည်သို့

ဖြစ်စေ ယခု သူတည်းခိုစာရေးရာ နယ်မှ ဟိုတယ်တစ်ခုဆီသို့ ...ာ”
ဖုန်းဆက်မိပြီ ဖြစ်သည်။

ဟိုတယ်မန်နေဂျာအား အာကာစိုးမိုးကို ခေါ်ပေ...
ပြောခဲ့မိပြီ ဖြစ်နေလေသည်။

ဘုရားမလို့ သူစာရေးနေတဲ့အချိန် ဖြစ်မနေပါစေနဲ့။

ထိုအချိန်မှာပင် တစ်ဖက်မှ သူမ၏ ချစ်လှစွာသော...
အမျိုးသားလေး၏အသံ ထွက်ပေါ်လာပါသည်။

“ကြာညိုလား”

ရန်ကုန်မှ ဖုန်းလာသည်ဆိုကတည်းက ကြာညိုခင်...
ဖြစ်လိမ့်မည်ဟု သူတွေးမိပါလိမ့်မည်။

“ဟုတ်တယ် မောင်၊ မောင် စာရေးနေတာလားဟင်...ား”

“ဟင့်အင်း၊ စာရေးမရလို့ စိတ်ညစ်နေတာ”

“ကြာညို ဖုန်းဆက်လိုက်လို့ မောင် အနှောင့်အယှက်...
ဖြစ်မသွားပါဘူးနော်”

ရယ်သံစွက်သော လေသံဖြင့် သူပြန်ပြောပါသည်။

“မဖြစ်ပါဘူး ကြာညိုရဲ့၊ ပွင့်ပွင့်လင်းလင်း ပြောရ...
ပျော်တောင် ပျော်ပါသေးတယ်”

“ဘုရားရေ၊ မောင် တကယ်ပြောတာပါနော်”

“တကယ်ပေါ့ ကြာညိုရဲ့၊ ခုပဲ ကြာညို့အကြောင်း ...
စဉ်းစားနေတာ”

သူ့စကားကြောင့် သူမ ကျေနပ်ဝမ်းသာသွားပါသည်...

“ကြာညို မောင့်ကို အရမ်းလွမ်းလွန်းလို့ ဖုန်းဆက်လို...





“ကျွန်တော်လည်း ကြာညို့ကို အရမ်းသတိရနေတာ”

“တကယ်နော်”

“ကျွန်တော် ဘယ်တုန်းက ညာဖူးလို့လဲ”

“ကြာညို အရမ်းပျော်သွားပြီ သိလား၊ နေဦး ကြာညို
...းဆက်တာ ပြောစရာတစ်ခုလည်း ရှိသေးတယ်၊ ဘာပါလိမ့်၊
...ော်လွန်းလို့ စဉ်းစားလို့တောင် မရတော့ဘူး”

သူမ၏စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်
...ာလေသည်။ ရယ်သံဆုံးမှ သူမအား မေးသည်။

“ကြာညို့အခက်အခဲကို ကျွန်တော် အကူအညီ ပေးရမ...

“ဘယ်လို”

“ကြာညို မေ့နေတဲ့အကြောင်းအရာကို ကျွန်တော် အစ
...က်ပေးမယ်လေ”

“တဲ့ ဒါဖြင့် ဘာလဲ ပြော”

“ရှေ့အပတ် တနင်္လာနေ့ကျရင် ကြာညို့မွေးနေ့၊ အဲဒါ
...ာမလို့ မဟုတ်လား”

အာကာ့စကားကြောင့် သူမ မျက်ရည်လည်လုမတတ်
...အံ့တသြ ဝမ်းသာသွားရလေသည်။

“ဘုရားသခင် ရှင် သတိရသေးတယ်နော်”

“ကိုယ့်မိန်းမ မွေးနေ့ကို မေ့နေတဲ့ ယောကျ်ားလို့များ
...ညိုက ကျွန်တော့်ကို ထင်ထားလို့လား၊ စောစောက ကျွန်တော်

ကြာညို့အကြောင်း စဉ်းစားနေတယ်ဆိုတာ အဲဒီကိစ္စပဲ၊ မွေး
လက်ဆောင် ဘာပေးရင် ကောင်းမလဲလို့ စဉ်းစားနေတာ”

ဒီလိုဆိုတော့လည်း ဘယ်လောက်များ ချစ်ဖို့ကော
လိုက်တဲ့ အာကာပါလဲ။ ရွှင်မြူးစွာဖြင့် သူမ ခပ်သွက်သွက် ပြေ
လိုက်ပါသည်။

“အို ကြာညို လိုချင်တဲ့ မွေးနေ့လက်ဆောင်ကတော
မောင်ပဲ၊ အဲဒီနေ့အမှီ မောင်ပြန်ရောက်ဖို့ပဲ၊ မွေးနေ့ပွဲကို ဘ
သူ့မှ မဖိတ်ဘဲ ကြာညိုနဲ့မောင် နှစ်ယောက်တည်း ကျင်းပ
တယ်”

“စိတ်ချ ကျွန်တော် အသေအချာ ရောက်အောင် ပြ
လာခဲ့မယ်”

“ကားကို မောင် မမောင်းနဲ့နော်၊ ဦးဖိုးထင် မောင်းခိုင်

“အင်း”

“ဒါဖြင့် ကြာညို ဖုန်းချလိုက်တော့မယ်၊ မောင် ဘာပြေ
ဦးမလဲ”

“ကျွန်တော့်စာမူကို ကြာညို ဖတ်ထားပေးစမ်းပါ၊ ကျွ
တော် ပြန်ရောက်လာတဲ့အခါ ဘယ်လိုနေသလဲ ကျွန်တော့်
ပြောပြ၊ ဟုတ်ပြီလား”

ထို့နောက် သူဖုန်းချသွားခဲ့ပါသည်။

သူမ စိတ်ကြည်နူးစွာ ဖုန်းခွက်ကို ပြန်တင်လိုက်ပြီး
စာမူကိစ္စကို သတိရသွားသဖြင့် အင်တာကွန်းခလုတ်ကို နှိပ်လိုက်
၏။





“ဒေလီယာရေ”

“ဟုတ်ကဲ့ မမ”

“ညနေ တို့အိမ် ခဏလောက် လိုက်ခဲ့ပေးပါဦးကွယ်၊
တစ်ပုဒ်လောက် ဖတ်ပြီး ဝေဖန်ခိုင်းချင်လို့၊ ဒေလီယာ အား
ယ် မဟုတ်လား”

“ဟုတ်ကဲ့ အားပါတယ်”

“ဒါဖြင့် ညနေ ရုံးအတူဆင်းကြတာပေါ့”

သူမ အင်တာကွန်းခလုတ်ကို ပြန်ပိတ်လိုက်ပြီး သီချင်း
ပုဒ်ကို ဖွဖွငြီးနေလိုက်သည်။

◈ ◈ ◈

“မဖြစ်နိုင်တာပဲ ဦးဖိုးတင်ကလဲ”

အာကာ တအံ့တသြနှင့် ဦးဖိုးထင်ကို ပြန်ပြောလိုက်မိ
ည်။

“ဖြစ်နိုင် မဖြစ်နိုင်တော့ မသိဘူး ကိုယ့်လူရေ၊ ကျုပ်
ညိုခင်ဆီမှာ အလုပ်လုပ်လာတာ ခြောက်နှစ်ရှိပြီ၊ ဝတ္ထု
ပြာနဲ့ အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေတောင်
ယ်တော့မှ သူကိုယ်တိုင် မဖတ်ဘူး၊ စာရေးမ တစ်ယောက်

ယောက်က ဖတ်ပြရတာချည်းပဲ၊ ဖုန်းထဲကနေ သူ့ကို ဝတ္ထုဖ
ခိုင်းတာကို နားစွန်နားဖျား ကြားလို့ ကျုပ်ပြောပြတာ”

ကြာညိုခင် ဘယ်တုန်းကမှ ဝတ္ထုမဖတ်ဘူးတဲ့လား။

ဒါ တကယ်ပဲ ဖြစ်နိုင်ရဲ့လား။

(တို့ မင်းဝတ္ထုတွေထဲက ထူးထူးခြားခြား ကောင်း
နှစ်အုပ်နဲ့ ဆိုးဆိုးဝါးဝါး ညံ့တဲ့တစ်အုပ်ကို ဝေဖန်ချင်တယ်)

(နှင်းဆီပွင့်ရဲ့ ရင်ခုန်သံမှာ ဘာဖြစ်လို့ ဇာတ်ရှိန်
ကမောက်ကမ ဖြစ်သွားရတာလဲ)

အမြည်းတစ်ဖတ်အား အားရပါးရ စားနေသော ဦး
ထင်အား ငေးစိုက်ကြည့်ရင်း တစ်စုံတစ်ရာ ချွတ်ချော်လွဲမှား
ပြီ ဖြစ်ကြောင်း သူရိပ်မိလိုက်၏။ ထိုလွဲမှားမှုအား ဦးဖိုးထင်
ပင် စုံစမ်းရမည် ဖြစ်သည်။

သို့သော် သတိကြီးစွာထားရန်နှင့် သိမ်မွေ့စွာ ကိုင်တွ
တတ်ဖို့တော့ အထူးလိုအပ်ပါလိမ့်မည်။ ဦးဖိုးထင်၏ ဖန်ခွက်
သို့ သူ အရက် ထပ်ဖြည့်ပေးလိုက်၏။

“တော်ပြီ မောင်ရင်လေးရ၊ ကျုပ် ရေချိန်မှန်နေပြီ”

“ချစမ်းပါ၊ တစ်ခါတစ်လေပဲဥစ္စာ”

ရီဝေဝေ ပြုနေပြီဖြစ်သော ဦးဖိုးထင်အား စကားစ
အကောင်းဆုံးအချိန်ကို သူ စိတ်ရှည်စွာ စောင့်ဆိုင်းနေလိုက်
သည်။ နောက်ဆုံး အာလေးလျှာလေး ဖြစ်လာသောအချိန်က
သူ မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးလိုက်သည်။

“ကြာညိုခင် ဝတ္ထုမဖတ်ဘူးပဲ ထားပါတော့၊ ဒါပေမ



ထုစာအုပ်တစ်အုပ်အကြောင်းကို သိနေတယ်ဆိုရင် ဖြစ်နိုင်မ
း”

“ဖြစ်နိုင်တာပေါ့၊ သူ့ရုံးက စာရေးမ တစ်ယောက်
က်ကို ဖတ်ပြခိုင်းရင် ဖြစ်တာပဲ”

“ကောင်းပြီ၊ ဒါဖြင့် တစ်အုပ်မကဘဲ ဆယ်အုပ် ဆယ့်ငါး
်လောက်ကို တစ်ပြိုင်တည်း သိနေမယ်ဆိုရင်ကော၊ ဥပမာ-
်တော့်ဝတ္ထုတွေ ဆိုပါတော့၊ အားလုံးနီးပါး ဖတ်ဖူးသလိုမျိုး
နေတယ်ဆိုရင်ကော ဖြစ်နိုင်ပါ့မလား”

ဦးဖိုးထင် တွေဝေစွာ ငြိမ်သက်သွားသော်လည်း သူက
့ စိတ်လှုပ်ရှားစွာ ၎င်းထံမှအဖြေကို စောင့်ဆိုင်းနေမိသည်။
အောင့်ကြာမှ ဦးဖိုးထင် လက်ဖျစ်တစ်ချက် တီးလိုက်ရင်း ...

“သိပ်ဖြစ်နိုင်တာပေါ့၊ တစ်ခါတုန်းက သူ့ရုံးက အသား
ဖြူနဲ့ စာရေးမလေးတစ်ယောက်ကို ညနေတိုင်း အိမ်ခေါ်ခေါ်
ဖူးတယ်၊ အိမ်လာတိုင်း အဲဒီစာရေးမလေးလက်ထဲမှာ ဝတ္ထု
အုပ်သုံးအုပ် အမြဲပါတယ်၊ အဲဒီဝတ္ထု ကိုင်ပြီး စာကြည့်ခန်းထဲ
သူတို့နှစ်ယောက် တွတ်ထိုးကြတော့တာပဲ၊ အတော်မိုးချုပ်မှ
ကောင်မလေးကို ကျုပ်ပြန်ပို့ပေးရတယ်”

“အဲဒီဝတ္ထုစာအုပ်တွေ ထားခဲ့သလား”

“ဟင့်အင်း ပြန်ယူသွားတာပဲ၊ နောက်နေ့ကျတော့ နောက်
ထစ်နှစ်အုပ်သုံးအုပ် ထပ်ပါလာပြန်ရောဗျာ၊ အဲ့ဒါ တစ်ပတ်
က်ကြာတယ်”

ရင်ဘတ်ထဲ၌ စူးခနဲ ခံစားလိုက်ရလေသည်။

ဒါဆို ကြာညိုခင် သူ့ကို ပီရိသေသပ်စွာ လိမ်ညာခဲ့ပေါ့။

ကြာညိုခင်၏ လှည့်စားမှုအား သေချာစွာ သိလိုက်ဖြစ်သည့်တိုင် ပို၍သေချာစေရန် သူမေးလိုက်ပါသည်။

"အဲဒါ ဘယ်တုန်းကလဲ၊ ကျွန်တော်နဲ့ ယူပြီးမှလား"

"ဟင့်အင်း၊ မောင်ရင်လေးနဲ့ မယူခင်တုန်းက"

စားပွဲပေါ်မှ ပုလင်းအား လှမ်းယူပြီး သူ့ခွက်ထဲသို့ လိုက်တော့ ဦးဖိုးထင်က ကမန်းကတန်း လှမ်းပြောသည်။

"ပုလင်း မှားနေပြီ၊ အဲဒါ မောင်ရင့် ဘီယာပုလ မဟုတ်ဘူး၊ ကျုပ်အရက်ပုလင်းဗျ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ဖန်ခွက်ကို မယူကာ မော့ချလိုက်တော့ သူ့ရင်တစ်ခု ပူလောင်သွားလေသည်။

... ...





(၈)

လောက၌ နေ့စဉ်နှင့်အမျှ လိမ်ညာမှုပေါင်းများစွာ ရှိနိုင် ည်။ ထိုလိမ်ညာမှုများသည် ကိုယ်နှင့်မပတ်သက်လျှင် ဘာမှ ်သော်လည်း ကိုယ်နှင့် သက်ဆိုင်လာပြီဆိုလျှင်တော့ အခံရ ပါသည်။ ပို၍အခံရခက်သည်မှာ လိမ်ညာခြင်းဖြင့် ကိုယ့်ထံမှ စုံတစ်ရာကို ရယူသွားသည့်အခါမျိုး၌ ဖြစ်သည်။

ယခု ကြာညိုခင်သည် သူ့အား ပီရိသေသပ်စွာ လိမ် ခဲ့၏။ ထိုလိမ်ညာခြင်းဖြင့်ပင် သူ့ထံမှ ခင်မင်ရင်းနှီးမှုကို ရယူ ည်။ ထို့နောက် မေတ္တာတရားကို ထပ်မံရယူခဲ့ပြန်သည်။

တကယ်တော့ နှင်းဆီပွင့်လို အနုပညာကို တန်ဖိုးမထား ်သော မိန်းကလေးမျိုးနှင့် ကြုံကြိုက်ပြီးကတည်းက မိန်းမ

များအား သူ ထိတ်လန့်တကြား ရှောင်ရှားခဲ့သည်။

သူ၏ အနုပညာဖန်တီးမှုအား အနှောင့်အယှက် ဖြ
စိုးရိမ်ခြင်းကြောင့် ဖြစ်သလို သူ ဓာမ်းမက်သော အောင်
အတွက် အဟန့်အတားဖြစ်မှာ စိုးရိမ်ခြင်းကြောင့်လည်း ဖြစ်
သည်။ ဒီကြားထဲကမှ ကြာညိုခင်သည် သူ၏ဝတ္ထုများကို
ကြောင်းပြုလျက် အလွန်သိမ်မွေ့ညင်သာစွာ သူ့နားသို့ ချဉ်း
လာခဲ့သည်။

စာပေကို မြတ်နိုးသူ အမျိုးသမီးတစ်ယောက်ဟု
ကြည်လျက် သူမ၏ချဉ်းကပ်မှုအား သူ မတားဆီးမိခဲ့။ ထို့ပြ
ပင် ကြာညိုခင်သည် သူ၏ဘဝထဲသို့ ထိုးဖောက်ဝင်ရောက်
နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုတော့ ထိုအမျိုးသမီးသည် မည်သည့်စာပေ
ဖတ်လေ့ရှိသူ မဟုတ်ပါဘူးတဲ့။

ထိုအသိက သူ့ရင်ထဲ၌ ဆူးတစ်ချောင်း ဝင်ရော
သည့်ပမာ နာကျင်ကိုက်ခဲစေပါသည်။ ရန်ကုန်သို့ အပြန်
တစ်လျှောက်လုံး ခံပြင်းစိတ်ဖြင့် သူကြေကွဲနေမိ၏။

ကွန်ပျူတာ၊ ဖက်(စ်)နှင့် တယ်လီဖုန်းများအကြား၌
မွေ့ပျော်နေတတ်ပါလျက် စာပေမြတ်နိုးသူတစ်ယောက်
ဟန်ဆောင်ကောင်းခဲ့သော ထိုအမျိုးသမီးအား အိမ်ပြန်ရေ
လျှင် သူ ဘယ်လိုပုံစံမျိုးနှင့် မျက်နှာချင်းဆိုင်ရမှာပါလိမ့်။

ယခင်ကတော့ သူ၏ အိမ်အပြန်ခရီးသည် ပျော်ရွှင်
အတိ ဖြစ်ခဲ့ဖူး၏။ မည်မျှပင် အလုပ်များသောနေ့ ဖြစ်ပါ





ပြန်လာမည်ဆိုသည်နှင့် ကြာညိုခင်သည် ထိုအလုပ်များအား
ထားပြီး အိမ်သို့ပြန်ကာ သူ့အလာကို အိမ်တံခါးဝမှ ဆီးကြို
င့်ဆိုင်းနေတတ်မြဲ ဖြစ်၏။

ဦးဖိုးထင်၏အလုပ်က သူ့အား ကားမောင်းပို့ရုံ အဖော်
က်ပေးရုံမျှမက သူ အိမ်ပြန်တော့မည်ဆိုသည်နှင့် ကြာညို၏
န်အရ သူမ၏ ဆယ်လူလာဖုန်းသို့ လှမ်းဆက်ကာ ဘယ်နေ့
ယ်အချိန်လောက် ပြန်ရောက်မည်ဟု လှမ်းသတင်းပို့ရသည်။

ဤနည်းဖြင့် သူ့အား အိမ်ဝမှ သူမ ဆီးကြိုစောင့်ဆိုင်း
ခဲ့ခြင်း ဖြစ်သည်။

"ဒီတစ်ခေါက် သွားတာ ကြာလိုက်တာ မောင်ရယ်"

ဟူသော စကားမှာ သူမ၏ ပုံမှန်နှုတ်ဆက်စကား ဖြစ်
တတ်ပြီး သူမ ထိုသို့ ပြောလိုက်တိုင်း သူ၏ ခရီးပန်း နွမ်းနယ်
ပြေပျောက်သွားမြဲ ဖြစ်၏။ ယခုတော့ ထိုသို့ဖြစ်ရန် အလွန်
ခဲပါလိမ့်မည်။

အလိမ်အညာ ခံရပါလားဟူသော အသိက သူ့စိတ်ကို
င်းနာကျင်စေခဲ့ပြီ ဖြစ်သည်။

သို့သော် အိမ်ပြန်ရောက်ချိန်မှာတော့ ဘာမှ မဖြစ်သည့်
သူဟန်ဆောင်ခဲ့ပါသည်။

"ကြာညို ပိန်သွားသလိုပဲ၊ အလုပ်တွေ အရမ်းလုပ်နေ
မ်နဲ့ တူတယ်၊ ရော့ ကြာညို့အတွက် အိမ်ပြန်လက်ဆောင်"

သူမ အလွန်နှစ်သက်သော အဝါရောင်နှင်းဆီပန်းစည်း
ခါတိုင်းလိုပင် လှမ်းပေးလိုက်ရင်း ပုံမှန်အသံဖြင့် သူ ပြော

လိုက်သည်။ သူမက နှင်းဆီပန်းစည်းကို လှမ်းယူလိုက်သော်လ
ခါတိုင်းကဲ့သို့ ကျေးဇူးပဲ မောင်ဟု ပြန်မပြောပါ။ သူမ ပြော
က ...

"မောင့်ကြည့်ရတာ တစ်မျိုးပဲ၊ မောင် တစ်ခုခု ဖြစ်
သလားဟင်"

သူ၏ ဝတ္ထုတစ်အုပ်တစ်လေကိုမှ မဖတ်ဖူးသော
သည် သူ၏မျက်နှာကို ဖတ်ရှုရာမှာတော့ အလွန်တော်သူဖြစ်
သူမ၏စကားကြောင့် သူ့ဟန်ဆောင်မှုတို့ မပိရိမှန်း သေချာ
သဖြင့် အကောင်းဆုံး အဖြေတစ်ခုကို အလျင်အမြန် စဉ်းစား
သူမအား ပြန်ပြောလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ လမ်းမှာ ကားဘီးပေါက်လို့ နည်း
စိတ်တိုလာတာပါ"

ထိုစကား မှန်မမှန် ဦးဖိုးထင်အား သူမ သွားမေးဦး
ဖြစ်၏။ သို့သော် အမှန်တကယ်လည်း ကားဘီးပေါက်ခဲ့သ
သူ၏အဖြေက ယုတ္တိတန်နေပါလိမ့်မည်။

ဤသို့ဖြင့် သူမနှင့် ပတ်သက်သည့် သူ့ရင်ထဲမှ နာ
မှုအား သူမ မသိအောင် ဟန်ဆောင်မြိုသိပ်နိုင်ခဲ့သော်လ
အောင်နိုင်ဝင်းကိုတော့ ပြောမပြဘဲ မနေနိုင်ခဲ့ပါ။

အောင်နိုင်ဝင်းက သူပြောပြောချင်း အံ့ဩသွားခဲ့
လည်း နောက်ပိုင်းမှာတော့ တည်ငြိမ်အေးဆေးစွာ သူ့စ
ဆုံးသည်အထိ နားထောင်နေခဲ့သည်။ စကားဆုံးတော့မှ အေ
နိုင်ဝင်း သူ့ကို မေးသည်။



"အဲဒီတော့ ကြာညိုခင်ကို မင်း နာကျည်းသွားတယ်
ါတော့"

ထိုမေးခွန်းအား ခေါင်းယမ်း တုန့်ပြန်လိုက်ပါသည်။

"နာကျည်းတာထက် နာကျင်သွားတာလို့ ပြောရင် ပိုပြီး
လိမ့်မယ် အောင်နိုင်ဝင်း၊ လောကမှာ မေတ္တာတရားကို လိမ်
ယူတာလောက် ဆိုးတာ မရှိဘူး၊ မေတ္တာဆိုတာ ခိုးယူဖို့ကော
်ယူဖို့ပါ မသင့်တဲ့အရာမျိုး၊ မင်းသာ ငါ့နေရာမှာဆိုရင် ဘယ်
ခံစားရမလဲ"

အောင်နိုင်ဝင်း၏အဖြေက အလွန်ပြတ်သားလှပါသည်။
ယ်လိုမှ မခံစားရဘူးတဲ့။

"ငါ အဲလိုဖြေလို့ စိတ်မဆိုးနဲ့ အာကာ၊ တကယ်ပြောတာ၊
ဖြစ်လို့လဲဆိုတော့ မင်းပြောသလို မေတ္တာကို အလိမ်ခံရတယ်ပဲ
းပါတော့၊ အဲဒီလို မင်း အလိမ်မခံရခင်ကတည်းက သူ့မေတ္တာ
မင်းဆီမှာ ရောက်နေပြီသား၊ မင်းရထားပြီးသား၊ နောက်ပြီး
ယူအဆကို ပြောရရင် မေတ္တာဆိုတာ လိမ်ယူလို့ မရဘူး၊
်ချင်းလိမ် မင်းနဲ့ရင်းနှီးချင်လို့ မင်းရဲ့ရင်းနှီးမှုကို လိမ်ညာယူ
ပဲ ဖြစ်မယ်၊ အဲဒီလို လိမ်ညာရတာဟာလည်း မင်းကို သိပ်ချစ်
"

"ဘာပဲဖြစ်ဖြစ် လိမ်တာကတော့ လိမ်တာပဲ မဟုတ်လား၊
အတွက် သူ့မှာ အပြစ်မရှိဘူးလား"

အောင်နိုင်ဝင်းက ၎င်း၏ဆံပင်ရှည်ရှည်များအား သပ်
်ရင်း အေးဆေးစွာ ပြန်ဖြေသည်။

"ငါ့အမြင်အရတော့ မရှိဘူးလို့ ထင်တယ်၊ လိမ်တ
ညာတယ်ဆိုတာ စေတနာနဲ့လည်း ဆိုင်သေးတယ် အာကာ၊ မင်
ငါ ပုံပြင်တစ်ပုဒ် ပြောပြမယ်၊ တစ်ခါက ဇရပ်တစ်ခုမှာ ဘုန်း
တစ်ပါး ထိုင်နေတယ်၊ အဲဒီအချိန်မှာ သူခိုးတစ်ယောက် အ
အလွှားနဲ့ ဇရပ်ရှေ့ ရောက်လာတယ်၊ ဘုန်းကြီးကိုလည်း မြင်
ဘုန်းကြီးနားလာပြီး သူ့ကိုသတ်ဖို့ သူ့နောက်မှာ ရွာသား
လိုက်လာကြတယ်၊ မိရင် အသတ်ခံရမှာမို့လို့ ဘုန်းကြီးကို သ
တစ်ယောက် တွေ့လိုက်သလားလို့မေးရင် မတွေ့ဘူး ဖြေပေ
ဘုရားလို့ လျှောက်ပြီး ဆက်ပြေးသွားတယ်၊ အဲဒီ တော့ ဘုန်းကြီ
သူ မကယ်ရင် သူခိုးတော့ သေရတော့မှာပဲလို့ တွေးပြီး ဝ
ထိုင်တဲ့နေရာကနေ ဘေးနားကို နေရာရွှေ့ပြီး ထိုင်လိုက်တယ်

အောင်နိုင်ဝင်းက စကားကို ရပ်ပြီး သူ့အား အကဲ
သလို ကြည့်သည်။ သူ ခပ်သဲ့သဲ့ ပြုံးလိုက်ရင်း အောင်နိုင်ဝင်
တစ်ပိုင်းတစ်စ ပုံပြင်ကို အဆုံးသတ်ပေးလိုက်သည်။

"အဲဒီအချိန်မှာ ရွာသားတွေ ရောက်လာပြီး သူခိုး
ယောက် ဖြတ်ပြေးသွားတာ တွေ့လိုက်ပါသလားလို့ မေးမ
အဲဒီတော့ ဘုန်းကြီးက ဒီနေရာမှာ ထိုင်နေတဲ့အထိတော့ သ
တစ်ယောက်မှ မတွေ့မိသေးပါဘူးလို့ ဖြေမယ်၊ ဒါနဲ့ပဲ ရွာသား
လှည့်ပြန်သွားကြတယ်၊ မင်း ဆက်ပြောမှာ အဲဒါမဟုတ်လား အေ
နိုင်ဝင်း၊ မင်းပုံပြင်က ကောင်းပါတယ်၊ ဒါပေမယ့် ငါ့အဖြစ်နဲ့
သပ်သပ်စီပဲ"

"ငါဆိုလိုချင်တာက လိမ်ညာမှုတစ်ခုရဲ့ နောက်ကွယ်





ကြောင့် လိမ်ညာရသလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လိမ်ညာရ
ဲဆိုတဲ့ အကြောင်း၊ စေတနာဆိုတာ ရှိတယ်၊ အဲဒါကို ဆိုလို
တာပါ၊ ခု မင်းနဲ့ ကြာညိုခင်ကိစ္စမှာ ကြာညိုခင် မင်းကို
ကြောင့် လိမ်ညာခဲ့ရသလဲ၊ အဲဒါကို မင်း သေသေချာချာ
စားကြည့်ရင် မင်းရဲ့ ခံပြင်းတာတွေ နာကျင်တာတွေ ပျောက်
းလိမ့်မယ် အာကာ"

အောင်နိုင်ဝင်းသည် တရားချကောင်းသူတစ်ယောက်
ကြောင်း ယုံမှားသံသယ ဖြစ်စရာ မရှိပါ။ သို့သော် သူ့ရင်ထဲ
မဆိုစလောက် ထိရှပွန်းပဲ့ခဲ့သော ဒဏ်ရာကတော့ အောင်
င်း ပြောသလို လွယ်လင့်တကူ ကွယ်ပျောက်မသွားခဲ့။ အစ
လာက် မနာကျင်တော့သည့်တိုင် တနုံ့နုံ့နှင့် ဆက်လက် ကိုက်
နေခဲ့မြဲ ဖြစ်သည်။

ထိုအတောအတွင်း ကြာညိုခင်၏ ယုယကြင်နာမှုများ၊
လိုက်တသိရှိမှုများကို တွေ့မြင်ခံစားရတိုင်း ဒါတွေကော အတု
ယောင် လိမ်ညာမှုတွေ ဖြစ်နေမလားဟု သံသယ ဝင်တတ်သည့်
နာတစ်ခုပါ အဆစ်တိုးလာပါသည်။

အခြေအနေအားလုံးကို သိနေသော အောင်နိုင်ဝင်းက
အား အကြံပေးသည်။

"ဒီပုံအတိုင်းဆိုရင်တော့ မင်းခံစားနေရတာတွေနဲ့ ပတ်
ပြီး ခေါင်းအေးအေးနဲ့ အမြန်ဆုံး ဝေဖန်သုံးသပ်ဖို့ လိုပြီ
ကာ၊ ကြာရင် ပိုဆိုးကုန်လိမ့်မယ်"

အောင်နိုင်ဝင်း၏ အကြံပေးတိုက်တွန်းမှုအား သူ ကန့်

ကွက်စရာ မရှိပါ။ ထို့ကြောင့် ချက်ချင်းပင် ခရီးတစ်ခု ပြန်ထွ
သူဆုံးဖြတ်လိုက်ပါသည်။





(၉)

"ဘာပြောတယ် မောင်၊ ခရီးထွက်ဦးမယ် ဟုတ်လား"

သူမ၏အသံက ထိတ်လန့်တကြား နိုင်လွန်းလှပါသည်။ ု အသာအယာ ခေါင်းညိတ်ပြလိုက်တော့ သူ့ကို ကြည့်ရင်း ...

"ဒါတော့ တဆိတ် လွန်လွန်းပြီထင်တယ် မောင်"

"ဘာကို ဆိုလိုတာလဲ ကြာညို"

"မောင် စဉ်းစားကြည့်လေ၊ ပြီးခဲ့တဲ့ တစ်လလုံးလည်း မောင် အိမ်မှာမရှိဘူး၊ ခုပြန်ရောက်တာတောင် ဆယ်ရက်မပြည့် သေးဘူး၊ ခရီးထပ်ထွက်ဦးမယ်ဆိုတော့ ကြာညို့နေရာကလည်း မောင် ကိုယ်ချင်းစာကြည့်ပါဦး"

(ကျွန်တော့်နေရာကလည်း ဝင်ပြီး ကိုယ်ချင်းစာကြည့်ပါ ဒေါ်ကြာညိုရှင်၊ ခုထွက်ရတဲ့ခရီးဟာ ဘာအတွက်ကြောင့်လဲ) လည်ချောင်းဝသို့ တိုးထွက်လာကြသော်လည်း ထိုစကားလုံးများ

ပွင့်အန်မကျသွားအောင် သူ အလျင်အမြန် ထိန်းချုပ်နိုင်ခဲ့ပါသည်
"ကျွန်တော် မသွားလို့ မဖြစ်ဘူး ကြာညို၊ အမှန်တကယ
လိုအပ်လို့ သွားရတာ၊ နောက်ပြီး ခုသွားမယ့်ခရီးမှာ ဦးဖိုးထင်
ခေါ် မသွားဘူး"

"မောင်တစ်ယောက်တည်း သွားမယ်ပေါ့"

"ဟုတ်တယ်"

သူမ သူ့အား နားမလည်သလို အကြာကြီး ငေးကြ
နေပြီးမှ သက်ပြင်းချလိုက်ပါသည်။ ထို့နောက် ဘယ်ကိုသွားမှ
လဲဟု ခပ်တိုးတိုးမေးတော့ မန္တလေးဟု အဖြေပေးလိုက်ပြီး သ
တည်းမည့် ဟိုတယ်အမည်ကိုပါ ပြောပြလိုက်သည်။

"တစ်ခုတော့ ကြိုပြီးပြောထားပါရစေ ကြာညို၊ ကျွ
တော့်ဆီကို သရေးရှင်ရေးကလွဲပြီး ဖုန်းလုံးဝမဆက်ပါနဲ့"

သူ့စကားကြောင့် သူမ၏မျက်နှာပေါ်၌ အရိပ်အယော
တစ်ချို့ လျင်မြန်စွာ ဖြတ်သန်းသွားကြလေသည်။ မကျေမနပ် ဖြ
သွားသည်လား၊ ကြေကွဲဝမ်းနည်းသွားသည်လား သူ ဝေခွဲမရ။ သ
သော် ယခုအချိန်၌ သူမ၏ခံစားမှုထက် သူ့ရင်ထဲမှ ခံစားမှုတို့က
ပို၍အရေးကြီးနေသဖြင့် သူမမျက်နှာပေါ်မှ အရိပ်အယောင်တို့က
သူ သရုပ်ခွဲမနေနိုင်ပါ။

ထို့ကြောင့် နောက်တစ်နေ့မနက်မှာပင် မန္တလေးသို့ သ
တစ်ယောက်တည်း ထွက်လာခဲ့သည်။ တကယ်တော့ သူ၏ခရီးသည
သူ့ရင်ထဲမှ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများအား ကုစားရန်၊ ကြာညို
ခင်နှင့် ပတ်သက်သည့် လိပ်ခဲတည်းလည်း ဖြစ်နေမှုတို့အာ





ဖျောက်ရန် ဖြစ်သည်။ အကယ်၍ ထိုခရီးကြောင့် စိတ်ပိုင်းဆိုင်
ဝေဒနာတစ်ခု ထပ်တိုးမည်မှန်းသိလျှင် မန္တလေးသို့ သွားဖြစ်ခဲ့
မည် မဟုတ်ပါ။

◈ ◈ ◈

သူတည်းခိုသော ဟိုတယ်မှာ ဟိုတယ်ဟု အမည်တပ်
ထားသော်လည်း တကယ်တော့ တည်းခိုခန်းသာသာမျှသာ ဖြစ်
သည်။ ထိုသို့ တည်းခိုခန်းသာသာ ဟိုတယ်အသေးစားလေးမှာ
တည်းခိုသော သူသည် ထမင်းထွက်စားသောအခါများ၌လည်း
ချောင်ကျကျ ခပ်စုတ်စုတ် ဆိုင်များကိုသာ ရွေးချယ်စားလေ့ ရှိ၏။

မီးထိန်ထိန်လင်း၍ လူများသော စားတော်ဆက်များကို
တမင်ရှောင်ရှားခဲ့ပါသည်။ အကြောင်းကတော့ မန္တလေး၌
ကြာညိုခင်၏ ဆောက်လုပ်ရေးစီမံကိန်းတစ်ခု ရှိကြောင်း သူ
ကြိုတင် သိထားခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုဆောက်လုပ်ရေးလုပ်ငန်းမှ သူ့အား ကြာညိုခင်၏
မျိုးသားမှန်း သိနေသူများနှင့် မတော်တဆ တွေ့ဆုံမှာစိုးသည့်
အတွက် မီးမှောင်မှောင်နှင့် ချောင်ကျကျ ထမင်းဆိုင် ခေါက်ဆွဲဆိုင်
များကို တမင်ရွေးချယ်၍ စားသောက်ခဲ့ခြင်း ဖြစ်သည်။

တတိယမြောက်နေ့ ညစာစားရန် သူရွေးချယ်ခဲ့သည့်
ဆိုင်ကတော့ အရင်နေ့တွေတုန်းက သူစားခဲ့သောဆိုင်များထက်

ဝင်ပို၍ စုတ်ချာချာနိုင်လှသည့်အပြင် မီးပျက်နေသဖြင့် ဖယော
တိုင်လေးများ ကျိုးတိုးကျဲတဲ ထွန်းထားသော ဆိုင်လေး ဖြစ်သ

ထမင်းကြော်တစ်ပွဲနှင့် မန္တလေးဘီယာတစ်လုံး မှာ
ဘေးဘီဝဲယာကို ကြည့်လိုက်တော့ တစ်ဆိုင်လုံး၌ စားသောက်
ဟူ၍ သူတစ်ယောက်တည်းသာ ရှိသဖြင့် ကျေနပ်သွားမိသ
သို့သော် သူ၏စိတ်ကျေနပ်မှုက ကြာကြာမခံပါ။

ဘီယာတစ်ခွက် မကုန်ခင်မှာပင် ဆိုင်ထဲသို့ လူတ
ယောက် ဝင်လာသည်။ လူအများကြီး ဝင်လာပြီး အော်ကြီးဟ
ကျယ် စကားပြောကြမှာထက်စာလျှင် တစ်ယောက်လောက်
လာတာက သိပ်ပြဿနာမရှိပါ။ နောက်ဝင်လာသူက သူ
ကပ်လျက်ဝိုင်းမှာ ထိုင်ပြီး အပေါ်စား အရက်တစ်ပိုင်းနှင့် ကြက်
မွှေကြော်တစ်ပွဲ မှာသည်။

သူကတော့ ထမင်းကြော်ကို စောင့်ဆိုင်းရင်း ဘီယာ
ငုံမ်ဆွဲ၍ သောက်နေလိုက်သည်။

"နောင်ကြီး တဆိတ်ဗျာ၊ မီးလေးတစ်တို့လောက်"

ဘေးဝိုင်းမှလူက သူ့နားသို့ လာ၍ ဆေးလိပ်မီး တော
ခြင်း ဖြစ်သည်။ သူ စီးကရက်ဗူးပေါ်မှ မီးခြစ်ကို လှမ်းပေးလို
သည်။ တကယ်တော့ ထိုလူ ထိုင်နေသောဝိုင်း၌ ဖယောင်းတို
ထွန်းညှိထားသဖြင့် ထိုဖယောင်းတိုင်မီးဖြင့် ၎င်း၏ဆေးလိပ်
ညှိလည်း ရနိုင်ပါလျက် သူ့ဝိုင်းသို့ တမင်လာ၍ မီးညှိခြင်း ဖြ
သည်။

သို့သော် မိတ်ဖွဲ့ချင်သဖြင့် တမင်အကြောင်းရှာခြ





ပ်ပါလိမ့်မည်။ သူ၏အထင် မမှားပါ။

"ခင်ဗျားကြည့်ရတာ တစ်ယောက်တည်း ငေါင်တောင်
တောင်နဲ့ ကျုပ်လည်း ငေါင်နေတာ၊ မထူးပါဘူးဗျာ ခင်ဗျားနဲ့ ကျုပ်
ပါင်းလိုက်ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် ထိုပုဂ္ဂိုလ်က သူ့ရှေ့ခုံ၌ ပိုင်စိုးပိုင်နင်း
င်ထိုင်လိုက်သည်။ ယမကာသမားများ၏ တစ်ယောက်တည်း
ရက်ထိုင်သောက်ရသည့် အထီးကျန်ဆန်မှုကို သူ ကိုယ်ချင်းစာ
သော်လည်း ခွင့်မတောင်းဘဲ ထိုသို့ ပိုင်စိုးပိုင်နင်း ဝင်ထိုင်ခြင်းမျိုး
ကိုတော့ သူ သဘောမကျပါ။

ထိုအချိန်မှာပင် ၎င်းမှာထားသော အရက်တစ်ပိုင်း
ရောက်ရှိလာသဖြင့် ၎င်းက ဖန်ခွက်တစ်ဝက်ခန့် လောင်းထည့်ပြီး
ရမရောဘဲ ဂွပ်ခနဲ မော့ချလိုက်လေသည်။

သူထိုင်နေရာ ဝိုင်း၌ ဖယောင်းတိုင် ထွန်းညှိမထားသ
င့် ၎င်း၏မျက်နှာအား မှုန်ဝါးဝါးသာ တွေ့မြင်ရသော်လည်း
မ်းရိုးကားကားနှင့် ခပ်ကြမ်းကြမ်း ရုပ်ရည်မျိုး ဖြစ်ကြောင်းကို
တော့ သူ သတိပြုလိုက်မိသည်။ နောက်ထပ် အရက်တစ်ခွက်ကို
တစောကအတိုင်း ရေမရောဘဲ မော့ချလိုက်ပြီးမှ ၎င်းက စကား
သည်။

"ခင်ဗျားကြည့်ရတာ ဒီမြို့က မဟုတ်ဘူးနဲ့ တူတယ်"

"ဟုတ်ကဲ့ ရန်ကုန်ကပါ"

၎င်းက ခပ်တိုးတိုး လေတစ်ချက် ချွန်လိုက်ပြီး "ရန်ကုန်
ဟုတ်လား၊ သိပ်ပျော်စရာကောင်းတဲ့မြို့ပဲ" ဟု ရေရွတ်သည်။

"ကဲ ရန်ကုန်သားတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတဲ့
ထိမ်းအမှတ်အတွက် ... "

ဘာမပြောညာမပြောနှင့် သူ၏ဘီယာလက်နှစ်လုံးလေ
သာ ကျန်သော ဖန်ခွက်ထဲသို့ ငင်းက အရက်များ လောင်းထည့်လို
သည်။ သူ တအံ့တဩ စိတ်ပျက်သွားလျက် ခေါင်းခါရမ်းလိုက
သည်။

"ဘာဖြစ်လို့လဲ"

"ဆောရီးဗျာ၊ ကျွန်တော် အရက်ပြင်း မသောက်တတ်

သူ၏စကားကြောင့် ငင်းက ခပ်ကျယ်ကျယ် အော်ရ
လေသည်။

"လောကကြီးမှာ အရက်မသောက်တတ်တဲ့ ယောက်
ဟာ မိန်းမနဲ့ မအိပ်ဖူးတဲ့ ယောက်ျားလိုပဲ သိပ်သနားစရာကော
တယ်"

သူ ထောင်းကနဲ ဒေါသထွက်သွားသည်။ ငင်း၏စက
က အရက်မသောက်တတ်လျှင်ပဲ ယောက်ျားမပီသတော့သ
သဘောမျိုး ဖြစ်၏။

"ကဲ လုပ်ဗျာ၊ တစ်ကျိုက်တည်း ချလိုက်ကြရအောင်"

"ကျွန်တော် တကယ် အရက်မသောက်တတ်လို့ပါ၊ စိ
မရှိပါနဲ့ဗျာ၊ နောက်ပြီး ကျွန်တော့်မှာ ချိန်းထားတဲ့ကိစ္စလေးတစ်
ရှိလို့ ခွင့်ပြုပါဦး"

မှာယူထားသော ထမင်းကြော်ကို မစားတော့ရန် 
ဖြတ်လိုက်ပြီး ငွေရှင်းရန် ထိုင်ရာမှ ထရပ်လိုက်တော့ ထိုလူ





လွန်လျှင်မြန်စွာ သူ၏လက်အား ဖြတ်ကနဲ လှမ်းဆွဲလိုက်သည်။

"ပြန်ထိုင်ပါ ကိုယ့်လူ၊ နောက်ပြီး ကျုပ်တိုက်တဲ့အရက်ကို
သာက်ပါ၊ မသောက်ဘူးဆိုရင်တော့ ခင်ဗျား ကျုပ်ကို စော်ကား
က်တာပဲလို့ သတ်မှတ်ရလိမ့်မယ်"

"ဒီမှာ မိတ်ဆွေ၊ ကျွန်တော် ခင်ဗျား စေတနာကို လေး
းပါတယ်၊ ဒါပေမယ့် ကျွန်တော် အရက်မသောက်တာကို စိတ်
ရှိပါနဲ့"

"ခင်ဗျား ကျုပ်ကို စော်ကားလိုက်တာပေါ့ ဟုတ်လား"

"မဆီမဆိုင်ဗျာ၊ အဓိပ္ပါယ်မရှိတာတွေ မပြောစမ်းပါနဲ့
ျွန်တော့်ကို ခွင့်ပြုပါဦး"

ငင်းလှမ်းဆွဲထားသောလက်အား ဆောင့်ရုန်းလိုက်၏။
အချိန်မှာပင် ဘယ်လိုမှ ထင်မထားသော အဖြစ်အပျက်တို့က
လွန်လျှင်မြန်စွာ ဖြစ်ပွားခဲ့လေသည်။

ထိုလူက အရက်ပုလင်းအား စားပွဲစောင်းနှင့် ရိုက်ခွဲလိုက်
တင်းကြပ်စွာ ချုပ်ကိုင်ထားသော သူ၏လက်ကို ပုလင်းပိုင်းနှင့်
မ်းထိုးလိုက်၏။ သူ တအံ့တဩ မှင်သက်နေရာမှ ချက်ချင်း အသိ
ပြီး စားပွဲပေါ်မှ ဘီယာပုလင်းကို လွတ်နေသော ကျန်လက်တစ်
က်နှင့် လှမ်းယူကာ ငင်း၏မျက်နှာကို ဖြတ်ရိုက်လိုက်သော်လည်း
၏ရိုက်ချက်က မထိပါ။

နောက်တစ်ကြိမ် ထပ်ရိုက်ရန် အားယူစဉ်မှာပင် ငင်းက
မ်းချုပ်ထားသော သူ၏လက်ကို လွှတ်ပြီး ဆိုင်ထဲမှ ပြေးထွက်
ားလေသည်။ အဖြစ်အပျက်တို့က အလွန်တိုတောင်း လျင်မြန်

လှုပါသည်။ ထိုလူနောက်သို့ ပြေးလိုက်ရန် ကြိုးစားသော်လည်
ဘယ်လိုမှ မမှီနိုင်တော့ပါ။

ဆိုင်ပိုင်ရှင်နှင့် စားပွဲထိုးတစ်ယောက် သူ့နားသို့ လျ
မြန်စွာ ရောက်ရှိလာကြသည်။ စားပွဲထိုးလေးက "ဘယ်လိုဖြစ်ဂြ
တာလဲ" ဟု မေးမြန်းစဉ်မှာပင် ဆိုင်ပိုင်ရှင်က သူ့အား ကြည့်ရ
စိုးရိမ်တကြီး လှမ်းပြောပါသည်။

"ဟော့လူ ခင်ဗျား ဆေးခန်းတစ်ခုခုကို မြန်မြန်သွား
ဖြစ်မယ်"

"ဘာအတွက်လဲ"

"ခင်ဗျားလက်က ဒဏ်ရာလေ"

သည်တော့မှ သူ၏လက်မှ ဒဏ်ရာကို ကြည့်လိုက်တေ
ပုလင်းပြတ်နှင့် ထိုးစိုက်ခံခဲ့ရသော ညာဘက်လက်ကောက်ဝတ်
သွေးတို့က မြင်မကောင်းလောက်အောင် စီးယိုထွက်နေကြသ
မှာ ကြမ်းပြင်၌ အိုင်ထွန်းနေသည်အထိပင် ဖြစ်သည်။

"လာလာ၊ ကျွန်တော့်ကားနဲ့ ခင်ဗျားကို ဆေးခန်းလိုက်
ပေးမယ်၊ လောလောဆယ် ဒဏ်ရာကို လက်ကိုင်ပုဝါနဲ့ စည
ထားလိုက်"

ဆိုင်ရှင်က အလောတကြီး ပြောသော်လည်း သူကတေ
သွေးတို့ဖြင့် ရဲရဲနီနေသော ညာလက်ကိုသာ ကြက်သေသေ
တအံ့တသြ ငေးကြည့်နေမိသည်။

... ပြီးပါပြီ ...





(၁၀)

"ခင်ဗျား-အမှုဖွင့်မှ ဖြစ်မယ်"

ဆရာဝန်က တည်ငြိမ်အေးဆေးစွာ ပြောသည်၊ သူက
ာ့ ဆရာဝန်၏စကားကို တစ်စုံတစ်ရာ မတုန့်ပြန်ဘဲ ငါးချက်
တိ ချုပ်လိုက်ရသော ပတ်တီးဖြူဖြူ စည်းထားသည့် ညာဘက်
က်ကောက်ဝတ်ကိုသာ ငေးကြည့်နေမိသည်၊

"ကျွန်တော့်လက်အခြေအနေက တော်တော် ဆိုးသလား
ရာ"

သူ ဆရာဝန်ကို မေးလိုက်တော့ ဆရာဝန်က သက်ပြင်း
စ်ချက် ဖွဖွရှိုက်၏။

"သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ်လို
ာမလဲ၊ တော်တော်လေးတော့ ကြိုးစားပမ်းစား ချုပ်လိုက်ရ

တယ်"

"ကျွန်တော် စာရေးလို့ ရနိုင်မလား ဆရာ"

"ဘယ်လိုလဲ"

"ဒီလက်နဲ့ စာတွေဘာတွေ ပြန်ရေးလို့ ရနိုင်ပါ့မ
ဆရာ"

ဆရာဝန်က အကြာကြီး နှုတ်ဆိတ် ငြိမ်သက်သွားသ
အတော်ကြီးကြာမှ သူ့အား ပြန်လည်အဖြေပေး၏။

"ကျွန်တော်တော့ သိပ်မထင်ဘူး"

ဆရာဝန်က သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သ

"ခင်ဗျားလက်က အရေးကြီးတဲ့ အကြော တော်
များများ ထိသွားတယ်၊ ဒဏ်ရာပျောက်သွားရင်တောင်မှ ဒီ
သက် ဖောင်တိန်ကိုင်ပြီး စာရေးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

"ဗျာ"

ကမ္ဘာလောကကြီးတစ်ခုလုံး အမှောင်အတိကျသွ
သည့်ပမာ ခံစားလိုက်ရလေသည်။

... ✿✿✿ ...





# အပိုင်းသုံး

Where there is darkness, Let me sow Light.

Where there is despair, Let me sow hope.

မှောင်မိုက်ခြင်းမှ အလင်းဆီသို့ မျိုးထောင်နိုင်ရပါလို၏။

အားငယ်ခြင်းမှ မျှော်လင့်ခြင်းသို့ မျိုးထောင်နိုင်ရပါလို၏။

(စိန့်ဖရန်စစ်)

(၁)

သူ့ဘေးနား၌ အော်တိုရေးခိုင်းသူ ကောင်မလေး သုံး
ကက် ရပ်နေကြသည်။ တစ်ယောက်ပြီးတစ်ယောက် အော်တို
ပေးလိုက်တော့ မိန်းကလေးများက ကျေးဇူးတင်ကြောင်း ပြောပြီး
က်ခွာသွားကြသည်။

သို့သော် ချက်ချင်းပင် ထိုမိန်းကလေးသုံးယောက် ပြန်
က်လာကြပြီး သူရေးထိုးပေးလိုက်သော အော်တိုစာအုပ်ကို
ပြသည်။ စာအုပ်ထဲ၌ သူရေးထိုးပေးလိုက်သော လက်မှတ်
လုံးတစ်လေမျှပင် မရှိ။ အားလုံး ဗလာသက်သက် ဖြစ်နေ
သည်။ သူ့လက်ကို ငုံ့ကြည့်လိုက်တော့ သူ့လက်၌လည်း
သည့် ဖောင်တိန်မှ ရှိမနေဘဲ ဗလာသက်သက်သာ ဖြစ်နေ
ည်။

သူ တအံ့တသြ ဖြစ်နေစဉ်မှာပင် မိန်းကလေးမျာ
ကိစ္စမရှိပါဘူး၊ စာရေးဆရာ အာကာစိုးမိုးက စာမှ မရေးနိုင်
တာပဲဟု ပြောကာ လှောင်ပြောင်ရယ်မောရာ ထွက်ခွာသွာ
လေသည်။

အိပ်မက်ဆိုး၏ ခြောက်လှန့်မှုကြောင့် သူ အိပ်
ဖြတ်ကနဲ လန့်နိုးလာ၏။

ကြာညိုခင်တစော့ သူ၏ဘေး၌ နှစ်ခြိုက်စွာ အိပ်
ကျနေသည်။ သူ ကုတင်ပေါ်မှ ငြင်သာစွာ ဆင်းလိုက်ပြီး
ရက်ဗူးနှင့် မီးခြစ်ကို ယူကာ အိပ်ခန်းအပြင်ဘက်သို့ ထွက်လ
သည်။

အိပ်ခန်းနှင့် ကပ်လျက် တစ်ချိန်က သူစာရေးရန်
သော ရည်ရွယ်ချက်နှင့် ကြာညိုခင် ပြုလုပ်ပေးထားခဲ့သော အ
ဆီသို့ လှမ်းကြည့်လိုက်တော့ အခန်းတွင်းရှိ စာရေးစားပွဲ
တွန်ပျူတာတစ်လုံးက အခန့်သား နေရာယူထားလေသည်။

သူ စာရေးရန် ကြာညိုခင် ဖန်တီးပေးထားခဲ့သောအ
မှာ အခုတော့ ကြာညိုခင်၏ အလုပ်ခန်း ဖြစ်နေခဲ့လေပြီ။ ညြ
ဆီသို့ ဆက်လျှောက်လာပြီး ဆက်တီတစ်လုံးတွင် ဝင်ထိုင်ကာ
ရက် တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။ စောစောက မက်ခဲ့
အိပ်မက်ဆိုး၏ ခြောက်လှန့်မှုက ယခုတိုင်အောင် သူ့အား ဖိ
ဆဲ ဖြစ်သည်။

စာရေးဆရာ အာကာစိုးမိုးက စာမှ မရေးနိုင်တော့
ပဲတဲ့။





စီးကရက်ကို ခပ်ကြမ်းကြမ်း ဖွာရှိုက်ရင်း သူ၏ညာဘက်
က်ကို ကြည့်လိုက်သည်။ ရှည်သွယ်သော လက်ချောင်းများနှင့်
လက်မှာ သူ အလွန်မြတ်နိုးတန်ဖိုးထားသော လက်ဖြစ်၏။

ထိုလက်ကြောင့် ဝတ္ထုများစွာကို ရေးသားနိုင်ခဲ့သလို
ွမျိုးရင်းခြာတို့၏ အနှိမ်ခံဘဝမှ လွတ်မြောက်ခဲ့ရသည်။

ထိုလက်ကြောင့် အောင်မြင်မှုတို့ကို ရရှိခဲ့သလို လောက
၌ အသုံးဝင်သူ တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို ကျေနပ်
ခဲ့သည်။

ယခုတော့ ထိုလက်သည် အသုံးမဝင်သော လက်တစ်ဖက်
ခဲ့လေပြီ။

သူသည်လည်း သူ၏လက်လိုပင် လောကကြီး၌ အသုံး
င်တော့သည့် လူပိုတစ်ယောက်အဖြစ်ကို ရောက်ရှိခဲ့ပြီ ဖြစ်၏။
တစ်ခုလုံး အမှောင်ကျခဲ့သလို အနာဂတ်အိပ်မက်တို့လည်း
ာက်ကွယ်ခဲ့ရလေသည်။

သူ၏လက်ကို ကြည့်ရင်း ဝမ်းနည်းကြေကွဲမှု နာကျည်းမှု
က ရင်ထဲမှာ တလိပ်လိပ် တက်လာကြ၏။

လောကကြီးမှာ ဘာမှ မဖန်တီးနိုင်တော့သည့် လက်။

အပိုသက်သက် လက်။

အံကို တင်းတင်းကြိတ်ထားရင်းမှ ယောကျ်ားတန်မဲ့ ပါးပြင်
ါသို့ မျက်ရည်တစ်စက် လိမ့်ဆင်းလာ၏။ ချုပ်တည်းထားသမျှ
်တရက် ပေါက်ကွဲသွားကာ သူ့ရှေ့စားပွဲပေါ်မှ ပန်းများ ထိုးစိုက်
ားသည့် ဖန်ပန်းအိုးကို ညာဘက်လက်ဖြင့် ထိုးခွဲလိုက်မိသည်။

တိတ်ဆိတ်နေသော အိမ်အတွင်း ပန်းအိုးကွဲသံက ပေါက်ကွဲသံအလား ဆူညံလျက် ကျယ်လောင်စွာ ထွက်ပေါ် လာသည်။ ချက်ချင်းဆိုသလိုပင် အိပ်ရာမှ နိုးလာကြသော ကြ ညိုခင်နှင့် ဒေါ်လေးငယ်တို့ သူ့အနားသို့ ရောက်ရှိလာကြ သူမတို့ ရောက်ရှိလာချိန်၌ မျက်နှာကို လက်ဝါးနှင့်အုပ်လျ ခေါင်းငုံ့ကာ အသံမထွက်ဘဲ သူ မျက်ရည်ကျနေမိသည်။

"မောင် မောင် ဘာဖြစ်တာလဲ၊ အို... လက်မှာ သွေးတွေ ပါလား"

ကြာညိုခင် သူ့အနားက ဝင်ထိုင်ပြီး သူ့ဘက် လ ကို ဆွဲယူကာ စိုးရိမ်တကြီး ရေရွတ်သည်။

"မောင်အာကာ သတိထားလေ ဘာဖြစ်လို့ မျက် ကျနေတာလဲ"

"ဒေါ်လေးငယ်၊ မောင့်လက်မှာ သွေးတွေ အရမ်းထွ နေပြီ၊ အိမ်ဖော်ကောင်မလေးတွေကို နှိုးပြီး အရက်ပျံတို့ ဂွမ် ယူခိုင်းစမ်းပါဦး"

"အေး အေး"

ဒေါ်လေးငယ် ပျာရိပျာယာဖြင့် ထွက်သွား၏။

သူ ကြာညိုခင်ကို ပြောလိုက်သည်။

"မလိုဘူး ကြာညို၊ ကျွန်တော့်လက်အတွက် စိုးရိမ်မ

"အို ဘာဖြစ်လို့ မစိုးရိမ်ရမှာလဲ၊ မောင့်လက်မှာ တွေ ဒီလောက်ထွက်နေတဲ့ဥစ္စာ၊ ဆေးတွေဘာတွေ ထည့်မှ မှာပေါ့"





"ဆေးထည့်လို့လည်း အဲဒီလက်က ပိုကောင်းလာမှာမှ တ်ဘဲ ကြာညို"

သူ့စကားကြောင့် ကြာညိုခင် သူ့အား ကြည့်၏။ သူ့ ား၏ အဓိပ္ပါယ်ကို သူမ ကောင်းစွာ နားလည်ပုံရပါသည်။ င်ရယ်ဟု ရေရွတ်လျက် မျက်ရည်ပေါက်များ သူမ ပါးပြင် ါ်သို့ လျင်မြန်စွာ လိမ့်ဆင်းလာကြသည်။ ထို့နောက် သူ၏ လက်အား ဆွဲယူပြီး သူမ၏ရင်ခွင်ထဲသို့ ပွေ့ပိုက်လိုက်သည်။

ကြာညိုခင်၏ အဖြူရောင် ညဝတ်အကျီရင်ဘတ်၌ သူ့ က်မှ သွေးတို့ဖြင့် နီရဲစွန်းထင်းသွားကြလေသည်။

... ပြီးပါပြီ ...

(၂)

"တောက် မိုက်ရိုင်းလိုက်တဲ့ကောင်ကွာ"

အောင်နိုင်ဝင်းက ခံပြင်းစွာ ရေရွတ်လိုက်၏။

သူ မန္တလေးမှ ပြန်ရောက်ပြီး သုံးရက်လောက်အကြာမှာ င် ကြာညိုခြင် သတင်းပေးမှုအရ အောင်နိုင်ဝင်း သူ့ထံသို့ ရောက်ရှိလာသည်။ ဖြစ်ကြောင်းကုန်စင် သူပြောပြပြီးချိန်မှာတော့ အောင်နိုင်ဝင်း မခံမရပ်နိုင် ဖြစ်စွာ ပေါက်ကွဲခြင်း ဖြစ်လေသည်။

သူကတော့ အောင်နိုင်ဝင်းလို မပေါက်ကွဲနိုင်တော့ပါ။ ခုအချိန်၌ သူ၏ခံစားမှုမှာ ကြေကွဲခြင်းပင် ဖြစ်သည်။ ရန်ကုန် ို့ ပြန်ရောက်ရောက်ချင်း အထူးကုဆရာဝန်ကြီး သုံးလေး ယာက်နှင့် ပြသတိုင်ပင်ပြီးနောက် အားလုံးထံမှ တညီတညွတ် ည်း လက်ခံရရှိသောအဖြေမှာ လက်ချောင်းများအတွက်

အလွန်အရေးပါသည့် နှစ်ကြောများ ပြတ်တောက်သွားသဖြ
ဒီတစ်သက် စာရေးလို့ မရနိုင်တော့ပါ ဟူ၍ဖြစ်သည်။

"ခု ဒဏ်ရာက သက်သာပြီလား"

အောင်နိုင်ဝင်းက သူ့လက်မှ ပတ်တီးဖြူဖြူတို့ကို စို
ငေးရင်း မေးလာသဖြင့် သူ ခေါင်းခါပြလိုက်သည်။

"ဒီတစ်သက် မသေမချင်း ဘယ်တော့မှ သက်သာတေ
မှာ မဟုတ်ဘူး၊ တစ်သက်လုံး ခံစားနေရမှာ အောင်နိုင်ဝင်း"

"သိပ်လည်း စိတ်ဓါတ်ကျမနေပါနဲ့ကွာ"

အောင်နိုင်ဝင်းက သူ့ပခုံးကို ပုတ်၍ အားပေးသည်။

"ငါ စိတ်ဓါတ်ကျနေတာ မဟုတ်ပါဘူး၊ စိတ်ဓါတ်ကျ
လည်း မရတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတာ ငါ့စိတ်ဓါတ်တွေ ပျ
စီးသွားလို့ပဲ၊ တကယ်ဆို သူ ငါ့ကို သေအောင် သတ်လိုက်
ကောင်းတယ်၊ ခုတော့ အသက်ရှင်လျက်နဲ့ ဘဝသေနေရ
အဖြစ်က ဘယ်လောက် ကြေကွဲဖို့ကောင်းသလဲ၊ စာရေးတဲ့ အလုပ်
ငါ့ဘဝပဲ သူငယ်ချင်း၊ ခုတော့ ငါ့ဘဝကြီး ပျက်စီးသွားပြီ သေ
သွားပြီ၊ အနာဂတ်တစ်ခုလုံး ပျောက်ကွယ်သွားပြီ"

"ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူးကွာ၊ ဘဝဆိုတ
ဘယ်တော့မှ မသေနိုင်ပါဘူး"

သူ နာကျင်ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

"မင်းပြောသလို ဖြစ်ရင်တော့ သိပ်ကောင်းတာ
အောင်နိုင်ဝင်း၊ ဒါပေမယ့် ဘယ်တော့မှ အဲဒီလို ဖြစ်နိုင်မှ
မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘဝဆိုတာ အနာဂတ် မျှေ





င့်ချက်တွေနဲ့ တည်ဆောက်ထားတဲ့အရာ၊ အနာဂတ် မရှိတော့ရင်
ဝဆိုတာလဲ မရှိနိုင်တော့ဘူး၊ ခု ငါ့မှာ ဘဝမရှိတော့ဘူး၊ အနာဂတ်
ှိတော့ဘူး၊ အနာဂတ် မရှိဘဲ အသက်ရှင်နေရတဲ့ သူတစ်ယောက်
အဖြစ်ကို မင်း ကိုယ်ချင်းစာကြည့်စမ်း အောင်နိုင်ဝင်း"

အောင်နိုင်ဝင်း သက်ပြင်းတစ်ချက်ကို ဖွဖွရှိုက်သွင်းသည်။
ခြောက်ကပ်နာကျင်စွာ အောင်နိုင်ဝင်းကို ဆက်ပြောလိုက်သည်။

"ငါ စာရေးလို့မရတဲ့ အခြေအနေမျိုး ခဏခဏ ကြုံဖူး
ယ်၊ ငါထင် မဟုတ်ဘူး၊ တခြားစာရေးဆရာတွေလည်း ကြုံဖူး
မှာပဲ၊ အဲဒီလို စာရေးမရတဲ့ အချိန်မျိုးမှာ စာရေးဆရာ တစ်
ာက်အတွက် ဘယ်လောက် ခံစားရတယ် မှတ်သလဲ၊ ခု ငါ
ရေးလို့ မရတော့ဘူး၊ မရတာမှ တစ်သက်လုံး မရတော့တာ၊
ကာစိုးမိုးဆိုတဲ့ကောင်ဟာ အသက်ရှူမရပ်ဘဲ သေသွားခဲ့ပြီ
ာင်နိုင်ဝင်း"

သူ၏ခံစားမှုတို့ကို နားလည်သော အောင်နိုင်ဝင်းက
အား ဖျောင်းဖျ အားပေးပါသည်။ အောင်နိုင်ဝင်းတင်မဟုတ်
ညိုခင်ရော ဒေါ်လေးငယ်ကပါ ဝိုင်းဝန်းအားပေးကြသော်
ည်း သူ၏ဘဝနှင့်စိတ်ဓါတ်တို့ကတော့ ရစရာမရှိအောင် ပြိုကွဲ
က်စီးခဲ့ကြပြီ ဖြစ်သည်။ ကြာညိုခင်ကတော့ ...

"မောင်ရယ် စာမရေးပေမယ့် တခြား မောင်လုပ်နိုင်တဲ့
ပညာအလုပ်တွေ အများကြီး ရှိပါတယ်၊ ဥပမာ- မောင်
ာ်ကောင်းသားပဲ၊ မောင် သီချင်းဆိုပါလား၊ ဒါမှမဟုတ်လည်း
ာင် ရုပ်ရှင်ဒါရိုက်တာ လုပ်ပေါ့"

ကြာညိုခင် အကြံပေးမှုမှာ ဆီလျော်မှန်ကန်သော်လ
ထိုအလုပ်များမှာ သူ့အား စာရေးခြင်းလောက် ရင်ခုန်ဖမ်းစား
လိမ့်မည် မဟုတ်ပါ။

ထိုအကြောင်း ပြောပြတော့ ကြာညိုခင်က ...

"ဒါဆိုရင်လည်း မောင် ရေးချင်တာကို ပါးစပ်နဲ့
ပေးလေ၊ ကြာညို လိုက်ရေးပေးမယ်"

"ကျေးဇူးတင်ပါတယ် ကြာညို၊ ဒါပေမယ့် ကျွန်တ
ပါးစပ်နဲ့ ခေါ်ပေးပြီး စာမရေးတတ်တာ ကြာညို သိသားပဲ"

"ဘာပဲဖြစ်ဖြစ် စမ်းကြည့်ကြတာပေါ့"

"မရဘူး ကြာညို၊ ကျွန်တော့်ကိုယ် ကျွန်တော် သိတ
ဘယ်လိုမှ မဖြစ်နိုင်ဘူး"

သူက စာရေးနေချိန်၌ အနီးအနားတွင် လူတစ်ယော
ယောက် ရှိလျှင်ပင် ရေးတတ်သူ မဟုတ်ပါ။ တစ်စုံတစ်ယောက်အ
ပါးစပ်မှ နှုတ်တိုက်ချပေးဖို့ဆိုလျှင် ပို၍ဝေးပါသေးသည်။ ထို့
ရသစာပေ အနုပညာတစ်ခုအား ဟောပြောပို့ချချက်တစ်ခုပ
ပါးစပ်မှ နှုတ်တိုက်ချပေးဖို့ဆိုသည်မှာ ဘယ်လိုမှ မလွယ်ကူနိုင်

ထို့နောက်ပိုင်းမှာတော့ စာရေးခြင်းကိစ္စနှင့် ပတ်သက်
မည်သူနှင့်မျှ စကားစ မခံတော့ဘဲ မေ့နိုင်အောင် ကြိုးစားခဲ့
ကြာညိုကတော့ အရေးကြီးသောနေ့များမှလွဲ၍ ရုံးမတက်တော့
ရုံးလုပ်ငန်းများအား အိမ်မှပင် ဖုန်းနှင့်ညွှန်ကြား၍ သူ့ဘေးန
အချိန်ပြည့် ရှိနေပေးခဲ့သည်။

ထိုရက်များအတွင်း သူ့အား နှစ်သိမ့်အားပေးရန် စာ





်ဆွေများ၊ အင်တာဗျူးရန် မဂ္ဂဇင်းသမားများ အိမ်သို့ မကြာ
ာ ရောက်ရှိလာတတ်ကြသော်လည်း သူကတော့ မည်သူနှင့်မှ
တွေ့မခံခဲ့။ ၎င်းတို့ သူ့အား အလွန်ဆုံး ပေးနိုင်သောအရာမှာ
်မကောင်းလိုက်တာဗျာ ဟူသော စကားတစ်ခွန်းသာ ဖြစ်ပါ
မ့်မည်။ စာရေးနိုင်သော လက်တစ်ဖက် မဟုတ်နိုင်ပါ။

ထိုသို့ မည်သူနှင့်မှ လက်ခံတွေ့ဆုံခြင်း မပြုသည့် အ
်နောက်ပိုင်းမှာတော့ သူ့ထံသို့ လာသူများ ဖုန်းဆက်သူများ
းပါးသွားကြသည်။

ကြာညိုခင်က သူ့အား အားပေးရန် တတ်နိုင်သမျှ ကြိုး
ခဲ့သော်လည်း သူမ၏ကြိုးစားမှုတို့က မထိရောက်ခဲ့ပါ။

"မောင် ဒီနေ့ မောင့်အကြောင်း ရေးထားတဲ့ မဂ္ဂဇင်း
အုပ် ကြာညို ဝယ်လာတယ်"

"တကူးတက ဝယ်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်
ညို၊ တစ်လက်စတည်း အဲဒီမဂ္ဂဇင်းတွေ အမှိုက်ပုံးထဲအထိ
ထည့်ပေးစမ်းပါ"

"မောင် မဖတ်ဘူးလား"

သူ ခေါင်းကို ခါရမ်းပြလိုက်သည်။

မဂ္ဂဇင်းတင် မဟုတ်၊ အခြားမည်သည့်စာအုပ်မှ သူ
်တော့သလို သူ့မျက်စိရှေ့၌လည်း ရှိမနေအောင် တစ်အိမ်
ရှိသမျှ စာအုပ်များကို ရှင်းလင်းခိုင်းခဲ့သည်။ ထို့ပြင် အပြင်သို့
်း သူ လုံးဝမထွက်တော့ဘဲ အိမ်ထဲ၌သာ အောင်းနေခဲ့လေ
သည်။

ဤနည်းဖြင့် သူ၏ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ
ကုစားခဲ့၏။ သို့သော် သူ မအောင်မြင်ပါ။

. . .  . . .





(၃)

ဒေလီယာ စကားကြောင့် ကြာညိုခင် တအံ့တဩ ရေ
တ်လိုက်မိသည်။

"တယ်လို ဒေလီယာ၊ ပန်းအိုးကို လက်သီးနဲ့ ထိုးခွဲတာ
ကောင်းတဲ့ အလားအလာ ဟုတ်လား"

ဒေလီယာ ခေါင်းညိတ်လိုက်သည်။

"သူ အဲဒီလို ပေါက်ကွဲတာဟာ မခံချင်စိတ် ဝင်လာတဲ့
ဘောပဲ၊ လက်ရှိအခြေအနေကို သူ မခံချင် ဖြစ်လာပြီဆိုရင်
ခြားအခြေအနေမျိုး ရောက်အောင် စည်းရုံးသိမ်းသွင်းဖို့ သိပ်
ခက်တော့ဘူးပေါ့"

ဒေလီယာက သူမအား အေးဆေးစွာ ရှင်းပြပါသည်။

အာကာ၏ ပြဿနာ စတင်ကတည်းက သူမ ဒေလီယာ

ကို အာကာတို့က အကြံဉာဏ်များ တောင်းခံခဲ့ရသည်။ စိတ်ပ
နှင့် ကျောင်းပြီးခဲ့သော ဒေလီယာ သူမအား ကောင်းစွာ ကူ
အကြံပေးခဲ့သည်။ အာကာ အိမ်ပြင်မထွက်ခြင်းနှင့် ပတ်သက်
ဒေလီယာက ...

"ဒီပုံအတိုင်းဆို ကြာရင် သူ (ဒီပရက်ရှင်း) စိတ်ကျ ရော
ဝင်သွားလိမ့်မယ် မမ၊ သူ့ကို အိမ်ပြင်ထွက်အောင် လုပ်မှဖြစ်မ
မမ စည်းရုံးလို့မရရင် သူ့သူငယ်ချင်း ကိုအောင်နိုင်ဝင်းကို အ
အညီ တောင်းပေါ့"

ထိုစဉ်က ဒေလီယာ အကြံပေးသည့်အတိုင်း သူမ လ
ဆောင်ခဲ့၏။ အောင်နိုင်ဝင်းကလည်း သူမကို ကူညီခဲ့ပါသ
ဘီယာ သွားသောက်ကြရအောင်ဟူသော စကားမျိုးဖြင့် အာက
ကို အပြင်ထွက်အောင် စည်းရုံးခဲ့သော်လည်း အာကာက ခေါင်း
ငြင်းဆန်ခဲ့သဖြင့် သူမတို့အကြံအစည် မအောင်မြင်ခဲ့။

ယခုတော့ အာကာ၏ ပေါက်ကွဲမှုမှာ ကောင်းသေ
အလားအလာ ဖြစ်သည်ဟု ဒေလီယာက ပြောလာသဖြင့် သ
အနည်းငယ် အားတက်လာသည်။ စားပွဲကို လက်ဖြင့် တခေါ
ခေါက် ခေါက်နေရင်းမှ ဆုံးဖြတ်ချက်တစ်ခုကို သူမ ပြတ်သား
ချလိုက်ပြီး ဒေလီယာကို ပြောလိုက်သည်။

"ဒီလိုလုပ်ရအောင် ဒေလီယာ၊ ကုမ္ပဏီအလုပ်တွေ
ဒေလီယာ တို့အိမ်မှာပဲ လိုက်လုပ်ပါ၊ အဲလိုလုပ်ရင်း အာကာ
ဒေလီယာ စည်းရုံးပေးဝါလား"

"ဖြစ်ပါ့မလား"





"ဘာကိုလဲ"

"ကိုခင်မောင်မြင့်တို့ သားအဖကို ပြောတာပါ၊ သူတို့က
ရုံးမှန်မှန်မတက်တာကို အကြောင်းပြပြီး လုပ်ချင်သလို လုပ်
ကြတာ၊ ဒေလီယာကော မမပါ ရုံးမတက်ရင် လုပ်ငန်းကြီး
စ်ခုလုံးကို သူတို့ လက်ဝါးကြီး အုပ်သွားလိမ့်မယ်"

"အို ရုံးမတက်ဘူးလို့ ဘယ်သူက ပြောလဲ၊ ကြာညိုခင်
န်းကို ဒီကနေ့ကစပြီး အိမ်ကို ရွှေ့လိုက်ပြီ၊ အိမ်ကနေ ဖုန်းနဲ့
လုပ်လုပ်ကြတာပေါ့၊ ကုမ္ပဏီ လာဖို့လိုတဲ့နေ့တွေကျတော့လည်း
မ္ပဏီကို လာတာပေါ့ မဟုတ်ဘူးလား"

ဒေလီယာ အနည်းငယ် တုန့်ဆိုင်းနေပြီးမှ မမသဘောပဲ
ဟု တုန့်ပြန်သည်။ ဤသို့ဖြင့် အာကာ့ဝေဒနာကို ကုစားရန်
လီယာအား ပခုံးပြောင်း တာဝန်လွှဲအပ်လိုက်ပါသည်။

ညနေ အိမ်ပြန်ရောက်တော့ အာကာအား သူမ၏ ရုံး
းကို အိမ်သို့ ပြောင်းရွှေ့လိုက်ကြောင်း၊ နောက်နေ့မှစ၍ သူမ
အတွင်းရေးမှူးမလေးပါ အိမ်၌ အလုပ်ဆင်းမည်ဖြစ်ကြောင်း
ပြတော့ အာကာက ထုံးစံအတိုင်း ဟုတ်လားဟူသာ ဝတ်
ကျတန်းကျေ ရေရွတ်ပါသည်။

"မောင့်မုတ်ဆိတ်မွေးတွေ ရှည်နေပြီ၊ ရိတ်ဦးလေ"

တောပုန်းကြီးသဖွယ် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများ
ည်လျားနေသော သူ့ကို သူမ ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်က အပြင်ထွက်တာမှ မဟုတ်
"

အာကာ အေးစက်စက် ပြန်ပြောသည်။

အပြင်ထွက်တာမှ မဟုတ်ဘဲ ဟူသော သူ့စကားကြေ…
သူမ အနည်းငယ် စိတ်မကောင်း ဖြစ်သွားရသည်။

တကယ်တော့ အာကာ့အား အိမ်မှာပဲ သူမ နေစေ…
ခဲ့သည်။ ခရီးမထွက် အပြင်မသွားဘဲ သူမနား၌ အချိန်ပြည့်…
နေစေချင်ခဲ့သည်။ သို့သော် ယခုလို ပုံစံများဖြင့် အိမ်ထဲက…
အပြင်မထွက်သောအခါကျတော့လည်း သူမ စိတ်မကောင်း ဖြ…
ပြန်သည်။

မောင် ယခင်ကလို စိတ်ဓါတ်တွေ ပြန်လည်တက်…
အောင်၊ အိမ်ပြင်ထွက်အောင် ဒေလီယာ လုပ်နိုင်ကောင်းပါရဲ…

မောင်နှင့် သူမ၏ အနာဂတ်သည် ဒေလီယာ၏…
ဆောင်နိုင်မှုအပေါ်၌ များစွာမူတည်၍နေပါသည်။ ဘုရား…
မောင့်စိတ်ဒဏ်ရာတွေ ဒေလီယာ ကုစားနိုင်ပါစေ။

◈ ◈ ◈

နောက်နေ့မနက် ဒေလီယာ ရောက်ရှိလာချိန်မှာ…
သူမနှင့် အာကာ ကော်ဖီသောက်နေချိန် ဖြစ်သည်။ ဝင်း…
ညက်သော မျက်နှာလေးနှင့် ဒေလီယာမှာ ဖိုင်တွဲအတော်များများ…





…ပိုက်လျက် အိမ်ဖော်ကောင်မလေး၏ ဦးဆောင်မှုဖြင့် သူမတို့
…ဖီသောက်နေရာ ထမင်းစားခန်းတွင်းသို့ ရောက်ရှိ လာသည်။

"အတော်ပဲ ဒေလီယာ၊ လာ ကော်ဖီသောက်ရအောင်၊
…င်နဲ့လည်း မိတ်ဆက်ပေးရဦးမယ်"

သူမစကားကြောင့် ဒေလီယာ သူမဘေး၌ အသာအယာ
…ထိုင်လေသည်။ အာကာ့ကို ဒေလီယာနှင့် မိတ်ဆက်ပေး
…က်တော့ အာကာက ဒေလီယာအား ကြည့်ရင်း မျက်မှောင်
…ချက် ကျုံ့လိုက်ပြီး မေးသည်။

"မင်းကို တွေ့ဖူးသလိုပဲ၊ မင်းနဲ့ငါ ဆုံဖူးသလား"

ဒေလီယာက ပြုံးလျက် အသာအယာ ခေါင်းရမ်းသည်။

"ဒါ ပထမဦးဆုံး ဆုံဖူးတာပါ ဆရာ"

ဒေလီယာ၏ ဆရာဟူသော အခေါ်အဝေါ်က အာကာ့
…း တစ်မျိုးဖြစ်သွားစေသည်။

"နေပါဦး၊ မင်းက ငါ့ကို ဘာဖြစ်လို့ ဆရာခေါ်ရတာလဲ"

"ဒေလီယာက ဆရာ့ စာဖတ်ပရိသတ်ပါ၊ ဒါကြောင့်
…ရာလို့ ခေါ်လိုက်တာပါ"

"အဲဒါ အတိတ်မှာ ကျန်ခဲ့ပြီ ဒေလီယာ၊ ခု ငါ စာရေး
…ရာ မဟုတ်တော့ဘူး"

အာကာ့အသံ၌ နာကျည်းမှုတို့ ရောပြွန်းနေကြောင်း သူမ
…တိထားလိုက်မိ၏။ ဒေလီယာက ပြုံး၍ အာကာ့ကို ပြောသည်။

"ဒေလီယာ ကြားဖူးတဲ့ စကားတစ်ခွန်းရှိတယ် ဆရာ၊
…တစ်ယောက်ဟာ တစ်ခါ ကွန်မြူနစ် ဖြစ်ဖူးရင် တစ်သက်လုံး

ကွန်မြူနစ်ပဲတဲ့၊ အဲဒီလိုပဲ၊ စာရေးဆရာ တစ်ခါဖြစ်ဖူးရင် တ
သက်လုံး စာရေးဆရာပါပဲ၊ စာရွက်ပေါ်မှာ မရေးတောင်
ခေါင်းထဲမှာတော့ တစ်သက်လုံး ဝတ္ထုတွေ ရေးနေမှာပါ"

ဒေလီယာ စကားက အာကာ့အား အရှိုက်တည့်တည့်
ထိုးလိုက်ခြင်း ဖြစ်သည်။ အာကာ ဆတ်ကနဲ တစ်ချက်တွန့်သွ
သည်။

"မင်း စကားပြော ကောင်းတယ် ဒေလီယာ၊ စာရေးဆ
လုပ်ရင် အောင်မြင်နိုင်တယ်"

စကားဆုံးသည်နှင့် အာကာ ထိုင်နေရာမှ ထရပ်ကာ ထွ
ခွာသွားခဲ့ပါသည်။ ၎င်း၏ကော်ဖီကိုပင် ကုန်အောင် သော
မသွား။ သူမ ဒေလီယာကို ကြည့်လိုက်တော့ ဒေလီယာ ပြုံးလျ
ခပ်တိုးတိုး ပြောသည်။

"ဒေလီယာတို့ အောင်မြင်မှာပါ မမ"

ကြာညိုခင် သက်ပြင်းတစ်ချက် ဖွဖွရှိုက်သွင်းလိုက်မိ
သည်။





(၄)

ဒေလီယာအား တစ်နေရာရာမှာ တွေ့ဖူးသလိုလို ထင်မိ
သော်လည်း သူ ဘယ်မှာ တွေ့ဖူးမှန်း အာကာ စဉ်းစား၍မရ။

ဒေလီယာကတော့ နေ့စဉ် ရုံးချိန်အတိုင်း ပုံမှန် အလုပ်
င်းကာ ကွန်ပျူတာတစ်လုံး၊ တယ်လီဖုန်းတစ်လုံးနှင့် အလုပ်
်နေတတ်ပြီး အလုပ်ပါးချိန်များမှာတော့ အိမ်သားတစ်ယောက်
ာ အိမ်အလုပ်များကို ကူလုပ်ပေးတတ်သည်။ သူ့ကို တွေ့သော
ါများမှာတော့ သူမက ရိုရိုသေသေနှင့် ပြုံးပြနှုတ်ဆက်တတ်ပါ
ည်။

တစ်ခါတစ်ရံ နေ့ခင်းနေ့လည် သူ ကော်ဖီသောက်လေ့
သောအချိန်များ၌ သူမ ကိုယ်တိုင် သူသောက်မည့် ကော်ဖီခွက်

အား လာပို့ပေးတတ်သည်။ တကယ်တော့ ထိုအလုပ်မှာ အိ
အကူကောင်မလေးများ လုပ်ရမည့်အလုပ် ဖြစ်သဖြင့် သူမအာ
အားနာစွာ ထိုသို့ လုပ်ပေးရန် မလိုကြောင်း ပြောတော့ သူမက
နူးညံ့စွာ ပြုံးလျက် ရပါတယ်၊ ဒေလီယာ အားနေလို့ပါ၊ အပ
ကြီးတာမှ မဟုတ်တာဘဲဟု ပြန်ပြောတတ်သည်။

"မင်းမျက်နှာကို ငါ ရင်းရင်းနှီးနှီး မြင်ဖူးနေသလိုပဲ ဒေလီ
ယာ"

တစ်ရက် သူ အမှတ်မဲ့ ပြောလိုက်မိသည်။ ဒေလီယာက
ပြုံးလျက် အေးဆေးစွာ ပြန်ပြောပါသည်။

"ဆရာတွေ့ဖူးတဲ့ တစ်ယောက်ယောက်နဲ့ ရုပ်ချင်းဆ
တာပါ ဆရာ"

"ဖြစ်နိုင်တယ်၊ ဘယ်သူနဲ့တူမှန်းသာ စဉ်းစားလို့ မရတာ

"နှင်းဆီငုံလေ ဆရာ"

မထင်မှတ်သော စကားကြောင့် သူ ဆတ်ကနဲ ဖြစ်သွာ
လျက် သူမ၏မျက်နှာကို သေသေချာချာ ပြန်ကြည့်လိုက်တော
အမှန်တကယ်ပင် သူမ၏မျက်နှာက နှင်းဆီငုံလို မျက်နှာမျိ
ဖြစ်သည်။

"ဒေလီယာနဲ့ မမနှင်းဆီငုံက ညီအစ်မ ဝမ်းကွဲတော်ပ
တယ် ဆရာ"

လက်စသတ်တော့ သူမက နှင်းဆီငုံရဲ့ ညီမတစ်ဝမ်းကွဲကို

သူ တအံ့တသြ ဖြစ်နေရာမှ ချက်ချင်းပင် ကြာညိုခ
အား သူ၏ဝတ္ထုများအကြောင်း ရှင်းပြဖတ်ပြခဲ့သူမှာ ဤမိန်းက





းသာ ဖြစ်လိမ့်မည်ဟု သူတွေးလိုက်မိသည်။

"နှင်းဆီငုံ နေကောင်းရဲ့လား"

"ဒေလီယာနဲ့ မတွေ့တာ တော်တော်ကြာသွားပြီ ဆရာ၊
အမျိုးသား တာဝန်ကျတဲ့ ရှမ်းပြည်နယ်ဘက်ကို ပြောင်းသွား
နှစ်နှစ်လောက် ရှိပြီ"

"ငါသိသလောက် နှင်းဆီငုံက စာပေကို ဝါသနာမပါဘူး၊
ပေမယ့် မင်းကတော့ စာတော်တော် ဖတ်ပုံရတယ်"

သူပြောလိုက်တော့ သူမ အသာအယာ ခေါင်းညိတ်ဝန်ခံ
ည်။

"ဒေလီယာ စာဖတ်တာကို ဝါသနာပါတယ် ဆရာ၊ စာ
ရင် ဘယ်လိုစာမျိုးဖြစ်ဖြစ် ဖတ်တယ်၊ ဒေလီယာ အကြိုက်ဆုံး
ရေးဆရာကတော့ ဆရာပဲ"

"ကျေးဇူးတင်ပါတယ် ဒေလီယာ၊ ကဲ မင်းလည်း အလုပ်
ပ်စရာတွေ ရှိလိမ့်မယ်၊ စကားဝိုင်း သိမ်းလိုက်ကြရအောင်"

စာဘက်အကြောင်း စကားဦး လှည့်လာသဖြင့် သူ အလျင်
မြန် စကားဖြတ်ပစ်လိုက်တော့ သူမ ခပ်သဲ့သဲ့ ပြုံးလျက် သူ့ရှေ့မှ
က်ခွာသွားလေသည်။

သို့သော် နောက်တစ်နေ့မှာပင် စာပေအကြောင်း မ
ဆွေးနွေးချင်သော သူ့အား သူမက ဆွေးနွေးဖြစ်အောင် လုပ်ခဲ့
ည်။ တခြားမဟုတ်၊ သူမြင်နိုင်လောက်သောနေရာ၌ သူမက
ထ္ထုစာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ထိုင်ဖတ်နေခဲ့ခြင်းပင်
်သည်။ သူ မနေနိုင်တော့ဘဲ သူမ ထိုင်နေရာသို့ လျှောက်လာ

ခဲ့သည်။

"ဒီအိမ်မှာ ဝတ္ထုမဖတ်ရဘူးဆိုတဲ့အကြောင်း မင်း၏ ကြာညိုက ပြောမပြထားဘူးလား ဒေလီယာ"

သူမ တအံ့တသြ မော့ကြည့်လျက် ခေါင်းရမ်းသည်။

"ကျေးဇူးပြုပြီး မင်းဝတ္ထုစာအုပ်ကို ပြန်သွားသိမ်းလိုက် ပါ ဒေလီယာ၊ ဒါမှမဟုတ်ရင် ငါ ယူပြီး လွှင့်ပစ်လိုက်ရလိမ့်မယ်"

"အဲဒါဆိုရင် ဆရာ့ကိုယ်ဆရာ လွှင့်ပစ်သလို ဖြစ်သွား မှာပေါ့ ဆရာ၊ ဒေလီယာ ဖတ်နေတာ ဆရာရေးတဲ့ ဝတ္ထုပါ"

သူမ အနိုင်ရလိုက်သည့်လေသံမျိုးဖြင့် ပြောသည်။ သူ သက်ပြင်းချရင်း ခေါင်းခါရမ်းလိုက်သည်။

"ဘယ်သူရေးတဲ့ဝတ္ထုပဲဖြစ်ဖြစ် သွားသိမ်းလိုက်ပါ ဒေလီ ယာ၊ ငါ ဝတ္ထုစာအုပ်တွေကို မမြင်ချင်ဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီဝတ္ထုစာအုပ်တွေကို မြင်တိုင်း ငါ့ရဲ့ စာမရေးနိုင်တဲ့အဖြစ်ကို သတိရမိလို့ပဲ"

"ဆရာက အဲဒီကိစ္စကို မေ့ထားချင်လို့လား"

သူ ဖြတ်ကနဲ သူမ၏မျက်နှာကို ခပ်စူးစူးကြည့်ကာ ပြော လိုက်သည်။

"ဘယ်လိုမေးလိုက်တာလဲ ဒေလီယာ၊ ဒီလောက်ဆိုးဝါးတဲ့ ကိစ္စကြီးကို ဘယ်သူက မေ့မထားချင်ဘဲ နေပါ့မလဲ"

"အဲဒါဆိုရင်တော့ ဆရာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး"





"ဘာပြောတယ်"

သူ ခပ်ဆတ်ဆတ် မေးလိုက်တော့ သူမက အေးဆေး တစ်လုံးချင်း ပြန်ပြောသည်။

"အမှန်တရားဆိုတာ မေ့ထားလို့ မရဘူး ဆရာ၊ အမှန် ရားကို မေ့ပစ်ဖို့ ဖုံးကွယ်ဖို့ ကြိုးစားရင် အဲဒီကြိုးစားတဲ့လူဟာ မှန်တရားရဲ့ ဒဏ်ခတ်ခြင်းကို ခံရတတ်တယ်"

"မင်းဆိုလိုတာက ငါ့ရဲ့ စာမရေးနိုင်တဲ့အဖြစ်ကို နေ့တိုင်း တိရနေပြီး ဝမ်းနည်းကြေကွဲနေရမယ်ပေါ့၊ ဒီလိုလား"

"ဆရာ စာရေးလို့ မရတာမှ မဟုတ်ဘဲ၊ ဆရာ့လက်က ဖောင်တိန်တို့ ဘောလ်ပင်တို့ ကိုင်လို့မရတာတစ်ခုပါ"

သူမ၏စကားကို သူ နားမလည်ပါ။

"အဲဒီနှစ်ခုက အတူတူပဲ မဟုတ်လား ဒေလီယာ၊ ဖောင် တိန် ကိုင်လို့မရတော့တဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး စာ ရေးနိုင်တော့မှာလဲ"

"လက်နဲ့ မရေးနိုင်ပေမယ့် ဦးနှောက်နဲ့ ရေးနိုင်တာပဲ ဆရာ၊ ဝတ္ထုဇာတ်လမ်းကို ဆရာ့ဦးနှောက်နဲ့ စဉ်းစားနိုင်တယ်၊ စကားလုံးတွေကို ဆရာ့ဦးနှောက်နဲ့ တွေးနိုင်တယ်"

သူ ခြောက်ကပ်စွာ ရယ်မောလိုက်မိသည်။

"ဒါပေမယ့် ငါ့မှာ စာရေးနိုင်တဲ့ လက်မှ မရှိဘဲ ဒေလီယာ"

"ဆရာသာ ဆန္ဒရှိရင် စာရေးနိုင်တဲ့လက်တွေ အများကြီး နိုင်ပါတယ်၊ ဥပမာ- မကြာညိုခင်ရဲ့လက်ကို ဆရာ အသုံးပြု တယ်၊ ဒါမှမဟုတ် ဒေလီယာ့လက်ကို ဆရာ အသုံးပြုနိုင်တယ်"

သူမဟာလည်း ဒုတိယ ကြာညိုခင်ပါပဲလား။

သူ ခေါင်းခါရမ်းလိုက်တော့ သူမက အလေးအနက် ဆက်ပြောသည်။

"ပါးစပ်က ခေါ်ပြီး သူများကို လိုက်မရေးခိုင်းတတ်ဘူး လို့ ဆရာ ပြောမလို့လား၊ လောကကြီးမှာ ဘယ်အရာကိုမှ မွေး ကတည်းက တတ်လာကြတာ မဟုတ်ဘူး ဆရာ၊ ဝတ္ထုရေးတဲ့ အတတ်ပညာကိုလည်း ဆရာ မွေးကတည်းက တတ်လာတာ မဟုတ်ပါဘူး၊ ဒီလိုပဲ လေ့ကျင့်ယူခဲ့ရတာပဲ မဟုတ်လား၊ ခုလည်း ဦးနှောက်နဲ့ တွေးပြီး ပါးစပ်နဲ့ ရေးတာကို ဆရာ လေ့ကျင့်ယူရင် ရနိုင်ပါတယ်၊ အဓိကက အမှန်တရားကို ဆရာ လက်ခံဖို့ပဲ၊ ခု ဆရာ့လက်က စာရေးဖို့ ဘောလ်ပင် ကိုင်လို့မရတော့ဘူးဆိုတာ ကို ဆရာ လက်ခံလိုက်ပါ၊ ပြီးတော့ ဝတ္ထုဇာတ်လမ်းတွေကို ဆရာ့ဦးနှောက်နဲ့ တွေးတောစဉ်းစားနိုင်တယ် ဆိုတာကိုလည်း လက်ခံလိုက်ပါ၊ အဲဒီလို လက်ခံပြီးရင် ဦးနှောက်ထဲက အတွေး တွေ စာမျက်နှာပေါ် ရောက်ဖို့ အကောင်းဆုံးနည်းလမ်းကို ဆရာ တွေ့လာပါလိမ့်မယ်"

ဒေလီယာစကားက သူ့အား အနည်းငယ် တွေဝေသွား စေခဲ့၏။ သို့သော် သူ ခေါင်းရမ်းငြင်းဆန်လိုက်ပါသည်။

"မင်းအကြံဉာဏ်က ကောင်းပါတယ်၊ ဒါပေမယ့် ငါ့အ တွက်တော့ မဖြစ်နိုင်ပါဘူး ဒေလီယာ"

ခေါင်းမာလွန်းလှသော သူ့အား ဒေလီယာ တစ်စုံတစ် ရာ ဆက်မပြောတော့ပါ။ သို့သော် ဒေလီယာ၏ခေါင်းထဲ၌





အကြံအစည်နှင့် နည်းပရိယာယ် မြောက်မြားစွာ ကျန်ရှိနေသေး ကြောင်းကိုတော့ သူ မသိခဲ့။

(၅)

ဒေလီယာ၏ ပထမဦးဆုံး အကြံအစည်ကတော့ အာကာ
း အိမ်တွင်းအောင်းနေသော အနေအထားမှ အိမ်ပြင်ထွက်
ည့် အနေအထားသို့ ပြောင်းလဲရန် ဖြစ်သည်။ သို့သော် ခေါင်းမာ
သော သူ့အား စည်းရုံး၍ရမည် မဟုတ်သဖြင့် နည်းပရိယာယ်ကို
ပ်လိမ္မာစွာ အသုံးပြုရမည် ဖြစ်သည်။

သူမနှင့် ကြာညိုခင် ကြိုတင်တိုင်ပင်ထားကြသည့်အတိုင်း
က်တစ်နေ့၌ ကြာညိုခင်က အလွန်အရေးကြီးသော အစည်း
ဝေးတစ်ခု တက်စရာရှိသည်ဟု အကြောင်းပြလျက် ဦးဖိုးထင်အား
ကာ ထွက်သွားလေသည်။ မသွားခင် အာကာ မမြင်အောင်
ညိုခင်က သူမအား မျက်စိတစ်ဖက် မှိတ်ပြသွားခဲ့သေးသည်။

ကြာညိုခင် ထွက်သွားပြီး တအောင့်အကြာ၌ သူမ လုပ်

ငန်း၏ ပထမအဆင့်အနေနှင့် (ဆက်တယ်လ်လိုက်) ထိုင်ကြ
နေသော အာကာ ကြားအောင် အသံကို တမင်မြှင့်၍ အိမ်
အမျိုးသမီးလေးအား "ဗိုက်အောင့်ပျောက်ဆေး ရှိသလား
မေးလိုက်သည်။

အာကာက တစ်ချက် လှမ်းကြည့်သဖြင့် သူမ၏အသံ
ကြားသွားကြောင်း သံသယဖြစ်စရာ မလိုပါ။

အိမ်ဖော်အမျိုးသမီးလေးက ဆော်ဒါမင့်တစ်ပြား
ပေးသဖြင့် ယူထားလိုက်သော်လည်း ထိုဆေးပြားကို သူမ မသော
ပါ။ အလုပ်စားပွဲသို့ ယူလာပြီး ဘယ်သူမှ မမြင်အောင် ပိုက်ဆံအိ
ထဲသို့ ထည့်ထားလိုက်သည်။ နောက်ထပ် နာရီဝက်လောက် စော
မှ အာကာ ထိုင်နေရာသို့ သူမ လျှောက်လာခဲ့သည်။

"ဆရာ ဒေလီယာ ဗိုက်အရမ်းအောင့်နေလို့ အဲဒါ"

"ဗိုက်အောင့်လို့ ဟုတ်လား၊ နေဦး ကြာညို အသိဆရာ
ရှိတယ်၊ ဖုန်းဆက်ခေါ် ပေးမယ်"

တီဗွီကို လှမ်းပိတ်ရင်း ထိုင်ရာမှ ပြာပြာသလဲ ထရပ်
ပြောသည်။ ထိုသို့ ဖြစ်မည်မှန်း သူမ ကြိုတင်စဉ်းစားထား
ဖြစ်ပါသည်။ ထို့ကြောင့် မနက်ကတည်းက ဖုန်းလိုင်းကို တ
ဖြုတ်ထားခဲ့၏။

"ဖုန်းပျက်နေတယ် ဆရာ"

"ဟင်းဒ်ဖုန်းကော"

"ဆယ်လူလာ မမ ယူသွားတယ်"

"အဲဒါမှ ဒုက္ခပဲ၊ တော်တော် အောင့်နေသလား"





"ဟုတ် ဆေးခန်းပြမှ ဖြစ်မယ်"

သူမ၏အိုင်တင်ကပဲ ကောင်း၍လား မပြောတတ်။ သူ
တော် ပျာရိပျာရာ ဖြစ်သွားပြီး ခေါင်းကုတ်လိုက် သူမကို ကြည့်
က်နှင့် အလုပ်ရှုပ်နေလေသည်။ ဤရပ်ကွက်အတွင်း၌ ဘတ်စ်
းများ မပြေးသလို အငှားကားတစ်စီး ရဖို့ဆိုသည်မှာလည်း
လွန်မလွယ်ကူသောကိစ္စ ဖြစ်သည်။

"ဦးဖိုးထင် ရှိရင် ကောင်းမှာပဲ"

သူမ ဗိုက်ကို နှိပ်ရင်း ညီးညီးညူညူ ရေရွတ်လိုက်သည်။

"ကဲ ဒါပဲ လိုက်ပို့ပေးမယ်၊ ခဏလေး၊ အကျႌသွားလဲ
က်ဦးမယ်"

ဒီလိုပဲ ဖြစ်ရမှာပေါ့ ...။

လှစ်ခနဲ ထွက်ခွာသွားသော သူ၏နောက်ကျောကို ကြည့်
း သူမ ကျေနပ်စွာ ပြုံးလိုက်ပါသည်။ တအောင့်ကြာတော့ သူ
ရောက်လာပြီး သွားကြရအောင်ဟု ဆိုကာ ဂိုဒေါင်ထဲမှ ဂရမ်တီ
ဆ်တူးကို ထုတ်၍ ခြံထဲမှ မောင်းထွက်လာခဲ့ကြသည်။

လမ်း၌ အဆောက်အအုံသစ်များ၊ ဆောက်လက်စ မိုးမျှော်
က်ကြီးများကို တွေ့တော့ သူ တအံ့တဩ ဖြစ်နေပုံရသည်။ ထို့ပြင်

"အစက ဒီနေရာမှာ မီးပွိုင့်မရှိပါဘူး၊ အစက ဒီလမ်းက
လမ်းမောင်းပါ" စသဖြင့် ...

ကားမောင်းရင်း တအံ့တဩနှင့် တစ်ယောက်တည်း ရေ
်နေသည်။ သူ အအံ့ဩဆုံးကတော့ ဘုတာကြီးဘေးမှ ပန်းဆိုး
န်း ကုန်းကျော်တံတားသစ်ကြီး ဖြစ်သည်။

"ဒါကြီးက ဘာကြီးလဲ၊ ငါ ဘယ်ဘက်ကို မောင်းရမှ

"တည့်တည့်ပဲ ဆရာ၊ အဲဒီကုန်းကျော်တံတား ကျေ
ရင် ပန်းဆိုးတန်းလမ်းပဲ"

"သုံးလေးလလောက်အတွင်းမှာ အများကြီး ပြော
သွားပါလား"

သူ၏ တစ်ယောက်တည်း တီးတိုးရေရွတ်သံကြောင့်
တစ်ဖက်သို့ လှည့်ကာ ပြုံးလိုက်သည်။ တကယ်တော့ ထို
လဲမှုများကို တွေ့စေချင်သဖြင့် ပြန်နေကျ မြို့ထဲမှ ဆေးခ
ပြပါရစေဟူသော စကားနှင့် သူ့အား မြို့လည်ခေါင်သို့ ေ
ခေါ်လာခဲ့ခြင်း ဖြစ်သည်။

"ဆေးခန်းက ဘယ်နားမှာလဲ"

ထိုသို့ သူမေးတိုင်း "လိုသေးတယ် မောင်းဦး" ဟု ပြ
ရင်း မြို့လည်ခေါင်တစ်ခုလုံးသို့ နှံ့သွားစေခဲ့သည်။ အတော
ကြာတော့ သူ အနည်းငယ် စိတ်မရှည်တော့သည့်လေသံဖြင့်

"ဘယ်လိုလဲ ဒေလီယာ၊ ဒီနေ့အဖို့ မင်းရဲ့ဆေးခ
ရောက်ဦးမှာလား"

"ဆေးခန်းသွားစရာ မလိုတော့ဘူး ဆရာ၊ တကယ
တာက ဆိုင်ကောင်းကောင်းတစ်ဆိုင်မှာ တစ်ခုခု ဝင်စားဖို့
ဆရာလဲ ဆာလှရောပေါ့"

"ဘာကွ"

သူ၏အသံက မှာကျော ကျယ်လောင်လွန်းလှသ
သူမအား စိုက်ကြည့်လာသည့် မျက်လုံးတို့ကလည်း စူးရဲလွ





ါသည်။

သူ သိပ်ပြီး ဒေါသထွက်သွားပြီ ထင်ပါရဲ့။

သို့သော် သူ့အား အိမ်ပြင်ခေါ် ထုတ်ရန် နည်းလမ်းမှာ
တနည်းသာ ရှိသဖြင့် သူမ မည်သို့မှ မတတ်နိုင်ပါ။

"ဒေလီယာကို စိတ်ဆိုးချင်ဆိုးပါ ဆရာ၊ အပြစ်ပေးချင်
င်လည်း ကြိုက်တဲ့အပြစ် ပေးပါ၊ ဒေလီယာ ခံပါ့မယ်၊ ဆရာ
ိမ်ထဲမှာချည်းပဲ အောင်းနေတာ မကြည့်ရက်လို့ အပြင်ထွက်
စ်သွားအောင် ခုလို လုပ်လိုက်ရတာပါ"

သူ အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ်သွားပြီးမှ
က်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း ပြောသည်။

"ငါလည်း ကြေးအိုးကောင်းကောင်း မသောက်ရတာ
ကြာပြီ ဒေလီယာ၊ ကဲ ဘယ်ဆိုင် ကောင်းသလဲ၊ မင်းပဲ လမ်းညွှန်
မ်းပါဦး"

ထိုစကားက သူမအား ပေါ့ပါး ပျော်ရွှင်သွားစေပါသည်။

◈ ◈ ◈

"မင်း တော်တော် ညာဏ်နီညာဏ်နက်များတဲ့ မိန်းကလေ
ဒေလီယာ"

"အဲဒီညာဏ်နီညာဏ်နက်တွေကြောင့် ဆရာ ခုလိုမျိုး ေ
အိုး ကောင်းကောင်း သောက်ရတာ မဟုတ်လား"

သူမ၏စကားကြောင့် သူ သဘောကျစွာ ရယ်မောလို
သည်။ သူရယ်တာကို မြင်ဖူးတာ ဒါ ပထမဆုံးအကြိမ်ပဲ။

"ဆရာ ခုလို မရယ်တာ ဘယ်လောက် ကြာပြီလဲဟင်

သူ အနည်းငယ် တွေဝေသွားပြီးမှ ...

"အင်း ကြာပြီ၊ တော်တော်လေးကို ကြာပြီဆိုပါတော့"

"အဲဒီအချိန်တွေကို မနှမြောဘူးလား ဆရာ၊ ဒေလီယ
သာဆိုရင်တော့ အဲဒီလို မရယ်မပြုံးဘဲ နေမိခဲ့တဲ့အချိန်တွေအတွ
နှမြောလို့ဆုံးမှာမဟုတ်ဘူး၊ ရယ်မောခြင်းဟာ လူတစ်ယောက်
အသက်ပိုရှည်စေတယ်၊ ပိုပြီးလည်း ကျန်းမာစေတယ်"

"အနည်းဆုံး ကြေးအိုးတစ်ပန်းကန်ကို အချိန်တိုတို
အတွင်းမှာ ကုန်သွားစေတယ် ဆိုပါတော့ ဟုတ်လား"

သူ့စကားကြောင့် သူမ ဟက်ကနဲ ရယ်လိုက်မိသည်။

သူမ၏ကြေးအိုး တစ်ဝက်မကျိုးခင်မှာပင် သူ၏ ပ
ကန်က အံ့ဩစရာကောင်းလောက်အောင် ပြောင်ရှင်းနေပြီ
သည်။ ကုန်သွားသော ပန်းကန်ကို ဘေးသို့ တွန်းဖယ်လိုက်
အချိုရည်တစ်ဗူးကို ဖောက်လိုက်တော့ ထိုအချိုရည်ဗူးမှာလ
ခဏလေးနှင့် ကုန်သွားပြန်ပါသည်။

ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိပြီး သူမအ





ပြာသည်။

"မင်းအကြောင်းတွေ ကိုယ့်ကို ပြောပြစမ်းပါ ဒေလီယာ"

ငါဟု သုံးနှုန်းနေရာမှ ကိုယ်ဟူသော အသုံးအနှုန်း ပြောင်း
မှုကို သူမ ချက်ချင်း သတိပြုလိုက်မိသော်လည်း မသိသလိုပင်
လိုက်ပြီး သူ့အား ပြန်မေးလိုက်ပါသည်။

"ဒေလီယာ့အကြောင်းတွေ မေးပြီး ဝတ္ထုရေးမလို့လား
ရာ"

ရုတ်တရက် သူ့မျက်နှာ ကွက်ခနဲ ပျက်သွားသဖြင့် သူမ
ကားမှားသွားကြောင်း ချက်ချင်း သတိပြုလိုက်မိသည်။ ဖြည်းဖြည်း
ပ်လောမကြီးနဲ့၊ တစ်ဆင့်ချင်း သွားမှပေါ့ဟု ကိုယ့်ကိုယ်ကို
တိပေးရင် သူမ ဟန်ဆောင်လုပ် ရယ်မောပစ်လိုက်သည်။

"ဒေလီယာ့အကြောင်းတွေက သိပ်ပြီးစိတ်ဝင်စားစရာ
ကောင်းပါဘူး ဆရာ၊ ဖေဖေက ပင်စင်စားဝန်ထမ်း၊ မေမေက
ငြိမ်းစား ကျောင်းဆရာမ၊ ဒေလီယာ့မှာ အစ်ကိုတစ်ယောက်ပဲ
တယ်၊ သူက အိမ်ထောင်ကျပြီး နယ်မှာ ခြံစိုက်တယ်၊ ဥယျာဉ်
ပ်ငန်းပေါ့၊ ဒေလီယာကတော့ ကျောင်းပြီးတာနဲ့ မမကြာ်ညို
မ္ပဏီမှာ အလုပ်ဝင်လုပ်ခဲ့တာပဲ၊ ဆရာ့အကြောင်းလည်း ပြော
လေ"

"မင်းက ဘာသိချင်တာလဲ"

"ဘာပဲဖြစ်ဖြစ် ဆရာ ပြောချင်တာသာ ပြောပါ"

သူ အကြာကြီး တိတ်ဆိတ်သွားပြီးမှ စီးကရက်တိုကို
ားလိပ်ခွက်ထဲသို့ ထိုးခြေလိုက်ပြီး စကားစသည်။

"ကိုယ် လုံးဝပြန်မပြောချင်တဲ့ကိစ္စကို ပြောပြမယ်၊ လက်အကြောင်းပေါ့"

သူ၏လက် ဒဏ်ရာရခဲ့သည့်အကြောင်းကို ပြောတော မည်မှန်း သိသဖြင့် သူမ လှစ်ခနဲ ဝမ်းသာသွားသည်။ မြှုနေသေ အနာတစ်ခုအား မေ့လျော့မြှုသိပ်ထားခြင်းထက် ဓါးနှင့်ခွဲက ဖောက်ထုတ်ပစ်လိုက်ခြင်းက အနာဂတ်အတွက် ပို၍ကောင်းပ သည်။

ယခု သူ၏ မေ့လျော့ထားချင်သော်လည်း မသိစိတ်၌ ကိ အောင်းနေခဲ့သော အကြောင်းအရာများအား ဖွင့်ပြောတော့မည ဖြစ်သည်။ ပေါင်ပေါ် တင်ထားသော ပိုက်ဆံအိတ်ထဲမှ စေ့ါခ်မ ကက်ဆက်သေးသေးလေးကို ထုတ်ယူပြီး သူ မသိအောင် အသံဖ ခလုတ်ကို နှိပ်လိုက်၏။

အထဲက (ဘရိုင်ယန်အဒမ်) ခွေတော့ ပျက်သွားပါလိ မည်။ သို့သော် ကိစ္စမရှိပါ။ ယခုအချိန်၌ အာကာစိုးမိုးမှာ ဘရို ယန်ထက် ပို၍အရေးကြီးပါသည်။

စီးကရက် အသစ်တစ်လိပ်ကို မီးညှိလိုက်ပြီး သူ စကာ စတင်လေသည်။ သူပြောသော အကြောင်းအရာများအား သူ ဂရုတစိုက်နှင့် စိတ်ဝင်တစား နားထောင်ပါသည်။

အချိန်နှင့် စကားလုံး အတော်များများကို သုံးစွဲပြော ပြီးချိန်မှာတော့ သူ သက်ပြင်းတစ်ချက်ကို ဖွဖွမှုတ်ထုတ်လိုက်သည်

"ဒီနေ့အဖို့ ကိုယ် စကားတွေ တော်တော်များများ ပြော ဖြစ်သွားပြီ ဒေလီယာ၊ ကဲ ပြန်ကြရအောင်"





သူ၏အသံက စိတ်လက်ပေါ့ပါးသွားသည့် အသံလား ဟုတ် မေ့လျော့ထားသည့် အကြောင်းအရာများအား ပြော က်ရသဖြင့် အပေါင်းတွေ အသစ်ဖြစ်ကာ စိတ်လေးလံသွား ှ့် အသံလား၊ ဝေခွဲမရ။ သို့သော် ဘာပဲဖြစ်ဖြစ် မသိစိတ် တွင်း အမြစ်များ တွယ်သွားပါက တစ်ချိန်ချိန်၌ ဒုက္ခပေးနိုင်သည့် ကြောင်းများအား ယခုလို ဖွင့်ပြောလိုက်ခြင်းက သူ့အတွက် ပို၍ ာင်းပါသည်။

ထို့ပြင် သူမ၏ နောက်ထပ် နည်းပရိယာယ်အသစ်တစ်ခု တွက်လည်း ကောင်းစွာ အထောက်အကူ ဖြစ်ပါလိမ့်မည်။

... ပြီးပါပြီ ...

(၆)

"ဒါ ဘာလဲ ဒေလီယာ"

ကွန်ပျူတာနှင့် ရိုက်ထားသော စာရွက်တစ်ထပ်နှင့် ကက်ဆက်ခွေတစ်ခွေကို လှမ်းပေးလိုက်တော့ အာကာ သူမအား နားမလည်သလို ပြန်မေးသည်။

"မနေ့က ဆရာပြောပြတဲ့ အကြောင်းတွေလေ"

သူ တအံ့တဩနှင့် အပေါ်ဆုံး စာမျက်နှာမှ ထိပ်စသုံးလေးကြောင်းခန့်ကို ဖတ်ပြီး "မင်းက ဝတ္ထုပြန်ရေးထားတာကိုး" ဟု ရေရွတ်တော့ သူမ ခေါင်းခါရမ်းလိုက်၏။

"ဒေလီယာ ရေးတာ မဟုတ်ပါဘူး ဆရာ"

"ဒါဆို ဘယ်သူ ရေးတာလဲ"

"ဆရာကိုယ်တိုင် ရေးတာပါ"

သူမအား သူ မျက်မှောင်ကျုံ့လျက် ကြည့်သည်။

"မနေ့က ဆရာပြောပြနေတုန်း ဆရာ မသိအောင် ဒေလီယာ ကက်ဆက်လေးနဲ့ ဆရာ့အသံကို ဖမ်းထားခဲ့တယ်လေ၊ ပြီးတော့ ပြန်နားထောင်ပြီး ဆရာပြောတဲ့ စကားလုံးတွေအတိုင်း ကွန်ပျူတာစာစီပြီး ပရှုဖ်ထုတ်ထားတာပါ၊ မယုံရင် အဲဒီ ကက်ဆက်ခွေနဲ့ တိုက်ပြီး ပြန်စစ်ကြည့်ပါ"

သူမ၏ မျက်နှာကို တလှည့်၊ ကက်ဆက်ခွေနှင့် စာရွက်များကို တလှည့် ကြည့်ပြီးနောက် တီးတိုးမှတ်ချက်ချ၏။,

"မင်းဟာ ဉာဏ်နီဉာဏ်နက် များရုံတင် မဟုတ်ဘူး၊ တော်တော်လည်း လည်တဲ့ မိန်းကလေးပဲ၊ အဲဒါကို မင်းသိရဲ့လား ဒေလီယာ"

"ဟင့်အင်း၊ ဒေလီယာ သိတာကတော့ ဆရာပြောတာတွေ စာစီပြီး ပြန်ဖတ်ကြည့်တော့ တကယ့်ကို ဝတ္ထုတစ်ပုဒ် ဖတ်နေရတဲ့ အတိုင်းပဲ၊ ဒါတောင် ဆရာ ကြိုတင်စဉ်းစားမထားဘဲ အလွတ်ပြောတာနော်၊ သေသေချာချာ စဉ်းစားပြီး ဇာတ်ကွက် ဇာတ်အိမ်ဖွဲ့ပြီး ပြောရင် ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်မှာ သေချာတယ်၊ ဆရာလည်း ဖတ်ကြည့်လိုက်ပါဦး"

ပြောပြီးသည်နှင့် သူ့ရှေ့မှ လျင်မြန်စွာ လှည့်ထွက်လာခဲ့၏။

ထိုစာရွက်များအား ဖတ်ပြီးပါက ပါးစပ်နှင့် ပြော၍ ဝတ္ထုရေးလို့ ရနိုင်ကြောင်း သူ သဘောပေါက်လာပါလိမ့်မည်။

သူမ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်၍ သူမဘာသာ





ကျေနပ်နေသလို ကြာညိုခင်ကလည်း ကျေနပ်ဝမ်းသာ၍ နေသည်။

"မင်းကတော့ တကယ့်ကို အံ့ဩစရာကောင်းတဲ့ မိန်းကလေးပဲ ဒေလီယာ၊ မင်းကြောင့်သာ မဟုတ်ရင် သူ ဒီတစ်သက် မ်ထဲက အိမ်အပြင် ထွက်ဖြစ်မယ် မထင်ဘူး"

ကြာညိုခင် ဝမ်းသာလောက်မည်ဆိုလျှင် ဝမ်းသာလောက်ပေသည်။ အာကာ၏ပုံက တစ်နေ့တစ်ခြား သိသာစွာ ပြောင်းလဲခဲ့သည်။ ယခင်ကလို မှုံကုတ်ကုတ် ထုံထိုင်းထိုင်းနှင့် မဟုတ်တော့ ကြည်ကြည်လင်လင်နှင့် ပေါ့ပါးသွက်လက်လာသလို မုတ်ဆိတ် ပါးသိုင်းမွေးတို့ကိုလည်း မှန်မှန်ရိတ်လေသည်။

ထို့ပြင် အိမ်သားများနှင့်လည်း စကားစမြည် ပြောတတ် ပြီး သူ လိုလိုလားလားနှင့် စကားအကြာဆုံး ပြောသူကတော့ မပင် ဖြစ်သည်။ ယခင်က စာအကြောင်း ပေအကြောင်း ဆွေးနွေး င် စကားရှောင်လွှဲသွားတတ်သော်လည်း နောက်ပိုင်းမှာတော့ မနှင့် စာအကြောင်းပေအကြောင်း ဆွေးနွေးရင်း စကားလက်ဆုံ လေ့ ရှိလာသည်။

အထူးခြားဆုံးကတော့ သူ စာပြန်ဖတ်ချင်ကြောင်း ပြောဆို ခြင်းပဲ ဖြစ်သည်။ တစ်ရက် သူမနှင့် ကြာညိုခင်တို့ ရှိရာ အလုပ် းတွင်းသို့ ဝင်လာပြီး ရုတ်တရက် ပြောသည်။

"ကြာညို ကျွန်တော် စာဖတ်ချင်တယ်"

သူ့စကားကြောင့် ကြာညိုခင်ရော သူမပါ ဝမ်းသာသွား သည်။ ကြာညိုခင်က ပျာပျာသလဲ တုန့်ပြန်လိုက်သည်။

"မောင် ဖတ်ချင်ရင် ကြာညို သွားဝယ်ပေးမယ်လေ၊ မော
ဘယ်လိုစာအုပ်မျိုးတွေ ဖတ်ချင်သလဲ"

"ဟင့်အင်း၊ ကျွန်တော့်ဘာသာ သွားဝယ်မယ်"

ဘယ်လောက်များ မဂ်လာ ရှိလိုက်တဲ့ စကားလဲ။

သူ့ အပြင်ပြန်ထွက်တော့မည်၊ လောကကြီးထဲ ပြန်ဝ
တော့မည်။ သူမ ဝမ်းသာ၍ မဆုံးခင်မှာပင် ဆက်ပြောလာသေ
စကားက သူမအား ထိတ်ခနဲ ဖြစ်သွားလေသည်။

"ဒေလီယာ အားရင် ကိုယ်နဲ့ ခဏလောက် အဖေ
လိုက်ခဲ့ပေးပါ"

ဖြစ်သင့်သည်မှာ ကြာညိုခင်ကိုသာ အဖော်ခေါ်မ
ဖြစ်၏။ ဘာဖြစ်လို့ သူမကို ရွေးချယ်ရပါသလဲ။ သူမ ချက်ချင်
အားတုံ့အားနာ အမူအရာမျိုး ဟန်ဆောင်လိုက်ပြီး ငြင်းဆ
လိုက်သည်။

"ဒေလီယာ မအားသေးဘူး ဆရာ၊ ဖက်(စ်)တစ်ခု ဝ
လာမှာမို့လို့ စောင့်နေတာ"

"ဘယ်က ဖက်(စ်)လဲ ဒေလီယာ"

ကြာညိုခင်၏ မေးခွန်းကြောင့် သူမ လဲသေချင်စိတ်
ပေါက်သွားသည်။

"ဟို အိုင်တီဂျေကလေ"

"အဲဒါ မနေ့က ဝင်လာပြီးပြီ မဟုတ်လား"

ဘာဖြစ်လို့များ ကြာညိုခင် ဤမျှအထိ ထုံထိုင်းနေရသ
သူမ စဉ်းစား၍မရပါ။





"မနေ့က ဝင်လာတာ ပါဖတ်(တ်) မဖြစ်လို့ ထပ်ရိုက်ခိုင်း
ားတာ မမ"

"ရတယ် ဒေလီယာ၊ ကိစ္စမရှိဘူး၊ တို့ပဲ ထိုင်စောင့်လိုက်
ယ်၊ ဒေလီယာ လိုက်သွားလိုက်ပါ"

သူမ မငြင်းသာတော့ဘဲ ပိုက်ဆံအိတ်ကို လှမ်းယူလိုက်
တော့ အာကာက ကြာညိုခင်အား ပြောသည်။

"ကျွန်တော်တို့ နည်းနည်းကြာချင်ကြာလိမ့်မယ် ကြာညို"

"ရတယ် မောင်၊ စိတ်ချလက်ချသာ သွား၊ ကားကိုတော့
ည်းနည်း ဂရုစိုက်မောင်းနော်၊ မောင် ကားမမောင်းတာ ကြာပြီ
ဟုတ်လား"

သူမကို အဖော်ခေါ်သော အာကာ၏ ရည်ရွယ်ချက်နှင့်
ကြာညိုခင်၏ ဝန်တိုကင်းမှုအပေါ် ဒေလီယာ နားမလည်နိုင်
အောင် တအံ့တသြ ဖြစ်နေမိလေသည်။

◈ ◈ ◈

"ဟိုတစ်ခါတုန်းက မင်း ကိုယ့်အကြောင်းတွေ မေးခဲ့တာ
တ်မိသေးလား ဒေလီယာ"

စာအုပ်တန်း၌ သူလိုချင်သော စာအုပ်များအား စိတ်

တိုင်းကျ မွှေနှောက်ရှာဖွေပြီး အပြန်တွင် ယခင်ထိုင်ခဲ့ဖူးေ ကြေးအိုးဆိုင်လေးသို့ သွားကာ ထိုင်ဖြစ်ကြသည်။ သူ တစ် ပြောချင်လို့ ဖြစ်မှာပဲ သူမ တွေးနေစဉ်မှာပင် အထက်ပါအတ စကားစလာခြင်း ဖြစ်သည်။

"အဲဒီတုန်းက ကိုယ့်လက် ဇာက်ရာရခဲ့တဲ့အကြောင် ပြောဖြစ်ခဲ့တယ်။ ခု ကြာညိုနဲ့ ဘယ်လို ဆုံဆည်းဖြစ်ခဲ့သလဲ ဆို ပြောပြချင်တယ်"

"ဒေလီယာ့မှာ ကက်ဆက်မပါဘူး ဆရာ"

"ကိစ္စမရှိပါဘူး၊ ခုပြောမှာ မင်းကို စာစီခိုင်းဖို့ မဟုတ် မင်းသိစေချင်လို့"

အဆန်းပါလား။ သူမကို သိစေချင်သတဲ့။ ထုံးစံအတ စီးကရက်တစ်လိပ်ကို အရင်မီးညှိပြီးမှ သူ စကားစ၏။

"အမှန်အတိုင်း ဝန်ခံရရင် ကိုယ်ဟာ စာရေးဆရာ ဖြ ပေမယ့် စာပေနဲ့ ပတ်သက်တဲ့ မိတ်ဆွေအပေါင်းအသင်းတစေ မရှိသလောက်ပဲ ဒေလီယာ၊ ဒါကြောင့် ကိုယ့်မှာ စာပေအကြေ ဆွေးနွေးတိုင်ပင်ချင်ပေမယ့် တိုင်ပင်ဖော် မရှိခဲ့ဘူး၊ တင်းမဲ့ေ တယ်၊ အဲဒီအချိန်မှာ ကြာညိုခင်နဲ့ တွေ့တော့ သူက စာပေ ကြောင်း ဆွေးနွေးတယ်၊ ကိုယ့်ဝတ္ထုတွေကိုလည်း တစ်အုပ်ချင်း မှန်ကန်ကန်နဲ့ ဝေဖန်သုံးသပ်ပြခဲ့တယ်၊ ဒီတော့ ကိုယ် သူ့ကို အထ ကြီး လေးစားသွားခဲ့တယ်၊ နောက် ရင်းနှီးသွားကြတယ် ဆိုပါတေ

မည်သည့်အုံမိဖွဲ့ယ်နှင့် ပြောနေမှန်း စဉ်းစားမရသေ လည်း သူ့စကားကိုတော့ အလိုက်အထိုက် တုံ့ပြန်လိုက်ပါသ





"ကောင်းတာပေါ့ ဆရာ၊ ဝါသနာတူချင်း ဆုံဆည်းဖြစ်ခဲ့ ကြတာပဲ"

"အစကတော့ ကိုယ်လည်း မင်းထင်သလို ထင်ခဲ့မိတယ် ဒေလီယာ၊ ဒါပေမယ့် တကယ့်တကယ်ကျတော့ ထင်ထားသလို မဟုတ်ဘူး၊ ကြာညိုက စာပေအကြောင်း ဘာမှ နားမလည်၊ ကိုယ့်ဝတ္ထုတွေလည်း တစ်အုပ်မှ မဖတ်ဖူးဘူး"

"အို ဖြစ်နိုင်ပါ့မလား ဆရာ၊ မမကြာညိုက စာမဖတ်ဘဲ စာပေအကြောင်း ဆွေးနွေးနိုင်ပါ့မလား"

သူ၏နှုတ်ခမ်းများ တွန့်ကွေးလျက် မှန်းဆရခက်သော အပြုံးတစ်ခု ပြုံးလိုက်တော့ သူမ ထိတ်ခနဲ ရင်ခုန်သွားပါသည်။

"သူ့ကို တစ်ယောက်ယောက်က စာပေအကြောင်း တစ်ပွဲ ထိုး ရှင်းပြမယ်၊ ကိုယ့်ဝတ္ထုတွေနဲ့ ပတ်သက်ပြီး တစ်အုပ်ချင်း သုံးသပ်ဝေဖန်ပြမယ်ဆိုရင်တော့ ဖြစ်နိုင်တာပေါ့၊ အဲဒီလို ရှင်းပြ ဝေဖန်တာတွေကို မှတ်ထားပြီး ကိုယ်နဲ့တွေ့တဲ့အခါ ဆွေးနွေးနိုင် တာပေါ့"

သူမ ချက်ချင်းပင် ခြေဖျားလက်ဖျားများ အေးစက်ကာ နေမကောင်းချင်သလိုလို ဖြစ်လာသည်။ သို့သော် အိနြေမပျက် အောင်တော့ ကြိုးစားဟန်ဆောင်နိုင်ခဲ့ပါသည်။

"ဘယ်သူက မမကြာညိုကို အဲလောက်ထိ အသေးစိတ် ရှင်းပြနိုင်မှာလဲ ဆရာ"

"ဥပမာ- မင်းလိုလူမျိုးပေါ့ ဒေလီယာ"

"ရှင်"

ဘုရား ကယ်တော်မူပါ။ သူ အားလုံးကို သိနေတာပါ
လား။ သူမ အာခေါင်များ ခြောက်ကပ်ကာ ကတုန်ကယင် ဖြစ်လ
လေသည်။ ပို၍ ကတုန်ကယင် ဖြစ်စေသည်က ခပ်စူးစူး စိုက်ကြ
နေသည့် သူ၏မျက်လုံးများကြောင့် ဖြစ်သည်။ အသံမတုန်အော
တတ်နိုင်သမျှ သတိထား၍ သူမ မေးလိုက်သည်။

"ဆရာ ဘာကြောင့် ဒေလီယာကို အဲဒီအကြောင်းေ
ပြောပြနေရတာလဲ"

"အဓိကကတော့ မင်းကို သိစေချင်လို့ပေါ့ ဒေလီယ
နောက်တစ်ခုက ကိုယ် အခု စာတွေ ပြန်ဖတ်ချင်တယ်၊ စာပေ
ကြောင်း ဆွေးနွေးချင်တယ်၊ ကိုယ့်မှာ ဆွေးနွေးတိုင်ပင်ဖေ
တစ်ယောက် လိုအပ်နေတယ်၊ အဲဒီကိစ္စအတွက် မင်း ကိုယ့်
ကူညီပါ"

သူ့စကား ဆုံးသွားချိန်မှာတော့ သူမ တစ်ချိန်လုံး မြိုသိ
ထားခဲ့မိသော ပင့်သက်ကို ဖွဖွငြင်သာ မှုတ်ထုတ်လိုက်သည်
ထို့နောက် သူမ ခေါင်းညိတ် အဖြေပေးလိုက်ပါသည်။

"စိတ်ချပါ ဆရာ၊ ကျွန်မ တတ်နိုင်သမျှ ကူညီပါ့မယ်"

ထိုနောက်ပိုင်းမှာတော့ သူမသည် ကြာညိုခင်၏ အတွ
ရေးမှူး အလုပ်အပြင် အာကာစိုးမိုးနှင့် စာပေအကြောင်း ဆွေးေ
ရသည့် အချိန်ပိုင်းတာဝန်ကိုပါ ပူးတွဲထမ်းဆောင်လာရသည်။

သူမအတွက် စိတ်သက်သာစရာတစ်ခုက ထိုကိစ္စများန
ပတ်သက်၍ ကြာညိုခင် တစ်စုံတစ်ရာ စူးစမ်းမှု မရှိခြင်းပ
ဖြစ်သည်။ ဥပမာ- အာကာနှင့်အတူ စာအုပ်သွားဝယ်သည့်နေ့





ကကာ ဘာတွေ ပြောသလဲဟု မေးမြန်းလာလျှင် သူမ အတော်
ရခက်လိမ့်မည်။ သို့သော် ကြာညိုခင် တစ်စုံတစ်ရာ မမေးမြန်းခဲ့။
သို့ မမေးမြန်းခဲ့သော်လည်း သူမကတော့ အမှန်တရား တစ်ဝက်
ထိန်ချန်လျက် ကြာညိုခင်အား ပြန်ပြောခဲ့ပါသည်။

"သူ စာတွေ ပြန်ဖတ်ချင်တယ်တဲ့၊ ပြီးတော့ စာပေ
ကြောင်း ဒေလီယာနဲ့ ဆွေးနွေးချင်တယ်တဲ့"

"အို သိပ်ကောင်းတာပေါ့ ဒေလီယာ၊ မင်း သူ့ကို ကူညီ
ယ်မဟုတ်လား"

"ဟုတ်ကဲ့ အလုပ်အားရင်တော့"

"အဲဒီ အလုပ်ကိစ္စကို ခေါင်းထဲက ထုတ်ထားစမ်းပါ
လီယာ၊ တို့တစ်ယောက်ထဲ နိုင်ပါတယ်၊ အရေးကြီးတာက
စိတ်ဓါတ်တွေ ခုထက်ပိုပြီး တက်တက်ကြွကြွ ဖြစ်လာအောင်
န်းအားပေးဖို့ပဲ"

ဤသို့ဖြင့် နေ့ခင်းနေ့လည် အလုပ်ပါးချိန်တိုင်း အာကာ
မိုး ဆွေးနွေးတိုင်ပင်ဖော်အဖြစ်ကို သူမ ရောက်ရှိခဲ့လေသည်။

... [illegible] ...

(၃)

သုံးလကျော် လေးလနီးပါးမျှ ခြောက်ကပ်သေဆုံးနေခဲ့
ာ ဘဝသည် ဒေလီယာကြောင့် အသစ်တဖန် နိုးထရှင်သန်
ရသည်ဟုဆိုလျှင် မမှားပါ။ သူမကြောင့် အိမ်တွင်းအောင်း
မိခဲ့ရာမှ လောကကြီးထဲသို့ ပြန်လည်ဝင်ရောက်ဖြစ်သလို
မှန်တရားကိုလည်း သဘောပေါက် လက်ခံနိုင်ခဲ့သည်။ ထို့ပြင်
ဟူသည်မှာ ဒီတစ်လမ်းပိတ်လျှင် နောက်တစ်လမ်းကို ရှာဖွေ၍
ွပတ်သွားနိုင်သေးသည်ဟူသော အတွေးအခေါ် တစ်ခုကိုလည်း
ရရှိခဲ့သည်။

တစ်ရက် အောင်နိုင်ဝင်း သူ့ထံ ရောက်ရှိလာတော့ သူ၏
တက်ပြောင်းလဲနေသော အခြေအနေသစ်ကို တွေ့မြင်ကာ
လွန်အမင်း အံ့ဩဝမ်းသာနေလေသည်။ သူ အောင်နိုင်ဝင်းအား

အဖြစ်အပျက် အစအဆုံးကို ပြောပြပြီး ဒေလီယာမှာ နှင်းဆီပ
ညီမဝမ်းကွဲ ဖြစ်ကြောင်းကိုပါ ပြောပြလိုက်တော့ အောင်နိုင်ဝ
အံ့သြတကြီး ဖြစ်သွားပါသည်။

"ဒါကြောင့် ငါလည်း တစ်ယောက်ယောက်နဲ့ တူပါတယ်
စဉ်းစားနေတာ၊ နေပါဦး၊ အဲဒီကောင်မလေးက နှင်းဆီပုံနဲ့ တူ
မင်းစိတ်ထဲမှာ သရိုးသရီ ဖြစ်ပြီး ခုလို ပြောင်းလဲသွားတာပေ
မဟုတ်ပါဘူးနော်"

"ငါ့ရင်ထဲမှာ နှင်းဆီပုံ မရှိတော့တာ မင်းအသိပဲ၊ နှင်း
ပုံနဲ့ တူခြင်းမတူခြင်းနဲ့ ပတ်သက်ပြီး ငါ့မှာ ဘာခံစားချက်မှ
ဘူး၊ ငါ ခုလို ပြောင်းလဲသွားတာဟာ အမှန်တရားကို လက်ခံ
အောင် သူ လုပ်နိုင်ခဲ့လို့ပဲ"

"ဒါဖြင့် မင်း စာပြန်ရေးတော့မယ်ပေါ့"

"လောလောဆယ်တော့ အဲလောက်ထိ စဉ်းစားမထ
သေးဘူး၊ ခု ငါ စာတွေ ပြန်ဖတ်တယ်၊ နောက် သူနဲ့ ဆွေးေ
တယ်၊ အဲဒီအချိန်တွေမှာ ငါစိတ်ချမ်းသာတယ်၊ ဒါပဲ"

"ဒါဖြင့် မင်း စိတ်ချမ်းသာတာဟာ စာတွေ ပြန်ဖတ်ရ
လား၊ ဒါမှမဟုတ် သူနဲ့ ဆွေးနွေးပြီး စကားလက်ဆုံ ကျနေရ
လား"

တစ်ယောက်တည်း စာထိုင်ဖတ်နေသည့်အချိန်များ
စာလျှင် သူမနှင့် နှစ်ယောက်အတူ ဆွေးနွေးနေရသည့်အ
များက သူ့အား ပို၍ စိတ်လက်ချမ်းသာစေသည်ကိုတော့
ဝန်ခံရပါလိမ့်မည်။





ဒါပေမယ့် အောင်နိုင်ဝင်းကိုတော့ သူတစ်စုံတစ်ရာ
မခံဖြစ်ခဲ့သလို သူ့ကိုယ်သူလည်း ဝန်မခံခဲ့ပါ။ ကြာညိုခင်နဲ့
င်ဆွေးနွေးဖြစ်ခဲ့တုန်းကလည်း ဒီလိုပဲ စိတ်ချမ်းသာခဲ့တာပါပဲ။

ဆွေးနွေးဖော် ဘယ်သူဆိုတာထက် စာအကြောင်း ပြောဆို
ရတာက စိတ်ချမ်းသာစေတာ ဖြစ်မှာပါ။ ထိုသို့ပင် သူ့ကိုယ်သူ
ကြည်လက်ခံခဲ့သည်။

ဒေလီယာနှင့်သူ စကားပြောချိန် များလာသည်နှင့်အမျှ
စ်ယောက်စိတ်ကို တစ်ယောက် ပိုမိုရင်းနှီးနားလည်လာခဲ့ကြ၏။
ာညိုခင်ကတော့ သူတို့စကားဝိုင်းသို့ ဝင်ပါလေ့ မရှိပါ။ တစ်ခါ
စ်ရံ အကြောင်းအရာတစ်ခုခုကြောင့် သူ ရယ်မောသည့်အခါမျိုး
ာ သူမ ရောက်လာတတ်ပြီး "မောင့်ရယ်သံကို ခုမှပဲ ကြားရ
တာတယ်" ဟု ပြောတတ်ပါသည်။

တစ်ရက် ဒေလီယာနှင့်သူ အိမ်ထောင်ရေးအကြောင်း
ထားသော စာအုပ်တစ်အုပ်အကြောင်း ဆွေးနွေးဖြစ်ကြသည်။

"အချစ်ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်
ဆိုင်စေတဲ့အရာ ဖြစ်တယ်တဲ့၊ အဲဒီအဆိုကို ဒေလီယာ လက်ခံ
လား"

ဒေလီယာ ခေါင်းညိတ်သည်။ ထို့နောက် သူ့အယူအဆ
ပြန်မေးတော့ သူက ခေါင်းရမ်းရင်း ...

"ကိုယ်ကတော့ တစ်ဝက်ပဲ လက်ခံတယ်၊ အိမ်ထောင်
ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ပိုင်ဆိုင်စေ
ယ်ဆိုရင် ခန္ဓာကိုယ်ကိုပဲ ပိုင်ဆိုင်လို့ရမယ်၊ စိတ်ဓါတ်ကို ပိုင်

ဆိုင်ဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူး၊ ဘာလို့လဲဆိုတော့ လူဆိုတ
ကိုယ့်စိတ်ကိုတောင် ကိုယ်ပိုင်တာမှ မဟုတ်ဘဲ၊ တခြားလူ တ
ယောက်ရဲ့ စိတ်ကို ပိုင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘ
လူတစ်ယောက်ဟာ အိမ်ထောင်ပြုထားပေမယ့် သူ့ရဲ့စိတ်ဟ
သူ့အိမ်ထောင်ဖက်အပေါ်မှာ မရှိဘဲ တခြားကို ရောက်ချင်ရော
နေနိုင်တယ်"

"ဒေလီယာ နားမလည်ဘူး ဆရာ"

"ရှင်းရှင်းလေးပါ၊ ဥပမာ - ကိုယ်နဲ့ကြာညို လက်ထ
ထားပေမယ့် ကြာညိုက ကိုယ့်ကို တကယ်မချစ်ဘူး ဆိုပါတော
ပြီးတော့ သူ့မှာ တကယ်ချစ်ခဲ့ဖူးတဲ့ ချစ်သူဟောင်း ရှိခဲ့မယ်၊ ဒါ
မဟုတ် လက်ထပ်ပြီးမှ သူ တကယ်ရင်ခုန်တဲ့ တစ်ယောက်ယော
ကို တွေ့ခဲ့မယ်ဆိုရင် သူ့ရဲ့စိတ်ဟာ ကိုယ့်ဆီမှာ မရှိနိုင်တော့ဘ
အိမ်ထောင်ရေး ဖောက်ပြန်တာ မဟုတ်ပေမယ့် သူ့ရဲ့ စိတ်ကတော
စောစောက ပြောတဲ့ တစ်ယောက်ယောက်ဆီကို ရောက်နေနိ
တယ်"

"အဲဒါဆိုရင်တော့ မောင် သိပ်မှားသွားမှာပေါ့၊ ဘာဖြ
လို့လဲဆိုတော့ ကြာညိုက မောင့်ကို တကယ်ချစ်ခဲ့တာလေ"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် သူရေ
ဒေလီယာပါ လှမ်းကြည့်လိုက်တော့ ကော်ဖီဗန်း ကိုင်လျက် အခ
တွင်းသို့ တစ်လှမ်းချင်း ဝင်လာသော ကြာညိုကို တွေ့ရသည်။ သူမ
မျက်နှာက မည်သည့်ခံစားမှုမှ မရှိဘဲ ပကတိ တည်ငြိမ်နေပါသည်

"ကျွန်တော်က ဥပမာအဖြစ် ပြောတာပါ ကြာညို"





သူမ ဟက်ခနဲ တစ်ချက် ရယ်လိုက်သည်။

"ဥပမာဆိုရင်လည်း တခြားတစ်ယောက်ယောက် နာ
ည်နဲ့ ပြောပါ မောင်ရယ်၊ မောင့်နာမည်နဲ့ပဲ ဖြစ်ဖြစ်ပေါ့"

ထိုစကားအား ရယ်မောလျက် ပေါ့ပေါ့ပါးပါး ပြောလိုက်
င်း ဖြစ်သော်လည်း သူ့ရင်ထဲမှာတော့ အောင့်သက်သက် ခံ
းလိုက်ရသည်။ ဒေလီယာကို ကြည့်လိုက်တော့ သူမ၏မျက်နှာ
 အနည်းငယ် ဖြူရော်ရော်ဖြစ်၍ နေလေသည်။

"ကဲ ကော်ဖီသောက်ကြရအောင်"

ကြာညိုခင်၏လေသံက ဘာမှမဖြစ်သည့်ပမာ အေးဆေး
ပါ့ပါးလွန်းလှပါသည်။ သို့သော် ထိုပေါ့ပါးမှု၏ နောက်ကွယ်၌
နာလိုဝန်တိုမှု တစ်ခုခု ရှိမနေပါဟု ဘယ်သူ ပြောနိုင်မလဲ။

သူနှင့် ဒေလီယာအပေါ် ကြာညိုခင် မနာလို ဖြစ်နေ
လသလားဟု ပထမဆုံးအကြိမ်အဖြစ် သူ သံသယ ဝင်သွားခဲ့မိ
ည်။

... ...

## (၈)

အာကာ့နည်းတူ ကြာညိုခင် ရင်ထဲ၌ သံသယတစ်ခု
င်ရောက်နေသည်မှာ အတော်ကြာနေပြီ ဖြစ်သည်။ သူမ၏
သယက ဒေလီယာ့အပေါ် အာကာ ရင်ခုန်နေသလားဟူ၍
ာ်သည်။

ယခင်က အရယ်အပြုံး ကင်းမဲ့စွာ စက်ရုပ်ဆန်နေခဲ့သော
ကာသည် ဒေလီယာနှင့် တွေ့ပြီးနောက်ပိုင်း၌ စက်ရုပ်သာသာ
နေအထားမှ သိသာစွာ လူသားဆန်လာသလို ပို၍လည်း လန်း
န်း တက်ကြွလာခဲ့သည်။ မည်သူနှင့်မျှ အတွေ့မခံဘဲ အိမ်ထဲ
ာင်းနေခဲ့သော အခြေအနေမှ အိမ်ပြင်သို့ ထွက်တတ်လာခဲ့၏။

အသိသာဆုံးကတော့ ဒေလီယာနှင့်သူ စကားပြောနေ
န်များ၌ ရယ်ရယ်မောမော လန်းလန်းဆန်းဆန်း ဖြစ်နေတတ်
င်း ဖြစ်သည်။ ပုလဲကာပင် သူမအား သတိပေးခဲ့သေး၏။

"ကြည့်လည်း လုပ်ဦးနော် ကြာညို၊ တော်ကြာ အာက
စိုးမိုး ဒေလီယာ့နောက် ပါသွားဦးမယ်"

"ကိစ္စမရှိပါဘူးဟာ"

သူမ ဘာမှမဖြစ်သလို ပြန်ပြောတော့ ပုလဲက နင် မ
ရိမ်ဘူးလားဟု တအံ့တသြ မေးခဲ့သည်။

"ဘာကို စိုးရိမ်ရမှာလဲ ပုလဲရဲ့၊ စိုးရိမ်စရာရှိတယ်ဆို
လည်း ငါ အာကာ့ကျန်းမာရေးအတွက်ပဲ စိုးရိမ်တယ်၊ သူ့
မြန်မြန်နေကောင်းစေချင်တယ်၊ သူနေကောင်းဖို့ စိတ်ချမ်းသာ
အတွက်ဆို ငါ ဘာပဲ လုပ်ပေးရ လုပ်ပေးရ"

"ဒေလီယာနဲ့ ပေးစားမှ သူ စိတ်ချမ်းသာမယ်ဆိုရင်
ဘယ်လိုလုပ်မလဲ"

"ပေးစားလိုက်မှာပေါ့ဟာ၊ ငါ အသာနောက်ဆုတ်
လိုက်မှာပေါ့"

ပုလဲက သူမအား ထူးထူးဆန်းဆန်း စိုက်ကြည့်ပြီး မ
မသာ ခေါင်းခါရမ်းခဲ့သည်။ သူမကတော့ အာကာ ဒေလီယ
အပေါ် တကယ်စိတ်ဝင်စားနေသလားဟူသော အဖြေကို
သိချင်စိတ် ပြင်းပြစွာ မသိမသာ စောင့်ကြည့်ဖြစ်ခဲ့၏။ သို့သေ
သံသယဖြစ်ဖွယ် အနေအထားထက် တစ်စုံတစ်ရာ ပိုမိုထူးခြ
မလာခဲ့။

ဒေလီယာနှင့် တွဲ၍ နှစ်ခါတိတိ အပြင်ထွက်ဖြစ်ခဲ့ဖူးသေ
သူ့အား တစ်ရက် သွေးတိုးစမ်းကြည့်ခဲ့သည်။

"မောင်နဲ့ကြာညိုနဲ့ နှစ်ယောက်တွဲပြီး အပြင်မထွက်ဖြ





ာ တော်တော်ကြာပြီနော်၊ ညနေကျရင် ကြာညိုတို့နှစ်ယောက်
ပြင်မှာ တစ်ခုခု ထွက်စားကြရအောင် မောင်"

သူ ငြင်းမှာပဲဟု သူမ ထင်ထားခဲ့၏။

သို့သော် သူမ စကားကို သူက အေးဆေးစွာပင် ကောင်း
ားပဲ ကြာညိုဟု ပြန်ပြောခဲ့သည်။ သည်လိုဆိုပြန်တော့လည်း
ခြေအနေက သူမအတွက် စဉ်းစားရ တော်တော်ကြပ်ပါသည်။

သို့သော် မတင်မကျ အခြေအနေမျိုးထက် တစ်ခုခုကို
ဲသဲကွဲကွဲ သိလိုသော သူမသည် ရင်ထဲမှ သံသယအတွက်
မ်းသပ်မှုတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

"အာကာ့အခြေအနေ တော်တော်ကောင်းလာပြီနော်"

တစ်ရက် ဒေလီယာနှင့်သူမ ကုန်သွယ်ရေးရုံးသို့အသွား
မ်းမှာ သူမ စကားစလိုက်သည်။

"ဟုတ်တယ် မမ၊ နောက်တစ်လ နှစ်လလောက်ဆို လူ
ကောင်းလုံးလုံး ဖြစ်သွားမှာ သေချာတယ်"

"တို့ တစ်ခု စဉ်းစားကြည့်မိတယ် ဒေလီယာ၊ စက်ဘီးစီး
င်တဲ့အခါ အစပိုင်း နောက်ကနေ ထိန်းပေးရပေမယ့် နောက်
း မသိမသာ လွှတ်ပေးလိုက်ရတယ် မဟုတ်လား၊ ခုလည်း တို့တွေ
ဲလို လုပ်ကြည့်ကြရအောင်၊ လကုန်ရင် ကုမ္ပဏီမှာ ရုံးပြန်ထိုင်
ဖြမယ်၊ အာကာ့ကို ဖာသိဖာသာ လွှတ်ပေးထားကြည့်မယ်၊
ယ့်နှယ့်လဲ"

ဒေလီယာ အနည်းငယ် တုန့်ဆိုင်းနေပြီးမှ "ကောင်းသားပဲ
" ဟုပြောသည်။ ဒေလီယာ့အသံ၌ နှမြောတသမှုတို့ ပါဝင်

နေမနေ သူမကောင်းစွာ အကဲခတ်နိုင်ခဲ့ပါ။ လကုန်လျှင် ရုံးပြ
ထိုင်ကြမည်ဟု ဆိုသော်လည်း တကယ့်တကယ်၌ ဒေလီယာ့ကိုသ
ထိုင်ခိုင်းပြီး သူမကတော့ ယခင်ကလိုပင် အိမ်မှ ဖုန်းနှင့်ဖ
ညွှန်ကြားအုပ်ချုပ်ရန် ရည်ရွယ်ထားပြီး ဖြစ်သည်။

လကုန်ပြီး နှစ်ရက်လောက်အထိ ဒေလီယာ အိမ်သ
ရောက်မလာတော့ အာကာ သူမအား မေးလာပါသည်။

"ဒေလီယာ ဘာဖြစ်လို့ မလာတာလဲ"

"မပြောတတ်ဘူး မောင်၊ နေမကောင်းလို့လား မသိဘူ
တနင်္လာနေ့လောက်တော့ ရောက်လာမယ် ထင်တာပဲ"

တနင်္လာနေ့၌ သူမ မနက်ပိုင်း ရုံးသို့ ခေတ္တသွားခဲ့ပြီ
အိမ်ပြန်ရောက်ချိန်မှာတော့ သူမ စမ်းသပ်မှု၏ ဒုတိယပိုင်းက
စတင်လိုက်သည်။

"စိတ်မကောင်းစရာပဲ မောင်"

"ဘာဖြစ်လို့လဲ ကြာညို"

"ဒေလီယာ အလုပ်ထွက်သွားပြီ"

"အလုပ်ထွက်သွားပြီ ဟုတ်လား၊ ဘာဖြစ်လို့ ထွက်သွာ
တာလဲ"

သူ တအံ့တသြ မေးတော့ သူ၏မျက်နှာအမူအရာတို့က
တစ်ချက်မှ အလွတ်မပေးဘဲ ဂရုတစိုက် အကဲခတ် စောင့်ကြည
ရင်း ပြန်ဖြေလိုက်သည်။

"ကြာညိုလည်း မသိဘူး၊ ဒီနေ့ ကုမ္ပဏီရောက်မှ ထွက်
စာ လာတင်သွားတဲ့အကြောင်း သိရတာ"





သူ စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်နှင့် နှုတ်ဆိတ်သွား
တာ့ သူမ စိတ်ထိခိုက်သံဖြင့် ပြောလိုက်ပါသည်။

"မောင့်အတွက် တကယ်အရေးကြီးတဲ့ စကားပြောဖော်
စ်ယောက် ဆုံးရှုံးသွားရတာပဲနော်၊ ကြာညို စိတ်မကောင်းပါဘူး၊
တစ်ရက်နှစ်ရက်အတွင်း စာပေဝါသနာပါတဲ့ အတွင်းရေးမှူး
သစ်တစ်ယောက် ရအောင် ကြာညို ကြိုးစားမယ် မောင်"

"နေပါစေ ကြာညို၊ ကိစ္စမရှိပါဘူး"

"အို ဘယ်ဟုတ်မလဲ မောင်ရဲ့၊ မောင့်မှာ စကားပြောဖော်
ဆွေးနွေးဖော် တစ်ယောက်ရှိမှ ဖြစ်မှာပေါ့"

သူမအား နားလည်ရခက်ခဲသော အကြည့်ဖြင့် သူ တစ်
က် စိုက်ကြည့်သည်။ သံသယရိပ်တို့ စွန်းထင်းသော အကြည့်
းဟု သူမ ခံစားလိုက်ရ၏။

"ကြာညိုတစ်ယောက်လုံး ရှိနေသားပဲ မဟုတ်လား ကြာ
ညို့ မလိုတော့ပါဘူး"

ပြောပြီး ထိုင်ရာမှ ထကာ သူထွက်ခွာသွားပါသည်။

သူမ စမ်းသပ်မှု၏ အရေးကြီးဆုံးအပိုင်းမှာ ယခုအချိန်
 စတင်ခြင်း ဖြစ်သည်။ ယနေ့မှစ၍ သူ၏အပြုအမူနှင့် စိတ်
စားမှုတို့ကို သူမ ဂရုတစိုက် စောင့်ကြည့်ရပါတော့မည်။

ကဲ မောင် ဘယ်လောက် ဟန်ဆောင်ကောင်းသလဲ ကြာညို
ပါရစေ မောင် ... ။

... ပြီးပါပြီ ...

(၉)

သူ၏ ဟန်ဆောင်နိုင်မှုမှာ အံ့ဩစရာပင် ကောင်းလှပါ
ည်။

စာတစ်အုပ်တစ်လေပင် မဖတ်ဖူးဘဲ စာပေဝါသနာရှင်
စ်ယောက်ပမာ ကြာညိုခင် ဟန်ဆောင်လှည့်ဖြားခဲ့ကြောင်း
ိစဉ်အခါက သူ နာကျည်းကြေကွဲခဲ့ရသော်လည်း ဘာမှမဖြစ်
လို ဟန်ဆောင်နိုင်ခဲ့၏။ ယခု ဒေလီယာ့ကြောင့် နိုးထရှင်သန်
သော သူ့ဘဝသည် ဒေလီယာ အလုပ်ထွက်သွားသဖြင့် ...

ပြန်လည်မသေဆုံးသွားသော်လည်း ယခင် စာအကြောင်း
အကြောင်း ပြောဖြစ်နေကျ အချိန်ရောက်တိုင်း တစ်စုံတစ်ရာ
ိအပ်နေသည့်ပမာ ခံစားရလေသည်။

သို့သော် ထိုခံစားမှုတို့ကို မည်သူမျှ မရိပ်မိလေအောင်
ြိုးစားဟန်ဆောင်နိုင်ခဲ့ပါသည်။ နောက်ထပ် မြိုသိပ်ဟန်ဆောင်

ရတာ တစ်ခုကတော့ သူ့ရင်ထဲမှ သံသယပဲ ဖြစ်သည်။ ထိုသံ
ယမှာ ဒေလီယာ အလုပ်ထွက်သွားခြင်း၌ ကြာညိုခင်၏ ပယော
တစ်စုံတစ်ရာ ပါဝင်ပတ်သက်နေနိုင်သည်ဟူသော သံသယ ဖြစ်၏

"ဒေလီယာကို ကြာညို အလုပ်ဖြုတ်လိုက်တာလို့ မ
ထင်သလား"

သူ၏ တစ်ဦးတည်းသော ရင်ဖွင့်တိုင်ပင်ဖော် ဖြစ်သ
အောင်နိုင်ဝင်း ရောက်လာတော့ ဒေလီယာ အလုပ်ထွက်သွ
ကြောင်းသိပြီး ထိုသို့မေးမြန်းခဲ့ခြင်း ဖြစ်သည်။

"တမင် အလုပ်ဖြုတ်ပစ်လိုက်တာ မဟုတ်တောင်မှ အလု
ထွက်ဖြစ်သွားအောင် ဖိအားပေးမှုတစ်ခုခု လုပ်ခဲ့မှာတော့ သေ
တယ်၊ ခုကိစ္စဟာ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာကို ငါ့စိတ်ထဲ
အလိုလို သိနေတယ်"

အောင်နိုင်ဝင်းက မင်း သူ့ကို သတိရနေသလားဟု မေ
တော့ မကွယ်မဝှက် ခေါင်းညိတ်ဝန်ခံလိုက်ပါသည်။

"ငါ့ရဲ့ တစ်စစီဖြစ်နေတဲ့ စိတ်ဓါတ်တွေကို ပြန်ကော
လာအောင် သူလုပ်ပေးခဲ့တယ်၊ စကားပြောဖော် ငတ်မွတ်နေ
အချိန်မှာ သူ ငါ့ရဲ့ စကားပြောဖော် ဆွေးနွေးဖော်အဖြစ် ကူည
ပေးခဲ့တယ်၊ ခု သူ မရှိတော့ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်
တာ အမှန်ပဲ"

ထို့အတွက်ကြောင့် သူ ဒေလီယာကို ရင်ခုန်နေမိသလာ
ချစ်နေမိခဲ့သလား ဆိုတော့လည်း မသေချာပါ။ သေချာသည်မှာ
ကြာညိုခင် ဖြည့်ဆည်းမပေးနိုင်သော အရာများအား ဒေလီယာ



ဖြည့်ဆည်းပေးခဲ့သဖြင့် သူ ဒေလီယာအပေါ် သံယောဇဉ် ဖြစ်ခဲ့
မိသလို မိတ်ဆွေကောင်း အဖော်ကောင်းတစ်ယောက်အဖြစ်
တွယ်တာမိခဲ့သည်။

"ခု မင်းရင်ထဲမှာ ခံစားနေရတာတွေနဲ့ ပတ်သက်ပြီး
တစ်ခုခု လုပ်ဖို့ မစဉ်းစားဘူးလား"

"ဘာလုပ်ရမှာလဲ"

"ဖောက်ခွဲပစ်လိုက်ပေါ့ကွာ၊ မေ့ပစ်လိုက်ပေါ့၊ အကောင်း
ဆုံးကတော့ ဘီယာ ထိုင်သောက်တဲ့နည်းပေါ့၊ မင်းတို့ ရေခဲသေတ္တာ
ထဲမှာ ဘီယာရှိတယ် မဟုတ်လား"

သူ ရံဖန်ရံခါ ဘီယာသောက်တတ်သဖြင့် ကြာညိုခင်က
ရေခဲသေတ္တာထဲ၌ ဘီယာဗူးများ ထည့်ပေးထားတတ်ကြောင်း သိ
နေသဖြင့် အောင်နိုင်ဝင်းက မေးလိုက်ခြင်းဖြစ်သည်။ သူ ခေါင်း
ညိတ်ပြလိုက်တော့ အောင်နိုင်ဝင်း မီးဖိုဆီသို့ ထထွက်သွားကာ ဘီ
ယာဗူးများ သွားယူလာပါသည်။

ဘီယာအပြင် သူ မတီးတာ ကြာပြီဖြစ်သော ဂစ်တာကိုပါ
ယူလာလေသည်။ သူ၏ညာလက်က ဘောလ်ပင်တစ်ချောင်းကို
အဖြစ်ရှိအောင် မကိုင်နိုင်သော်လည်း ဂစ်တာကိုတော့ ကောင်းစွာ
ခတ်နိုင်ပါသေးသည်။

"လုပ်စမ်းပါဦး၊ မင်းဆိုနေကျ မင်းလောက် ကိုယ့်အပေါ်
ဘယ်သူမှ မကောင်းဘူးဆိုတဲ့ သီချင်းလေး"

အောင်နိုင်ဝင်းက အလွန်နားထောင်ရဆိုးသော အသံဖြင့်
(Everything I do, I do it for you) ဟူသော သီချင်းကို

သီဆိုလေသည်။ ခပ်လွယ်လွယ် ဘာသာပြန်လျှင် ငါလုပ်သမျှ အ
အားလုံးဟာ မင်းအတွက်ပဲဟု အဓိပ္ပါယ်ရမည့် ထိုသီချင်းကို သီ
သင့်သူမှာ အောင်နိုင်ဝင်း မဟုတ်ဘဲ ကြာညိုခင်သာ ဖြစ်သ
ပါသည်။

"ဟော့ကောင် . . . ဘီယာတွေ အအေး ပေါ့ကုန်မ
သောက်ဦး"

အောင်နိုင်ဝင်းက သတိပေးသဖြင့် သူ ဘီယာတစ်ဗူး
ဖောက်ကာ သောက်လိုက်သည်။ ဤသို့ဖြင့် အောင်နိုင်ဝင်း
သီချင်းတစ်ပုဒ်တီးလိုက် ဘီယာသောက်လိုက်နှင့် တစ်ယောက်
ဘီယာနှစ်ဗူးစီ ကုန်ချိန်မှာတော့ သူတို့ စိတ်အနည်းငယ် ပေါ့
လာ၏။ ထိုသို့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အောင်နိုင်ဝင်း
သူ၏စိတ်ဓါတ်အား ကုစားပေးခဲ့ခြင်းဖြစ်ကြောင်း သူ သဘေ
ပေါက်လိုက်သည်။

သူ အောင်နိုင်ဝင်းထံမှ ဂစ်တာကို လှမ်းယူပြီး သီချ
တစ်ပုဒ်ကို တီးခတ်နေစဉ်မှာပင် ကြာညိုခင် အပြင်မှ ပြန်ရော
လာပြီး သူတို့ ထိုင်နေရာသို့ လျှောက်လာသည်။

"တယ်ပြီး ဝိုင်းကောင်းနေကြပါလား"

သူမ၏အသံက တစ်စုံတစ်ရာအတွက် ကျေနပ်နေသ
အသံမျိုး ဖြစ်သည်။

"ကိုအောင်နိုင်ဝင်း ခုလိုမျိုး မကြာမကြာလာပြီး သ
ဝိုင်းဖွဲ့စမ်းပါ။ ကျွန်မ သူ့သီချင်းသံကို မကြားရတာ တော်တေ
ကြာပြီ"





"စိတ်ချ မကြာညို၊ ဘီယာသာ များများဝယ်ထား၊ ကျွန်
တော် နေ့တိုင်းလာခဲ့မယ်"

"အို အဲ့ဒီအတွက်တော့ ဘာမှ စိတ်မပူနဲ့၊ တွန်တိန်နာနဲ့
ပြည့်ဝယ်ထားပေးမယ်၊ ဟုတ်ပြီလား"

ထို့နောက် သူမက သူတို့စားပွဲပေါ်ကို တစ်ချက်ကြည့်ပြီး
ာအမြည်းမှလည်း မရှိပါလား၊ နေဦး၊ သွားစီစဉ်လိုက်ဦးမယ်၊
မောင် ဘာစားချင်သလဲဟု သူ့အား လှမ်းမေးတော့ ပဲကြီးလှော်
ု သူ အရွဲ့တိုက်ကာ ဖြေလိုက်သည်။

"ပဲကြီးလှော် အိမ်မှာ မရှိဘူးလေ မောင်ရဲ့၊ နောက်ပြီး
ီယာနဲ့ ဘယ်လိုက်ပါ့မလဲ၊ ဘဲကင်ဖြစ်ဖြစ် ဒါမှမဟုတ်"

"ကျွန်တော် ပဲကြီးလှော်ပဲ စားချင်တယ်"

"ဟုတ်ပြီ၊ ဒါဆို ကြာညို သွားဝယ်ပေးမယ်၊ မြေပဲ ဆား
လှော်ပါ ဝယ်လာခဲ့မယ်"

ကြာညိုခင် ထွက်သွားပြီး တအောင့်ကြာတော့ အောင်
ိုင်ဝင်းက သူ့အား ပြောသည်။

"သူ မင်းအပေါ် သိပ်ကောင်းတယ် အာကာ၊ အဲဒါကို
ုံးဝ သံသယမဖြစ်နဲ့"

အောင်နိုင်ဝင်း စကားအား သူ လက်ခံချင်ပါသည်။

အကယ်၍ ဆိုးဆိုးဝါးဝါး တိုက်ဆိုင်မှုတစ်ခုနှင့်သာ မကြုံ
ကြိုက်ခဲ့ပါက ၎င်း၏စကားကို ချွင်းချက်မရှိ လက်ခံဖြစ်ခဲ့ပါလိမ့်မည်။

. . . [illegible] . . .

(၁၀)

ထိုတိုက်ဆိုင်မှုနိဒါန်းမှာ တစ်ရက် သူ မြို့ထဲသို့ ကားမောင်း
ဲဖြစ်ခဲ့ခြင်းနှင့် စတင်ပါသည်။ ကြာညိုခင်က မနက် ကတည်းက
၏ ဆောက်လက်စ အဆင့်မြင့် အိမ်ရာစခန်းသို့ စစ်ဆေးကြည့်
 ထွက်ခွာသွားခဲ့ပြီးနောက် သူတစ်ယောက်တည်း စိတ်ငေ်
ွာဖြင့် ဦးတည်ရာမဲ့ ကားမောင်းထွက်လာခဲ့ခြင်း ဖြစ်သည်။

မြို့ထဲမှ ကားရှင်းသော လမ်းတစ်လမ်းပေါ်၌ မောင်းလာ
လမ်းဘေး ဘတ်စ်ကားမှတ်တိုင်တစ်ခုဆီသို့ အမှူမဲ့ အမှတ်မဲ့
ကြည့်ရောက်သွားစဉ်မှာပင် သူ့ရင်ထဲ၌ လှုပ်ခနဲ ဖြစ်သွားလျက်
းကို လမ်းဘေးသို့ အမြန်ဆုံး ထိုးရပ်လိုက်ပြီး မှတ်တိုင်ဆီသို့
ထုတ်လာခဲ့သည်။

"ဒေလီယာ"

သူ့အသံကြောင့် သူမ ဖြတ်ကနဲ လှည့်ကြည့်ပြီး သူ့ကို

တွေ့တော့ တအံ့တဩနှင့် သူမ၏မျက်ဝန်းတို့ လက်ခနဲ ဖြစ်သွာ

ကြသည်။

"ဟယ် ဆရာတစ်ယောက်တည်းလား"

"ကားပေါ်တက် ဒေလီယာ"

"ဟုတ်"

သူမ ခေါင်းညိတ်ကာ ကားထဲသို့ ဝင်ထိုင်ပြီးသည်နှ

သူ့ကားကို မောင်းထွက်လာခဲ့သည်။ ယဉ်ပါးနေသည့် သူမ

ရေမွှေးနံ့က ကားထဲ၌ လွှမ်းခြုံသွားပါသည်။

"ဆရာ ဘယ်သွားမလို့ အိမ်က ထွက်လာတာလဲဟင်"

"အဲဒီမေးခွန်းကို မင်းအရင်ဖြေပါ ဒေလီယာ၊ မင်း အ

ဘယ်သွားမလို့လဲ"

သူမ ခပ်လွင်လွင် ရယ်မောလျက် ...

"ဒေလီယာက ဘယ်ကို သွားရမှာလဲ၊ မမကြာညိုခင်ရဲ

ကုမ္ပဏီကိုပေါ့ ဆရာရဲ့၊ ဒီနေ့ ရုံးပိတ်ရက်မှ မဟုတ်တာ၊ အလုပ်

ဆင်းရမှာပေါ့"

ဒေလီယာ စကားကြောင့် သူ ရင်ဘတ်အား တစ်စုံတ

ခုနှင့် ဆောင့်ထိုးခံလိုက်ရသည့်ပမာ စူးရှနာကျင်စွာ ခံစားလိုက်

လေသည်။ အလုပ်ဆင်းရမှာပေါ့တဲ့။ ဒါဖြင့် သူမ ကြာညိုခ

ကုမ္ပဏီမှာ လုပ်နေတုန်းပဲပေါ့။





(စိတ်မကောင်းစရာပဲ မောင်၊ ဒေလီယာ အလုပ်ထွက်

းပြီ ...)

(ဒီနေ့ ကုမ္ပဏီ ရောက်တော့မှ ထွက်စာလာတင်သွားတဲ့

ကြောင်း သိရတာ ...)

"ဆရာ့ကို ခုလိုတွေ့ရတာ ဒေလီယာ ဝမ်းသာတာပဲ"

(မောင့်အတွက် အရေးကြီးတဲ့ စကားပြောဖော် တစ်

သာက် ဆုံးရှုံးသွားရတဲ့အတွက် ကြာညို စိတ်မကောင်းပါဘူး။)

"ဆရာ စာတွေ ဖတ်ဖြစ်တယ် မဟုတ်လားဟင်"

(စာပေဝါသနာပါတဲ့ အတွင်းရေးမှူးအသစ်တစ်ယောက်

အောင် ကြာညို အမြန်ဆုံး ကြိုးစားမယ် ...)

"ဆရာ"

ဒေလီယာ့ခေါ်သံကြောင့် သူ့စိတ်တို့ ပစ္စက္ခ အခြေအ

သို့ ပြန်လည်ရောက်ရှိလာကြ၏။

"ဆရာ ဘာတွေ တွေးနေတာလဲဟင်၊ နေနေမှုနဲ့

မကောင်းဘူးလား"

လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း သူ ရေရွတ်လိုက်သည်။

"ကိုယ် အလိမ်ခံလိုက်ရပြန်ပြီ ဒေလီယာ"

"ရှင်"

"ဟုတ်တယ်၊ သူနဲ့ စတွေ့ကတည်းက အလိမ်ခံနေခဲ့ရတာ ဒီနေ့အထိပဲ"

"ဆရာ ဘာတွေ ပြောနေတာလဲဟင်"

"မင်း ကြာညို ခုဆောက်နေတဲ့ အဆင့်မြင့်အိမ်ရာ ဘယ်မှာလဲဆိုတာ သိလား"

"မြို့သစ်မှာလေ၊ ဘာဖြစ်လို့လဲ"

"အဲဒီလိပ်စာ ကိုယ့်ကို ပေးစမ်းပါ"

သူမ သူ့အား နားမလည်သလို ငေးကြည့်ရင်း ပြန်ပြောသည်။

"မြေပုံနဲ့ သွားရှာရမှာ ဆရာ၊ ဒီတိုင်းသွားရင် တွေ့မှာမဟုတ်ဘူး"

"အဲဒီမြေပုံ မင်းမှာ ရှိတယ်မဟုတ်လား"

သူမ ခေါင်းညိတ်ကာ ဖိုင်တွဲထဲမှ မြေပုံစာရွက်တစ်ခုကို ထုတ်ပေးသည်။ ထို့နောက် သူ့အား စူးစမ်းဟန်ဖြင့် စိုက်ကြည့်ကာ ...

"နေပါဦး ဆရာ၊ ဆရာ ဘာတွေဖြစ်နေတာလဲ၊ ဒေလီယာကို နည်းနည်းလောက် ရှင်းပြပါဦး"

"ကြာညိုက ကိုယ့်ကို ပြောတယ် ဒေလီယာ၊ မင်း အလုပ်ထွက်သွားပြီတဲ့"

"ရှင်"

"ကိုယ့်မှာ ဒီလက်ကိစ္စ ဖြစ်ပြီးကတည်းက ဘယ်လောက်





ထိုးကျန်ခဲ့သလဲ၊ ဘယ်လောက် စကားပြောဖော် ငတ်နေခဲ့သလဲ းအသိဆုံးပါ ဒေလီယာ၊ မင်း တကယ် အလုပ်ထွက်သွားရင် ာင်မှ သူ မင်းကို မတွေ့တွေ့အောင် လိုက်ရှာပြီး အလုပ်ပြန်ခန့် ့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်စိတ်ဓါတ်တွေ လူကောင်း ်ယောက်လို ပြန်ပြီးကျန်းမာလာတဲ့အထိ ကိုယ် မင်းကို လိုအပ် ပါ၊ ဒါကို သူသိလျက်နဲ့ မင်း အလုပ်ထွက်သွားပြီဆိုပြီး လိမ်ညာခဲ့ ယ်၊ ကိုယ့်ဘဝကို လှောင်အိမ်ထဲမှာ သော့ခတ်ထားဖို့ ကြိုးစားခဲ့ ယ်"

သူ့အသံတို့က နာကျင်မှုဖြင့် တုန်ခါ၍ နေသည်။

"ဟင့်အင်း၊ ဆရာ အဲလို မတွေးသင့်ဘူး၊ မမကြာညို ဆရာ့ ဘယ်လောက်ချစ်သလဲဆိုတာကိုလည်း ထည့်စဉ်းစားဦးလေ၊ သူ ်ချစ်တဲ့ လူတစ်ယောက်ဟာ တခြားမိန်းကလေး တစ်ယောက်နဲ့ အပ်တာထက် ပိုပြီးရင်းနှီးသွားမှာကို သူ စိုးရိမ်မှာပေါ့"

"မင်းနဲ့ ကိုယ့်အနေအထားက လိုအပ်တာထက် ပိုပြီး းနှီးသွားနိုင်တယ်ဆိုပါတော့ ဟုတ်လား ဒေလီယာ"

"ဟို မမကြာညိုရဲ့အတွေးကို ပြောတာပါ၊ သူက ဆရာ့ကို ်ချစ်တော့ ဆရာ့ကို မဆုံးရှုံးရဖို့အတွက် ဘာမဆို သူ လုပ်မှာပဲ၊ ချစ်ဟာ လူတစ်ယောက်ကို မျက်စိကန်းသွားစေနိုင်တယ် ဆရာ"

"ကျေးဇူးတင်ပါတယ် ဒေလီယာ၊ ကဲ ... ကုမ္ပဏီရှေ့ ာက်ပြီ"

သူ ကားကို ထိုးရပ်ရင်း ပြောလိုက်တော့ သူမက ချက်ချင်း ်င်းသေးဘဲ သူ့အား ပြောသည်။

"ဆရာ မမကို သွားတွေ့မယ်ဆိုရင် နည်းနည်းအချိန်ယူ ပြီး စဉ်းစားပါဦး ဆရာ"

"ကိုယ် အချိန်တွေ အများကြီး ယူခဲ့ပြီးပါပြီ ဒေလီယာ"

သူမက မတတ်သာတော့ဘဲ ကားပေါ်မှ ဆင်းလိုက်ရ သည်။ သွားမယ် ဒေလီယာဟု နှုတ်ဆက်ပြီး အာကာ ကားကို ဝေါခနဲ မောင်းထွက်သွားတော့ ဒေလီယာ ကုမ္ပဏီပေါ်သို့ အပြေး တက်လာခဲ့၏။ ကြာညိုခင့် ဆယ်လူလာသို့ လှမ်းဆက်ကာ အကျိုးအ ကြောင်း ပြောပြသင့်သည် တွေးလိုက်မိသောကြောင့် ဖြစ်သည်။ သူမကြောင့်တော့ သူတို့နှစ်ယောက် ပြဿနာ မဖြစ်စေချင်ပါ။

သို့သော် ဒေလီယာ ကံမကောင်းခဲ့။ ကြာညိုခင်၏ဖုန်းက ပိတ်ထားခြင်းကြောင့် ဖြစ်သည်။





(၁၁)

တကယ်ဆို ကြာညိုခင် ဒီလိုလုပ်ဖို့ မကောင်းဘူး။ ခုလို ိုး လိမ်ညာလှည့်ဖြားဖို့ မကောင်းဘူး။

ကြာညိုခင်ရှိရာ မြို့သစ်မှ ဆောက်လုပ်ဆဲ အိမ်ရာစခန်း ီသို့ မောင်းလာရင်း တစ်လမ်းလုံး ထိုအတွေးတို့ကိုသာ အဖန် ာလဲလဲ တွေးလာခဲ့မိသည်။ ဒေလီယာထံမှ ရယူလာခဲ့သော မြေပုံအညွှန်းအတိုင်း စမ်းတဝါးဝါး မောင်းလာရာမှ လမ်းချိုး ာစ်ခုကို တွေ့လိုက်ရာ ကြာညိုခင် ဆောက်လုပ်ရေးကုမ္ပဏီ အဆင့်မြင့် အိမ်ရာစီမံကိန်းဟူသော စာတန်းများ ရေးထိုးထား ည့် ဆိုင်းဘုတ်တို့ စိုက်ထူထားသော တည်ဆောက်နေဆဲ ိုက်တာတို့ဖြင့် လုပ်ငန်းခွင်ကို ဘွားကနဲ တွေ့မြင်လိုက်ရသည်။

လမ်းမပေါ်၌ ရပ်ထားသော ကြာညို၏ နို့နှစ်ရောင် မာစီဒီး

ကားနောက် မလှမ်းမကမ်း၌ သူ့ကားကို ထိုးရပ်လိုက်ပြီး ကားပေါ်မှ ဆင်းကာ လုပ်ငန်းခွင်အတွင်းကို လှမ်းကြည့်လိုက်တော့ တစ်နေရာ၌ ကြာညိုကို တွေ့ရသည်။ သူမက ဤဆောက်လုပ်ရေး လုပ်ငန်းကြီးတစ်ခုလုံးအား ကြီးကြပ်ရသည့် ခင်မောင်မြင့်ဟူသော လူနှင့် ရပ်၍စကားပြောနေခြင်း ဖြစ်၏။

သူမတို့ နှစ်ယောက်စလုံး သူ့ကို မမြင်သဖြင့် သူ ကားနားမှာပင် ရပ်လျက် ၎င်းတို့ကို လှမ်းကြည့်နေလိုက်သည်။

ထိုအချိန်မှာပင် လုပ်ငန်းခွင်ဦးထုပ် ဆောင်းထားသော လူတစ်ယောက် သူမတို့နားသို့ ရောက်လာပြီး ရယ်ရယ်မောမော နှင့် စကားစသည်။ သူမက အလိုက်အထိုက် ရယ်မောလျက် တစ်စုံတစ်ရာ ပြောတော့ ထိုလူက ခေါင်းညိတ်သည်။ ထို့နောက် ဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်ပြီး နဖူးမှ ချွေးတို့ကို သုတ်လိုက်၏။ တော်တော်လှမ်းသည့် အနေအထား ဖြစ်သော်လည်း ထိုလူ၏မျက်နှာကို ကောင်းစွာ တွေ့မြင်လိုက်ရသည်။ ၎င်း၏ မေးရိုးကားကားနှင့် မိုက်ကန်းကန်းမျက်နှာကို တွေ့မြင် လိုက်ရသည်နှင့် သူ့တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရ သည့်ပမာ ခံစားလိုက်ရပြီး မျက်လုံးများ ပြာဝေသွားကြ၏။

ထိုမျက်နှာမှာ သူ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်သည့် မျက်နှာဖြစ်သည်။

"ပြန်ထိုင်ပါ ကိုယ့်လူ၊ ပြီးတော့ ကျုပ်တိုက်တဲ့အရက်ကို သောက်ပါ"

သူ၏အသက်ရှူနှုန်းတို့ မြန်ဆန်လာလျက် နှလုံးတစ်ခုလုံး





ပေါက်ကွဲသွားတော့မည့်ပမာ တဒိန်းဒိန်း ခုန်နေသည်။

"ကျုပ်တိုက်တဲ့အရက်ကို မသောက်ရင်တော့ ခင်ဗျား ကျုပ်ကို စော်ကားလိုက်တာပဲ"

ထို့နောက် အရက်ပုလင်းကွဲသံ၊ သူ၏ လက်ကောက်ဝတ်ဆီမှ စူးရှထုံကျင်နာကျင်မှု၊ ဖြာခနဲ ထွက်လာကြသည့် သွေးများ၊ ဆရာဝန်၏ ဒီတသက် ဘယ်တော့မှ စာရေးနိုင်တော့မှာ မဟုတ်ဘူးဟူသည့် စကား. . .။

လက်သီးအစုံကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိရင်း ဒီလူဟာ ကြာညိုခင်ရဲ့ အလုပ်သမားပါလားဟု မယုံကြည်နိုင်စွာ တွေးလိုက်မိသည်။ တစ်ချိန်ထဲမှာပင် ကြာညိုခင် စကားသံတို့ကို ဝေ့ဝဲကြားယောင်မိလိုက်၏။

"မောင်သာ အကြောင်းတစ်ခုခုကြောင့် စာမရေးဖြစ်တော့ရင် သိပ်ကောင်းမှာပဲ၊ အဲဒါမှ မောင် ကြာညို့ဘေးနားမှာ အမြဲရှိနေမှာ"

"ဒါတော့ တဆိတ်လွန်ပြီ ထင်တယ် မောင်၊ ပြီးခဲ့တဲ့တစ်လလုံးလုံးလည်း မောင် အိမ်မှာမရှိဘူး၊ ခု ပြန်ရောက်တာတောင် ဆယ်ရက် မပြည့်သေးဘူး ခရီးထွက်ဦးမယ်ဆိုတော့. . ."

"--------"

"--------"

"ဒီကိစ္စက မတော်တဆတစ်ခု ဖြစ်နိုင်သလို ရန်ညိုးတစ်ခုခုကြောင့် တမင်လုပ်တာလည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ ခင်ဗျား အမှုဖွင့်မှ ဖြစ်မယ်"

"ဆရာ့ကို သိပ်ချစ်တော့ ဆရာ့ကို မဆုံးရှုံးဖို့အတွ
ဘာမဆို သူလုပ်မှာပဲ၊ အချစ်ဟာ လူတစ်ယောက်ကို မျက်စိက
သွားစေနိုင်တယ် ဆရာ"

သူမတို့ ရှိရာသို့ ရွေ့လျားလုလု ခြေလှမ်းများ တုန့်ဆို
ရပ်တန့်သွားကြ၏။ လက်စသတ်တော့ အရာအားလုံးဟာ ကြ
ညိုခင်ရဲ့ ဖန်တီးမှုတွေပါပဲလား။ သူ့လက်ကို စာရေးလို့မရအော
အကွက်ချ စီစဉ်ခဲ့သူဟာ သူမကိုယ်တိုင်ပါလား. . .။

မယုံကြည်နိုင်မှုနှင့်အတူ သူ တုန်လှုပ်စွာ စူးရှနာကျ
သွားလေသည်။ ထိုအချိန်မှာပင် ကြာညိုခင် သူ့အား လှမ်းမြ
သွားကာ လက်တစ်ဖက် ဝှေ့ရမ်းထောင်ပြ၍ နှုတ်ဆက်ပြီး သူ
ဘေးမှ လူကို တစ်စုံတစ်ရာ ပြောလိုက်သည်။ ထိုလူနှင့်အ
ခင်မောင်မြင့်ပါ သူမအနီးမှ လှစ်ခနဲ ပြေးထွက်သွားကြပြီး သူမ
သူရှိရာ လမ်းမဆီသို့ လျှောက်လာလေသည်။

အသက်ကင်းမဲ့သူတစ်ယောက်ပမာ သူ အတန်ကြာ ငြ
သက်နေမိရာမှ ချက်ချင်းပင် ကားပေါ်ပြန်တက်ပြီး အမြန်မော
ထွက်လာခဲ့သည်။

ကြာညိုခင် သူ့အား လှမ်းအော်ခေါ်သော်လည်း အဝေ
ဝေးကွာသည့်နေအထား ဖြစ်သဖြင့် သူမ၏အသံကို သူ မကြ
တော့ပါ။

... [illegible] ...





(၁၂)

ကားဂိုဒေါင်သုံးလုံးအနက် အစွန်ဆုံး ဂိုဒေါင်တံခါးကို
ဖွင့်လိုက်တော့ သူမနှင့် လက်မထပ်ခင်ကတည်းက သူ၏ စာမူခ
ဝယ်ယူစီးခဲ့သော ဆူပါရှဖ်ကားလေးက ဖုန်အလိမ်းလိမ်းနှင့်
မ်သက်နေ၏။

မောင့်ကားက အောက်နေပါပြီ မောင်ရယ်၊ ကြာညို့
စီဒီးကို ယူစီးစမ်းပါ၊ ဒါမှမဟုတ်လည်း ဂရမ်ဒီမာခ့်တူးကို စီးပြီး
မောင့်ကားကို ပြန်ရောင်းလိုက်စမ်းပါ။ ထိုစဉ်က သူ ပြတ်သားစွာ
ခါင်းခါရမ်းလိုက်ပြီး ကျွန်တော့်စာမူခနဲ့ ဝယ်ထားတဲ့ကားကို
ကျွန်တော် မရောင်းရက်ဘူး ကြာညိုဟု ပြန်ပြောတော့ ဒါဖြင့်လည်း
မောင့်ကားကို သိမ်းထားပြီး မာခ့်တူးကို စီးပါဟု သူမ တိုက်တွန်း
ကြပေးသဖြင့် ...

တစ်လ နှစ်ခါ ဆီထုတ်ရက်မှအပ ကျန်အချိန်များ၌

ကားလေးက ဖုန်အလိမ်းလိမ်းနှင့် ဂိုဒေါင်ထဲမှာ ငြိမ်သက်

ရခြင်း ဖြစ်သည်။

သူ ကားကို အပြင်သို့ မောင်းထုတ်လိုက်ပြီး အဝ

အစားများကို ကားပေါ်သို့ တင်လိုက်သည်။ စကားနည်းေ

ဒေါ်လေးငယ်က သူ၏လှုပ်ရှားမှုတို့ကို လိုက်လံကြည့်ရှုခဲ့သ

အပ တစ်စုံတစ်ရာ မမေးခဲ့ပါ။

ထိုအချိန်မှာပင် ကြာညို၏ နို့နှစ်ရောင် မာစီဒီးကာ

ခြံထဲသို့ ဝေါကနဲ ထိုးဝင်လာပါသည်။

"မောင် မောင် ဘာဖြစ်သွားတာလဲ၊ ကြာညို ဆိုဒ်ထဲက

လှမ်းခေါ်တာ မကြားဘူးလား"

သူ ဘာမှမပြောဘဲ နောက်ဆုံးကျန်သည့် အဝတ်အ

အိတ်ကို စူပါရှဖ် နောက်ခန်းထဲ ပစ်ထည့်လိုက်တော့ သူမက

ဖုန်အလိမ်းလိမ်းနှင့် ကားကို သတိပြုမိသွားပြီး ...

"ဒီကားက ဘာအတွက်လဲ မောင်၊ အဝတ်အစား

ကရော ဘာလုပ်တာလဲ"

သူမအား သူ တည့်တည့် စိုက်ကြည့်လိုက်၏။ ထို့နေ

ဒေါသတို့ကို ချုပ်တီးထားရသည့် အလွန်တင်းပြတ်သောလေသ

သူ တစ်လုံးချင်း ပြောလိုက်သည်။

"ခင်ဗျားရဲ့ ဟန်ဆောင်မှုတွေက သိပ်ပြောင်မြော

တယ် ဒေါ်ကြာညိုခင်၊ ဒါပေမယ့် ကျွန်တော် သွားတော့

ခင်ဗျားရဲ့ လှောင်အိမ်ထဲကနေ ထွက်ပြီး အဝေးဆုံးကို သွား





ယ်"

သူမ တအံ့တသြ တုန်လှုပ်သွားဟန်ဖြင့် သူ့ကို ကြည့်သည်။

"ဘုရားရေ မောင် ဘာဖြစ်နေတာလဲဟင်၊ မောင် ကြာညို့

ကို တစ်ခုခု မကျေမနပ် ဖြစ်နေတာလား၊ အထင်လွဲနေတာလား"

"အထင်မလွဲပါဘူး ဒေါ်ကြာညိုခင်၊ အထင်မလွဲသလို

အမြင်လည်း မလွဲဘူး၊ ကျုပ် အားလုံးကို တွေ့ခဲ့ပြီးပြီ၊ ခင်ဗျားရဲ့

ပ်ညံ့ညံ့ အိုက်တင်တွေကို ရပ်လိုက်ပါတော့"

"မောင်ပြောတာတွေ ကြာညို တစ်ခုမှ နားမလည်ဘူး

မာင်၊ ကြာညို့ကို နည်းနည်းလောက် ရှင်းပြစမ်းပါ၊ မောင် ဘာတွေ

စ်နေတာလဲ"

"လောလောဆယ် ဖြစ်နေတာကတော့ ကျုပ် လူသတ်

င်နေတာပဲ၊ ကဲ ရှေ့ကဖယ်ပါ ဒေါ်ကြာညိုခင်"

သူမကို တွန်းဖယ်ပြီး ကားဆီသို့ လျှောက်လာတော့ သူမ

က်ရည် အဝိုင်းသားနှင့် နားမလည်သလို စိုက်ငေး၍ ကြည့်သည်။

ား နားရောက်တော့မှ သူမဘက်သို့လှည့်ပြီး လက်ထဲမှ နာရီနှင့်

က်စွပ်တို့ ချွတ်ကာ သူမအား ကမ်းပေးလိုက်သည်။

"ခင်ဗျား ဝယ်ပေးထားတဲ့ ရိုးလက်စ်နာရီနဲ့ စိန်လက်စွပ်"

သူမ အိပ်မက်မက်နေသူတစ်ယောက်ပမာ နာရီနှင့် လက်

ပ်ကို ခပ်ကြောင်ကြောင် လှမ်းယူသည်။ သူ ကားပေါ် တက်ပြီး

က်နှိုးလိုက်ချိန်မှာတော့ သူမ အိပ်ရာမှ လန့်နိုးလာသည့်ပမာ

ပ်စူးစူး အော်ရင်း ငိုရှိုက်လိုက်သည်။

"ဟင့်အင်း မသွားရဘူး၊ မောင် ဘယ်မှ မသွားရဘူး၊

ကြာညို့ကို သနားပါ မောင်"

"ခုချိန်ဟာ ကျုပ်ကိုယ်ကျုပ် ပြန်သနားရတော့မယ့် အချိန်ပါ ဒေါ်ကြာညိုခင်၊ ကျုပ်ဘဝကို ရစရာမရှိအောင် ဖျက်ဆီးခဲ့ပြီပဲ၊ ကျေနပ်ပါတော့"

စကားဆုံးသည်နှင့် သူ ကားကို အရှိန်ပြင်းစွာ မောင်းထွက်လာခဲ့သည်။

တာယာပွတ်တိုက်သံ ဆူညံစွာဖြင့် ထွက်ခွာသွားသော မောင့်ကားကို မျက်ရည်တို့နှင့် မှုန်ဝါးစွာ ငေးကြည့်ရင်း သူမ အရုပ်ကြိုးပြတ် လဲကျသွား၏။ ဒေါ်လေးငယ်က အပြေးအလွှား ရောက်လာပြီး သူမအား ပြေးပွေ့သည်။

"ကြာညို သတိထားလေ၊ ကြာညို သမီး"

ထိုအချိန်မှာပင် အငှားကား တစ်စီးဖြင့် ကုမ္ပဏီမှ ရောက်ရှိလာသော ဒေလီယာလည်း သူမဘေးသို့ ရောက်လာပါသည်။

"မမ မမ ဘာဖြစ်တာလဲ"

သူမ ဒေလီယာအား ကြေကွဲစွာ မော့ကြည့်ပြီး တစ်လုံးချင်း ပြောလိုက်သည်။





"သူ ထွက်သွားပြီ ဒေလီယာ၊ သူ့ တို့ဘဝထဲက အပြီးထွက်သွားပြီ"

ထို့နောက် ကြာညိုခင် ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

နောက်ထပ် နာရီဝက်လောက် အကြာမှာတော့ ကြာ၏ လက်စွဲတော်ဆရာဝန်မှာ ဆေးအိတ်ကိုဆွဲ၍ ပျာရိပျာ ရောက်ရှိလာလေသည်။

## အပိုင်းလေး

Where there is injury, Let me sow pardon.

နာကျည်းခြင်းမှ ခွင့်လွှတ်ခြင်းသို့ မျိုးထောင်နိုင်ရပါလို၏။

(စိန့်ဖရန်စစ်)

(၁)

နွေရာသီ၏ နေ့လည်ခင်း နေရောင်ခြည်တို့က ကတ္တရာလမ်းမတို့ကိုပင် အရည်ပျော်လုမတတ် ပူပြင်းလှပါသည်။ ထမင်းဆိုင်လေး၏ အမိုးအကာအောက်သို့ လှမ်းဝင်လိုက်တော့မှ နေပူဒဏ်မှ သက်သာရာ ရသွား၏။

ထိုင်နေကျ စားပွဲဝိုင်းလေးမှာ သူ ဝင်ထိုင်လိုက်တော့ ဆိုင်ပိုင်ရှင် အဖိုးကြီး သူ့အနားသို့ ရောက်လာသည်။

“ဒီနေ့ တယ်နောက်ကျပါလား၊ ကျုပ်က မောင်ရင်လေး လာမစားတော့ဘူးတောင် ထင်နေတာ”

“ဟုတ်တယ် အဘ၊ မနက်က ထမင်းကြော် စားလိုက်တာ များသွားလို့ ညနေမှပဲ ညစာ ပေါင်းစားမလို့ ခုမှ ဆာလာတာနဲ့ ထွက်လာခဲ့တာ၊ ဟင်းကျန်သေးတယ် မဟုတ်လား”

"ကျွန်ုပ်ဗျား၊ မောင်ရင်လေးအတွက် တမင်ဖယ်ထားတာ
ထုံးစံအတိုင်း ကြက်အသည်းအမြစ်နဲ့ပဲ မဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်တော့ အဖိုးကြီးက ဆိုင်အစွ
ဘက်သို့ ပြန်ဝင်သွားပြီး သူ့အတွက် ထမင်းဟင်းများ ခူးခပ်က
ပန်းနှင့်ထည့်၍ ယူလာသည်။

"မုန်လာချဉ်ဟင်းကတော့ နည်းနည်းလေး အေးနေ
ပြန်နွေးထားတယ်၊ ခဏလေး စောင့်ဦးနော်၊ ဖြစ်တယ် မဟုတ်လာ

"ရပါတယ် အဘ၊ ကိစ္စမရှိပါဘူး"

ထုံးစံအတိုင်း အဖိုးကြီးက သူနှင့် လေပစ်ရန် ခွေးခြေ
ဆွဲယူကာ ဝင်ထိုင်လိုက်ပြီး ပါးစောင်၌ ခဲထားသော ဆေးပြ
လိပ်ကို စိတ်ရှည်လက်ရှည်နှင့် မီးညှိနေသည်။

ဤဆိုင်၌ ထမင်းလခပေး၍ စားရခြင်းမှာ စိတ်ချမ်းသ
စရာ ကောင်းလှသော်လည်း ဆိုင်ရှင်အဖိုးကြီး၏ ရောက်တတ်ရာ
စကားများကို နားထောင်ရသည်ကတော့ အနည်းငယ် စိတ်ညစ်
ရာ ကောင်းပါသည်။

သို့သော် ဤမြို့ငယ်လေးတစ်မြို့လုံး၌ ဒီဆိုင်တစ်ဆိုင်သ
ဟင်းချက် အစပ်အဟပ် တည့်လှသည်ဖြစ်၍ အဖိုးကြီး၏ စက
တို့ကို သည်းခံနားထောင်ရသည်။ ယခုလည်း ဆေးပြင်းလိပ် မီး
ပြီးသည်နှင့် ထွေရာလေးပါး စကားတို့ကို စတင်တော့မည် ဖြ
သည်။

မနေ့ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းလာသေ
နွေရာသီအကြောင်းကို ပြောခဲ့ပြီးဖြစ်၏။ ဒီနေ့ ဘာအကြောင်း





ပြောမှာပါလိမ့်။ သူ စိတ်ပျက်စွာ တွေးနေစဉ်မှာပင် ဆိုင်ထဲသို့ ထမင်းစားမည့်သူများ ဝင်လာကြသဖြင့် သူ ကံကောင်းသွားပါသည်။

ဝင်လာကြသူများက မိသားစုတစ်စုဖြစ်ပြီး ဆိုင်ပြင်၌ ရပ်ထားခဲ့သည့် အထုတ်အပိုးအပြည့်နှင့် တောင်းအေ့(စ်)ကားကြောင့် အပျော်ခရီးထွက်လာသူများ သို့မဟုတ် ဘုရားဖူးထွက်လာသူများ ဖြစ်လိမ့်မည်ဟု သူ တွေးလိုက်မိသည်။

ဘာသုံးဆောင်ကြမလဲဟု အဖိုးကြီး မေးမြန်းနေစဉ်မှာပင် သူက အသည်းအမြစ်တစ်ဖတ်ကို ပန်းကန်ထဲသို့ ခပ်ထည့်လိုက်ပြီး ထမင်းစားခြင်းအလုပ်ကို ခပ်သွက်သွက် စတင်လိုက်သည်။

သူ ထမင်းစားနေသည်ကို မိသားစု ဝိုင်းထဲမှ မောင်နှမဖြစ်ဟန်တူသော ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်က ကွက်ကြည့်ကွက်ကြည့် လုပ်ရင်း ၎င်းတို့ချင်း တွတ်ထိုးကာ ငြင်းခုန်နေကြ၏။ ခဏကြာတော့ ထိုကောင်လေးနှင့် ကောင်မလေး ထိုင်ရာမှထပြီး သူ့ဝိုင်းဆီသို့ လျှောက်လာကြသည်။

"စိတ်မရှိပါနဲ့ ဆရာ၊ ဆရာက စာရေးဆရာ အာကာစိုးမိုး မဟုတ်လား"

ပါးစပ်ထဲသို့ ထည့်လုလု ထမင်းလုပ်က လမ်းတစ်ဝက်မှာပင် ရပ်တန့်သွား၏။ အာကာစိုးမိုးတဲ့၊ ထိုအမည်ကို မေ့လျော့ထားခဲ့သည်မှာ အတော်ကြာပြီ ဖြစ်သည်။

"နင်ကလည်းဟာ၊ ဟုတ်ပါတယ်ဆိုမှပဲ၊ ငါ ဆရာ့ဓါ
ကို မဂ္ဂဇင်းတွေထဲမှာ ခဏခဏ မြင်ဖူးနေတဲ့ဥစ္စာ"

ကောင်မလေးက မောင်ဖြစ်သူအား ငေါက်တော
တောက် လေသံဖြင့် လှမ်းဟန့်ရင်း တဆက်တည်း သူ့ဘက်
လှည့်ကာ ပြောသည်။

"သမီးတို့က ဆရာ့ စာဖတ်ပရိသတ်တွေပါ၊ ဆရာ့
အုပ်တွေ မလွတ်တမ်း ဝယ်သိမ်းထားကြတာ"

"ဟုတ်ပါတယ် ဆရာ၊ ခု ဆရာ့ကို ဒီဆိုင်ထဲမှာ တွေ့လ
ရတော့ အရမ်းအံ့ဩသွားပြီး လာမိတ်ဆက်တာပါ"

သူ ဘာပြန်ပြောရမှန်း မသိဘဲ လက်ထဲမှ ငွေနှင့်ခ
ကို ထမင်းပန်းကန်ထဲသို့ ပြန်ချလိုက်မိသည်။ စကားသွက်လှ
ကောင်မလေးက ပြောသည်။

"ခုတလော ဆရာ့စာအုပ်အသစ် မထွက်တာ အင
ကြာပြီနော်၊ ဒုတိယအကြိမ် ပြန်ပြန်ထွက်နေတယ်"

"ဟုတ်တယ် ဆရာ၊ ဘာဖြစ်လို့ လုံးချင်းအသစ် မ
တော့တာလဲဟင်"

ထိုမေးခွန်းက သူ၏ လက်ဝဲဖက် ရင်ဘတ်အား စူး
ဖြစ်သွားစေသည်။

သူ့လက်၌ ဒဏ်ရာရခဲ့ကြောင်းကို မဂ္ဂဇင်းများ၌ ဖေ
ခဲ့ဖူးသော်လည်း စာရေး၍ မရနိုင်တော့ကြောင်းကိုတော့ တ
ဝင် သတင်းမထုတ်ပြန်ခဲ့သဖြင့် မဖော်ပြခဲ့ကြပါ။ ထို့ကြေ
ထိုကိစ္စအား မသိသေးသူ တော်တော်များများ ရှိခဲ့သည်။





မောင်နှမ နှစ်ယောက်မှာလည်း သူ့လက်အကြောင်း ကောင်း
ကောင်း သိပုံမရ။

သူ အဖြေရကြပ်စွာ အသံမထွက်ဘဲ ချောင်းတစ်ချက်
ဟန့်လိုက်မိသည်။ ထိုအချိန်မှာပင် ကံကောင်းထောက်မစွာ ၎င်း
တို့၏ အဖေဖြစ်ဟန်တူသူက ထမင်းစားရန် လှမ်းခေါ်လိုက်သဖြင့်
သူ အသက်ရှူချောင်သွားပြီး ရင်ထဲမှာ အောင့်ထားမိသော လေပူတို့
ကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်မိသည်။

ကောင်မလေးက သူ့ကို ပြောပါသည်။

"သမီးတို့ ထမင်း သွားစားလိုက်ဦးမယ်၊ ဆရာ စားပြီးရင်
အမှတ်တရ အော်တိုလေး ရေးပေးပါနော်"

သက်ပြင်းချ၍ မဆုံးခင်မှာပင် ချော်ရည်ပူတို့က နားထဲ
သို့ တိုးဝင်လာကာ ရင်ထဲထိအောင် စီးဆင်းသွားကြသည်။ အော်
တိုလေး ရေးပေးပါနော်တဲ့။ ထိုစကားမှာ သူ့အား အလွန်တုန်
လှုပ်စေသည့် စကားဖြစ်ကြောင်း ၎င်းတို့ သိပုံမရ။

မောင်နှမ နှစ်ယောက် ထမင်းကို ခေါင်းမဖော်နိုင်အောင်
စားနေကြချိန်၌ သူ မသိမသာ ထိုင်ရာမှထပြီး ဆိုင်ပြင်သို့ ထွက်လာ
ခဲ့သည်။ အပြန်လမ်း တစ်လျှောက်လုံး သူ့ခေါင်းထက်မှ နေမင်း
ကြီးက သူ့ရင်ထဲသို့ ရောက်ရှိနေသည့်ပမာ ပူလောင်လွန်းလှပါ
သည်။

မသေမသပ်၊ အနာရွတ်တို့ဖြင့် အရုပ်ဆိုးလှသော လက်
ကောက်ဝတ်ကို ငုံ့ကြည့်မိတော့ တက်တစ်ချက်ကို ခပ်ပြင်းပြင်း
ခေါက်လိုက်မိသည်။ သို့သော် မျက်ဝန်းမှာတော့ မျက်ရည်တို့က

ဝေ့ဝဲ၍နေကြ၏။

သူ့ဘဝ၏ အရိပ်ဆိုးကြီးသည် ယခုတိုင်အောင် သူ့နောက်သို့ လိုက်ပါလွှမ်းခြုံနေဆဲ ဖြစ်သည်။ အရာရာကို သူ မမေ့နိုင်သေးပါ။

... ...



(၂)

"ဘာပြောတယ် အာကာ၊ မင်း တွေ့ခဲ့တယ် ဟုတ်လား"

အောင်နိုင်ဝင်းက မယုံကြည်နိုင်စွာ တအံ့တဩ မေးပါသည်။

"အသေအချာကို တွေ့ခဲ့တာ အောင်နိုင်ဝင်း၊ အဲဒီကောင်ရယ် ကြာညိုရယ် ခင်မောင်မြင့်ရယ် ရယ်ရယ်မောမောနဲ့ စကားပြောနေကြတာ"

သူ နာကျင်စွာ ပြောလိုက်တော့ အောင်နိုင်ဝင်း ငြိမ်သက်သွား၏။ ပြီးမှ လူတူတာတော့ မဖြစ်နိုင်ပါဘူးနော်ဟု မေးတော့ သူ ခေါင်းရမ်းလိုက်သည်။

"နောင်ဘဝရှိလို့ နောင်ဘဝများ ထပ်တွေ့မယ်ဆိုရင်တောင် အဲဒီကောင်မျက်နှာကို ငါမှတ်မိတယ်၊ ငါ့ကိုလည်းတွေ့ရော ကြာညိုက အဲဒီကောင်ကို ရှောင်ခိုင်းလိုက်တယ်"

"တခြားအလုပ်တစ်ခုခု ခိုင်းတာကော မဖြစ်နိုင်ဘူးလား"

"တခြားအလုပ်တွေ ဆက်လုပ်ဖို့ ထွက်သွားတာဆိုရင် ဒီလောက် ရေးကြီးသုတ်ပြာ ထွက်သွားစရာ မလိုဘူး၊ ခုတော့ အဲဒီ ကောင်ရော ခင်မောင်မြင့်ရော မပြေးရုံတမယ် ခြေလှမ်းမျိုးနဲ့ ထွက် သွားတာ၊ နောက်ပြီး မင်းမှတ်မိလား၊ ငါ မန္တလေးမှာ ပြဿနာ ဖြစ်ခဲ့တဲ့အချိန်က ကြာညိုတို့ကုမ္ပဏီကလည်း မန္တလေးမှာ ဟိုတယ် တစ်ခု ဆောက်နေတဲ့အချိန်လေ၊ ဒါတွေဟာ မတော်တဆ တိုက်ဆိုင် တာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

အောင်နိုင်ဝင်း စဉ်းစားဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်ရင်း ဆံပင်ရှည်ရှည်တို့ကို သပ်တင်လိုက်သည်။ ထို့နောက် "မင်း ခရီးခဏခဏထွက်တာ အိမ်မကပ်တာကို ကြာညိုခင် သဘော မကျတော့တာ အမှန်ပဲ၊ ငါ့ကိုတောင် တစ်ခါက မင်းကို အိမ်မှာပဲ စာရေးဖို့ နားချခိုင်းသေးတယ်" ဟု ရေရွတ်သည်။

"အဖြေက ရှင်းရှင်းလေးပါ အောင်နိုင်ဝင်း၊ သူ ငါ့ကို လျှောင်အိမ်ထဲမှာ အလှကြည့်ထားဖို့ လိမ်လည်လှည့်ဖြားမှုတွေနဲ့ ငါ့ဘဝကို သိမ်းပိုက်ခဲ့တယ်၊ မပျံနိုင်အောင် အတောင်ပံတွေကို ရိုက်ချိုးပစ်ခဲ့တယ်၊ တနည်းပြောရရင် ငါ့ဘဝကို ပိပိရိရိနဲ့ သတ်ပစ် လိုက်တာပဲ"

အောင်နိုင်ဝင်း သောက်လက်စ စီးကရက်ကို ဆေးလိပ် ခွက်ထဲသို့ ထိုးချေလိုက်ပြီး သူ့အား ကရုဏာဒေါသောလေသံဖြင့် ပြောသည်။

"တကယ်ဆိုရင် မင်း သူနဲ့ မျက်နှာချင်းဆိုင် ရှင်းခဲ့ဖို့





ကောင်းတယ်၊ ဘာဖြစ်လို့ မရှင်းဘဲ ထွက်လာခဲ့ရတာလဲ"

"ငါ မရှင်းချင်ဘူး အောင်နိုင်ဝင်း"

ခေါင်းကို ခါရမ်းရင်း သူပြောလိုက်သည်။

အကယ်၍ အောင်နိုင်ဝင်း အကြံပေးသလို ရှင်းသည့် အောင် သရုပ်ဆောင် ကောင်းလှသော သူမက သူ့အား လိမ့်မည်မဟုတ်ပါ။ ဉာဏ်နီဉာဏ်နက်များစွာဖြင့် နောက်ထပ် ဘယ်အသစ်တစ်ခုကို သုံးလျက် သူမ၏အပြစ်တို့အား ဖုံးလွှမ်း လိုက်မည်သာ ဖြစ်သည်။

"ငါရှင်းလည်း အလကားပဲ၊ သူ ဝန်ခံမှာ မဟုတ်ဘူး"

"ဒီလောက် သေချာနေတဲ့ကိစ္စကို သူ ဝန်မခံလို့ရမလား ကွာ၊ သူ ဝန်မခံတောင် ဟိုကောင်က ဝန်မခံလို့ ရမလား၊ နဲ့ငါ ခု သွားရှင်းမယ်"

အောင်နိုင်ဝင်းက ဒေါသသံဖြင့်ပြောတော့ သူ နာကျင် ပြုံးလိုက်၏။

"သွားလည်း အပိုပဲ အောင်နိုင်ဝင်း၊ ခုချိန်လောက်ဆို ကောင် ရှိနေမှာမဟုတ်ဘူး၊ တစ်နေရာရာကို ရှောင်ခိုင်းလိုက် ပေါ့"

သူ့စကားအား လက်မခံစွာ အောင်နိုင်ဝင်း ခေါင်းရမ်း ...

"ဘယ်ကို ပုန်းရှောင်ရှောင် ဘယ်လောက်ပဲ ခပြေးပြေး ဥပဒေဆိုတာ ရှိတယ် အာကာ၊ ဥပဒေကိုတော့ လွတ်အောင် င်နိုင်ပါဘူး၊ ပြောနေတာ ကြာပါတယ်ကွာ၊ လာ မင်းနဲ့ငါ

ခုချက်ချင်း ကြာညိုခင်ဆီ ပြန်သွားမယ်"
"ငါ မလိုက်ချင်ဘူး အောင်နိုင်ဝင်း၊ အဲဒီမိန်းမရဲ့မျက်နှာ
ကို ငါ မမြင်ချင်တော့ဘူး"
အမှန်တကယ်ပင် ကြာညိုခင်၏ မျက်နှာအား တွေ့ချင်
စိတ်တို့ ကင်းမဲ့ကုန်ခန်းနေခဲ့သည်။ သူမနှင့် မျက်နှာချင်းဆိုင် ထပ်မံ
ဆုံတွေ့ရပါက သူ ပေါက်ကွဲသွားလိမ့်မည်။ ထိုပေါက်ကွဲမှုမှ
မည်မျှအထိ ကြီးကျယ်နိုင်ကြောင်း သူ မခန့်မှန်းတတ်။
"မင်း မသွားရင်တော့ ငါသွားရလိမ့်မယ် အာကာ"
"မင်းလည်း သွားမနေနဲ့ အောင်နိုင်ဝင်း၊ မင်းသွားလည်
သူ့ရဲ့ အလိမ်အညာစကားတွေကိုပဲ ကြားရလိမ့်မယ်၊ အဲဒီစကား
တွေ မင်း ငါ့ကို ပြန်ပြောရင် ငါ သည်းခံနိုင်မှာ မဟုတ်ဘူး၊
ဘဝကော ငါ့စိတ်ဓါတ်ကော ရစရာမရှိအောင် ပျက်စီးခဲ့ပြီးပြီ
ဒီထက်ပိုပြီး မပျက်စီးချင်တော့ဘူး"
သူ တားသော်လည်း စိတ်ဆတ်သော အောင်နိုင်ဝင်းက
သူ့စကားကို လက်မခံပါ။ ချက်ချင်းပင် ထိုင်ရာမှထ၍ အဝတ်
ကာ ၎င်း၏ဆိုင်ကယ်သော့နှင့် ဆိုင်ကယ်ဦးထုပ်ကို ယူပြီး သူ့အား
ပြောသည်။
"မင်း ဒီမှာစောင့်နေ အာကာ၊ ငါ ကြာညိုခင်နဲ့ သွား
တွေ့မယ်၊ အမှန်တရားဆိုတာ ဘယ်လိုမှ ဖုံးကွယ်လို့ မရပါဘူး
ကွာ၊ ပေါ်ကို ပေါ်ရမှာပါ"
အောင်နိုင်ဝင်း ပြောပြောဆိုဆို ထွက်သွား၏။
မင်း ဒီမှာပဲ စောင့်နေဟု အောင်နိုင်ဝင်းက ပြောခဲ့သော





လည်း သူ မစောင့်နေပါ။ အောင်နိုင်ဝင်း ထွက်သွားပြီး တ
အောင့်အကြာမှာပင် သူလည်း ထွက်သွားခဲ့၏။ အောင်နိုင်ဝင်း
အတွက် စာတစ်စောင်တော့ ရေးထားပေးခဲ့ပါသည်။

*အောင်နိုင်ဝင်း*

*အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပေမယ့် တစ်ခါတစ်*
*လေ ကာယကံရှင်အတွက် အတော်ခံရခက်တတ်တယ် အောင်*
*နိုင်ဝင်း၊ သူနဲ့ပတ်သတ်တဲ့ အမှန်ကိုရော အမှားတွေကိုပါ ငါ*
*နောက်ထပ် မသိချင်တော့ဘူး၊ စိတ်လည်း မဝင်စားတော့ဘူး။*
*ဘာဖြစ်လို့လဲဆိုတော့ ငါသိပြီးခဲ့လို့ပဲ၊ ငါသွားပြီ အောင်နိုင်ဝင်း၊*
*ဘယ်ကိုသွားမလဲဆိုတာကိုတော့ လမ်းကျမှပဲ စဉ်းစားတော့မယ်၊*
*မင်းကိုရော ဒေလီယာကိုပါ ငါကျေးဇူးတင်နေမှာပါ။*

၎င်းအား မစောင့်သည့်အတွက် အောင်နိုင်ဝင်း စိတ်ဆိုး
ကောင်း စိတ်ဆိုးမည်ဖြစ်သော်လည်း သူ၏စာကို ဖတ်ပြီးလျှင်တော့
သူ့ခံစားမှုကို နားလည်နိုင်ပါလိမ့်မည်။
သူ ဦးတည်ရာမဲ့စွာ ထွက်ခွာလာခဲ့သော်လည်း ဘဏ်သို့
ဝင်၍ ငွေထုတ်ရန်ကိုတော့ သူ မမေ့ပါ။ သူ၏ စာမူခရကိုင်း
ကြာညိုခင်အား ပေးခဲ့သော်လည်း ကြာညိုခင်က လက်မခံဘဲ သူ
လိုအပ်လျှင် သုံး၍ရအောင် ဘဏ်၌ အပ်ထားခိုင်းခဲ့၏။ ယခုတော့
ထိုငွေကြေးတို့က သူ့အတွက် လွန်စွာအထောက်အကူ ပြုပါ
လိမ့်မည်။

သို့သော် တစ်သက်လုံး အထောက်အကူ ပြုလိမ့်မ
ဟူ၍တော့ ယူဆ၍ မဖြစ်နိုင်ပါ။ သူက စာရေးခြင်းမှအပ မ
သည့် စီးပွားရေးမှ လုပ်တတ်သူမဟုတ်။

ထို့ကြောင့် မြို့ပြင်သို့ မထွက်ခွာမီ သူ၏ စာအုပ်များအ
ယခင်က ထုတ်ခဲ့သော ထုတ်ဝေသူထံသို့ ဖုန်းဆက်လိုက်သည်

"ခင်ဗျား ကျွန်တော့်စာအုပ်တွေ ဒုတိယအကြိမ် ထု
ဝေဖို့ စိတ်ဝင်စားလား"

"ဘယ်နှယ့် မေးလိုက်တာလဲ ကိုယ့်ဆရာရဲ့ သိပ်စိ
ဝင်စားတာပေါ့"

"အိုကေ၊ ဒါဖြင့် ကောင်းမယ်ထင်သလို ကြည့်လုပ်
တော့"

"စာမူခ ကြိုပေးရမှာလား"

"တစ်အုပ်ပြီးမှ တစ်အုပ်ရှင်းပါ"

"စိတ်ချ၊ စာအုပ်ထွက်တာနဲ့ ခင်ဗျားအိမ်ကို စာမူခ
စာအုပ်လက်ဆောင်ပါ လာပို့ပေးမယ်"

ဝင်းက တက်ကြွစွာပြောတော့ သူက အိမ်သို့ မပို့
ပြောလိုက်ပြီး အထက်မြန်မာပြည် ဖြန့်ချိရေး စာအုပ်ဆိုင်
ဆိုင်ကိုသာ လွှဲထားပေးရန် ပြောလိုက်သည်။

"ကျွန်တော် ကြုံရင်ကြုံသလို အဲဒီဆိုင်မှာ စာမူခ
ထုတ်မယ်၊ ဟုတ်ပြီလား"

"နေပါဦး၊ ခင်ဗျားက အိမ်မှာ မနေတော့ဘူးလား၊
ဖြစ်လို့လဲ"





တစ်ဖက်မှ မေးခွန်းအား အဖြေမပေးတော့ဘဲ ဖုန်းပြန်
ချလိုက်ပါသည်။ ထို့နောက်တော့ သူ၏ကားကို ရန်ကုန်မြို့နှင့်
ဝေးရာဆီသို့ မောင်းထွက်လာခဲ့လေသည်။

(၃)

လေလွင့်မှု ခေါ်နိုင်သလို ထွက်ပြေးတိမ်းရှောင်ခြင်းလည်း
တ်မှတ်နိုင်သော သူ၏ခရီးစဉ်မှာ ဦးတည်ရာမဲ့ ခရီးစဉ် တစ်ခုသာ
်သည်။

မြို့ပေါင်းစုံသို့ သူရောက်ခဲ့ပြီး ဟိုတယ်နှင့် တည်းခိုခန်း
းစွာ၌ နေထိုင်ခဲ့သည်။ သို့သော် မြို့တစ်မြို့၌ သုံးလေးရက်ထက်
၌ကြာကြာမနေဖြစ်ခဲ့။ မြို့တစ်မြို့ကို ငြီးငွေ့သွားသည်နှင့်
ာက်ထပ် မြို့တစ်မြို့သို့ သူပြောင်းရွှေ့ခဲ့သည်၊ နောက်ဆုံး
ထက်မြန်မာပြည်၏ မြို့ငယ်လေးတစ်မြို့ကိုတော့ သူ နှစ်သက်
ားသဖြင့် ထိုမြို့လေးမှာပင် အခြေစိုက်ဖြစ်ခဲ့၏။ တည်းခိုခန်း
ှိသော မြို့သေးသေးလေး ဖြစ်သဖြင့် ...

ဈေးပေါပေါ အိမ်တစ်လုံးကို ငှားရမ်းပြီး ထမင်းလခ

ပေးကာ စားဖြစ်ခဲ့သည်။

သူ ရန်ကုန်မှ ထွက်လာစဉ် အစပိုင်းကာလများက သတင်
စာတို့၌ သူ့အား အမြန်ပြန်လာပါဟူသော ကြော်ငြာတို့ကို တွေ့
ရသည်။ အောင်နိုင်ဝင်းနှင့် ဒေလီယာတို့ တလှည့်စီ ကြော်ငြ
ထည့်ခဲ့ကြခြင်း ဖြစ်သည်။

အောင်နိုင်ဝင်း၏ ကြော်ငြာက ပြဿနာများအားလုံ
ရှင်းပြီးပြီ၊ မင်းအတွက် စိတ်ပူနေကြတယ်ဟူ၍ ဖြစ်ပြီး ဒေလီယာ
ကြော်ငြာကတော့ မမ သိပ်နေမကောင်းဘူး၊ အမြန်ပြန်လာပ
ဟူ၍ဖြစ်သည်။ သတင်းစာမှ တဆင့်မဟုတ်ဘဲ မျက်နှာချင်းဆိုင်
သာ ဆိုပါက ဒီလိုလှည့်ကွက်မျိုးတွေ ရှိနေပြီဟု သူပြန်ပြောမိပ
လိမ့်မည်။

ထို့နောက်ပိုင်းမှာတော့ သတင်းစာကို သူ လုံးဝမဖတ်
တော့ဘဲ မဂ္ဂဇင်းတချို့ကိုသာ ရံဖန်ရံခါ ဖတ်ဖြစ်ခဲ့၏။ သတင်းစာ
ကြော်ငြာများကြောင့် သူ့စိတ်ကို အနှောင့်အယှက် အဖြစ်မခံနိုင်ပါ

ထိုအတောအတွင်း အထက်မြန်မာပြည် ဖြန့်ချိရေး စ
အုပ်တိုက်ရှိရာ မန္တလေးသို့ နှစ်လတစ်ကြိမ် ပုံမှန်သွား၍ သူ့
စာမူခကို ထုတ်ယူခဲ့သည်။ စာမူခ နှစ်ခါတိတိ ထုတ်ယူပြီးနောက်
ငါးလကျော်မျှ ကြာမြင့်လာချိန်မှာတော့ သူ၏စိတ်တို့ အတော်အ
သင့် အနည်ထိုင်ကာ တည်ငြိမ်လာခဲ့သည်။

အကယ်၍ ဤပုံအတိုင်းသာ နောက်ထပ်သုံးလေးလ
လောက် ဆက်နေမည်ဆိုလျှင် အာကာစိုးမိုးဟူသော သူ၏
လောင် နာမည်ကို သူ မေ့ဖျောက်နိုင်ပါလိမ့်မည်။





ယခုတော့ ထမင်းဆိုင်မှာ ဆုံတွေ့ခဲ့သည့် မောင်နှမ
စ်ယောက်ကြောင့် အဟောင်းတွေ အသစ်ဖြစ်ခဲ့၏။ ထိုနေ့ည
ဒလီယာ သူ့ထံသို့ ရောက်လာသည်ဟု အိပ်မက်မက်သည်။
ပ်မက်ထဲ၌ ဒေလီယာက ...

"ဒီလိုပဲ ဘဝကို ရေစုန်မျှောပြီး အိမ်တွင်းပုန်း လုပ်နေ
တော့မှာလား" ဟု ပြောသည်။ ထို့နောက် ကြေးအိုး သွားသောက်ကြ
အောင် ဆရာဟု ဆိုသဖြင့် သူ ဒေလီယာ ဦးဆောင်ရာ နောက်သို့
ိုက်ဖြစ်ခဲ့သည်။ ကြေးအိုးဆိုင်ရောက်တော့ သူ့ဘေးမှ ဒေလီယာ
 ဒေလီယာ မဟုတ်တော့ဘဲ ကြာညိုခင် ဖြစ်သွားပြီး ကြေးအိုး
န်းကန်ထဲမှာ ကြေးအိုးများ ရှိမနေတော့ဘဲ ပဲကြီးလှော်များသာ
စ်နေကြသည်။

"မောင် စားချင်တယ်ဆိုလို့ ကြာညို သွားဝယ်ထားတာ"

သူ ချက်ချင်းပင် အိပ်မက်မှ လန့်နိုးလာ၏။

နာရီကြည့်လိုက်တော့ သန်းခေါင်ကျော်မျှသာ ရှိသေး
သော်လည်း သူ ဆက်မအိပ်ဖြစ်တော့ပါ။ အိပ်မက်ကြောင့် ဆက်
ိပ်လို့ မဖြစ်နိုင်သလို ဆက်အိပ်ပါက ထိုအိပ်မက်မျိုး ပြန်မက်
 စိုးရိမ်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

(ညဘက်တွေ အိပ်နေတုန်း ဘေးနားကို လက်နဲ့ စမ်းကြည့်
လိုက်လို့ မောင် မရှိရင် ကြာညို ချက်ချင်းလန့်နိုးပြီး တော်တော်နဲ့
ပြန်အိပ်လို့ မပျော်တော့ဘူး ...)

(အဲဒါ သွေးသားဆန္ဒနဲ့ မဆိုင်ဘူး မောင်)

(ကြာညို့အချစ်မှာ ရမ္မက်မပါဘူး၊ မောင့်ကို မြတ်နိုးတဲ့ မေတ္တာသက်သက်ပဲ၊ အဲဒါကို ရူးတယ်လို့ ပြောရင်လည်း ကြာညို ခံဖို့အသင့်ပဲ ...)

တစ်ချိန်က ပြောခဲ့ဖူးသော ကြာညိုခြင်၏စကားများ ဖြစ် သည်။ ထိုသို့ ရမ္မက်မပါသော မေတ္တာသက်သက်နှင့် ချစ်ခဲ့တာပါ ဆိုသော သူမသည် သူ့ဘဝအား ဖျက်ဆီးပစ်ခဲ့တာကတော့ တဆိတ် နာကျည်းကြေကွဲဖွယ် ကောင်းလှပါသည်။

သူ အိပ်ရာထဲမှ ထကာ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိ ရင်း ခေါင်းရင်းပြတင်းပေါက်ကို တွန်းဖွင့်လိုက်တော့ လရောင်တို့က အိပ်ခန်းအတွင်းသို့ တိုးဝင်လာကြ၏။ လပြည့်ည၏ လရောင်တို့က

အိပ်ခန်းအတွင်းသို့ တိုးဝင်လာကြ၏။ လပြည့်ည၏ လရောင်တို့

ဖြန်းပက်ထားသည့် အိမ်အပြင်ဘက် ရှုခင်းကို ငေးကြည့်ရင်း အုန်းလက်တို့၏ လေတိုးသံက သူ့နားထဲသို့ ညင်သာစွာ စီးဝင်လာ ကြသည်။

ထိုအသံနှင့်အတူ ကြားယောင်လိုက်မိသည်က လှိုင်းပုတ်သံ သဲ့သဲ့ ဖြစ်၏။ ထို့နောက် ဆားနံ့သင်းသော ပင်လယ်လေညင်းတို့ကို ရှူရှိုက်နေရသကဲ့သို့ ခံစားလာရသည်။

“မနက်ကျရင် ကျွန်တော်တို့ လက်ထပ်ကြရအောင် ကြာ ညို”

“ဒီမှာ တရားရုံးမှ မရှိဘဲ ကလေးရဲ့”





“ရပ်ကွက်လူကြီးတွေတော့ ရှိကြမှာပေါ့”

“ရှင့်သဘောပဲလေ”

သူ ခေါင်းကို ဆတ်ကနဲ ခါရမ်းလိုက်မိ၏။

ဘာဖြစ်လို့များ အဲဒီအတွေးတွေ ခေါင်းထဲ ဝင်လာကြရ တာလဲ။

သူ ချက်ချင်း ပြတင်းပေါက်တံခါးကို ပြန်ပိတ်လိုက်ပြီး မီးဖိုချောင်ထဲသို့ သွားကာ ဘီယာတစ်ဗူးကို ယူလိုက်သည်။ ရေခဲ သေတ္တာ မရှိသဖြင့် သူ၏ဘီယာက မအေးပါ။ မအေးသော ဘီယာမှာ ဘယ်လိုမှ သောက်၍မကောင်းမှန်း သိသော်လည်း ထို ဘီယာကိုပင် ဖောက်၍ မော့ချလိုက်ပါသည်။

◈ ◈ ◈

အောင်နိုင်ဝင်းကို တွေ့သည်နှင့် ဒေလီယာ မျှော်လင့် တကြီး မေးသည်။

“ဘာထူးသေးလဲ ကိုအောင်နိုင်ဝင်း”

“ထူးတယ် ဒေလီယာ၊ သူ့ထုတ်ဝေသူနဲ့ တွေ့ခဲ့တယ်၊ သူ တတိယအကြိမ် စာမူခတွေကို မန္တလေးက နဂါးစာပေမှာ နှစ်လ တစ်ကြိမ် လာထုတ်တတ်တယ်တဲ့၊ ဒီလကုန်လောက်ဆိုရင် သူ့စာမူခ လာထုတ်မှာပဲ”

အောင်နိုင်ဝင်း၏စကားကြောင့် ဒေလီယာ အားတက်သွားပါသည်။ ဒါဆို သူ့ကို တွေ့ဖို့ နီးစပ်သွားပြီပေါ့။ ဘုရားမလို့ သူ့ကို အမြန်ဆုံး ပြန်ရှာတွေ့နိုင်ပါစေ။

"ကြာညိုခင် အခြေအနေကော ဘယ်လိုလဲ ဒေလီယာ"

အောင်နိုင်ဝင်း၏ မေးခွန်းကြောင့် သူမ သက်ပြင်းချရင်း ခေါင်းခါရမ်းလိုက်မိသည်။

"မထူးဘူး ကိုအောင်နိုင်ဝင်း၊ အရင်အတိုင်းပဲ၊ ဆရာဝန်ကတော့ သန်ဖက်ခါ ဆေးရုံက ဆင်းခွင့်ပေးထားတယ်၊ အိမ်မှာပဲ နားနားနေနေနဲ့ ဆက်ကုသမယ် ထင်တာပဲ"

"သန်ဖက်ခါ ဘယ်အချိန် ဆင်းမှာလဲ"

"ပုံမှန်တော့ မနက်ပိုင်းပေါ့၊ ဒါပေမယ့် အဲဒီနေ့ ဒေလီယာ အားမှာ မဟုတ်ဘူး၊ ဒေါ်လေးငယ်နဲ့ ဦးဖိုးထင်တို့ပဲ ဆေးရုံသွားကြလိမ့်မယ်"

"ဒေလီယာ ဘာကိစ္စရှိလို့လဲ"

"အဲဒီနေ့ ရုံးချိန်းရှိတယ်လေ၊ မမကိုယ်စား တရားရုံးကို ဒေလီယာ သွားရလိမ့်မယ်"

အောင်နိုင်ဝင်း သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချလိုက်သည်။





(၄)

ယခုတစ်ခေါက် သူ မန္တလေး ရောက်ချိန်သည် ခါတိုင်းအခေါက်များထက် တစ်ပတ်လောက် နောက်ကျခဲ့သလို သူ့စိတ်ထဲမှာလည်း အနည်းငယ် လေးလံ၍နေသည်။

အမြန်ပြန်လာပါဟု ကြော်ငြာများ ထည့်ခဲ့သော အောင်နိုင်ဝင်းနှင့် ဒေလီယာသည် သူ့အား အလွန်တွေ့ချင်နေပါလိမ့်မည်။ သူ၏ဝတ္ထုများ ဒုတိယအကြိမ် ပြန်လည်ထွက်ရှိနေကြောင်း သိပါက ၎င်းတို့ ထုတ်ဝေသူထံ သွားမစုံစမ်းဘဲ နေမည်မဟုတ်။ ထိုသို့ စုံစမ်းပါက နဂါးစာပေ၌ ငွေလာထုတ်တတ်ကြောင်း သိသွားနိုင်သလို ထိုစာပေတိုက်၌ လာစောင့်နေနိုင်ပါသည်။

အောင်နိုင်ဝင်းနှင့် ဒေလီယာအား သူ အလွန်တွေ့ချင်သော်လည်း ၎င်းတို့ထံမှ ကြားရမည့် ကြာညိုခင်အကြောင်းကို

နားမထောင်လိုသဖြင့် ၎င်းတို့နှင့် မဆုံအောင် ကြိုးစားရပါလိမ့်မည်။ သူ ဆုံးဖြတ်ချက်တစ်ခုချပြီး နဂါးစာပေသို့ မသွားတော့ဘဲ လမ်းဘေးစတိုးဆိုင်တစ်ခုသို့ ဝင်၍ ဖုန်းပဲ ဆက်လိုက်၏။

တစ်ဖက်မှ ဖုန်းကိုင်သူက အလုပ်ကို လောဘတကြီး လုပ်တတ်သလို စကားပြောလျှင်လည်း လောဘကြီးစွာ ခပ်မြန်မြန် ခပ်သွက်သွက် ပြောတတ်သော ကိုထွန်းရွှေ ဖြစ်နေသည်။

"ကျွန်တော် ဒီတစ်ခေါက် စာမူခ လာမယူတော့ဘူး၊ ခင်ဗျားပဲ သိမ်းထားပေးပါ၊ နောက်မှပဲ ကြုံသလို ဝင်ယူတော့မယ်"

"ဟ ဘာဖြစ်လို့လဲ"

"ဒီလိုဗျ၊ ကျွန်တော့်ကို တွေ့ချင်နေတဲ့ ရန်ကုန်က သူတွေရှိတယ်၊ ကျွန်တော့်စာအုပ်တွေ ပြန်ထွက်တော့ သူတို့ ထုတ်ဝေသူကို သွားမေးရင် ခင်ဗျားတို့တိုက်မှာ နှစ်လတစ်ခါ ငွေလာထုတ်တဲ့ အကြောင်း သိမှာပဲ၊ ဒီတော့ ခင်ဗျားတို့ စာအုပ်တိုက်မှာ သူတို့ လာစောင့်ချင် စောင့်နေနိုင်တယ်"

"ခင်ဗျားတွေးတာ ကွက်တိပဲ၊ လွန်ခဲ့တဲ့တစ်ပတ်လောက်က လူတစ်ယောက် ခင်ဗျားကို သုံးခါလောက် လာမေးတယ်"

"အဲဒါ အောင်နိုင်ဝင်းပဲ ဖြစ်မယ်"

သူ ပြောလိုက်တော့ တစ်ဖက်မှ ခပ်သွက်သွက် ပြန်ပြောသည်။

"အောင်နိုင်ဝင်းလား ဘာလားတော့ မသိဘူး၊ မနေ့က ခင်ဗျားအတွက် စာတစ်စောင် လာပေးတော့ အဲဒီအောင်နိုင်ဝင်း မဟုတ်ဘူး၊ ယောဂီဝတ် အမျိုးသမီးတစ်ယောက်ပဲ၊ စစ်ကိုင်းက





ခင်ဗျားအမေ ပေးခိုင်းလိုက်တာတဲ့"

သူ့အမေက စာပေးခိုင်းလိုက်သည် ဆိုသဖြင့် သူ တအံ့တဩ ဖြစ်သွားပါသည်။

"နေပါဦး၊ ကျွန်တော့်အမေက ဘယ်လိုလုပ်ပြီး ခင်ဗျားတိုက်ကို သိသွားတာလဲ"

"ခင်ဗျား တွေးသလိုပဲ ထုတ်ဝေသူဆီ လှမ်းစုံစမ်းပြီး သိသွားတာ ဖြစ်မှာပေါ့"

သူ အံ့ဩစွာနှင့်ပင် လက်ခံလိုက်ရပြီး အဲဒီစာ ကျွန်တော် လာယူမယ် ပြောလိုက်တော့ လာယူမနေနဲ့ စာက တိုတိုလေး၊ စာအိတ်မပါ ဘာမပါနဲ့မို့ ကျွန်တော် ဖတ်ကြည့်ပြီးပြီ၊ ခင်ဗျားနဲ့ မတွေ့တာကြာလို့ တွေ့ချင်တဲ့အကြောင်း၊ သူ့ဆီလာဖို့ အကြောင်း ရေးထားတာမှာ ပြန်ပြောသည်။

"ကျေးဇူးပဲဗျာ"

သူ ဖုန်းပြန်ချလိုက်ရင်း အမေ့ကို တွေ့ချင်စိတ်တို့ ပြင်းပြလာသည်။

အမေ ယောဂီဝတ်သွားပြီးကတည်းက သူနဲ့ကြာညို တစ်ခေါက်သာ သွားတွေ့ဖြစ်ခဲ့၏။ ယခုဆိုလျှင် သူ့အမေနှင့် မတွေ့ဖြစ်ခဲ့တာ အတော်ကြာပြီ ဖြစ်သည်။ အချိန်ဆိုင်းမနေတော့ဘဲ ချက်ချင်းပင် စစ်ကိုင်းဘက်သို့ ကူးခဲ့သည်။

◈ ◈ ◈

စစ်ကိုင်းတောင်ရိပ်က သူ့စိတ်တို့ကို ကြည်လင်အေးမြ သွားစေပါသည်။ သူတောင် ခဏလေးနှင့် ဤမျှအေးချမ်းသွားလျှင် အမေသာဆိုပါက ဘယ်လောက်များ အေးမြကြည်လင်နေလိမ့်မလဲ

အမေ့ကို တွေ့တော့ သူထင်ထားသလိုပင် အမေ့ မျက်နှာက ငြိမ်းချမ်းလွန်းလှပြီး နောက်ဆုံးတစ်ခါ တွေ့စဉ်ကထက်ပင် အရွယ်တင်ကာ နုပျို၍ နေလေသည်။ အမေက သူ့ကို တွေ့တော့ နူးညံ့စွာပြုံး၍ သားဟု နှုတ်ဆက်သည်။ သူ အမေ့အား ထိုင်ကန် တော့လိုက်ပြီး ပြောလိုက်သည်။

"အမေ့ကို ကြည့်ရတာ စိတ်ချမ်းသာလိုက်တာ"

အမေက ပြုံးသည်ဆိုရုံမျှသာ ပြုံးလိုက်သည်။

"အမေက လောကီကိစ္စတွေကို စွန့်လွှတ်ထားတော့ စိတ်ရဲ့ ချမ်းသာခြင်း၊ စိတ်ရဲ့ငြိမ်းချမ်းခြင်းကို ခံစားရတာပေါ့ သား၊ မင်းတို့ တစ်တွေကတော့ လောကီကိစ္စတွေနဲ့ ပြေးလွှားရုန်းကန်နေရတော့ စိတ်ချမ်းသာမှု အစစ်အမှန်ကို ဘယ်ရနိုင်ပါ့မလဲ"

အမေ့စကားကြောင့် သူ လှိုက်ကနဲ ခံစားလိုက်ရသည်။

စိတ်မချမ်းသာရုံတင် မဟုတ်ဘူး အမေ။ ခုဆို စိတ်ဆင် ရဲမှုကိုပါ ခံစားနေရတာ အတော်ကြာပါပြီ။

"ကျွန်တော်လည်း အမေ့လို စိတ်ချမ်းသာချင်လိုက်တာ"

သူ တမ်းတမ်းတတ ပြောလိုက်တော့ အမေက ခေါင်း တချက် ညိတ်လိုက်ရင်း ...

"စိတ်ချမ်းသာချင်ရင် တကယ့် အမှန်တရားကို သိအောင် ကြိုးစားပေါ့ သား"





"တကယ့်အမှန်တရားဆိုတာက ..."

"သစ္စာလေးပါးပေါ့ အာကာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးပေါ့၊ သစ္စာလေးပါး ကို အလွယ်နားလည်ချင်ရင် သိ၊ ပယ်၊ ဆိုက်၊ ပွားလို့ မှတ်ထား၊ သမုဒယသစ္စာဆိုတဲ့ သမုဒယကြောင့် ဒုက္ခဖြစ်နေရတာပါလား (သိ)ရင်၊ သမုဒယကို (ပယ်)ရမယ်၊ ပြီးတော့ နိရောဓဆိုတဲ့နိဗ္ဗာန် ကို (ဆိုက်)အောင် မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို (ပွား)များရမယ်၊ ဒါပေမယ့် အဲလောက်အထိ မင်း ကျင့်ကြံအားထုတ်နိုင်ဦးမှာ မ ဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လောကီရေးရာတွေနဲ့ အလုပ်ရှုပ် နေလို့ပဲ"

သူ့ သက်ပြင်းတစ်ချက်ကို ဖွဖွရှိုက်လိုက်မိသည်။

"လောကကြီးမှာ စိတ်ဟာ အရေးကြီးဆုံးပဲ၊ ကြောက်စ ရာလည်း အကောင်းဆုံးပဲ၊ ဒုစရိုက်ဆယ်ပါးမှာ မနောဒုစရိုက် ကြောင့် ဝစီဒုစရိုက်တို့ ကာယဒုစရိုက်တို့ ဖြစ်လာရတာ၊ ဒီတော့ စိတ်ကို နိုင်အောင်ထိန်းပါ အာကာ၊ တစ်ဖက်စွန်း မရောက်အောင် ကြိုးစားပါ၊ နောက်ပြီး တစ်ခုခုကို သံသယ မဝင်မိပါစေနဲ့၊ သံသယ ဆိုတာ ဆူးတစ်ချောင်းလိုပဲ၊ စူးမိပြီဆိုတာနဲ့ ဒီဆူးကို ထုတ်မပစ်မချင်း တမြေ့မြေ့ ခံစားနေရတော့တာပဲ၊ သံသယဆိုတဲ့ ဆူးစူးမိပြီဆိုရင် ချက်ချင်း ထုတ်ပစ်နိုင်အောင် ကြိုးစားပါ၊ နို့မို့ဆိုရင် အဲဒီသံသယဟာ တစ်သက်လုံး ဒုက္ခပေးနေလိမ့်မယ်"

အမေ့ စကားတို့ကြောင့် သူ တအံ့တဩ ဖြစ်သွားရသည်။ အမေ ပြောပုံက သူ့စိတ်ထဲမှ ခံစားမှုတို့ကို သိနေသည့်အလား

တိုက်ဆိုင်လွန်းလှပါသည်။

"သား ဒီမှာပဲ ခဏနေခဲ့ဦး၊ အမေ နိစ္စဒူဝ ကိစ္စလေးတွေ ရှိတယ်၊ အမေ တံမြက်စည်း သွားလှဲလိုက်ဦးမယ်၊ ပြီးမှ ပြန်လာခဲ့ မယ်"

လက်ထဲမှ အုန်းတံမြက်စည်းကို ကိုင်၍ အမေ ထွက်ခွာ သွားသည်။ သူ အမေ့စကားတို့ကို အဖန်တလဲလဲ သုံးသပ်ဆင် ခြင်ရင်း အကြာကြီး ငြိမ်သက်နေမိ၏။ နောက်မှ စီးကရက် သောက် ချင်လာသဖြင့် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး နှုတ်ခမ်း၌ ခဲလိုက် သည်။

ထိုအချိန်မှာပင် ဖျောက်ခနဲ မြည်သံနှင့်အတူ မီးတောက် တစ်ခုက သူ့စီးကရက်ရှေ့သို့ ရောက်ရှိလာသဖြင့် မီးညှိလိုက်ပြ မီးကမ်းသူအား တအံ့တသြ မော့ကြည့်လိုက်မိသည်။

"အောင်နိုင်ဝင်း"

အောင်နိုင်ဝင်းက အသာအယာ ပြုံး၍ သူ့ဘေးနားသို ဝင်ထိုင်လိုက်သည်။ ထို့နောက် လက်ထဲမှ မီးခြစ်ကို နောက်တစ် ကြိမ် ထပ်ခြစ်၍ မီးတောက်ကို ကြည့်ရင်း ...

"မီးဟာ ပူလောင်တယ်ဆိုပေမယ့် စီးကရက်တစ်လိပ် သောက်ချင်တဲ့အခါမျိုးမှာတော့ တော်တော် အသုံးဝင်တယ်"

ပြောပြောဆိုဆို စီးကရက်တစ်လိပ်ကို ထုတ်၍ အောင် နိုင်ဝင်း မီးညှိဖွာရှိုက်သည်။ ထို့နောက် ...

"ငါ ဒီကို ရောက်နေတာ ဆယ်ရက်လောက်ရှိပြီ အာကာ

"လက်စသတ်တော့ အမေ ငါ့ကို တွေ့ချင်လို့ဆိုပြီး ဝ





ရောက်အောင် လုပ်ခဲ့တာ မင်းအကြံအစည်တွေကိုး"

"ဟုတ်တယ်၊ မင်း ထွက်သွားပြီးနောက်ပိုင်း အဖြစ်အပျက် တွေ မင်းကို ပြောပြချင်လို့"

"ငါ နားမထောင်ချင်ဘူး အောင်နိုင်ဝင်း"

သူ ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထရပ်လိုက်တော့ အောင်နိုင်ဝင်းက "အမှန်တရားကို ရင်မဆိုင်ရဲဘူးလား အာကာ၊ စိတ်ကို မင်း နိုင်အောင် မထိန်းနိုင်ဘူးလား" ဟု လှမ်းပြော၏။ စကားကတော့ အတော်ထိရောက်လှပါသည်။ စိတ်ကို နိုင်အောင် ထိန်းပါ၊ တစ်ဖက်စွန်း မရောက်အောင် ကြိုးစားပါဟု အမေ ပြောခဲ့ သည် မဟုတ်လား။

သူ ရပ်နေရာမှ အသာအယာ ပြန်ထိုင်လိုက်ပါသည်။

"ကြာညိုခင်နဲ့ ရပ်စကားပြောခဲ့တဲ့ကောင်ဟာ မင်းလက် ပုလင်းပြတ်နဲ့ ထိုးခဲ့တဲ့ကောင်ဆိုတာ အမှန်ပဲ အာကာ၊ နောက်ပြီး း ထင်ထားတဲ့အတိုင်း ငါရောက်သွားတော့ အဲဒီကောင် မရှိ တော့ဘူး၊ လစ်သွားပြီ၊ ဒါပေမယ့် ကံကောင်းတယ်လို့ ပြောရမယ်၊ က်နှစ်ပတ်လောက်အကြာမှာပဲ လူရိုက်မှုတစ်ခုနဲ့ အဲဒီကောင် မိတယ်၊ သူ မင်းလက်ကို လုပ်ခဲ့တာဟာ မင်း စာရေးလို့ အောင် တစ်ယောက်ယောက်က ငွေပေးပြီးခိုင်းလို့ လုပ်ခဲ့ ပါလို့ ဝန်ခံတယ်၊ သူ့ကိုရော ငွေပေးခိုင်းတဲ့လူကိုပါ ရဲက းလိုက်ပြီ"

သူ အသံမထွက်ဘဲ ခြောက်ကပ်စွာ ရယ်လိုက်မိသည်။

"ကြာညိုခင် တော်တော် စိတ်ဆင်းရဲသွားမှာပေါ့"

ပထမဆုံးအကြိမ်အဖြစ် ကြာညိုခင်အမည်ကို တပ်မ
သူမေးလိုက်သည်။ သူ့မေးခွန်းအား အောင်နိုင်ဝင်း ခေါင်းညိတ
သည်။

"ဟုတ်တယ်၊ သူ တော်တော် စိတ်ထိခိုက်သွားတယ
ဆေးရုံတွေဘာတွေ တက်ရတဲ့အထိပဲ၊ ဆေးရုံရောက်တော့မှ သူ့မှ
နှလုံးရောဂါ ရှိနေမှန်း သိရတယ်၊ သူ့နှလုံးရောဂါ အခြေအနေ
တော်တော်ဆိုးတဲ့အဆင့်ကို ရောက်နေတယ်၊ မင်း ထွက်သွား
ကိစ္စကော၊ အဲ့မှုဖြစ်လိုက်ရတဲ့ကိစ္စပါပေါင်းပြီး အဲလောက်ထိ အ
အနေ ဆိုးသွားတာ"

သူ စီးကရက်ကို ဖွာရင်း စိတ်ခံစားမှု ကင်းမဲ့စွာ
လိုက်သည်။

"တရားရုံးက ဘယ်လို အမိန့်ချလိုက်သလဲ"

"မချသေးဘူး၊ တရားဆိုင်နေတုန်းပဲ၊ မင်းလက်ကို အ
တရ ဖြစ်အောင် လုပ်ခဲ့တဲ့ကိစ္စကော၊ ကုမ္ပဏီပိုင်ငွေတွေ အ
သုံးစား လုပ်တဲ့ကိစ္စရော အမှုက နှစ်ခုတောင် ဖြစ်နေတာ"

"ကြာညိုခင် အချုပ်ထဲမှာလား"

"မဟုတ်ဘူး၊ ဆေးရုံက ဆင်းပြီး အိမ်ပြန်ရောက်နေ
အိမ်မှာ စိတ်ချမ်းချမ်းသာသာနဲ့ အနားယူဖို့ ဆေးရုံက ဆင်းခွ
ပေးလိုက်တာ၊ အမှန်တော့ စကားလှအောင် သုံးလိုက်တာပ
သူ့ရောဂါက အခြေအနေ တော်တော်ကျွမ်းနေပြီ၊ နောက်ဆုံးအခ
ရောက်နေပြီလို့တောင် ထင်ရတယ်၊ ဒါပေမယ့် အဲဒီအထင် မမှန
စေနဲ့လို့ ငါတို့အားလုံး ဆုတောင်းနေကြရတယ်၊ သူ့ရောဂါ ပြန်သ





သာနိုင်မယ့်ဆေးကိုလည်း အသည်းအသန် လိုက်ရှာခဲ့ကြတယ်၊ အဲဒီ
ဆေးကတော့ မင်းပဲ အာကာ၊ မင်း အိမ်ပြန်လိုက်ခဲ့ပါ"

သူ အက်ကွဲစွာ ရယ်မောရင်း အောင်နိုင်ဝင်းကို ပြော
လိုက်သည်။

"ငါ့ဘဝကို သေအောင် လုပ်ခဲ့တဲ့ လူတစ်ယောက်ကို ငါ
လိုက်ပြီး အားပေးရမယ် ဟုတ်လား အောင်နိုင်ဝင်း၊ ဘာလဲ သူ
ကျန်းကျန်းမာမာနဲ့ ထောင်ထဲ ဝင်နိုင်အောင်လား"

"သူ ထောင်ထဲ ဝင်ရမယ်လို့ မင်းကို ဘယ်သူပြောလဲ"

သူ အောင်နိုင်ဝင်းအား ဖြတ်ကနဲ တစ်ချက်ကြည့်လိုက်
ပြီး လက်ထဲမှ စီးကရက်ကို ထိုးခြေလိုက်သည်။

"အေးလေ၊ ငွေရှိတဲ့သူပဲ၊ ငွေသားနဲ့ ဖိနိုင်ရင်တော့
ထောင်ကျချင်မှ ကျမှာပေါ့"

"ငွေသားနဲ့လည်း ဖိလို့မရပါဘူး အာကာ၊ ဖိစရာလည်း
မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကြာညိုခင်က တရားခံမှ မဟုတ်
တဲ့"

"ဘာ"

သူ နားမလည်နိုင်စွာ ရေရွတ်လိုက်သည်။

"တရားခံအစစ်က ခင်မောင်မြင့်လေ၊ သူက ဆောက်
လုပ်ရေး လုပ်ငန်းကို အပိုင်စီးချင်နေတာ၊ မင်း အိမ်မှာရှိတဲ့ရက်
တွေဆိုရင် ကြာညိုခင်က မင်းအနားမှာပဲ နေတော့ ကုမ္ပဏီကို
ဖိစီးစီး မအုပ်ချုပ်နိုင်ဘူး၊ ခင်မောင်မြင့်က အဲဒါကိုသိထားတော့
င်းသာ နယ်မထွက်ဘဲ အိမ်မှာရှိနေမယ်ဆိုရင် ကြာညိုခင် ကုမ္ပ

ဏီကို ကောင်းကောင်း အုပ်ချုပ်နိုင်မှာ မဟုတ်ဘူး၊ သူလုပ်ချင်ရာ လုပ်လို့ရမှာပဲဆိုပြီး သူ့တပည့်တွေကို ငွေပေးပြီး မင်းကို ဒုက္ခိတ ဖြစ်အောင် လုပ်ခိုင်းခဲ့တာပဲ”

အောင်နိုင်ဝင်း၏ စကားအဆုံးမှာတော့ သူ တစ်စုံတစ် ရာ ပြန်မပြောနိုင်လောက်အောင် တအံ့တဩနှင့် ငြိမ်သက်သွား လေသည်။

“တကယ်လို့ စောစောစီးစီးကသာ မင်းသံသယတွေကို မြုမထားဘဲ ဖွင့်ထုတ်လိုက်ရင် အခြေအနေတွေက ဒီလောက် ဆိုးခဲ့မှာ မဟုတ်ဘူး အာကာ၊ နောက်ပြီး ဒေလီယာ အလုပ်ထွက် သွားပြီလို့ သူ မင်းကို တမင်ညာခဲ့တဲ့အကြောင်း ပြောရဦးမယ် သူ အဲဒီလို ဘာဖြစ်လို့ ညာခဲ့သလဲဆိုတော့ ဒေလီယာနဲ့ မင်းနဲ့ ကြိုက်နေသလားဆိုတာ သိချင်လို့ပဲ၊ မင်းတို့နှစ်ယောက် တကယ် ကြိုက်နေတယ်ဆိုရင် သူ ဘာလုပ်မယ်လို့ မင်း ထင်သလဲ၊ သူ မင်းတို့နှစ်ယောက်ကို ပေးစားမှာ အာကာ၊ အဲဒါ မပုလဲ ပြောပြ လို့ ငါသိရတာ၊ သူ မင်းကို ချစ်တဲ့အချစ်က သမီးရည်းစားအချစ် လင်မယားအချစ်ထက် အများကြီးပိုတယ်၊ အချစ်လို့တောင် ပြော လို့ မရဘူး၊ မေတ္တာတရားလို့ ပြောရလိမ့်မယ်”

သူ အိပ်မက်မက်နေသူတစ်ယောက်ပမာ ခံစားနေရ၏၊ နောက်ဆုံးမှာတော့ သူ ထိုအိပ်မက်မှ လန့်နိုးလာပါသည်။

“ငါ ငါ သူနဲ့ လိုက်တွေ့မယ် အောင်နိုင်ဝင်း”

ဲအောင်နိုင်ဝင်း ပြုံးလိုက်ပြီး သူ့ပခုံးကို လှမ်းပုတ်လိုက်ပါ သည်။





ထိုအချိန်မှာပင် အမေ သူတို့နားသို့ ပြန်ရောက်လာပြီး သူ့အား ကြည့်ကာ မေးသည်။

“မင်းရင်ထဲက ဆူးကို ထုတ်လိုက်ပြီလား သား”

“ဟုတ်ကဲ့ အမေ၊ ထုတ်ပစ်လိုက်ပါပြီ၊ ခု ကျွန်တော် ရန်ကုန် လိုက်သွားမလို့”

“အေးကွယ်၊ သာဓုသာဓု ကျန်းကျန်းမာမာ ချမ်းချမ်း သာသာ ရှိကြပါစေ”

ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အမေဟု သူ စိတ်ထဲမှ ရေရွတ် လိုက်သည်။

ထို့နောက် အောင်နိုင်ဝင်းနှင့်သူ အမေ့အား ဦးချကန် တော့ပြီး စစ်ကိုင်းတောင်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

... ...

(၅)

ကြာညိုခင်အား တွေ့ချင်စိတ်စောမှုဖြင့် သူ ငှားရမ်းနေထိုင်ရာ မြို့ငယ်လေးရှိ အိမ်သို့ အဝတ်အစားများပင် ဝင်မယူတော့ဘဲ ရန်ကုန်သို့ အမြန်ဆုံးရောက်ရန် အောင်နိုင်ဝင်းနှင့်သူ တစ်ယောက်တစ်လှည့်စီ ကားကို ခပ်သွက်သွက် မောင်းခဲ့ကြသည်။

ကားက သတ်မှတ်အရှိန်နှုန်းထက် ကျော်လွန်မြန်ဆန်နေသဖြင့် သတိပေးခေါင်းလောင်းသံ ထွက်ပေါ်နေသည်အထိ လီဗာကို ဖိနင်းထားသော်လည်း သူ့စိတ်ကတော့ ထိုအမြန်နှုန်းကိုပင် နှေးသည်ဟု ထင်နေမိသည်။

"ဖြည်းဖြည်းပေါ့ကွာ၊ ခြောက်လလုံးလုံး အတွေ့မခံဘဲ ရှောင်နေခဲ့ပြီးမှ ခြောက်နာရီလောက် နောက်ကျရောက်သွားလည်း ပြဿနာ မရှိပါဘူး"

"ဘာမှ မသိခဲ့ရင်တော့ တစ်မျိုးပေါ့ကွာ၊ ခု ငါ့အမှားတွေ ကို သိလိုက်ရတော့ သူ့ဆီကို အမြန်ဆုံး ရောက်ချင်နေတယ် ငါ့အမှားတွေအတွက် သူ့ကို ငါ အကြွေးပြန်ဆပ်ရမယ် အောင် နိုင်ဝင်း"

အိမ်ပြန်ရောက်သည်နှင့် ကြာညိုခင်ကို ဦးစွာ တောင်းပ ရပါလိမ့်မည်။ ထို့နောက် သူမ နေပြန်ကောင်းအောင် သူ အစွမ်းကု ကြိုးစားရမည်ဖြစ်၏။ အောင်နိုင်ဝင်း ပြောသလိုပင် သူမအတွက် အမှန်တကယ် လိုအပ်သောဆေးမှာ သူကိုယ်တိုင်ပင် ဖြစ်သည် ဆရာဝန်တွေရဲ့စကားလည်း မှားနိုင်တာပဲ။ ကြာညို သူ့ကို တွေ့ရ နေပြန်ကောင်းသွားမှာပါ။

ကျွန်တော် လာပြီ ကြာညို။

တစ်ညလုံး တစ်ယောက် တစ်လှည့်စီ မောင်းခဲ့ပြီးနောက် တစ်နေ့ မိုးလင်းချိန်မှာတော့ သူတို့ ရန်ကုန်ကို ရောက်ရှိခဲ့ကြသည်

ဒေါ်လေးငယ်နှင့် ဒေလီယာ တံခါးလာဖွင့်ပေးကြပြီး သူ ကို တွေ့တော့ တအံ့တဩ အားတက်သွားပုံရ၏။ ၎င်းတို့အား သ နှုတ်ဆက်စကားပင် မပြောနိုင်ဘဲ အိမ်ပေါ် သို့ အပြေးတက်ခဲ့သည် ဒေလီယာ၏ ဆရာဟု လှမ်းခေါ်သံက သူ့နောက်သို့ ဝေ့ဝဲလိုက်ပ လာသော်လည်း သူ ဂရုမစိုက်နိုင်ပါ။ ကြာညိုခင်၏ အိပ်ခန်းရှေ့ ရောက်တော့ တတ်နိုင်သမျှ အသံမမြည်အောင် ဂရုစိုက်၍ တံခါးက ဖြည်းဖြည်းလေး တွန်းဖွင့်လိုက်၏။

တစ်နေ့နှင့် တစ်ညလုံး ကားမောင်းလာရခြင်းက သူ၏ မျက်လုံးများကို ကြိမ်းဝေစေလျက် အမြင်အာရုံကိုပါ လှည့်စာ





လိုက်သလား မပြောတတ်။ ကုတင်ပေါ်၌ ကြာညိုခင် ရှိမနေပါ။ အိပ်ရာခင်းတို့ သပ်ရပ်စွာ အရာရာ နေသားတကျ ရှိနေသော ကုတင်ကို သူ တအံ့တဩ ငေးကြည့်နေစဉ်မှာပင် ဒေါ်လေးငယ် နှင့် ဒေလီယာတို့ သူ့အနားသို့ ရောက်ရှိလာကြသည်။

"ကြာညိုကော ဒေါ်လေးငယ်"

ဒေါ်လေးငယ် သက်ပြင်းချလျက် ပြောသည်။

"သူထွက်သွားပြီ အာကာ"

"ဗျာ ထွက်သွားပြီ၊ ဘယ်ကို ထွက်သွားတာလဲ"

"ဒေါ်လေးငယ်တို့လည်း မသိဘူး"

"မနေ့က မနက်မိုးလင်းလို့ ဆေးတိုက်ဖို့ အခန်းတံခါး ဖွင့်လိုက်တော့ သူ မရှိတော့ဘူး၊ ပထမတော့ ခြံထဲတွေဘာတွေ မှာ ဆင်းထိုင်တာပဲထင်ပြီး ဝိုင်းရှာကြသေးတယ်၊ နောက် ဂိုဒေါင် ထဲက သူ့ကားပါ မရှိတော့မှ တစ်နေရာရာကို ထွက်သွားမှန်း သိရတာ"

ဘေးနားက ကုလားထိုင်ပေါ်သို့ သူ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ တစ်နေရာရာကို ထွက်သွားသတဲ့။ ဘာဖြစ် လို့လဲ။ ဘာကြောင့် ထွက်သွားရတာလဲ။ ဦးခေါင်းတစ်ခုလုံး ထူပူ လာသည်အထိ သူ စဉ်းစားနေမိသော်လည်း အဖြေမရပါ။

"သူ ဘယ်ကို ထွက်သွားတာလို့ ထင်လဲ ဒေါ်လေးငယ်"

"ဒေါ်လေးငယ်လည်း ဘယ်လိုမှ မထင်တတ်အောင်ပဲ မောင်အာကာ"

သူ ဒေလီယာဘက်သို့ လှည့်ကာ မေးလိုက်သည်။

"ဒေလီယာ ဘယ်လိုထင်သလဲ"

"ဒေလီယာအထင်ကတော့ ဆေးရုံက ပြန်ဆင်းလာပြီး ကတည်းက သူ့အခြေအနေကို သူသိနေပုံရတယ် ဆရာ၊ ဒေလီယာ ဆိုလိုတာက သူ့ရောဂါအခြေအနေက မရနိုင်တော့ဘူးလို့ သူ့ဘာသာသူ ထင်နေတာကို ဆိုလိုတာပါ"

"ဟုတ်ပြီ၊ အဲဒီတော့ ဘာဖြစ်သလဲ"

ဒေလီယာ အနည်းငယ် လေးလံတုန့်ဆိုင်းနေပြီးမှ ...

"ဒေလီယာကို မမကြာညီ တစ်ခါပြောဖူးတယ် ဆရာ၊ သူသေရင် အိမ်မှာ မသေချင်ဘူးတဲ့၊ အဲဒါကြောင့် သူ့ကိုယ်သူ နောက်ဆုံးအဆင့် ရောက်နေပြီထင်ပြီး အိမ်က ထွက်သွားတာ ဖြစ်မယ် ထင်တာပဲ"

သူ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိ၏။ အခြေအနေက မျှော်လင့်တကြီး ရောက်ရှိလာခဲ့သော သူ၏ဆန္ဒကို ဖြည့်ဝနိုင်တော့မည် မထင်ပါ။

"ခဏလေး ဒေလီယာ၊ သူ အိမ်မှာ မသေချင်ဘူး ဆိုတော့ ဘယ်မှာ သေချင်တယ်လို့ကော ပြောဖူးသလား"

"ဟင့်အင်း မပြောဖူးဘူး ကိုအောင်နိုင်ဝင်း"

သူ ဆတ်ကနဲ ဖြစ်သွားပြီး အောင်နိုင်ဝင်းကို ကမန်းကတန်း မေးလိုက်သည်။

"ဘယ်လို အောင်နိုင်ဝင်း၊ မင်းမေးခွန်းကို တစ်ခေါက်လောက် ပြန်ပြောစမ်းပါ"

"ဒီလိုလေ၊ သူက သေရင် အိမ်မှာ မသေချင်ဘူး ဆိုတော့





ဘယ်မှာ သေချင်တာလဲ၊ လမ်းပေါ်မှာလား၊ တခြားတစ်နေရာရာမှာလား၊ သူ့ကိုယ်သူ မရနိုင်တော့ဘူးထင်ပြီး အိမ်က ထွက်သွားတယ် ဆိုကတည်းက ဦးတည်ရာ တစ်ခုခု ရှိရမှာပေါ့၊ သူသေရင် ဘယ်လိုနေရာမျိုးမှာ သေမယ်ဆိုတဲ့ စိတ်ကူးမျိုး ရှိလို့ဖြစ်မှာပေါ့၊ အဲဒါကြောင့် ငါမေးကြည့်တာ"

သူ ထိုင်ရာမှ ဝုန်းကနဲ ထရပ်လိုက်တော့ ဒေလီယာနှင့် အောင်နိုင်ဝင်း သူ့အား နားမလည်သလို ဝိုင်းကြည့်သည်။

"ငါသိပြီ အောင်နိုင်ဝင်း"

"ဘာကိုလဲ"

"သူသွားမယ့်နေရာကို ပြောတာ၊ သူ ဘယ်သွားသလဲ ဆိုတာ ငါစဉ်းစားလို့ရပြီ"

ပြောပြောဆိုဆိုနှင့် သူ ကားသော့ကို ကောက်ယူပြီး အိမ်ထဲမှ ထွက်ခဲ့တော့ ဒေလီယာနှင့် အောင်နိုင်ဝင်းပါ သူ့နောက်သို့ အပြေးလိုက်လာကြပြီး ကားပေါ်သို့ တက်၏။ သူ ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့သည်။

... ဆက်ရန် ...

(၆)

သူတို့ လက်ခုပ်ကုန်း ရောက်တော့ နေဝင်ဆည်းဆာချိန် ဖြစ်နေလေပြီ။ ဟိုတယ်ဝင်းထဲသို့ ကားကို မောင်းဝင်လိုက်သည်နှင့် နို့နှစ်ရောင် မာစီဒီးကားကို လှမ်းမြင်လိုက်ရသဖြင့် ကြာညိုခင် ရောက်ရှိနေကြောင်း ညှော်ကြိုဌာနသို့ စုံစမ်းစရာ မလိုလောက်အောင် သေချာသွားပါသည်။

"ကားရပ်ထားတဲ့ ဗိုလ်တဲက မမကြာညိုတည်းတဲ့ ဗိုလ်တဲ ဖြစ်မယ် ဆရာ"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီအချိန် သူ ဗိုလ်တဲထဲမှာ မရှိနိုင်ဘူး"

အခိုင်အမာ ပြောလိုက်ပြီး ကမ်းစပ်ဆီသို့ သူ ဆင်းလာခဲ့သည်။ သူ၏အထင် မမှားပါ။ သူမအား လက်ထပ်ရန် ပြောစဉ်

အခါက နေရာလေးမှာ သူမ ထိုင်နေကြောင်း လှမ်းမြင်လိုက်ရသည်။

မှိန်ဖျော့သော ဆည်းဆာအောက်၌ သူတို့အား ကျောခိုင်းလျက် ပင်လယ်ဘက်သို့ ငေးကြည့်နေသော သူမ၏ခန္ဓာကိုယ်က ယခင်ကလို မဟုတ်ဘဲ များစွာ ပိန်သွယ်နေကြောင်း သတိပြုမိလိုက်သဖြင့် သူ နင့်ကနဲ ခံစားလိုက်ရသည်။ ခြောက်လတာ ကာလအတွင်းမှာ သူမရဲ့အခြေအနေက အများကြီး ပြောင်းလဲသွားခဲ့တာပါလား။

သူမ ရှိရာသို့ သူ ဖြည်းညင်းစွာ လျှောက်လာခဲ့၏။ ဒေလီယာနှင့် အောင်နိုင်ဝင်းကတော့ သူ့နောက်သို့ မလိုက်လာကြဘဲ အုန်းပင်တန်းအောက်မှာပင် ကျန်ရစ်ခဲ့ကြသည်။ သူမနားသို့ ခြေသံမကြားအောင် လျှောက်လှမ်းလာခဲ့ပြီး သူမနှင့် လက်တကမ်းအကွာလောက်မှာ သူရပ်လိုက်၏။ ထိုအချိန်မှာ သူမက သူ ရောက်လာသည်ကို သိနေသည့်အလား ဖြတ်ကနဲ လှည့်ကြည့်သည်။

မမှတ်မိနိုင်လောက်အောင် ချောင်ကျနေသော သူမ၏ မျက်နှာကိုတွေ့တော့ သူ့ လှိုက်ကနဲ ဝမ်းနည်းသွားမိသည်။

"မောင်"

သူမ၏အသံက အားရစရာ မရှိအောင် မှိန်ဖျော့လွန်းလှပါသည်။ သူမနားသို့ တိုးကပ်သွားပြီး ဘေး၌ ဝင်ထိုင်လိုက်တော့ သူမ၏ ပိန်သွယ်သော ကိုယ်လုံးကလေးကို ပွေ့ဖက်လိုက်မိသည်။ သူမက ကြည်နူးမှုလွှမ်းစွာ သူ့အား မျက်တောင်မခတ်ဘဲ ငေးကြည့်နေရာမှ မျက်ရည်ပေါက်တို့ ပါးပြင်ထက်ဆီ လိမ့်ဆင်းလာကြ၏။





"မငိုနဲ့လေ ကြာညို၊ ကျွန်တော် ရောက်လာပြီပဲ၊ ဘာဖြစ်လို့ ငိုနေရတာလဲ"

"ကြာညို ကြာညို ဝမ်းသာလွန်းလို့ပါ မောင်၊ ဒီတစ်သက် မောင့်ကို ပြန်တွေ့ရတော့မှာ မဟုတ်ဘူးလို့ ကြာညို ထင်ထားတာ၊ ခု မောင် ရောက်လာတော့ ကြာညို အရမ်းဝမ်းသာတာပဲ"

သူမ၏လေသံက မောပန်းမှုတို့ဖြင့် ခပ်သဲ့သဲ့မျှသာ ဖြစ်၏။ သူမ၏မျက်ရည်တို့ကို သုတ်ပေးရင်း စကားသိပ်မပြောပါနဲ့ ကြာညိုဟု သူတားတော့ သူမ ခေါင်းကို ခါရမ်းလိုက်သည်။

"ပြောပါရစေ မောင်၊ ခြောက်လလုံးလုံး မောင့်ကို ပြောချင်လို့ အားယူထားတဲ့ စကားတွေ ကြာညို့ရင်ထဲမှာ ပြည့်ကျပ်နေလို့ပါ၊ နောက်ပြီး ခုချိန်မှာ မပြောရင် နောက်ဘယ်တော့မှ ပြောခွင့်ရတော့မှာ မဟုတ်လို့ပါ မောင်"

"ကြာညိုရယ်"

"ကြာညိုလေ ကြာညို၊ မောင့်ကို သိပ်ချစ်ပါတယ် မောင်"

"ကျွန်တော် သိပါတယ်"

"ကြာညို မောင့်ဝတ္ထုတွေကို တကယ်မဖတ်ဖူးဘဲ မောင့်ကို လှည့်စားမိခဲ့တယ်"

သူ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်။

"ခုတော့ ကြာညို တကယ် ဖတ်ဖူးသွားပြီ မောင်၊ ဆေးပေါ်မှာ မောင့်ဝတ္ထုတွေဖတ်ရင်း ကြာညို အလွမ်းဖြေခဲ့တာပါ။ ခုလေ မောင့်ဝတ္ထုတွေအကြောင်း ကြိုက်တာမေး၊ ကြာညို ဖြေနိုင်သွားပြီ"

သူမ မောပန်းသောဟန်ဖြင့် အသက်ကို ခက်ခက်ခဲခဲ ရှူနေရသဖြင့် သူစိုးရိမ်လာသည်။

"စကားမပြောနဲ့ ကြာညို၊ သိပ်မောနေလိမ့်မယ်၊ နောက်ပြီး အေးလာပြီ၊ အထဲဝင်ကြရအောင်"

"ဟင့်အင်း၊ ကြာညို ဒီမှာပဲ ဆက်ထိုင်ပါရစေ မောင်၊ ကြာညို့ကို ပွေ့ထားပေးပါနော်၊ ကြာညို့မှာ အချိန်သိပ်မရှိတော့လို့ပါ"

သူ ထိတ်ကနဲ ဖြစ်သွားသည်။ အချိန်သိပ်မရှိတော့လို့ပါတဲ့။ ဒါဟာ တကယ်ပဲလား။

သူ ကြာညိုခင်အတွက် စိုးရိမ်လာ၏။ သူမကတော့ သူ့ပခုံးထက်၌ ခေါင်းမှီကာ မျက်လုံးမှေးစင်းလျက် အသက်ကို ကြိုးစားပမ်းစား ရှူနေပါသည်။ သူ တစ်ခုခုကို အမြန်ဆုံးဖြတ်မှ ဖြစ်ပါတော့မည်။ ခပ်လှမ်းလှမ်းမှ အောင်နိုင်ဝင်းအား လက်ယပ်လှမ်းခေါ်လိုက်တော့ ဒေလီယာရော အောင်နိုင်ဝင်းပါ အနားသို့ ရောက်လာ၏။

သူ ဘယ်ဘက်လက်ညှိုးဖြင့် သဲပေါ်၌ ဆရာဝန်ဟူသော စာလုံးကို ကြိုးစားပမ်းစား ရေးပြလိုက်တော့ အောင်နိုင်ဝင်းက သဘောပေါက်စွာ လှစ်ကနဲ ပြန်လည်ထွက်ခွာသွားပြီး ဒေလီယာကတော့ အနားမှာ ကျန်ရစ်ခဲ့သည်။ မျက်လုံးအစုံကို မှေးမှိတ်ထားသော ကြာညိုက တိုးတိုးလေး မေးလာပါသည်။

"ဒေလီယာ ရောက်နေတယ် မဟုတ်လား မောင်"

"ဟုတ်တယ် ကြာညို၊ ကြာညို ဘယ်လိုလုပ်သိလဲ"





"သူ့ရေမွှေးနံ့ကြောင့်ပါ"

ထို့နောက် ပြန်လည်တိတ်ဆိတ်သွားပြီးမှ ဒေလီယာဟု ကိုးတိုးလေး ခေါ်သည်။

"ပြောပါ မမ၊ ဒေလီယာ အနားမှာ ရှိပါတယ်"

"တို့ သေသွားရင်လေ"

"အို မဟုတ်တာ၊ မမ ဘာလို့ သေရမှာလဲ၊ ဆရာလည်း အနားမှာ ရှိနေပြီပဲ"

"တို့အခြေအနေ တို့သိပါတယ် ဒေလီယာ၊ တို့ မရှိတော့တဲ့အခါ ဒေလီယာ မောင့်ဘေးနားမှာ နေပေးပါ"

ဒေလီယာ မျက်ရည်များ ဝေ့ဝဲလာ၏။ သူကတော့ မျက်ရည် မဝဲအောင် အံကို တင်းတင်းကြိတ်ထားမိ၏။

"ပြီးတော့လေ"

သူမ စကားကို ခေတ္တရပ်၍ အမောဖြေပြီးမှ ဆက်ပြောသည်။

"ပြီးတော့ မောင့်ကို စာပြန်ရေးဖြစ်အောင် ကူညီပါ"

"ကျွန်တော် စာပြန်ရေးမှာပါ ကြာညို၊ ပါးစပ်က ခေါ်ပေးပြီး ကြာညိုနဲ့ ဒေလီယာ လိုက်ရေးခိုင်းမယ်လေ"

"ကြာညို ဝမ်းသာလိုက်တာ မောင်၊ ဒါပေမယ့် အဲဒီအချိန် ကြာညို ... ကြာညို ရှိတော့မှာ မဟုတ်ဘူး"

"အို မမကလဲ"

ဒေလီယာ အသံမထွက်အောင် ကြိတ်ပြီး ရှိုက်ငိုလိုက်တော့ ပါ ငိုချင်လာမိ၏။ သို့သော် သူ ငို၍မဖြစ်၊ ယခုအချိန်၌

ကြာညိုအား စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါ။ ကြာညို မှိန်ဖျော့တိုးညင်းစွာ သူ့အားပြောသည်။

"ဂစ်တာတီးပြီး သီချင်းဆိုပြပါလား မောင်၊ ကြာညို နားထောင်ချင်တယ်"

"ဆိုပြမယ် ကြာညို၊ ကျွန်တော် ဂစ်တာ သွားငှားလိုက်မယ်"

ဒေလီယာအား ကြာညိုခင်ကို ပွေ့ဖက်ထားစေပြီး သူ ဂစ်တာငှားရန် အပြေးထွက်လာခဲ့သည်။ သူ ဂစ်တာငှားပြီးချိန်၌ အောင်နိုင်ဝင်း ပြန်လည်ရောက်လာ၏။

"ကားသမားတစ်ယောက်ကို ဆရာဝန် သွားပင့်ခိုင်းထားတယ်၊ နောက်ပြီး ရန်ကုန်က ကြာညိုခင် ဆရာကိုလည်း လှမ်းခေါ်ထားတယ်၊ ဖက်မရှိတော့လို့ သမ္မာန်နဲ့ကူးပြီး ဒီဘက်ကမ်း ရောက်မှ ကြုံရာကားတစ်စီးငှားပြီး ရောက်အောင် လာခဲ့မယ်တဲ့"

သူ ခေါင်းကို ညိတ်ပြလိုက်ပြီး ကြာညိုတို့ ရှိရာသို့ အောင်နိုင်ဝင်းနှင့် သူ အမြန်ပြန်ပြေးလာခဲ့သည်။ ဒေလီယာ မျက်ရည် တသွင်သွင် ကျဆင်းလျက် ကြာညိုခင်အား ပွေ့ဖက်ထားဆဲ ဖြစ်၏။ သူ ဂစ်တာကို ခပ်ဖွဖွတစ်ချက် တီးလိုက်တော့ မျက်လုံး မှိတ်ထားသည့် ကြာညို့နှုတ်ခမ်းတို့ ဖြည်းညင်းစွာ ခပ်သဲ့သဲ့ ပြုံးလာပါသည်။

ဘာသီချင်း တီးရမလဲဟု သူ ကြာညိုခင်ကို မမေးတော့။ မေးစရာလည်း မလိုပါ။ သူမနှင့် စတင်ဆုံစည်းစဉ်က သီချင်းတို့ကို သူတီးလိုက်ပြီး ဆိုလိုက်တော့ သူ့အသံတို့က ကြေကွဲမှုနှင့် တုန်ခါ၍ နေကြ၏။

ဟင့်အင်း အဲဒီလို မဖြစ်စေနဲ့၊ ကြာညို စိတ်မကောင်း





ဖြစ်အောင် မလုပ်စမ်းပါနဲ့။

သို့သော် တုန်ခါနေသော သူ့အသံကိုတော့ တည်ငြိမ်သွားအောင် ဘယ်လိုမှ ကြိုးစား၍မရပါ။ သီချင်းနှစ်ပုဒ်လောက် တီးပြီး သူရပ်လိုက်တော့ ကြာညိုက တိုးတိုးလေး ပြောသည်။

"မီးပုံက သိပ်ပူတာပဲ မောင်" တဲ့။

သူတို့အနား၌ မည်သည့်မီးပုံမှ ဖိုထားခြင်း မရှိပါ။

သူ အံကို ကြိတ်ရင်းမှ မျက်ရည်တစ်စက် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။ ကြာညို့အား သူ ကမန်းကတန်း ပြန်ပြောလိုက်သည်။

"ဟုတ်တယ် ကြာညို၊ အုန်းလက်တွေ ထည့်တာများသွားလို့ ပြန်လျှော့လိုက်မယ်နော်"

သူမ မျက်လုံးများ မှိတ်ထားလျက် အသာအယာ ခေါင်းညိတ်ပြသည်။ အောင်နိုင်ဝင်းကတော့ အံကြိတ်ရင်း ခေါင်းကိုသာ ခါရမ်းနေ၏။

"ဆက်တီးဦးလေ မောင်၊ တစ်ပုဒ် ကျန်သေးတယ် မဟုတ်လား"

သူမ ထိုသီချင်းကို မမေ့သေးပါလားဟူသောအသိကြောင့် နင့်ကနဲ ခံစားလိုက်ရသည်။ သူ ဂစ်တာကို ဖွဖွခတ်လိုက်ပြီး မင်းလောက် ကိုယ့်အပေါ် ဘယ်သူမှ မကောင်းဘူးဟူသော သီချင်းကို တုန်ခါအက်ကွဲသောအသံဖြင့် ကြေကွဲစွာ သီဆိုလိုက်သည်။

မျက်လုံးမှေးစင်းထားသော ကြာညိုက အပြုံးယဲ့ယဲ့လေး ပြုံးလျက် ကျေနပ်စွာ နားထောင်နေပါသည်။

(မရှာချင်တော့ဘူး၊ မင်းလောက် ကောင်းတဲ့လူ တွေ့တော့မှာ မဟုတ်ဘူး) ဟူသော နောက်ဆုံးစာသားကို သီဆို၍ သီချင်းဆုံးသွားချိန်အထိ သူမ ပြုံးနေဆဲ ဖြစ်သည်။

"ကြာညို"

သူ ခပ်တိုးတိုးလေး ခေါ်လိုက်တော့ သူမ တစ်စုံတစ်ရာ ပြန်မထူးဘဲ ခပ်ယဲ့ယဲ့ ပြုံးနေဆဲဖြစ်၏။ သူ ထိတ်ခနဲ တုန်လှုပ်သွားပြီး "ကြာညို" ဟု ခပ်ကျယ်ကျယ် ခေါ်လိုက်သည်။ သို့သော် သူမ သူ့အား ပြန်မထူးပါ။ သူ ဂစ်တာကို ပစ်ချလိုက်ပြီး ဝုန်းကနဲ သူမအနားသို့ ရောက်ရှိသွားကာ သူမအား ပွေ့ဖက်လိုက်ရင်း ကြာညိုဟု ထပ်ခါတလဲလဲ ခေါ်နေမိ၏။

အောင်နိုင်ဝင်းရော ဒေလီယာပါ သူမ၏ကိုယ်လုံးလေးကို လှုပ်ရင်း ဝိုင်းခေါ်ကြသော်လည်း သူတို့၏ခေါ်သံကို သူမ ပြန်မထူးတော့ပါ။

တအောင့်နေတော့ ဆရာဝန် ရောက်လာသဖြင့် ဒေလီယာက ...

"လုပ်ပါဦး ဆရာ၊ ဘာဖြစ်သွားမှန်း မသိဘူး၊ ကြည့်ပေးပါဦး"

ဟု ငိုရှိုက်သံဖြင့် အားကိုးတကြီး ပြောသည်။ ဆရာဝန်က တစ်ချက်မျှ စမ်းသပ်ပြီးသည်နှင့် ခေါင်းကို ခါရမ်းလိုက်၏။

ဘယ်လောက်များ ပေါ့တန်လိုက်တဲ့ အပြုအမူပါလဲ။

အဲဒီလို ခေါင်းလေးတစ်ချက် ခါလိုက်တာဟာ လူတစ်ယောက်ရဲ့ နှလုံးသားကို တစ်စစီ ဖြစ်သွားစေနိုင်တယ်ဆိုတာ





အဲဒီဆရာဝန် မသိတော့ဘူးလား။ ဒီထက်ပိုပြီး လေးနက်တဲ့ အပြုအမူမျိုးနဲ့ တုန့်ပြန်လို့ မရနိုင်တော့ဘူးလား။

"မမ"

ဒေလီယာ သူမအား ပွေ့ဖက်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်ပြီး အောင်နိုင်ဝင်းကတော့ ဘေးနားမှ အုန်းပင်ကို လက်သီးနှင့် လှမ်းထိုးလိုက်သည်။ ၎င်းတို့အား ငေးကြည့်ရင်း အံကြိတ်လျက် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သို့သော် သူ၏ပါးပြင်ပေါ်မှာတော့ မျက်ရည်တို့ဖြင့် ရွဲစိုနေကြပါသည်။

... ...

# အပိုင်း ၄

For it is in giving that we receive.

It is in pardoning that we are pardoned.

It is in dying that we are born to Eternal life.

ပေးကမ်းခြင်းဖြင့် ရရှိပါ၏။

ခွင့်လွှတ်ခြင်းဖြင့် ခွင့်လွှတ်ခံရပါ၏။

သေဆုံးခြင်းဖြင့် အသစ်တဖန် မွေးဖွား၍ ထာဝရ
အသက်ရှင်ရပါ၏။

(စိန့်ဖရန်စစ်)

## (နိဂုံး)

တိတ်ဆိတ်နေသော အခန်းအတွင်း ကွန်ပျူတာရိုက်သံတစ်ခုသာ အလွန်တိုးညင်းစွာ ထွက်ပေါ်၍နေသည်။ တအောင့်ကြာတော့ ကွန်ပျူတာ၏ ပရင်တာမှ ခပ်သဲ့သဲ့အသံနှင့်အတူ စာရွက်များ ထွက်လာသည်။

"ဖတ်ကြည့်ဦးလေ ဆရာ"

ပရုဖ်ထွက်လာသည့် စာရွက်များအား သူ့ရှေ့သို့ တိုးပေးရင်း ဒေလီယာ သူ့အား ပြောသည်။ သူ စာရွက်များကို ငုံ့ကြည့်လိုက်တော့ ဝေသီသော မျက်ရည်တို့ကြောင့် မည်သည့်စာလုံးကိုမျှ ကောင်းစွာ မမြင်ရပါ။ သို့သော် သူကိုယ်တိုင် ပါးစပ်မှ ခေါ်ပေးခဲ့သဖြင့် အလွတ်ရနေသော ထိုစာကြောင်းကိုကား မမြင်သော်လည်း ကောင်းစွာ ဖတ်ရှုနိုင်ပါသည်။

လောကဥ္စ လူတိုင်း၏ ရင်ထဲတွင် လိပ်ပြာတစ်ကောင်စီ ရှိကြ၏။ တချို့လိပ်ပြာတို့က အရုပ်ဆိုး၍ တချို့က ကြည့်ကောင်းရုံမျှသာ ဖြစ်ပြီး ဖာချို့သော လိပ်ပြာတို့ကတော့ လှပကြပါသည်။

ထိုအထဲမှ ကျွန်တော် တွေ့ခဲ့ဖူးသော လိပ်ပြာလေးတစ်ကောင်အကြောင်းကို ပြောပြချင်သည်။ တစ်နည်းအားဖြင့် ထိုလိပ်ပြာလေး၏ ပိုင်ရှင်နှင့် ဆုံဆည်းဖြစ်ခဲ့သည့် ဇာတ်လမ်းဖြစ်သည်။ အနည်းငယ် ကြေကွဲဖွယ်ကောင်းသော ထိုဇာတ်လမ်း၏ အစမှာ ... ။

(နေနော်)